
မဝင်းမြင့်
ဗုဒ္ဓဘုရားတော်နှင့်
လူကျင့်ဝတ်

၂၁၉၈၈

မဝင်းမြင့်

# ဗုဒ္ဓတရားတော်နှင့်လူကျင့်ဝတ်

ဘာသာရေးဆိုင်ရာ စာပေ
ခွင့်ပြုချက်အမှတ် (၆၂၄၄)

ပထမအကြိမ်
အုပ်ရေ ၃၀၀၀
၁၉၇၃ ခု၊ ဇွန်လ
တန်ဖိုး ၄ ကျပ်

ပန်းချီ-ဦးကိုလေး
အလောက်-သစ်လွင်
မျက်နှာဖုံး—စိန်ရတနာ

ဒေါ်စိန်ဟန် (မြ ၀၁၁၄၁)
ပတ္တမြားစာပေတိုက်
အမှတ် ၃၁၅၊ ကျိက္ကဆံလမ်း
တာမွေ ရန်ကုန်က ထုတ်ဝေ၏

ဦးပေါ (မြ ၀၁၇၂၀)
စိန်ရတနာပုံနှိပ်တိုက်
အမှတ် ၃၁၅၊ ကျိက္ကဆံလမ်း
တာမွေ ရန်ကုန်က ပုံနှိပ်သည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏ ပန်ကြားချက် | ၅ |
| ၂။ | မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ချစ်ကြည်ရေး ကြည်ညွန့်၏အမှာ | ၆ |
| ၃။ | ပရိတ်တရားတော်နှင့်စိတ် | ၉ |
| ၄။ | နှိုင်းယှဉ်မိသည် | ၁၂ |
| ၅။ | ရှိခိုးပူဇော်ခြင်းဟူသည် | ၁၈ |
| ၆။ | လွဲမှားစွာ ရေသပ္ပါယ်ကြမှု | ၂၂ |
| ၇။ | သက်သတ်လွတ်စားခြင်း | ၂၇ |
| ၈။ | ဥပုသ်စောင့်ခြင်း | ၃၁ |
| ၉။ | ဓါတ်တော်အစစ်ဟူ၍ | ၃၅ |
| ၁၀။ | ဆွမ်းတော်တင်ပြီးသားကိုစားခြင်း | ၃၈ |
| ၁၁။ | ခုနစ်ဆူမြတ်စွာ | ၄၁ |
| ၁၂။ | ရှောင်ခြည်တော် ကွန့်မြူးခြင်း | ၄၇ |
| ၁၃။ | လျစ်လျူရှုခြင်း | ၅၀ |
| ၁၄။ | လိုအင်ဆန္ဒ | ၅၃ |
| ၁၅။ | ချင်ခြင်း | ၅၆ |
| ၁၆။ | ဇောဂသတ် | ၅၉ |
| ၁၇။ | ပုတီးစိပ်ခြင်း | ၆၂ |
| ၁၈။ | ဟိရိဩတ္တပ္ပ | ၆၅ |
| ၁၉။ | နိဗ္ဗာန် | ၆၈ |
| ၂၀။ | အဆွေခင်ပွန်း | ၇၂ |
| ၂၁။ | သန္တုဋ္ဌိစ | ၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | အနံ့ဆိုး | ၇၈ |
| ၂၃။ | ရှိခိုးတောင်းခံခြင်း | ၈၁ |
| ၂၄။ | ပီယနှင့်အတ္တ | ၈၅ |
| ၂၅။ | ဒေါသစိတ် | ၈၈ |
| ၂၆။ | အစာစားခြင်း | ၉၁ |
| ၂၇။ | သီလ | ၉၄ |
| ၂၈။ | မသေဆုံးမီ | ၉၇ |
| ၂၉။ | မုသားပြောခြင်း | ၁၀၀ |
| ၃၀။ | အပြစ်ရှာခြင်း | ၁၀၃ |
| ၃၁။ | အနှောင်အဖွဲ့ | ၁၀၆ |
| ၃၂။ | လွတ်မြောက်မှု | ၁၀၉ |
| ၃၃။ | စကား | ၁၁၂ |
| ၃၄။ | ဝိတက်သုံးပါး | ၁၁၅ |
| ၃၅။ | စိတ်ထိန်းချုပ်ခြင်း | ၁၁၈ |
| ၃၆။ | မိုက်သူ | ၁၂၂ |
| ၃၇။ | ဆုံးမခြင်း | ၁၂၅ |
| ၃၈။ | အလှူခံပုဂ္ဂိုလ် | ၁၂၉ |
| ၃၉။ | ညှဉ်းဆဲခြင်း | ၁၃၂ |
| ၄၀။ | ဒါန | ၁၃၆ |
| ၄၁။ | တရားအလှူ | ၁၃၉ |
| ၄၂။ | ကောင်းမှု မကောင်းမှု | ၁၄၂ |
| ၄၃။ | မိုး | ၁၄၆ |
| ၄၄။ | ကထိန်အလှူ | ၁၄၉ |
| ၄၅။ | အောင်နိုင်ခြင်း | ၁၅၃ |
| ၄၆။ | သားသမီး | ၁၅၆ |
| ၄၇။ | ဥဂ္ဂဟာသုတ် | ၁၅၉ |
| ၄၈။ | လေးစားအရိုအသေပေးခြင်း | ၁၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ကဲ့ရဲ့ခြင်း | ၁၆၆ |
| ၅၀။ | ငှက်သူတော် | ၁၆၉ |
| ၅၁။ | အမည်မှည့်ခြင်း | ၁၇၃ |
| ၅၂။ | အသက်တို့ရှည် | ၁၇၆ |
| ၅၃။ | သူနာ-ဆေးဆရာ-သူနာပြု | ၁၇၉ |
| ၅၄။ | သိဝထိက ဒေသနာ | ၁၈၃ |
| ၅၅။ | အားတော်ဆယ်တန် | ၁၈၆ |
| ၅၆။ | ဆည်းကပ်ထိုက်သူ | ၁၉၀ |
| ၅၇။ | ပြည့်စုံခြင်း | ၁၉၃ |
| ၅၈။ | နှစ်ဘက်မြင် | ၁၉၆ |
| ၅၉။ | စိတ်နှင့်ကံ | ၁၉၉ |
| ၆၀။ | နှုတ်ရန့် | ၂၀၃ |
| ၆၁။ | သံသရာ | ၂၀၆ |
| ၆၂။ | အသက်အရွယ် | ၂၀၉ |
| ၆၃။ | ဒုလ္လဘသုံးမျိုး | ၂၁၂ |
| ၆၄။ | ချမ်းသာလေးမျိုး | ၂၁၅ |
| ၆၅။ | အလင်းရောင် | ၂၁၈ |
| ၆၆။ | ပတ္တကမ္မ ဒေသနာ | ၂၂၁ |
| ၆၇။ | နတ်, ဗြဟ္မာ | ၂၂၄ |
| ၆၈။ | မိုးဥပမာ | ၂၂၇ |
| ၆၉။ | တရားလေးမျိုး | ၂၃၀ |
| ၇၀။ | ကြဉ်ပစ်ခြင်း | ၂၃၃ |
| ၇၁။ | ဆင်ခြင်အပ်ခြင်း | ၂၃၇ |
| ၇၂။ | အဂတိ | ၂၄၀ |
| ၇၃။ | စင်ကြယ်ခြင်း | ၂၄၃ |
| ၇၄။ | ဇနီးမောင်နှံ | ၂၄၆ |
| ၇၅။ | စောင့်စည်းမှု | ၂၄၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇၆။ | လမ်းလျှောက်ခြင်း | ၂၅၂ |
| ၇၇။ | မလသုတ် ဒေသနာ | ၂၅၅ |
| ၇၈။ | ဝမ်းတလုံးကောင်း ခေါင်းမခဲ | ၂၅၈ |
| ၇၉။ | အခြွေအရံ | ၂၆၁ |
| ၈၀။ | သတိသမ္ပဇဉ် | ၂၆၄ |
| ၈၁။ | အိမ်ထောင်သာယာရေး | ၂၆၇ |
| ၈၂။ | သံယောဇဉ် | ၂၇၀ |
| ၈၃။ | ပေးလှူခြင်း ငါးမျိုး | ၂၇၃ |
| ၈၄။ | မျက်ဖြေတရား | ၂၇၆ |
| ၈၅။ | သဒ္ဓါတရား | ၂၇၉ |
| ၈၆။ | ပျင်းရိခြင်း | ၂၈၃ |
| ၈၇။ | ရွှေဥပမာ | ၂၈၆ |
| ၈၈။ | ကျေးဇူး တုံ့ပြန်နည်း | ၂၈၉ |
| ၈၉။ | ပုဂ္ဂိုလ်နှစ်မျိုး | ၂၉၃ |

# စာရေးသူ၏ ပန်ကြားချက်

ဤ **ဗုဒ္ဓတရားတော်နှင့် လူကျင့်ဝတ်** စာအုပ်သည် မြန်မာ့အလင်းသတင်းစာမှာ ကျမရေးသားခဲ့သော ဘာသာရေး ဆောင်းပါးများကို စုပေါင်းပုံနှိပ်ထားခြင်းဖြစ်ပါသည်။ စာအုပ်မှာ ၄ဝတန် ဖြစ်စေကာမူ ဆောင်းပါးတွေက များနေ၍ အကုန်အစင် ထည့်သွင်း ရိုက်နှိပ်ရန် မဖြစ်နိုင်တော့သောကြောင့် ကျန်သည့် ဆောင်းပါးတွေက ကျန်နေပါသေးသည်။ နောင်အဆင်ပြေသည့်အခါမှ ကျန်နေသေးသည့်ဆောင်းပါးများကို ထပ်မံစုပေါင်းရိုက်နှိပ်ရန် ရည်ရွယ်ထားပါသည်။

ဤ **ဗုဒ္ဓတရားတော်နှင့် လူကျင့်ဝတ်**စာအုပ်ဖြစ်မြောက်စေလိုသော စေတနာသည် စာရေးသူအဘို့ နှစ်ခုသော ဆန္ဒပေါ်မှာမူတည် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

၁—အချက်မှာ မြန်မာ့အလင်းသတင်းစာတွင် ဤဆောင်းပါးတွေကို ဘတ်ရသော စာဘတ်ပရိသတ်များ၏ စုပေါင်းရိုက်နှိပ်ရန် အကြံပေးချက်ကို ဖြစ်မြောက်စေလိုသောဆန္ဒ။

၂အချက်မှာ ဤစာအုပ်ကို ဘတ်ရှုရခြင်းဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏စိတ်မှာ ကြည်လင်နှစ်လိုခြင်း၊ ဘာသာတရား၏ လေးနက်သိမ်မွေ့မှုကို သိရခြင်း၊ လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အထက်က သုံးလူ့ထွဋ်ထား သဗ္ဗညု ရှင်တော်ဘုရား ဒေသနာကြားတော်မူခဲ့သော တရားတော်များသည် ယခုမျက်မှောက်ခေတ်မှာ အတိအကျ မှန်ကန်နေသည်ကို ဗုဒ္ဓဘာသာဝင် အပေါင်းနှင့်တကွ စာပေဝါသနာပါသူ စာဘတ်ပရိသတ်များ သိစေလိုသောဆန္ဒ။

ဤဆန္ဒ နှစ်မျိုးဖြင့် ဤစာအုပ်ကိုဖြစ်မြောက်စေလိုသော စေတနာပေါ်ပေါက်လာသည့်အလျောက် ပတ္တမြားစာပေ ဒေါ်စိန်ဟန်က စေတနာမှန်မြတ်စွာဖြင့် စာအုပ်ဖြစ်မြောက်အောင် ကူညီသည်ကို စာရေးသူကလည်း တုံ့ပြန်သောစေတနာဖြင့် စာမူခ လုံးဝမယူဘဲ မေတ္တာသက်သက်ဖြင့် ရိုက်နှိပ်စေခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်းကို ချစ်ခင်လေးစားသော စာဘတ်ပရိသတ်အား အစီရင်ခံလိုက်ရပါသည်။ **မဝင်းမြင့်**

၂၀၊၅၊၇၃။

# မြန်မာ့အလင်း သတင်းစာ အယ်ဒီတာ
# ချစ်ကြည်ရေး ကြည်ညွန့်၏ အမှာ။

စာရေးဆရာမကြီး ဒေါ်ဝင်းမြင့်ကို "**ရသ ဝတ္ထုရေးဆရာ**" အဖြစ် ဝတ္ထုလောကၥ နာမည်ကျော်ကြား လူသိများလျက်ရှိနေသလို၊ မြန်မာ့အလင်း သတင်းစာဖတ် ပရိသတ်များကလည်း ဒေါ်ဝင်းမြင့်ကို "**ဘာသာ ယဉ်ကျေးမှု ပင်တိုင်ဆောင်းပါးရှင်**"အဖြစ် ရင်းနှီး အကျွမ်းဝင်လျက် ရှိနေကြပေသည်။

မြန်မာ့အလင်း သတင်းစာတွင် ဆရာမ ဒေါ်ဝင်းမြင့်၏ ဆောင်းပါးများ ပြတ်လပ်နေလျှင် သတင်းစာဖတ် ပရိသတ်များနှင့်သတင်းစာ ကိုယ်စားလှယ်တို့က လည်းကောင်း၊ ရဟန်း သံဃာတော်တို့က လည်းကောင်း၊ အကျိုးအကြောင်း စုံစမ်းမေးမြန်းယူကြသည်အထိ နှစ်ခြိုက် စွဲလမ်းလျက် ရှိနေကြသည်ကို ဆောင်းပါး အယ်ဒီတာ ဖြစ်သော ကျွန်တော်၏ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ဆရာမ ဒေါ်ဝင်းမြင့်၏ ဘာသာယဉ်ကျေးမှုဆောင်းပါးများကို အဘယ့်ကြောင့် နှစ်ခြိုက်စွဲလမ်းကြပါသနည်း၊ အဖြေကားရှင်းပါသည်။

ပါဠိပါဌ်သားများဖြင့် ပြုစုထားသောကျမ်းဂန်များကို တနေကုန် တနေ့ခန်း အပင်ပန်းခံ ဖတ်ပါမှ အနည်းအကျဉ်းမျှလောက်သာ သိရှိနားလည်နိုင်မည့် တရားတော်များကို စကားပြေ ရိုးရိုးယဉ်ယဉ် ကလေးဖြင့် ရေးသားထားခြင်းဖြစ်၍ တထိုင်တည်း မိနစ်ပိုင်းနာရီပိုင်း အတွင်း သွက်သွက်လက်လက်၊ ကွက်ကွက်ကွင်းကွင်း၊ရှင်းရှင်းလင်းလင်း နှင့် ဒိုးဒိုးဒေါက်ဒေါက် သဘောပေါက် သိရှိနားလည်ကြရသောကြောင့်ပင် ဖြစ်ပါသည်။

ဤစာအုပ်မျိုးသည် ယနေ့ တိုင်းပြည်တွင် လိုအပ်နေသော စာအုပ် ဖြစ်သည်ဟုလည်း ကျွန်တော် ထင်မြင်မိပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းနှင့် စစ်ပြီးခေတ်၊ လွတ်လပ်ရေး ခေတ်တို့တွင် မွေးဖွားလာသူ လူငယ်၊လုံမငယ်တို့အတွက် ဤစာအုပ်သည် များစွာ အထောက်အကူ ရရှိစေလိမ့်မည် ဖြစ်ပါသည်။

# အမှာ

အကြောင်းသော်ကား ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ခင်ကလေးတွင် မွေးဖွားခဲ့သူ ကျွန်တော်တို့အတွေ့အကြုံနှင့် ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းနှင့် နောက်ပိုင်း၌ မွေးဖွားလာသူ လူငယ်တို့၏ခေတ်ကို နှိုင်းယှဉ်သုံးသပ်ကြည့်မိ၍ပင် ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်က အင်္ဂလိပ် သာသနာပြုကျောင်းတွင် စတင်နေထိုင်ခဲ့ရပါသည်။ မိဘနှစ်ပါးက ထား၍ဖြစ်ပါသည်။

ထိုသို့ အင်္ဂလိပ် သာသနာပြုကျောင်းတွင် စတင် ထားခြင်းကို ကျွန်တော်၏ အဘွားအကြီး (မိခင်၏ အမေ) က မနှစ်သက်ဘဲ ကန့်ကွက်ပြီးလျှင် မြန်မာ ဘုန်းတော်ကြီး ကျောင်းသို့ ပြောင်းရွှေ့ ထားခိုင်းပါသည်။

ရည်ရွယ်ချက်မှာ ဘာသာတရား၊ ဘာသာ ယဉ်ကျေးမှုနှင့် မြန်မာမှု အထွေထွေတို့ကို သိရှိနားလည်ထားပြီး ယဉ်ပါးနေစေရန်အတွက် ဖြစ်ပါသည်။

အဘွား၏ ကျေးဇူးကြောင့် ဘုရားကျောင်းကန်၊ ရဟန်းသံဃာတော်များနှင့် ကျွန်တော် ဝင်ဆံ့ယဉ်ပါးခဲ့ရပြီး မြန်မာမှု အထွေထွေတို့ကိုလည်း နားလည် အကျွမ်းဝင်ခဲ့ရပါသည်။

ဤကဲ့သို့ အခြေခံကောင်းများကိုရရှိပြီးသည့်နောက်မှ အင်္ဂလိပ် သာသနာပြုကျောင်းသို့ တဖန်ပြောင်းရွှေ့ထားရန် အဘွားကပင် စီစဉ်ပေးခဲ့ပါသည်။

ထိုကြောင့် အင်္ဂလိပ်သာသနာပြုကျောင်းတွင် နေထိုင်ခဲ့ရသော်လည်း ကျွန်တော်၏ အယူအဆနှင့် အတွေးအခေါ်တို့ကို ဆေးကြောပြောင်းလဲပစ်နိုင်ခြင်းငှါ မစွမ်းသာတော့ပါ။ ကျွန်တော့်အား လက်မှန်မဆွကပင် ဗုဒ္ဓ၏ အတွေးအခေါ်၊ ဗုဒ္ဓ၏ယဉ်ကျေးမှု၊ ဗုဒ္ဓ၏ အဆုံးအမတို့က ပဲ့ကိုင်ထားလိုက်၍ဖြစ်ပါသည်။

မျက်မှောက်ကာလတွင်လည်း တဖန် ကျွန်တော်၏ သားသမီးတို့၏အခြေအနေကို လေ့လာသုံးသပ်ကြည့်မိပြန်ပါသည်။

သူတို့ကလေးတွေမှာလည်း ကျွန်တော်တို့အတွေ့အကြုံမျိုးကို ရဖို့ မလွယ်ကူဘဲရှိသည်ကို သတိပြုမိပါသည်။

သို့သော်လည်း သူတို့ကလေးတွေကို ကျွန်တော်နှင့် ကျွန်တော့ဇနီးတို့က ရတတ်သမျှသော၊ ရနိုင်သမျှသော အချိန်များတွင် ဘုရားကျောင်းကန်များသို့ ခေါ်ဆောင်သွားပြီးလျှင်၊ မြန်မာ့ပိသုကာ အတတ်ပညာ၊ မြန်မာမှုအထွေထွေတို့နှင့် ရင်းနှီးလာစေခြင်း၊ နေအိမ်သို့ ဆွမ်းခံကြွနေသော သံဃာတော်အရှင်သူမြတ်တို့၏ ဝေယျာဝစ္စများကိုဆောင်ရွက်စေခြင်းတို့ဖြင့် ဘာသာတရားကို ကိုင်းရှိုင်းစေကာ ဘာသာယဉ်ကျေးမှုတို့နှင့် ယဉ်ပါးစေခဲ့ရပါသည်။ သိနားလည်စေခဲ့ရပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆရာမ ဒေါ်ဝင်းမြင့်၏ ဘာသာယဉ်ကျေးမှု ဆောင်းပါးပေါင်းချုပ် ကျမ်းစာအုပ်ငယ်ဟု ခေါ်ဆိုနိုင်သော ယခုစာအုပ်ကို အောင်မြင်ထမြောက်စွာ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်၍ ကျွန်တော့အဖို့ မြန်မာ့အလင်း သတင်းစာထဲတွင် အပတ်စဉ် ဆောင်းပါးများ ဘည့်သွင်း ဖော်ပြပေးရကျိုး နပ်ခဲ့ပေပြီ။ ရေးသားသူ ဆရာမဒေါ်ဝင်းမြင့်အဖို့တွင်လည်း အပင်ပန်းခံ ရေးသားရကျိုး နပ်ခဲ့လေပြီ။ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသူ ပတ္တမြားစာပေမှ ဒေါ်စိန်ဟန် အဖို့လည်း ထုတ်ဝေရကျိုးနပ်ပေပြီဟု ဆိုနိုင်ရကား၊ စာရှုသူများကသာ အားရရှင်ပျော်ဖွယ်း ဝမ်းမြောက်စွာ ဖတ်ရှု အနုမောဒနာ ပြုနိုင်ကြပါစေကုန်သတည်း။

ချစ်ကြည်ရေး ကြည်ညွန့်
(အယ်ဒီတာ)
မြန်မာ့အလင်း သတင်းစာတိုက်
ရန်ကုန်မြို့။

ရက်စွဲ ၂–၅–၇၃။

ဦး၊ လှမောင်ဥဒါ့

ခင်မေ မင်လေး၊ မား၊ ခွာဖြူမှ ပေတ္တာ

လက်ဆောင်

မေမင်း၊ ဖြူမှ

၂ . ၁၀ . ၇၂ .

၁၀-၁၁-၆၉ နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ

## ပရိတ် တရားတော်နှင့် စိတ်

ဗုဒ္ဓဘာသာဝင် မွန်သမျှသည် ဂေါတမမြတ်စွာဘုရား၏ နှုတ်ကပတ်တော်ဖြစ်သော သုတ်ပရိတ်တော်များကို လေးနက်ယုံကြည်ကြသည်။ ထိုသို့ယုံကြည်သည့်အလျောက်လည်း အလွတ်ရအောင် ကျက်မှတ်ပြီး ကိုယ်တိုင်လည်း ရွတ်ဆိုကြသည်။ သံဃာတော်များ ရွတ်ဖတ်သည်ကိုလည်း ရိုသေစွာနာယူကြသည်။ ဤသို့ ပရိတ်ရွတ်ဖတ်ခြင်း၊ ပရိတ် နာယူခြင်းနှင့် ပတ်သက်၍ မိတ်ဆွေတဦးက သူ့စိတ်ထဲတွင် သံသယဖြစ်နေသော အကြောင်းများကို စာရေးသူအား ပြောပြသွားဘူးပါသည်။ သူ သံသယဖြစ်နေသောအကြောင်းများကား အချို့လူတွေ စွဲလမ်းယုံကြည်ကြောက်သန့်နေကြသော တစ္ဆေ၊ ဘီလူး၊ ဥစ္စာစောင့် စသည့်ဝိညာဉ်လောကသည် တကယ် ရှိပါသလော၊ အကယ်၍ ရှိနေလျှင် သာမန် လူများပင် နားမလည်နိုင်သော ပါဠိဘာသာဖြင့် ရွတ်ဖတ်ကြသည့် သုတ်ပရိတ်တွေ ကမ္မဝါတွေကို ကြားနိုင်၊ နားလည်နိုင်ပါမည်လော၊ ကြားရသည်နှင့် မခံချိနိုင် မလှုပ်နိုင်တော့ဘဲ

ထွက်ပြေးကြရသည် ဆိုခြင်းမှာ မှန်ပါသလော စသည့် သံသယ မေးခွန်းများပင်တည်း။

ဤတွင် ဝိညာဉ်လောက တကယ်ရှိ၊ မရှိ ဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ စာရေးသူမည်သို့မျှမဆိုလိုပါ။ ကျန်သည့် သံသယမေးခွန်းများမှာ စာရေးသူ၏ ယူဆချက်အတိုင်း ဖေါ်ပြရမည်ဆိုလျှင် စိတ်နှင့် အဓိက သက်ဆိုင်နေသည်ဟု ယုံကြည်ပါသည်။

လူသတ္တဝါကို စိုးမိုးနေသည်မှာ စိတ်သာလျှင် ဖြစ်ပါသည်။ လူသတ္တဝါ၏ခန္ဓာကိုယ်ကို သုခ၊ ဒုက္ခဝေဒနာများ ခံစားရမှန်း သိစေသည်မှာလည်း စိတ်သာလျှင် ဖြစ်ပါသည်။ စိတ်ကိုနိုင်နင်းစွာထိန်းချုပ်ထားရန်မှာ အလွန်ခက်ခဲသောအလုပ်ဖြစ်ပါ၏။ စိတ်ကို နိုင်နင်းစွာထိန်းချုပ်ထားနိုင်သူအဘို့ တည်ငြိမ်သောသမာဓိကိုရရှိလာပေမည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ်ပရိတ်တော်များတွင် ပါဝင်သော အဓိကအဓိပ္ပါယ် ဆိုလိုချက်များမှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးဘော်ျပား၊ မှန်သောသစ္စာတရားများ၊ အမျက်ဒေါသကိုပြေငြိမ်းစေ၍ သတ္တဝါအများ ချမ်းသာစေမည့် မေတ္တာတရားများ စသည်တို့ပါဝင်သည်။ ဤမွန်မြတ်လှသော အဓိပ္ပါယ် အပြည့်ဆောင်ထားသည့် မြတ်စွာ ဘုရား၏ နှုတ်ကပတ်တော်ပရိတ်တရားကို ရွတ်ဘတ်သူ၊ ကြားနာသူတို့အဘို့ အာရုံမလွင့်ပါးစေရန် အရေးကြီးလှပေသည်။

အောက်ခြေ လွတ်နေသူသည် အနည်းငယ် ထိလိုက်သည့်အရှိန်ကို ကြံ့ကြံ့ ခံနိုင်ရည်မရှိဘဲ အလွယ်ဖြင့် လဲပြိုသွားနိုင်သည် နည်းတူ၊ စိတ်ကိုထိန်းချုပ်မှုမရှိဘဲ လွှတ်ထား၍ သတိလက်လွတ် စိတ်ပျံ့လွင့်နေသူအဘို့ တစုံတခုသော အကြောင်းကြောင့် သူ့အလိုအလျောက် ဖြစ်ပေါ်လာသော အနည်းငယ်မျှသော အသံ၊

အရိပ်အရောင်ကိုစိတ်ထဲမှာအကြီးအကျယ်ထင်မှတ်ကာ ကြောက်လန့်တတ်ကြချေသည်။ သတိလက်လွတ်မှုကြောင့် ထိတ်လန့် ထင်မြင်သော အသံ၊အရိပ်အရောင်ကို သရဲ၊တစ္ဆေဟု စွဲလမ်းယုံကြည်သွားကြသည်။ ထိုအခါ ပရိတ်တော် ဖိရွတ်ကြသည်။ တစ္ဆေသရဲကြောက်သူတို့ ပရိတ်ရွတ်နေသည့်ရည်ရွယ်ချက်ကား ပရိတ်ရွတ်သံကြားလျှင် တစ္ဆေ-သရဲများကြောက်လန့်ထွက်ပြေးစေရန် အဓိကထား၏။ ဤသို့သော ရည်ရွယ်ချက်များနှင့် ပရိတ်ရွတ်ဖတ်ခြင်းသည် ရွတ်သူကိုယ်တိုင်က တစ္ဆေသရဲကို ကြောက်စိတ်လွှမ်းမိုးနေပါလျှင် သမာဓိသည်း မရသည်၊ အကျိုး ရှိသင့်သလောက်လည်း ရှိမည် မဟုတ်ချေ။ နောက်တချက်ကလည်း ခလုပ်ထိမှ အမိတ ဆိုသကဲ့သို့ မေ့မေ့လျော့လျော့နေရာမှ တစ္ဆေ ကြောက်သည့်အချိန်တွင် ကျိုးကန်းဘောင်းမှောက်မျက်လုံးမျိုးဖြင့် တုန်ရီသစ်ငေါ့စွာ ခါတော်မှီရွတ်ဖတ်နေခြင်းမျိုးကား လုံးဝမသင့်လျော်ပါပေ။

ပရိတ်တရားတော်များကို ရွတ်ဖတ်သည့် အခိုက်အတန့်တွင် စိတ်အာရုံကို မလွင့်ပါးစေဘဲ မိမိရွတ်ဖတ်သည့် တရားသည် တရားတော်ထဲမှာ စိတ်ဝင်စားစွာနှစ်မြှုပ်ထားမည်၊ ပရိတ်တရားတော်ကို ဌာန်ကရိုဏ်းကျကျ ပုဒ်ဖြတ်များ၊ ပါဠိများကို မှန်ကန်ကျနစွာ ရွတ်ဖတ်ရမည်၊ မိမိရွတ်ဖတ်နေသည့်ပရိတ်တရားတော်၏ အနက်အဓိပ္ပါယ်ကိုလည်း ကောင်းစွာထင်မြင်သဘောပေါက်ရမည်၊ ရွတ်ဖတ်နေသည့်အချိန်မှာ မျက်စိအာရုံကို အထူးသတိထား ထိန်းချုပ်နိုင်ရမည်၊ မိမိ ရွတ်ဖတ်နေသည့် ရည်ရွယ်ချက်သည် ရတနာသုံးပါး ဂုဏ်ကျေးဇူးကို ကြည်နူးကြည်ညိုခြင်း၊ မွန်သော သစ္စာတရားများ၏ တန်ခိုး အာနိသင် ထက်မြက်ခြင်း၊ သတ္တဝါအများတို့အား ချမ်းသာစေလိုခြင်းစသည့် မွန်မြတ်သော

ရည်ရွယ်ချက်မှာ အားရုံစူးစိုက်ထားခဲ့ပါလျှင် စိတ်၏ တည်ငြိမ်မှု သမာဓိကိုရရှိလာပေမည်။ ထိုသို့သမာဓိတည်လာသောအခါ စိတ်ကို ချောက်ချား တုန်လှုပ်စေသော အသံ, အရိပ်အရောင် စသည်တို့ကို မမြင် မသိ မကြားတော့ချေ။ ထိုရောအခါ အဘယ်မှာလျှင် ကြောက်လန့် တုန်လှုပ်ပါတော့မည်နည်း၊ ကြောက်လန့် တုန်လှုပ်မှုကင်းလျှင် မည်သည့် တစ္ဆေ သရဲကို စွဲလမ်းမှု ရှိပါတော့မည်နည်း။

ဥပမာအား။ ။မိမိကို အောင်ဟစ်နောက်ပြောင် ရန်စနေသူအား စိတ်ဝင်စားလျှင် ဒေါသတရားပွားများလာပေမည် ရန်တုံ့မှုခြင်းဖြင့် အမှားအယွင်း ဘေးဒုက္ခ တွေ့နိုင်သည်။ စိတ်၊ မဝင်စား ဂရုမစိုက်ဘဲ အကျိုးရှိရာ မှန်မြတ်ရာ ကိစ္စတခုမှာ အာရုံစူးစိုက် စိတ်ဝင်စားလိုက်ခြင်းဖြင့် ရန်စသူကို အလိုလိုမေ့ပျောက်ကာ စိတ်ချမ်းသာမှုရရှိသွားသည့် နည်းမျိုးပင်ဖြစ်သည်။

ထို့ကြောင့် ပါဠိဘာသာဖြင့် ပရိတ်တရားတော်များကို ရွတ်ဘတ်ရာမှာ တစ္ဆေသရဲ နားလယ်စေရန်၊ ကြောက်သန့် တုက်ပြေးစေရန်ဟူသော ရည်ရွယ်ချက်မျိုး, စိတ်မျိုးမထားဘဲ မိမိ၏ သမာဓိခိုင်မာလာအောင် စိတ်ကို အထူးနိုင်နင်းစွာ ကြိုးစားထိန်းချုပ်၍ထားဘို့ အရေးကြီးလှပေကြောင်း စာရေးသူ၏ ယူဆချက်ကို တင်ပြလိုက်ရပါသည်။

× × ×

## (၁၈–၁၁–၆၉)
## နိုင်းယှဉ်မိသည်

အမြဲတစေ သော့ခတ်ပိတ်ထားလေ့ရှိသော ဝင်းတံခါးကို တနေ့သောအခါ သတိချို့ယွင်းပြီး သော့ခလောက် ကို

သော့မခတ်မိဘဲ ချိတ်ရုံသာချိတ်ထားမိ၏၊ ထိုပေါ့ဆမှုကြောင့်ပင် သင်္ကန်းဝတ်ပုဂ္ဂိုလ်တဦး လျင်မြန်စွာအိမ်ဝင်းထဲ ရောက်လာပါတော့သည်၊ ဝင်းတံခါးအပေါ်မှကျော်ကာ လက်နှင့် ချိတ်ရုံချိတ်ထားသော သော့ခလောက်ကိုနှိုက်ဖြုတ်ပြီးတံခါးဖွင့်ဝင်လာသော ထိုကိုယ်တော်ကို အိမ်ဝင်းထဲရောက်ပြီးမှသိရသော စာရေးသူသည် မိမိပေါ့ဆမှုကို အထူးပင်စိတ်ဆိုးမိပါသည်။ သို့သော် အိမ်ဝင်းထဲရောက်လာပြီး ဖြစ်သော သင်္ကန်းဝတ်အား အရမ်းကာရော ပြောဆိုနှင်ထုတ်ခြင်းမပြုဝံ့ဘဲ ကောင်းမွန်စွာပင် မေးမြန်းရပါတော့သည်၊ ထိုအခါ သင်္ကန်းဝတ်ပုဂ္ဂိုလ်က အလှူခံတို့ ပြောမြဲထုံးစံအတိုင်း အရပ်ရပ်လှည့်လည် ဘုရားဖူးရာမှ လမ်းစရိတ် မလုံလောက်၍ ဝတ္ထုငွေ အလှူခံကြောင်း မိန့်ကြား ပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များအား အလှူခံခြင်းနှင့်ပတ်သက်၍ ဒေဝဒတ်ကိုအကြောင်းပြုပြီး မြတ်စွာဘုရား သိက္ခာပုဒ်တခု ပညတ်တော်မူခဲ့ကြောင်း ကျမ်းဂန်ထဲမှာ စာရေး ဖတ်ရှုခဲ့ရဘူးပါသည်။

မြတ်စွာဘုရားအား အမျိုးမျိုးပြစ်မှားသောဒေဝဒတ်ကို လူအပေါင်းတို့က အကြည်ညိုမဲ့၍ ဒါနကို ဖြတ်ကြလေသောကြောင့် ဒေဝဒတ်သည် လူဒါယကာများထံမှ တောင်းခံ၍ရင်း၊ ပစ္စည်းချင်းအလဲအလှယ်ပြု၍ရင်း သုံးစွဲ စားသောက်သည်၊ ဤအပြုအမူကိုသိရသော မြတ်စွာဘုရားက သံဃာတော် အပေါင်းကို စည်းဝေးစေ၍ အဆွေအမျိုးမတော်သော ဒါယကာ၊ မဖိတ်ကြားသော ဒါယကာတို့ထံမှမတောင်းခံအပ်၊ တောင်းခံသော် အာပတ်သင့်စေသည်ဟု ပညတ်တော်မူခဲ့၏။

နောက်တချက်ကလည်း ရဟန်းသံဃာတော်များ အနေ

ဖြင့် ရွှေငွေကို အလှူမခံအပ်၊ လူဒါယကာများ အနေဖြင့်လည်း မလှူအပ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိပြီး ဖြစ်ကြပါသည် ပထမ သင်္ဂါယနာတင်ပြီး၍ သက္ကရာဇ်တရာတင်းတင်းပြည့်ချိန်၊ ဝေသာလီပြည်မှာ ကာလာသောကမင်း နန်းစံသက် ဆယ်နှစ် ရသောအခါဝယ် အရှင်မဟာယသ မထေရ်ကြီးတို့ ဒုတိယ သင်္ဂါယနာတင်ရသောအကြောင်းကား ကျင့်ဝတ်သိက္ခာ ပျက်သော အဓမ္မဝါဒီရဟန်းတို့သည် မြတ်စွာဘုရား ပညတ် ထားတော်မူခဲ့သည့် ဝိနည်းတော်ကို ပျက်ပြားစေသည့် အဓမ္မဝါဒဆယ်ပါးကို ထင်ရှားပြုကျင့်နေကြသောကြောင့် ဖြစ်သည်၊ ထို အဓမ္မ ဝါဒ ဆယ်ပါးတွင် ရဟန်းသံဃာကိုလှူသော ရွှေငွေသည် အပ်သည်၊ အလှူခံထိုက်သည်ဟူသော အချက်ပါရှိသည်၊ ထိုကြောင့်ပင် အရှင် မဟာယသတို့ ဒုတိယ သင်္ဂါယနာ တင်တော်မူခဲ့ကြရ၏။

ယခုစာရေးသူအိမ်ဝင်းထဲ ရောက်နေသော သင်္ကန်းဝတ် ပုဂ္ဂိုလ်က အနေဆွအမျိုးမတော်သောမဖိတ်ကြားသောဒါယကာ၏ အိမ်ဝင်းထဲကို ခွင့်ပြုချက်မရယူဘဲ သူ့အလိုအလျောက်တံခါး ဖွင့် ဝင်လာပြီး ငွေအလှူခံနေပါတော့သည်။ ဤပုဂ္ဂိုလ်အား ခေါင်းကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ပေါ် မှာ စင်ကြယ်မြင့်မြတ်သည့်ရဟန်းတော်အစစ်များဝတ်ရုံသည့်သင်္ကန်း ကိုဖုံးလွှမ်းပြီး ခေါင်းတုံး ရိတ်လာသော ပုဂ္ဂိုလ်သာ ဖြစ်ပေ ကြောင်း စာရေးသူရိပ်စားမိသော်လည်း မပေးသမျှ ဝင်းထဲက မထွက်ဘဲ ပေကပ်တောင်းနေမည့်ဟန်ကို ရိပ်စားမိ၍ ဒါနသဘော ဖြင့် လုံးဝမအပ်စပ်သော စိတ်မျိုးပေါ်လျက်ကပင် ငွေတကျပ် ပေးလိုက်မှ ထွက်သွားပါတော့သည်။ တကျပ်ထဲ နဲလှချေလား မယ်တော်ကြီးရဲ့ဟု မိန့်ကြားသွားပါသေး၏။ စာရေးသူသည် ဝင်းတံသော့ကို အသေအချာခတ်ထား နောယ်တခါ မေ့အုံးဟဲ့

ဟု ကိုယ့်နဖူးကိုယ်ပြန်ပြီး သော့တံဖြင့် ခေါက်လိုက် မိပါ၏၊ သက်နိုးဝလ်ပုဂ္ဂိုလ်ကိုစိတ်တိုမိချင်းက လွန်ခဲ့သောဆယ်နှစ်ကျော် ဆယ့်ငါးနှစ်ခန့်က ဘောင်ကြီးမြို့တွင် ဖူးတွေ့ခဲ့ရသော အိုမင်းနေပြီဖြစ်သည့် ရဟန်းတော်သုံးပါးကို ပြန်လည် သတိရမိ ပါသည်။

သက်တော် ခြောက်ဆယ်ကျော်မျှခန့်မှန်းရသော ရဟန်းတော်သုံးပါးသည် သပိတ်ကိုယ်စီဖြင့်နံနက်တိုင်း ဆွမ်းခံကြွတော်မူကြသည်၊ ရဟန်းတော်သုံးပါးနောက်မှ ကပ္ပိယအိုကြီးက ဆွမ်းဟင်းဗူးကလေးများပါသော ဆိုင်းထမ်းကို ထမ်းကာ လိုက်ပါလာသည်၊ ရဟန်းတော် သုံးပါးသည် အလွန် တည်ကြည်သော ဣန္ဒြေရှိ၏၊ ရှေ့သို့ဘက်ခြင်း၊ တူရူကျိုးခြင်း စသည့်အမူအရာ တို့မှာ အလွန်သိမ်မွေ့တည်ငြိမ်သည်၊ စာရေးသူအိမ်ရှေ့မှ နေ့စဉ် ဆွမ်းခံကြွနေကြသော ဤရဟန်းတော် သုံးပါးကား မည်သည့် အိမ်ကိုမှမဝင်၊ မည်သည့်နေရာမှာမှမရပ်၊ သဒ္ဓါ ကြည်ညို သူက ဆွမ်းဟင်းလိုက်လောင်းလျှင် ခြေလှမ်းကိုတုံ့ကာ သပိတ်ဖွင့်ပေးသည်။ နေ့စဉ်မြင်ရဖန်များလာ၍ ကြည်ညိုလာသော စာရေးသူက တနေ့တွင် ရဟန်းတော်သုံးပါးအား အိမ်သို့ကြွပြီးဆွမ်းခံပါရန် ဘိတ်ကြား၏၊ သုံးပါးလုံး ဆိတ်ဆိတ် ဝန်ခံတော် မူသည်။

နောက်တနေ့တွင်ကပ်လှူရန်ပစ္စည်းများ ပြင်ဆင်ပြီး စောင့်နေ၏၊ ရဟန်းတော်သုံးပါး ကြွလာပါသည်။ အိမ်ထဲမဝင်၊ အိမ်ရှေ့မှာပင် ရပ်နေသည်၊ စာရေးသူက အိမ်ထဲကြွပါဘုရားဟုဆိုမှ အိမ်ရှေ့ခန်းထဲဝင်လာ၏၊ မထိုင်ကြချေ၊ ရပ်တော်မူနေကြသည်၊ ထိုင်ရန်ပြင်ထားသော နေရာများကို ညွှန်ပြပြီး ထိုင်တော် မူပါဘုရား၊ ဤရှေ့က စားပွဲပေါ်မှာ သပိတ်များကို ထားတော်မူပါ

ဘုရားဟုလျှောက်မှ တည်ငြိမ် သိမ်မွေ့စွာထိုင်ပြီး သပိတ်တွေကို စာပွဲပေါ်တင်ကြသည်။ ထိုအခါမှ စာရေးသူသည် အသင့် ပြင်ထားပြီးသော ကော်ဖီနှင့်မုန့်များကို တပ္ပိယကြီးမှတဆင့် ကပ်လှူရသည်။

ရဟန်းတော်သုံးပါးနှင့် တပ္ပိယကြီးတို့ကော်ဖီမုန့်များ ဘုဉ်းပေးစားသောက်နေကြစဉ်မှာ စာရေးသူက လေဝင်းလှူဘွယ် ဆွမ်းများ ဟင်းများကို နေရာတကျ ထည့်ရ၏။ ကော်ဖီ၊ မုန့်များ ဘုဉ်းပေးပြီး ဆွမ်းဟင်းများထည့်ပြီးသော် ရဟန်းတော်သုံးပါးသည် တခွန်းသောစကားကိုမှ မဆိုဘဲဆိတ်ဆိတ်သာလျှင်ပြန်ကြွကြသည်။ စာရေးသူ၏အိမ် ဧည့်ခန်း အခင်းအကျင်းကို ကြည့်ရှုခြင်းလည်း မရှိ၊ ဝင်လာသည့်အချိန်မှ ထွက်သွားသည့် အချိန်တိုင်အောင် နှုတ်တော်များကို တင်းတင်းစေ့ သွားကြသည်။ စကျွတ်ကွခန့်ကို ထိန်းသွားကြသည်။

ဤပုံစံအတိုင်းပင် စာရေးသူသည် ရဟန်းတော် သုံးပါး အား သုံးနှစ်နီးပါး ကော်ဖီ၊ မုန့်၊ ဆွမ်းဟင်းလှူဒါန်း ခဲ့သော် လည်း ရဟန်းတော်သုံးပါး၏ အသံကို လုံးဝ မကြားခဲ့ဘူးပေ၊ ယုတ်စွအဆုံး အပယ်မ်းဟူသော ချောင်းဟန့်သံ ကိုမှ မကြားခဲ့ စဘူးပေ၊ တခါသော် စာရေးသူက ရဟန်းတော်သုံးပါး အသံတော် ထွက်လာလေမည်လားဟု ကြွလာချိန်မှာဆွမ်းမလောင်းဘဲ ပုန်းနေကြည့်၏၊ ရောက်နေကြောင်း အထိမ်းအမှတ်အဖြစ်အသံ ပြုလိမ့်မည်ဟုထင်မိ၏၊ သို့သော် တမိနစ်မျှ တိတ်ဆိတ်စွာ ထိုင်နေတော်မူကြပြီး၊ စာရေးသူထွက်မလာသောအခါ တိတ်ဆိတ်စွာ ပင် ပြန်ကြွသွားကြသဖြင့် ပုန်းနေရာမှ ဇာဗျာကသီ ထွက်လာပြီး တောင်းပန်တာ မြန်လည် ပင့်ဘိတ်ခဲ့ရသည်။

စာရေးသူတို့ တောင်ကြီးမြို့မှ ပြောင်းရွှေ့ရန် အမိန့် ရ

ပြီးနောက် တနေ့မှာ ရဟန်းတော်သုံးပါးအား နောက်ဆုံး ကပ်လှူခြင်းအဖြစ်ဖြင့် ကော်ဖီ၊ မုန့်၊ ဆွမ်းဟင်းများ လောင်းလှူပြီး ပြောင်းရွှေ့ရန် ပစ္စည်းများ သိမ်းဆည်းရတော့မည်ဖြစ်၍ အား လပ်ခွင့် မရတော့သောကြောင့် နောက်တနေ့မှစပြီး ဆွမ်းလောင်း ခြင်း ရပ်ဆိုင်းရမည်ဖြစ်ကြောင်း လျှောက်ထားတောင်းပန်သော အခါလည်း သုံးပါးလုံး ဆိတ်ဆိတ်ပင်နေကြသည်။ စာရေးသူက ရဟန်းတော်များ၏ခြေကို ကြည်ညိုခြင်းအပြည့်ဖြင့် ဦးခိုက်သော အခါမှ အသက်အကြီးဆုံး ကိုယ်တော်၏ ခြေဖနောင့်ဝယ် သွေး တွေ့ရဲနေသော ဒဏ်ရာတခုကိုတွေ့ရသည်။ မည်ကဲ့သို့ဖြစ်ကြောင်း မေးလျှောက်သောအခါ ရဟန်းတော်က ဆိတ်ဆိတ်ပင်နေသည်၊ တပ္ပဲယကြီးက ရှင်းပြမှ ဆွမ်းခံကြွရာလမ်းတွင် စည်းကမ်းမဲ့သူ တို့ ပစ်ထားဟန်တူသော ပုလင်းကွဲ စူးလိုက်ကြောင်း သိရပါ သည်။

"တပည့်တော်ကို ကျောင်းသားသူငယ်အဖြစ် အမှတ် ပြု တော်မူပါဘုရား"

ဟု စာရေးသူက လျှောက်ပြီး အနာကိုရေနွေးဖြင့် စင် ကြယ်စွာ ဆေးကြောကာ ဆေးထည့်ပြီး ပတ်တီး စည်းပေးလိုက် ပါသည်။ ထိုအခါမှ သုံးနှစ်နီးပါး နှုတ်ခမ်းတော်နှစ်လွှာကိုဘင်း တင်းစေ့ထားခဲ့သော ဘုန်းတော်ကြီး၏နှုတ်မှ အေးမြ ညင်သာ သောအသံ ထွက်ပေါ်လာပါသည်။

"သွေးယိုစီး၍ နာကြင်နေသော ငါ့အနာကို ဆေးဝါး ဖြင့် သက်သာချမ်းမြေ့စေသော မိန်းကလေး၊ မိန်းကလေး နှင့် တကွ သင်၏ခင်ပွန်းသားသမီးတို့သည် တပါးသူ၏လက်နက်ဘေး ရန်ဖြင့် သွေးယိုစီးမည့်ဒဏ်ရာမျိုး အသက်ထက်ဆုံး ကင်းဝေးပါ စေ...."

ထိုနောက် ရဟန်းတော်သုံးပါးသည် စာရေးသူ အိမ်မှ ညှင်သာစွာ တိတ်ဆိတ်စွာ ပြန်လည် ကြွသွားပါသည်။

ရဟန်းစစ်နှင့်ရဟန်းယောင်၏ကွာခြားချက်ကား အတိုင်းအဆမရှိအောင်ပေ၊

မှန်မြတ်လှသော ဗုဒ္ဓဘာသာ သာသနာတော် စင်ကြယ်သန့်ရှင်းစေရန် ရဟန်းတု ရဟန်းယောင်များ အမြန်ဆုံး ကွယ်ပျောက်သွားစေလိုကြောင်း ဆုတောင်း ဆန္ဒပြုလိုက်ရပေသည်။

× × ×

## (၈-၁၂-၆၉)
## ရှိခိုးပူဇော်ခြင်း ဟူသည်

မိုးကုန် ဆောင်းကူး၍ ရာသီဥတု သာယာလာသည် ဆိုလျှင်ပင် ဗုဒ္ဓဘာသာဝင် များသည် အလှူဒါန ပြုခြင်း၊ ဝေးလံသော ဒေသမှာရှိနေသည့် ဘုရားပုထိုးများကို ဖူးမျှော်ပူဇော်ရန် အုပ်အသင်း ဖွဲ့ကာ ခရီးထွက်ခြင်း စသည်တို့ကို ဆောင်ရွက်သည့် အလေ့အထရှိကြသည်။ ထိုသို့ ဝေးလံသော ဒေသမှာရှိနေသည့် ဘုရားပုထိုးများအနက် ဤဆောင်းဦးပေါက် အချိန်မှ ဆောင်းလယ် ကာလအထိ သတ်မှတ်၍ ဗုဒ္ဓဘာသာဝင်တို့ အများဆုံး သွားရောက် ဖူးမျှော်သော ဘုရားကား ထင်ရှား ကျော်စောလှသည့် ကျိုက်ထီးရိုး စေတီတော်ပင် ဖြစ်သည်။ မြတ်စွာဘုရား၏ ဆံတော်တစ်ဆူကို ဌာပနာ၍ ထူးဆန်းအံ့ဩဘွယ်ကောင်းအောင်ပင် ခက်ခဲစွာ တည်ထားသော ကျိုက်ထီးရိုး (ဝါ) ကျိုက်ဣသိရိုး၊ ကျိုက်-ဘုရား၊ ဣသိ-ရသေ့၊ ရိုး- ရွက်သည်၊ ရသေ့ ဦးခေါင်းဖြင့် ရွက်ထားသော ဘုရားတား အမှန်ပင် လိုက်လိုက်လှဲလှဲ ကြည်

ညိုဘွယ် ကောင်းပါပေသည်၊ ထိုဘုရားစေတီ တည်တော်မူရာ ဌာနကား တောတောင် ငနိုင် စုံမြိုင်ဟေမဝန္တာ၏ အလယ် မြင့်မားသော တောင်ထွဋ်ထက်မှာ တည်ရှိသည်ဖြစ်၍ ဖူးမျှော်ရန် သွားရောက်သူတို့အဘို့ အပင်ပန်းခံရသည်၊ အမောခံရသည်၊ တောကြီးတောင်ကြီးကို ဖြတ်ကျော် သွားကြရသည်၊ ဘုရားဖူးများ အပင်ပန်းခံ ဖြတ်ကျော်သွားရသော ဤတော ဤတောင်ကား 'ဘေးရန်ကင်းဝေး အေးချမ်းသာယာမှု ရှိပါ၏လော... ဘုရားဖူးများ၏ အသက်ဘေး အတွက် လုံခြုံမှု ရှိပါ၏လော....'

ကျိုက်ထီးရိုး ဘုရား ရာသီကို ရောက်ချိန် နှစ်စဉ်နှစ်ဘိုင်း သက်ဆိုင်ရာ တာဝန်ရှိသူတို့၏ သတိပေး ဘေးမြစ်ချက်များကို နားယူခြင်း မရှိဘဲ သွားသူများ သွားမြဲတိုင်း သွားကြသည်၊ ထိုအခါ လူဆိုး သောင်းကျန်းများက ဖမ်းမြဲတိုင်းဖမ်း၊ ဆွဲမြဲတိုင်းဆွဲ၊ သတ်မြဲတိုင်း သတ်ဖြစ်နေကြသည်ကို နှစ်စဉ်လိုလိုပင် စိတ်မချမ်းမြေ့ဘွယ် ကြားနေခဲ့ကြရ၏၊ ယခုမိုးကုန်စမှာပင် သွားသူတွေ သွားနေကြလေပြီ။

ဤသို့ သွားနေကြသော လူများမှာ ရည်ရွယ်ချက်သုံးမျိုး ထားပြီး သွားနေကြသော လူ သုံးမျိုးဖြစ်၏။

နံပါတ် တစ် မှာ အပျော် သက်သက် သဘောထားပြီး စိတ်တူ သဘောတူချင်း စုစု ရုံးရုံး သွားရပျော်ရလျှင် မနည်းဟူသော ရည်ရွယ်ချက်ဖြင့် သွား၏၊ နံပါတ်နှစ်မှာ ကျိုက်ထီးရိုး ဘုရားကို သုံးခေါက်ပြည့်အောင် ရောက်လျှင် သူဌေး ဖြစ်သည် ဟူသော မြော်လင့်ချက် ကိုယ်ကျိုး ရှုသိုချက်ကြောင့် လောဘ ရှံမသော စိတ်ဖြင့် ဘုရားဖူးရန် ရည်ရွယ်ချက် ထားပြီး သွား၏၊ နံပါတ်သုံးမှာ ဝေးလံနက်ခေါင်သော တောတောင် အလယ်ဟှင် မြတ်စွာ ဘုရား၏ ဆံတော်ဓါတ် ကိန်းဝပ်ရာ စေတီတော်ကို

ပင်ပန်းခက်ခဲစွာ သွားဖူးလျှင် ကုသိုလ်တွေ လုံးလုံးခဲခဲကြီး ရပြီး အမြိုက်နိဗ္ဗာန်ကို မြန်မြန်ရောက်ပေမည် ဟူသော မှန်မြတ် ဖြူစင်သော ရည်ရွယ်ချက်ဖြင့် သွား၏။ ဤ သုံးမျိုးသော လူတွင် နံပါတ်တစ်နှင့် နှစ် တို့ကိုကား လူဆိုးသောင်းကျန်းတို့ ဘမ်းခြင်း၊ ဆွဲခြင်း သတ်ခြင်း ခံရလျှင် သနားဘွယ်အကြောင်းမရှိဟု ဆိုနိုင်သော်လည်း ကိုယ့် ပြည်ထောင်စုသားများသာလျှင်ဖြစ်၍ ဘေးဒုက္ခတွေ့ခြင်း၊ သေကြေပျက်စီးခြင်းကိုကား မည်သူမှ မလိုလားနိုင်ပေ၊ မသွားဘဲ နေနိုင်လျှင် ကောင်းမည် ဟူ၍သာ ဆိုရပေမည်။

နံပါတ် သုံးအမျိုးအစား ဘုရား ဖူး များ အနေ ဖြင့် လူဆိုး သောင်းကျန်း တို့ကြောင့် ဘေး အန္တရာယ် ဖြစ်ရလျှင် အထူးပင် ကြေကွဲဝမ်းနည်းဘွယ် ကောင်းပေမည်၊ ထိုသူတော်ကောင်း စိတ်ထားသူများ ဘုရားဖူးများသည် ကုသိုလ်တွေလုံးလုံးခဲခဲရပြီး အမြိုက်နိဗ္ဗာန်ကို မြန်မြန် ရောက်လိုကြပါက လူဆိုးသောင်းကျန်းတွေ ကျက်စားနေသော တောတောင် အလယ်မှ ကျိုက်ထီးရိုး စေတီတော်ရှိရာကို တပင် တပန်း သွား ဖူးနေရန် မလိုပါ၊ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူခဲ့သော တရားအတိုင်း လိုက်နာ ကျင့်သုံးပါက ကုသိုလ်တွေ လုံးလုံးခဲခဲ ရပြီးအမြိုက်နိဗ္ဗာန်ကို မြန်မြန်ရောက်မည် ဖြစ်၏။

မြတ်စွာ ဘုရားဏ အဘယ်သို့ ဟော ကြား တော် မူ ပါသနည်း။

မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ် ပရိနိဗ္ဗာန် ဝင်အံ့သောငှါ လျောင်းစက်တော်မူရာဝယ် စကြာဝဠာတိုက်တသောင်းတွင်းရှိသမျှသော လူ နတ် ဗြဟ္မာ အပေါင်း အထူးသူးသော ပူဇော်သက္ကာဖြင့် ရှိခိုးပူဇော် လာကုန်ကြသည်

ကို မြင်တော်မူသော အခါ အရှင်အာနန္ဒာကို ခေါ်၍ ဤသို့မိန့် ကြားတော်မူခဲ့သည်။

“ချစ်သား အာနန္ဒာ ဤလူနတ်ဗြဟ္မာ အပေါင်းသည် အထူးထူးသော ပူဇော်သက္ကာဖြင့် ငါဘုရားအား ဤသို့ ရှိခိုး ပူဇော်ရုံမျှဖြင့် ပူဇော်သည် မမည်သေး၊ မြတ်နိုးတနာပြုသည် မမည်သေး၊ လောကုတ္တရာ အားလျော်သော အမှုကို ပြုသည် မမည်သေး၊ ချစ်သား အာနန္ဒာ ငါဘုရားပညတ်တော်မူခဲ့သော ဝါရိတ္တသီလ၊ စာရိတ္တသီလ တို့ကို ရိုသေစွာ ကျင့်ဆောင်ခြင်း၊ ဓမ္မာနုဓမ္မပ္ပဋိပန္န ဟု ဆိုအပ်သော လောကုတ္တရာ တရား အား လျော်သော အကျင့်တို့ကို ရိုသေစွာ ကျင့်ဆောင်ခြင်းတို့သာ လျှင် ငါ ဘုရားကို ရိုသေ မြတ်နိုးသည် မည်၏၊ ချစ်ကြည် လေး မြတ်သည်မည်၏၊ ရှိခိုးပူဇော်သည်မည်၏၊ ထို့ကြောင့်ငါဘုရား သာသနာ၌ ချမ်းသာကိုအလိုရှိကုန်သောလူတို့သည်လောကုတ္တရာ တရား၏ ရှေ့အဘို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကို ရိုသေစွာ ကျင့် သုံးကုန်ရာသည်။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့ ရေးခြင်းဖြင့် မှန်မြတ်လှသော ဘုရားဖူးသွား ခြင်း အလုပ်ကို ပိတ်ပင် ဖျက်ဆီးသည်ဟု မယူဆစေလိုပါ၊ ပိတ်ပင် ဖျက်ဆီးလိုသော စေတနာလည်း စာရေးသူမှာ လုံးဝ မရှိပါ။

ကျိုက်ထီးရိုး ရာသီ ရောက်လာလျှင် တောတွင်းရှိ လူဆိုး သောင်းကျန်းတို့သည် သူတို့ အသက်ဆက်ရန် လက်နက် ရိက္ခာ အတွက် ရွှေငွေ ပေးမည့် သူများဟု ဘုရားဖူးများ အပေါ် သဘောထား မြော်လင့်နေကြမည်မှာ မလွဲနိုင်ပေ၊ ဘုရားဖူးများ အနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တားမြစ်ချက်ကို

မနာခံဘဲ လူဆိုး သောင်းကျန်းတို့၏ လုယက် သတ် ညှစ်ခြင်းကို တပင်တပန်း သွားခံကြသည်မှာ အဆိပ်ပင်ရေလောင်းပေးသည်နှင့် တူသည်သာမက၊ ဘေးဒုက္ခတွေ့ကြုံရသူ ဘုရားဖူးများ အတွက် သက်ဆိုင်ရာ နယ်မြေမှ စစ်ဘက်၊ ရဲဘက်၊ အုပ်ချုပ်ရေးဘက် ပုဂ္ဂိုလ်တို့မှာ အလုပ်ဘာဝန် များကြရှာသည်။

ထို့ကြောင့် အလုပ်ပို တာဝန် များရခြင်း စသော အကြောင်းကြောင်းတွေကို စဉ်းစားကာ နတ်ရွာနိဗ္ဗာန်ကိုမြန်မြန် ရောက်နိုင်သည့် ဘုရားဟော နည်းနာကို အိမ်မှာပင် ကျင့်သုံး ဆောက်တည်ခြင်းဖြင့် ဗုဒ္ဓ မြတ်စွာကို ရှိခိုး ပူဇော်ခြင်း အစစ် ဖြစ်ကြောင်း စေတနာကောင်းဖြင့် ရေးလိုက်ရပါသည်။

× × ×

(၂၉-၁၁-၆၉)

## လွဲမှားစွာ ရေသပ္ပါယ်ကြမှု

လေးဆူဓာတ်ပုံ ရွှေဘိဂုံဟု ဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားရာ၊ ကမ္ဘာ့အရပ်ရပ်မှရောက်လာသမျှ နိုင်ငံခြားသားတို့ သွားရောက်ကြည်ညိုရာ ရွှေတိဂုံစေတီတော်ကို ရောက်လေသမျှ ဘုရားဖူး သူတော်ကောင်းအပေါင်းတို့သည် အရပ်ရှစ်မျက်နှာရှိ ဂြိုဟ်တိုင် ရှစ်တိုင်တို့၏ ခြေရင်းမှာ သီတင်းသုံး နေတော်မူကြရသော ကျောက်ဆင်းတုတော်ကလေးများ၏ မသက်မသာ ခံစားနေကြရပုံကို သတိပြုမိကြ လိမ့်မည်ဟု ထင်ပါသည်။ ထို ကျောက်ဆင်းတုတော်ကလေးများကို မြင်ရသော စာရေးသူ၏ စိတ်တွင် မသက်မသာ စိတ်မချမ်းမြေ့သော ဝေဒနာကို ခံစားမိပါတော့သည်။ ထိုဆင်းတုတော်ကလေးများကား ဒုက္ခရစရိယာ

ကျင့်တော်မူနေရသည်ဟု ယူဆရလေ မည်လော၊ ဝိပါက-ဝဋ် မကင်း၍ ဇွတ်အတင်း အနိုင်ကျင့်နေကြသည်ကို ဓမ္မ မေတ္တာ စသည့်တရား လက်ကိုင်ထားပြီး၊ တုန့်လှုပ်ခြင်းကင်းစွာ သမာပတ် ဝင်စားနေတော်မူလေသည်ဟု ယူဆရလေမည်လောဟု စဉ်းစားမိ တွေးတောမိ၏။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ညွတ်ပျောင်းကြည်ညို ရှိသေ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားများတွင် ကုသိုလ်ကံ, အကုသိုလ်ကံတို့ကြောင့် ဖြစ်ပေါ် လာရသော ကောင်းကျိုး, ဆိုးကျိုးသည် ကုသိုလ်, အကုသိုလ် ပြုလုပ်သူသာ ခံစားရသည်။ မည်သူ တဦးတယောက်ကမှလည်း ချယ်လှယ်စီမံ၍မရ၊ ခွဲဝေယူ၍မရ၊ မည်သူ့ ~~တဦး၊ တယောက်~~မျှဟု အထင်အရှား ဟောကြားတော်မူခဲ့သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း ပင် သိကြပေသည်။

ဆုတောင်းခြင်းနှင့်ပတ်သက်၍လည်း လူသားတို့ စိတ်ဆန္ဒ ရှိသမျှ ဆုတောင်းတိုင်း ပြည့်ရမည်ဟုဆိုလျှင် ကမ္ဘာကြီးတခုလုံး သည် မည်မျှပြောင်းဆန်သွားမည်နည်းဟု စာရေးသူစဉ်းစားမိ သည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သည် တောင်းသမျှဆုကို ပြည့်စေကြောင်း သိကြသည်။ မှန်ပါ၊ သည် ပစ္စေကဗုဒ္ဓါတို့နှင့် ကြုံကြိုက်၍ ဆုတောင်းလျှင် ပြည့်စေ ဟူ၍သာ မိန့်ကြားကြသည်။ မိန့်ကြားသည့် အတိုင်းလည်း တောင်းသမျှဆုပြည့်သည်၊ ဤသို့ တောင်းသမျှဆု ပြည့်စေရခြင်း ကား နောက်ခံအကြောင်းရှိ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် လူတိုင်းသတ္တဝါတိုင်း ကို အတွေ့အမြင်မခံကြချေ။

ဤလူ- ဤသတ္တဝါသည် နောက်နောက်က ပြုခဲ့သော ကုသိုလ်-အကုသိုလ်၊ ယခုဘဝ လတ်တလော ပြုသော ကုသိုလ်

အကုသိုလ်၊ ဤကံတရားတို့၏ စေ့ဆော်ချက်၊ စီမံချက်ကြောင့် ဤအချိန်အခါမှာ မည်ကဲ့သို့ ဖြစ်ပျက်လာမည်၊ သက်ဆိုင်ရာ လူ၊ သက်ဆိုင်ရာ သတ္တဝါသည် ကံတရား၏ စေ့ဆော်ချက်ကြောင့်လည်း ဤမည်သောဆုမျိုးတောင်းလိမ့်မည်၊ ထိုဆုမျိုးမတောင်းသည် ဖြစ်စေ၊ တောင်းသည်ဖြစ်စေ၊ ဤအဖြစ်မျိုးကား ပြုခဲ့သည့် ကံအကြောင်းတရားကြောင့် မလွဲမသွေ ဖြစ်လာမည် မချွတ်ဟု တန်ခိုးတော်ဖြင့် သိမြင်သည်။ ထိုကြောင့် ဖြစ်လာမည့် ထို သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အတွေ့ အမြင်ကိုခံသည်၊ ပေးလှူခြင်း ခံသည်၊ ထိုပုဂ္ဂိုလ်က ဆုတောင်းသည်၊ မတောင်းလျှင်လည်း ဤ အကျိုးတရားဖြစ်လာမည်ကို သိမြင်သည့်အတိုင်း ပြည့်စေ ဟူ၍သာ မိန့်ကြားတော် မူခဲ့ကြတော့၏။

ယခုခေတ် အချိန်အခါကား ပစ္စုပ္ပန်ခေတ် မဟုတ်ဘဲ သဗ္ဗညုရှင်တော်ဘုရား ထားခဲ့တော်မူခဲ့သော သာသနာတော်အတွင်း ကာလ ဖြစ်သည်။ ဘုရားမြတ်စွာကိုယ်စား ရုပ်တုတော်များကို ကိုးကွယ် ပူဇော်နေကြသည်။ ထိုရုပ်တုတွေကို ရှိခိုးပူဇော်နေကြသည်မှာ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန် အမြိုက်နိဗ္ဗာန်ကို ရည်စူး ဆုတောင်း နေကြသူတွေလည်း ရှိသည်။ လောကီအကျိုးစီးပွား ပြည့်စုံအောင် ဆုတောင်း နေကြသူတွေလည်းရှိသည်။ ဤနှစ်မျိုးနှစ်စားသော ပုဂ္ဂိုလ်များတွင် လောကီအကျိုးစီးပွား မြှော်ကိုးဆုတောင်းရန် ရည်ရွယ်၍ ပူဇော်ခံရသော ဆင်းတုတော်များ အနက် ရွှေတိဂုံစေတီတော် အရပ် ရှစ်မျက်နှာရှိ ဂြိုဟ်တိုင်ရှစ်ဘိုင် ခြေရင်းမှာ သီတင်းသုံးနေရရှာသော ကျောက်ဆင်းတုတော်ကလေးများ၏ ဒုက္ခ ဆင်းရဲကား မသေးငယ်ကြပေ။

"ကြာသပတေးသမီးအတွက် ရေဘယ်နှစ်ထမ်း သပ္ပါယ်ပြီး ဆုတောင်းပေးပါ"

"သောကြာသားအတွက် ရေဘယ်နှစ်ထမ်း သပ္ပါယ်ပြီး ဆုတောင်းပေးပါ"

ကာယကံရှင် ခုနှစ်နေ့ သားသမီးများက ရေတိုးပိုက်ဆံပေးပြီး ခိုင်းကြ၏။ ထိုအခါ ရေသည်များက ဆင်းတုတော်ကလေးများကို မသနား မညှာတာ အားမနာတမ်း လေးဒေါင့်သံစည်ပုံးဖြင့် အပြည့်ထည့်ထားသောရေကို တပုံးပြီးတပုံး တဘုန်းဘုန်းဖြင့် ဦးခေါင်းတော်ထိပ်မှ ဖြိုးဖြိုး လောင်းချသည်။ ထိုရေများက ရင်ပြင်တော်ကို ဗွက်စို ညစ်ပတ်စေသည်။ သတ်မှတ်ထားသည့် ရေပုံးအရေအတွက် စေ့သွားသောအခါ ရေသည်သည် ရေဝယ်လောင်းသူအတွက် ဟိန္ဒီဝဏ္ဏ ချီးမွမ်းခဏ်းတမျှ ရှည်လျားသော ဆုတောင်းကြီးကို အသံကောင်းကောင်းဖြင့် ဟစ်ပါတော့၏။ ဟချို့ ရေဝယ်သူများက ရေသည်၏ ဆုတောင်းသံကို နားခံရင်း ငြိမ်သက်စွာ ကျေနပ်နှစ်သိမ့်နေကြသည်။အချို့ကမူ ကြည့်ချင်ရာကို ကြည့်ပြီး ပြောချင်ရာကို ပြောနေကြသည်။ ဤအပြုအမူမျိုးကား ဗုဒ္ဓဘာသာဝင်တွေအနေဖြင့် ပြုလုပ်ရန် မသင့်လျော်ဟု စာရေးသူ ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် ရေဝယ်သူ ၄-ရက် သားသမီးသည် မြတ်စွာဘုရားကို ရည်စူးသွန်းထုအပ်သော ဆင်းတုတော်အား ဖြူစင်သော သဒ္ဓါကြည်ညိုစိတ်ဖြင့် ရေသပ္ပါယ်လိုခြင်း မဟုတ်ဘဲ ဗေဒင်ဆရာတွေ၏ ညွှန်ကြားချက်ကို ရိုကျိုးစွာနာခံပြီး ဆင်းတုတော်အား စည်းမဲ့ကမ်းမဲ့ ရေလောင်းနေခြင်းသာဖြစ်သည်ဟု စာရေးသူထင်မြင်သည်၊ တဖန်တုံ့လည်း မိမိအတွက် ကောင်းကျိုး ဆိုးကျိုး ဖြစ်စေရန် ဖန်တီးချယ်လှယ်ပေးစေမည့်ဆုမျိုးကို ရေသည်အား တောင်းခိုင်းနေသည်၊ ထိုသို့

တပါးသူက ဆုတောင်းပေးတိုင်းပြည့်စုံရမည်ဆိုလျှင် ဆုတောင်းပေးသူသည် ကံတရားကို အုပ်စိုးနိုင်သူ ပြုပြင်နိုင်သူမျိုးဖြစ်သွားမည့်သဘော သက်ရောက်နေ၏၊ ဗုဒ္ဓဘာသာတော်နှင့်ကား လုံးလုံးဆားဆန့်ကျင်ပြီး မှားယွင်းနေသည်ကို ဗုဒ္ဓဘာသာဝင်တို့ သတိပြုအပ်လှပေသည်။

မိမိတို့အဘို့ စိတ်ဆင်းရဲစရာတွေ ပပျောက်အောင်၊ မဝင်သေးသည့် လာဘ်လာဘများ ဝင်လာအောင်၊ အနာရောဂါကင်းရှင်းကျန်းမာ အသက်ရှည်အောင်၊ ချစ်ခင်နှစ်သက်သူများနှင့်အတူတွဲရအောင်၊ မုန်းတီးရွံရှာသူများနှင့် ကွဲရအောင်၊ စသည့်ထိုထိုသော အကြောင်းများကြောင့် ဗေဒင်မေးသည်၊ ဗေဒင်ဆရာ ညွှန်ကြားချက် အတိုင်း သက်ဆိုင်ရာ ဂြိုဟ်ကို ပူဇော်၍ဆင်းတုတော်ကို မဉ္စမတာ ရေလောင်းနေခြင်းဖြင့်၊ ရေသည်၏ဆုတောင်းစာ ရွက်ဆိုသံနှာခံနေခြင်းဖြင့်၊ ဤပြဿနာတွေမှာ မပြေလည်နိုင်ပေ၊ မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးစားအားထုတ်ဖြေရှင်းမှသာပြေလည်နိုင်ပေမည်။

မိမိတို့ပြုသော ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားကို မည်သူတဦးတယောက်ကမှ ပြေပျောက်အောင် ဆုတောင်းပေးခြင်း၊ စီမံချယ်လှယ်ခြင်း ခွဲဝေမျှတခံယူခြင်း မပြုနိုင်ဘဲ မိမိသာလျှင် ခံစားရကြောင်းကို ဗုဒ္ဓရှင်တော် ဟောကြားတော်မူခဲ့သည့် တရားတော်ကို အလေးအနက် ယုံကြည်သက်ဝင်ကြသောဗုဒ္ဓဘာသာဝင်များအဘို့ ဂြိုဟ်ဘိုင် ခြေရင်းက ဆင်းတုတော်ကလေးများအစား မဉ္စမတာ ရေတွေလောင်းနေခြင်းကို ဆင်ခြင်သင့်ကြပေပြီ၊ ဤသို့ ရေဒလကြမ်းလောင်းနေမည့်အစား သန့်ရှင်းသောရေကြည် ရေကောင်းဖြင့် ချေးညှော်ဆင်းစင်အောင် တိုက်ချွတ်ဆပ်ပြာ ပေးပါလျှင် ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကိုးကွယ်ရာ

ဆင်းတုတော်လည်း သပ္ပါယ်တင့်တယ်မည်၊ တိုက်ချတ်ဆေးကြော ရသောသူအာဘို့လည်း ကုသိုလ်ရနိုင်သည်၊ရင်ပြင်တော်စို ရွှဲညစ်ပတ် ခြင်းမှကင်းသဖြင့်လည်း ဘုရားဖူးများအဘို့ စိတ်ချမ်းသာမှုခံစား ရသည်။

ထိုကြောင့် ဂိုဏ်တိုင်ခြေရင်းက ဆင်းတုတော်ကလေးများနှင့် ပတ်သက်ပြီး ရေသပ္ပါယ်ပုံလွဲမှားမှုကိုပြုပြင်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပေသည်။

× × ×

(၁၃-၁၂-၆၉)

## သက်သတ်လွတ်စားခြင်း

လူမျိုးမရွေး၊ ဘာသာမရွေး အားဖြင့် သက်သတ်လွတ် စားသော လူတန်းစားတား သုံးမျိုး ရှိပေသည်၊ ၎င်းတို့ကား အမျိုးစဉ်ဆက် ကျင့်ဆောင်ရသော ထုံးတမ်းစဉ်လာ အဖြစ်ဖြင့် ရေသတ္တဝါ၊ ကုန်းသတ္တဝါ တို့အား စားသောက်ခြင်းမှ ရှောင် ကြဉ်ကြသော လူတန်းစား တမျိုး၊ မိမိကိုယ်၏ နာကျင်ခြင်း၊ မိမိအနေဖြင့် သေရမည့် ဘေးကို တွေးမြင် ကြောက်လန့်ခြင်း ဖြစ်သကဲ့သို့ သတ္တဝါများအား ကိုယ်ချင်းစာနာ ငဲ့ညှာသနား ခြင်းဖြင့် ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့အား မစားမသောက်ဘဲ ရှောင်ကြဉ်ကြသော လူတန်းစား တမျိုး၊ အမြဲမရှိ၊ အစိုးမရ ဒုက္ခဆင်းရဲ အတိသာ ပြွမ်းသော ဤစက်ဆုပ်ရွံရှာဘွယ် ခန္ဓာ ကိုယ်ကြီးအား ကြံ့ခိုင်စေရန် ဖွံ့စည်းတည်ထောင်ရေးမှာ တပါး သော သတ္တဝါတို့၏ အသွေး အသားဖြင့် ဖြည့်တင်း မှီဝဲခြင်းကို အလိုမရှိသော၊ ခြိုးခြံစွာ ကျင့်လိုသူတို့ အနေဖြင့် ရေသတ္တဝါ၊

ကုန်း သတ္တဝါများကို စားသောက်ခြင်းမှ ရှောင်ကြဉ်သော လူတန်းစားတမျိုး ဟူ၍ သုံးမျိုးရှိပေသည်။

ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အမြိုက်နိဗ္ဗာန်ကို ရောက်စေကြောင်း ရည်စူးကျင့်ကြံ အားထုတ်ရာမှ အချို့သော ပုဂ္ဂိုလ်တို့သည် မြေမှပေါက်သော သစ်သီး၊ သစ်ရွက် ကိုသာ စား၍ သတ္တဝါတို့၏ အသွေး အသားကို စားသောက်ခြင်းမှ ရှောင်ကြဉ်သော သက်သတ်လွတ် စားနည်းမျိုးဖြင့် ကျင့်ကြံ အားထုတ်ကြသည်၊ ဤသို့ ကျင့်ကြံ အားထုတ်နည်းကား မြင့်မြတ်သော ကျင့်ကြံနည်းပေပင် ဖြစ်ပေ၏၊ စင်ကြယ်စွာကျင့်နိုင်လျှင် များစွာ အကျိုး ဖြစ်ထွန်းနိုင်ပါသည်၊ သို့သော် အချို့သော ဗုဒ္ဓဘာသာဝင်များသည် သက်သတ်လွတ်စားရာမှာ လွဲမှားသော နည်းကို ကျင့်သုံးနေကြသည်ကို တွေ့ရ၏။

နိဗ္ဗာန်ရောက်စေကြောင်း မျက်မှောက်ပြုကာ သက်သတ်လွတ် စားနေသည်ဟု ကျေညာနေသော်လည်း သူတို့သည် ငါးအမဲကိုသာ ရှောင်ကြဉ်သည်၊ နွားနို့၊ ကော်ဖီ၊ လဘက်ရည်အချို့ ထောပတ်၊ ဒိန်ခဲ၊ မလိုင်၊ ကြက်ဥ စသည်တို့ကိုကား အားပါးတရ စားသောက်နေကြ၏၊ အဘယ်ကြောင့်ဆိုသော် သက်သတ်လွတ် စားနေရ၍ ပရိတ်နိုးဓါတ် နည်းပါးသွားမည်စိုးသောကြောင့်ဟု အကြောင်းပြသည်၊ နွားနို့၊ နို့ဆီ၊ ထောပတ်၊ ဒိန်ခဲ၊ မလိုင် စသည်တို့ကား သတ္တဝါကို သတ်ဖြတ်ယူငင်ခြင်း မဟုတ်၍ သက်သတ်လွတ်သည်ဟု ဆင်ခြေပေးသည်၊ ကြက်ဥကား သတ်ယူခြင်းလည်းမဟုတ်၊ သွေးသားဥလည်းမဟုတ်၊ ဓာတ်ဖြင့် ဖေါက်လုပ်၍ ကြက်မကိုယ်တွင်းမှ အလိုအလျောက် ထွက်လာသော လေဥများသာ ဖြစ်သည်ဟု ဖြေရှင်းပြသည်၊ ဤကဲ့သို့သောသက်သတ်လွတ် စားနည်းမျိုးကား ကြည်ညိုဘွယ် မဖြစ်ဟု ယူဆမိပါသည်၊

နွားနို့၊ မလိုင်၊ ကြက်ဥတွေကို မရှောင်နိုင်လျှင် သက်သတ်လွတ် ဟူသော နာမည်ကို မခံယူသင့်၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါတို့ အသားကို မစားဘဲ ရှောင်သည် ဟူသော နာမည် မျှသာ ခံသင့်သည်။

မီးဆယ်တင်ပါးတို့ ချုပ်ငြိမ်းရာ သေခြင်း၏ ကင်းရာ နိဗ္ဗာန်ကို အမှန်တကယ် လိုလားတောင့်တသူသည် အစိုးမရသော အမြဲမရှိသော၊ ဒုက္ခ ဆင်းရဲ အတိပြီးသော ဤခန္ဓာကိုယ်ကြီးကို ငြီးငွေ့ စက်ဆုပ်မည်သာ ဖြစ်၏၊ ထိုငြီးငွေ့ စက်ဆုပ်နေသော အပုပ်ကောင် ခန္ဓာကိုယ်ကြီးကို ခိုင်မာ ဖွံ့ဖြိုးစေရေး အတွက် ဖွဲ့စည်း တည်ဆောက်ရာမှ အကုသိုလ်နဲနိုင်သမျှနဲအောင် ကြိုးစားသော အားဖြင့်သာ သက်သတ်လွတ်ကို စားခြင်းဖြစ်၏၊ အခြား တပါးသော သတ္တဝါတို့၏ အသွေးအသားဖြင့် မှန်းမံသော အစာအာဟာရတွင် မလိုင်၊ ထောပတ်၊ နွားနို့၊ ကြက်ဥ စသည်တို့လည်း အသက်၊ အသွေး၊ အသား စာရင်းတွင် ပါဝင်ပေမည် ဟု စာရေးသူ ယူဆမိပါသည်၊ နိဗ္ဗာန်ကို အမှန်တကယ်လိုလား၍ ကျင့်ကြံပါသည် ဆိုလျှင် ခန္ဓာကိုယ်ကြီးကို အစာကျွေးရာမှာ အသက်၊အသွေး၊အသားများ လုံးဝ လွတ်ကင်း စင်ကြယ် သင့်သည်။

ပရိဘ်န်းခေါ်တ်နဲပါးမည်စိုး၍ မရှောင်ကြဉ်နိုင်လျှင် သက်သတ်လွတ် နာမည်ခံပြီး ကျင့်ကြံနေရန်မလိုပါ၊ သက်သတ်လွတ် မစားဘဲကျင့်လျှင်လည်း စာရိတ္တ၊ ဝါရိတ္တ စင်ကြယ်က နတ်ရွာ နိဗ္ဗာန်ကို ရောက်နိုင်ပါသည်။

ဒေဝဒတ်သည် မြတ်စွာဘုရားကို အမျိုးမျိုးပြစ်မှား၍မရသောအခါ လာဘ်လာဘ ခေါင်းပါးလာသော သူ့အဘို့ လူအပေါင်းတို့ အထင်ကြီး ပြီး ကြည်ညိုလာအောင် ရဟန်းတို့

အတွက် ကျပ်ဘည်း ကျဉ်းမြောင်းသောကျင့်ဝတ်ငါးပါးပြဋ္ဌာန်းပေးရန် မြတ်စွာဘုရားအားလျှောက်ထား၏၊ ဤငါးပါးအနက်မှ သက်သတ်လွတ်စားခြင်းနှင့် ပတ်သက်သော ကျင့်ဝတ်တပါးပါ၏ ဆည်၊ ဤကျင့်ဝတ်ကား 'ရဟန်းတို့သည် အသက်ရှည်သမျှကာလ ပတ်လုံး မြေမှ ပေါက်သော အသီးအရွက်ကိုသာ စားပါစေ၊ အဘယ်၍ ငါးအမဲကို စားမိအံ့ ထိုရဟန်းအား ဂရုကအာပတ်သို့ ရောက်စေရာ၏' ဤကျင့်ဝတ်နှင့် ပတ်သက်၍ မြတ်စွာဘုရားက ဤသို့မိန့်ကြားသည်။

သား, ငါး သတ္တဝါတို့အား စားသောက်ရန် သတ်ဖြတ်နေကြခြင်းကို မမြင်မတွေ့လျှင်သော်၎င်း၊ သတ်ဖြတ်နေသည်ဟူသော သတင်းစကားကို လုံးဝမကြားသိလျှင်သော်၎င်း၊ ငါ့ကို ကျွေးမွေးရန် ရည်ရွယ်ပြီး သတ်ဖြတ်ခြင်းဖြစ်လေမလား ဟူသော သံသယစိတ်မျိုး မရှိလျှင်သော်၎င်း၊ ဤ ၃စွန်းသုံးပါးမှ လွတ်ကင်းသော အသားသည် စင်ကြယ်သည်ဖြစ်၍ စားစိမ့်ငှာကို ငါဘုရားပညတ်တော်မူခဲ့ပြီ၊ အလိုရှိရာကျင့်ကြပါစေဟု မိန့်တော်မူ၏။

ထို့ကြောင့် နိဗ္ဗာန်ကိုရည်စူး၍ သက်သတ်လွတ်စားမည် ဆိုလျှင် သတ္တဝါ၏ အသက်၊ အသွေး၊ အသားနှင့် ပူပြင် မွမ်းမံထားသော အစာအာဟာရကို လုံးဝ လွတ်ကင်းအောင် ရှောင်ကြဉ်၍ ခြိုးခြံစွာကျင့်နိုင်လျှင် အလွန်မွန်မြတ်ပေမည်၊ ပရိတ်နိုးခါတ်နဲ့မည်စိုး၍ အကြောင်းအချက် ဆင်ခြေတွေပြပြီး နွားနို့၊ ခလိုင်၊ ကြက်ဥတွေ သောက်သုံးမည့် သက်သတ်လွတ်မျိုးကိုကား အပင်ပန်းခံကျင့်နေမည့်အစား မြတ်စွာဘုရား ပညတ်တော်မူခဲ့သည့် အစွန်းသုံးပါးမှ လွတ်သော စင်ကြယ်သည့် အသားကို ဆင်ထင် ပေါ်ပေါ်စားပြီး ဝါရိတ္တ- စာရိတ္တ- သီလ- သမာဓိကို

စင်ကြယ်အောင် စောစောင့်ထိန်းကျင့်ကြံလျှင်လည်း နတ်ရွာ နိဗ္ဗာန်ကို ရောက်နိုင်ပါကြောင်း ရေးသားလိုက်ပါသည်။

× × ×

(၂၉-၁၂-၆၉)

## ဥပုသ်စောင့်ခြင်း

အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် ဥပုသ် စောင့်ခြင်းကို လေးနက်သောသဘောမထားဘဲ ပေါ့ပေါ့ဆဆ သဘောထားတတ်ကြသည်။ အများသူငါ မြင်ကောင်းစေရန်ငှင်း၊ သံဃာတော် ရှေ့မှောက်မှ ထသွားရန် ခက်၍ငှင်း၊ အခါကြီးရက်ကြီးမှာ သီလမခံယူလျှင် ရှက်စရာ ဟု သဘောထား၍ငှင်း၊ စိတ်စေတနာမရှိဘဲ ရှစ်ပါးသီလကို လွယ်လွယ်ပင် ခံယူလိုက်ကြ၏၊ ထို့နောက် ဥပုသ်သီလနှင့် မလျော်သော အရှုပ်ရှုပ်ကိစ္စများကို ပါးစပ်ဦးတည့်ရာပြောကြဆိုကြပြီး ညနေစာကို စားလိုက်ကြတော့သည်။ ထိုကဲ့သို့သောသူတို့ ညနေစာစားပြီး ပေးလေ့ရှိသော ဆင်ခြေကား... ညနေစာ မစားခင်အချိန်အထိသီလမကျိုးသေး၊ ကုသိုလ်ရနေသေးသည်ဟူ၏။

ရှစ်ပါးသီလခံယူစဉ်အချိန်က ရတနာသုံးပါးဦးထိပ်ထားတိုင်တည်ပြီး ရှစ်ပါးသီလကို မကျိုးမပျက် အောင် လုံခြုံစွာထိန်းသိမ်းဆောက်တည်ပါမည်ဟု အခိုင်အမာ ကတိပေးထားခဲ့သည်ဖြစ်ရာ မည်သည့်အကြောင်းနှင့်ပင် သီလကျိုးပျက်စေကာမူ ရတနာ သုံးပါးကိုလိမ်လည်ရာရောက်၍ ကောင်းသောအလုပ်မဟုတ်ကြောင်း သတိပြုသင့်ပေသည်။ အချို့ ဗုဒ္ဓဘာသာ ဝင်များသည် ဥပုသ်စောင့်နေကြသော်လည်းမည်သည့်ဥပုသ်အမျိုး

အစားကို စောင့်ထိန်းမည်ဟူသော ဦးတည်ရည်ရွယ်ချက် မထား ကြချေ။ ထို့ကြောင့် မိမိတို့စောင့်ထိန်းသော သီလ အတွက် လေးနက်မှုရှိစေရန် စိတ်အာရုံထက်သန်ရာ ဥပုသ်သီလ မျိုးကို လေးနက်စွာ စောင့်ထိန်းနိုင်ရန် စာရေးသူ ဆည်းပူး သားသည့် ဗဟုသုတလေးများကို တင်ပြပါသည်။

ဥပုသ်အမျိုးအစား သုံးပါးရှိ၏၊ (၁) ညနေစာရှောင် ရမည်ဖြစ်၍ မဆာအောင် ကောင်းနိုးရာရာကို မွန်းတည့်ချိန် ရောက်သည့်တိုင်အောင် အစီအစဉ်ပြုလုပ် စားသောက် ကြပြီး နောက်နေ့ ဥပုသ်ထွက်ချိန်မှာ အဆာပြေစားသောက် ဖွယ်ရာကို တွေးတော ကြံစည်ထားခြင်းဖြင့် စောင့်သောဥပုသ်ကား ဂေါ ပါလ ဥပုသ်မည်၏၊ ထိုက်သင့်သော အကျိုးမရှိချေ။ (၂) ဤ အချုပ်မျက်နှာ၊ ဤနေရာ ဌာနအတွင်းသာ ဤအချိန်တွင်းသာဟု ကန့်သတ် သတ်မှတ်၍ စောင့်သောဥပုသ်မျိုးကား နိဂဏ္ဌ ဥပုသ် မည်၏၊ ကြီးမားသောအကျိုးမပေးနိုင်၊ (၃) အလွန် သန့်ရှင်း စင်ကြယ်၍ အကျိုးကျေးဇူးများလှသော အရိယာတို့သာ ကျင့် သုံးကြသည့် အရိယာ ဥပုသ်မျိုးဖြစ်၏၊ ထိုအရိယာ ဥပုသ်မျိုး ကား ငါးမျိုးပြားလျက်ရှိသည်၊ ထိုငါးမျိုးကား ဗြဟ္မဥပုသ်- ဓမ္မဥပုသ်-သံဃဥပုသ်-သီလဥပုသ်-ဒေဝတာဥပုသ်ဟူ၍။

ဗြဟ္မ ဥပုသ်ကား ဘုရားဂုဏ်တော် ကိုးပါးကို မပြတ် နှစ်လုံးသွင်း အောက်မေ့နေခြင်းဖြင့် အခြားသော လူမှုကိစ္စ တွေကို လုံးဝမေ့ပျောက်ခါ ကြည်လင်တည်ငြိမ်သော သမာဓိ စိတ်ဖြစ်စေခြင်း။

ဓမ္မဥပုသ်ကား တရားဂုဏ်တော်ခြောက်ပါးကိုမပြတ်နှလုံး သွင်း အောက်မေ့နေ ခြင်းဖြင့် အခြားသော လူမှုကိစ္စတွေကို လုံးဝမေ့ပျောက်ခါ ကြည်လင် တည်ငြိမ်သော သမာဓိစိတ်ကို

ဖြစ်စေခြင်း။ သံဃဥပုသ်ကား သံဃာတော်၏ ဂုဏ်ကျေးဇူးကိုးပါးကို မပြတ် နှလုံးသွင်းအောက်မေ့ခြင်းဖြင့် အခြားသော လူမှုကိစ္စတွေကို လုံးဝ မေ့ပျောက်ခါ ကြည်လင် တည်ငြိမ်သော သမာဓိစိတ်ကိုဖြစ်စေခြင်း။

မိမိစိတ်ကိုကောင်းစွာတည်ငြိမ်အောင် ထိမ်းချုပ်ပြီး စင်ကြယ်စွာ စောင့်ထိန်းအပ်သော မိမိသီလကို အဖန် ဖန်လဲလဲ ပြန်လည်သတိရသုံးသပ်ဆင်ခြင်ကာ ကြည်လင် ဝမ်းမြောက်မှု ဖြစ်ခြင်းကား သီလဥပုသ်ဖြစ်၏။

ဒေဝတာ ဥပုသ်ကား ဤသို့သီလကို စင်ကြယ်အောင် ထိန်းသိမ်းသော ပုဂ္ဂိုလ်တို့သည် နတ်ပြည်၊ ဗြဟ္မာပြည်၌ ဖြစ်ကုန်၏၊ ထိုနတ်ဗြဟ္မာဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ ထိန်းသိမ်းသော သီလမျိုး၊ ဒါနမျိုးကို ငါသည်လည်း ယခု စင်ကြယ်စွာ ထိန်းသိမ်းဆောင်ရွက်နေပြီဟူသော မိမိသီလကို နှစ်သိမ့် ဝမ်းမြောက်သော စိတ် အဖန်တလဲလဲ ပွားများစေခြင်း။

ဤအရိယာတို့ ကျင့်သုံး ဆောက်တည်သည့် ဥပုသ် ငါးမျိုးမှ တပါးပါးကို မကျိုးမပေါက်အောင် စောင့်ထိန်းမှသာ အကျိုးကျေးဇူးကြီးမားမည်ဖြစ်၏၊ ဗုဒ္ဓဘာသာတရားတော်သည် ဗုဒ္ဓဘာသာဝင်တိုင်း ရှစ်ပါးသီလမစောင့်မနေရဟု တင်းကြပ်စွာ ညွှန်ကြားထားခြင်းမရှိပါ၊ မိမိစိတ်ကိုကောင်းစွာ ဆန်းစစ် ကြည့်ပြီး လုံခြုံအောင်မထိန်းသိမ်းနိုင်လျှင် မစောင့်ဘဲနေနိုင်ပါသည်၊ လူမြင်ကောင်းအောင် ဟန်ဆောင်ပြီးရတနာသုံးပါးကို လိမ်ခြင်း ကိုးကွယ်ရာဘာသာတရားကို ပေါ့ပေါ့တန်တန်သဘောထားခြင်းမျိုးကိုကား မလုပ်အပ်ပေ။

ဥပုသ်ရက်ရှည်စောင့်ထိန်း နေသူတို့အဘို့ လေရောဂါမနှောက်ယှက်စိမ့်သောငှာရင်း၊ ရက်တိုဖြစ်စေ၊ ရက်ရှည်ဖြစ်စေ၊ တနေ့ထဲ

ဖြစ်စေ စောင့်ထိန်းသူသည် ဂိလာနပုဂ္ဂိုလ်ဖြစ်နေလျှင်ငင်း၊ဆေး ဝါးနှင့်ပတ်သက်သော အဖျော်ယမကာ ရည် များ၊ သောက် သုံး ခြင်းသည် လျော်ကန်ပါသော်လည်း၊ ကျန်းမာသန်စွမ်း၊သူကဦးထာ တနေ့တာကလေးမျှ ဥပုသ်စောင့်ရခြင်းကြောင့် မွန်းမတိမ်းမှီမှာ သည်း ကောင်းမွန်သောအစာအဟာရတွေ ဖူလုံအောင်စားထား သည်၊ မွန်းတိမ်းပြီးသည်နောက်မှာလည်း၊ ဝိနည်းလွတ် အဖျော် ယမကာတွေကို အဆာပြေအောင် ကြိုးစားသောက်နေခြင်းသည် မပြုလုပ်သင့်သော အရာဟုထင်မိသည်၊ ထိုဥပုသ်သည်မျိုးကာစ ဂေါပါလ ဥပုသ်စာရင်းထဲ ဝင်သွားပြီဖြစ်၏။

တကြိမ်သော အခါက ဥပုသ်အမြဲစောင့်လေ့ ရှိသည့် အမျိုးသမီးကြီး တယောက်နှင့် စကားပြောဆိုနေကြရာမှ ဥစ္စာ သယန-မဟာသယနာ ဝေရာမဏီဆိုတဲ့ သိက္ခာပုဒ်အဓိပ္ပါယ်သည် မည်သို့ အနက် အဓိပ္ပါယ် ညွှန်းပါသလဲဟု စာရေး သူက အမှတ်မထင်မေးလိုက်မိ၏၊ ထိုအမျိုးသမီးကြီးပြန်ဖြေပုံကား ဤ သိက္ခာပုဒ်သည် ရွှေငွေမကိုင်ရ၊ စီးပွားမရှာရဟူသော အဓိပ္ပါယ် ဖြစ်ကြောင်းပြန်ပြော၏၊ ဗုဒ္ဓဘာသာဝင်တယောက်အနေဖြင့် မိမိ စောင့်ထိန်းသော သီလ၏ အဓိပ္ပါယ်ကိုမျှ မသိ မမြင်သည်မှာ ဝမ်းနည်းဘွယ်ကောင်းပေသည်။

ထို့ကြောင့်မိမိတို့ကိုးကွယ်ရာဘာသာတရားကို ပေါ့ပေါ့ ဘန်ဘန်သဘောထားနေသည့် အချို့သော ဗုဒ္ဓဘာသာဝင်များ သည် မိမိတို့ ဘာသာရေးဆိုင်ရာ စောင့်ထိန်းအပ်သည့် ဥပုသ် သီလများ အကြောင်းကို နှံ့နှံ့စပ်စပ် ဆည်းပူးအပ်ပေကြောင်း ဘိုက်တွန်းရပါသည်။

× × ×

(၆-၁-၇၀)

## ဓါတ်တော်အစစ်ဟူ၍

ခင်မင် ရင်းနှီးသော အမျိုးသမီး တယောက် အိမ်သို့ အလည်အပတ်ရောက်သွားသောအခါ အမျိုးသမီး၏ မိခင်အဘွားကြီးက စာရေးသူအား သူ့အိမ်ဘုရားဆောင်သို့ ဘုရားဝင်ဖူးရန် ဘိတ်ကြားသည်၊မြတ်စွာဘုရား၏ ယာဘက်လက်ဖျံတော်အစစ်ကို ကုသိုလ်ကံ ပါရမီ အလျောက် ကိုးကွယ်ရန် ရရှိထားကြောင်းလည်းပြောသည်၊ ထိုကြောင့် စာရေးသူစိတ်မှာ ထူးဆန်းသလို ရှိလျက်နှင့် တစုံတရာမှ ပြန်မပြောဘဲ မျက်မြင် ကိုယ်တွေ့ သိရအောင် ဘုရားဆောင်ထဲ လိုက်လာခဲ့သည်၊ ဘုရားဆောင်ထဲဝယ် ဘုရားဆင်းတုတော်များအပြင် တခုသော ဒေါင့်၌ အုန်းငှက်ပျော ကန်တော့ပွဲခြောက်ပွဲနှင့် ဝိဇ္ဇာ၊ ဇော်ဂျီ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်စသည့် ပုံတူ ပန်းချီ ကားချပ် များလည်း တွေ့ရသည်။

ပန်းအိုး သောက်တော်ရေ ဆီမီးခွက်တို့ဖြင့် သပ်ယပ်စွာ ပြင်ထားသော စာပွဲငယ် ပေါ်တွင်ကား ကြီးမားသော ဖန်ပူးကြီး တခုရှိ၏၊ ဖန်ပူးထဲဘွင် ရေအပြည့် ထည့်ထားသည်၊ ရေထဲတွင် နစ်မြုပ်နေသော အရာဝတ္ထုကား အရှည်တထွာလုံးပတ် ရှစ်လက်မမျှ ပမာဏရှိသော ကျောက်ဖြူတုံးတခု ဖြစ်သည်၊လက်ငြိုးထိပ်မျှ ကျယ်ဝန်းသော အပေါက်တွေက ကျောက်တုံးပတ်ပတ်လည်အပြည့်ရှိသည်၊ ထိုအပေါက်တွေထဲမှာ ဖြူယောင် စိမ်းယောင် ရေညှိပင်ငယ်များက တပင်ချင်းပေါက်နေကြသည်၊ ဤကျောက်တုံးသည်ပင် မြတ်စွာဘုရား၏ ယာဘက်လက်ဖျံရိုးတော် အစစ်ဖြစ်ကြောင်း ပြောကာ မိတ်ဆွေမသားအမိ နှစ်ယောက် ရှိကြိုးစွာ ရှိခိုးနေကြတော့သည်၊ စာရေးသူသည် ထိုကျောက်တုံးကို ရှိမခိုးသော်လည်း သူတို့သားအမိ၏

ကြည်နူးသော စိတ်စေတနာကို အနှောင့်အယှက် မပေးလိုရှိ ဆိတ်ဆိတ်သာ ကြည့်နေမိသည်။ သူတို့သွားအမိ ရှိခိုးပြီး ဤ လက်ဖျံရှိုးတော်ကို မည်သည့်နေရာမှ ပင့်ဆောင်လာကြောင်း မေးပါသည်၊ ထိုအခါ အဘွားကြီးက အားပါးတရ ပြောပြ လိုက်သော ယာဘက်လက်ဖျံရှိုးတော် ရာဇဝင်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဓါတ်တော်များကို ဝေဖန်ရာ၌ ဤ ယာဘက် လက်ဖျံရှိုးတော်အား နတ်များက ပင့်ဆောင်ပြီး ဟိမဝန္တာအတွင်း အနော်ဝဒတ်အိုင်အလယ် ကျောက်ဆောင် ပေါ်မှာ တင်ထားကိုးကွယ်ခဲ့ကြောင်း၊ ယခု ထွက်ချပ်ပေါက် ဘိုးတော်ကြီးများက ပင့်ဆောင်၍သာသနာထွန်းကားရာ မြန်မာ ပြည်သို့ ရောက်လာကြောင်း၊ မုံရွာခရိုင် အတွင်း တောကြီး မြက်မဲထဲမှ ကျောက်ဂူကြီးတွင် သီတင်းသုံးနေစဉ် အထက် ဘိုး တော်ကြီးများ ညွှန်ကြားချက်အရ ဝတ်ဖြူစင်ကြယ်ဝတ် သက် တော်စောင့်တစ်ဆိုးနေသော လူသူတော်က ဤအိမ်သို့ပင့်ဆောင်လာ သဖြင့် ဤဖန်ဗူး ထဲမှာ ကိန်းဝပ်တော်မူကြောင်း၊ ပင့်ဆောင် လာသော လူသူတော်အား ခရီးစရိတ်၊ သက်သတ်လွတ်သစ်သီး ဆွမ်းတိုးငွေ သုံးရာလှူလိုက်ကြောင်းစသည်တို့ပင်ဘည်း။

သူတို့သွားအမိ လူလိမ်ခံရပြီကိုကား စာရေးသူ သိလိုက် ပါသည်။ ပစ္စည်းဥစ္စာ ရတနာရွှေငွေ အလုပ်အကိုင်နှင့်ပတ်သက်၍ အလိမ်ခံရလျှင်ကား ပညာဗဟုသုတ နည်းပါး၍ရှင်း၊ လောဘ ဖုံးလွှမ်း၍ရှင်း မဆင်မခြင်မစဉ်းစားနိုင်သဖြင့် အလိမ်ခံရသည် ရှိစေဦး၊ ဘာသာရေးနှင့်ပတ်သက်ပြီး ကျောက်သားစင်စစ် အတုံး ကြီးကို ဘုရားလက်ဖျံရှိုးတော် ဆိုပြီး လုပ်ကြံဇာတ်လမ်းဆင် လိမ်ခြင်းခံရသည်ကိုကား ဗုဒ္ဓဘာသာ အနေဖြင့် ရှက်ဘွယ်

ဝမ်းနည်းဘွယ်ကောင်းသည်ဟု စာရေးသူ ယူဆမိပါသည်။ မိမိတို့ကြည်ညိုမြတ်နိုး ကိုးကွယ်ရာ ဘာသာကို ခြေခြေမြစ်မြစ် လေ့လာ မှတ်သား ထားခြင်းမရှိဘဲ သူများပြောသမျှ ယုံကာ မျက်စိမှိတ်ရှိခိုးနေကြသော ဗုဒ္ဓဘာသာဝင်တွေကို အတော်များများတွေ့ခဲ့ဘူးပါသည်။ ဆောင်းပါးနေရာကို ငဲ့ရသဖြင့် စာရေးသူသည် ရှည်လျားစွာမရေးလိုတော့ပါ၊ မြတ်စွာဘုရား၏ ဓါတ်တော်နှင့်ပတ်သက်၍ အလိမ်မခံကြရစေရန် အကျဉ်းရုံး ရေးသားဖေါ်ပြပါသည်။

သက်တမ်းရှည်သော ကာလမှာ ပွင့်တော်မူကုန်သော ဘုရားတို့ကား- တေဇောဓာတ်လောင်ပြီးသော်လည်း မပြိုမကွဲဘဲခဲနက်ပင်ဖွဲ့စည်းလျက်သာတည်ကုန်သည်၊ ဂေါတမမြတ်စွာဘုရားကား သက်တမ်းတိုသော ကာလမှာ ပွင့်တော်မူခြင်းကြောင့် သာသနာတော်ပြန့်ပွားပြီး သတ္တဝါတို့အကျိုးဖြစ်စေခြင်းငှါ ပတ္တနာသော အာနုဘော်ကြောင့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တဆူ ဤခုနှစ်ဆူသော ဓါတ်တော်တို့သည်သာ မပြိုမကွဲဘဲတည်ကုန်သည်ဖြစ်၍ အသမ္ဘိန္နဓါတ် မည်သည်၊ ကြွင်းသော ကိုယ်တော်အရိုးစုတို့မှာ အကြီးပဲနောက်စေ့ခန့်၊ အလတ်ဆန်ကျိုးခန့်၊ အငယ်မုံညင်းစေ့ခန့်ပြိုကွဲစိတ်ဖြာလျက် တည်သည် ထိုဓါတ်တော်တို့၏ အဆင်းတော်ကား- ရွှေရောင်၊ ပုလဲရောင်၊ ချယားစေ့အရောင်ရှိကုန်၏ဟု ကျမ်းဂန်၌ဆိုပါသည်၊ ဤပြိုကွဲသော ဓါတ်တော်အစုကိုကား သမ္ဘိန္နဓါတ်မည်သည်ဟုဆိုကုန်၏၊ ဤတွင် မပြိုမကွဲဘဲသော အသမ္ဘိန္နဓါတ်၌ မြတ်စွာဘုရား၏ လက်ဖျံရိုးတော်နှစ်ဖက်လုံးမပါချေ။

တကြိမ်သောအခါကလည်း ဗုဒ္ဓဘာသာမှာ သက်ဝင်ယုံကြည်လှ၍ စိပ်ပုတီးလက်ကမချခဲ့သော အရာရှိကြီးတဦး၏ ဇနီး

သည်မြတ်စွာဘုရား၏ဆံတော်အစစ် သူရထားကြောင်းပြောသည် ဆံတော်သည်သေးမြှင်ပြော့ပျောင်းနူးညံ့၍ရွှေအဆင်းရှိသည်ဆို၏ မျက်နှာဖြူတယောက်၏ ဆံပင်မွှေးကိုအယုံသွင်း လိမ်သွားခြင်းခံ လိုက်ရဟန်တူပါသည်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ကိုယ်တော်တိုင် ပေးသနားခဲ့သော ဆံတော်များမှာ ဘုရားစေတီ တော်များအတွင်းဝယ် လုံခြုံခိုင်ခံ့သော အကာအကွယ်များဖြင့် တည်နေ၍ မည်သူတဦးတယောက်မှ ယူဆောင်၍မရကြောင်း ဗုဒ္ဓ ဘာသာဝင်များ သတိပြုမိကြပေမည်၊ ငရိနိဗ္ဗာန်စံယူ၍ ဓာတ်ဇော ဓါတ်လောင်ပြီး ကြွင်းသောဓါတ်တော်အစုတွင်လည်း ဆံတော် တပင်မျှ မကျန်ရစ်ကြောင်း ကျမ်းဂန်တွင် အထင်အရှားသိနိုင်ပါ သည်၊ သို့ပါလျက် ထိုအရာရှိကတော်ကြီးရထား၍ ကိုးကွယ်နေ သောရွှေရောင်ဆံပင်မွှေးသည် မည်သူ့ဦးခေါင်းကဖြစ်သနည်း။

ထိုကြောင့် ရွှေငွေပစ္စည်း အလိမ်ခံရခြင်းထက် အမြတ် တနိုးကိုးကွယ်ရမြတ်စွာဘုရား၏ဓါတ်တော်ဟုမဟုတ်မမှန် ပြော ဆိုလိမ်မှုခံရခြင်းက ဗုဒ္ဓဘာသာဝင်များအဘို့ ရှက်ဘွယ်ဝမ်းနည်း ဘွယ်ကောင်းလှပါသည်၊ ထိုသို့မဖြစ်ရလေအောင် မိမိတို့ကိုးကွယ် ရာဘာသာတရားနှင့် ပတ်သက်ပြီး အကြားအမြင် ဗဟုသုတ ရှိ ထားအောင် ကျမ်းဂန်စာပေများ လေ့လာ လိုက်စားကြစေလို ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

× × ×

## ဆွမ်းတော်တင်ပြီးသားကိုစားခြင်း

ဗုဒ္ဓဘာသာကို ကိုးကွယ်သော မြန်မာလူမျိုး အချို့တို့ သည် အယူမှားသည်းသင့်သည့်အရာ၌ ယခု ယနေ့ထက်တိုင် စွဲလမ်း

ယုံကြည်ပြီး မပြောအပ်သည်များကို ပြောနေဆဲပင်ရှိသေးသည်၊ ထိုစကား ကား ဘုရားဆွမ်းတော်တင်ပြီးသားကို မစားအပ်၊ စားလျှင် ဘုန်းကြက်သရေ ယုတ်တတ်သည်၊ လျှာစက်အာစက် ညံ့သည် ဟူ၏။ သူတို့တဲ့တွေ့ပြသော အကိုးအကား များကား အနော်ရထာမင်းနှင့်မနူဟာမင်းဖြစ်၏ မနူဟာမင်း၏နှုတ်ခံတွင်းမှ ထွက်သော စက်ရောင်ကို အနော်ရထာမင်း ထိတ်လန့်၍ ဘုရားဆွမ်းတော်တင်ကို ကျွေးမှ စက်ရောင်မှိန်ပျောက်ပြီး ဘုန်းဘန်ခိုးညံ့သွားသည်ဟုဆိုသည်။ ဤကိစ္စကား ရာဇဝင်ဆရာ အဇရေးအသား လိုသွားလေသလားဟု စာရေးသူသံသယဖြစ်မိ၏၊ ခံတွင်းမှစက်ရောင် ပျောက်အောင်ယုတ်ညံ့သောအစာကိုသာကျွေးရချိမ့်မည်၊ သို့ဘည်းမဟုတ် လူသားတို့နှင့် မထိုက်တန်လှအောင် မြင့်မြတ်သောအစာကို ကျွေးရချိမ့်မည်၊ အပ်မရာ ထိုက်ဘန်အောင် မြင့်မြတ်သော အစာကိုစားမိလျှင်လည်း ထိခိုက်တတ်ချေသည်၊ ဤနှစ်ချက်အနက်မြတ်စွာဘုရားအား ကပ်လှူသားပြီးသား ဆွမ်းပွဲအကျသည် မနူဟာမင်းကဲ့သို့သော ပုထုဇဉ်လူသားနှင့် မထိုက်တန်အောင် မြင့်မြတ်လွန်း၍သာ အာခံတွင်းကစက်ရောင်ပျောက်သည်ဟု ယူဆသော် သင့်လျော်ပါ၏။

လူ့ဘုံထက် ယုတ်ညံ့သော ဘုံဘဝသားများဖြစ်သည့် ၃၇ မင်းနတ်ဟု စွဲလမ်းယုံကြည်သူကို ကိုးကွယ်နေကြသောမိစ္ဆာနတ်တို့အား ဘင်မြှောက်ထားသည့် စားပွဲသောက်ပွဲအကျကိုကား ဘေးဆင်းသည်ဟုဆိုကာ အချို့ဗုဒ္ဓဘာသာဝင်တို့ နှစ်နှစ် ခြိုက်ခြိုက် လက်ခံစားသောက်နေကြသည်၊ ထိုမိစ္ဆာနတ်နှင့် မြတ်စွာဘုရားသည် မည်သူကမြင့်မြတ် ပါသနည်း၊ မိစ္ဆာနတ်၏ ပွဲတော်ကျကာ ဘေးကင်းပြီး မြတ်စွာဘုရား၏ ဆွမ်းပွဲကျက ဘုန်းကြက်သရေ ယုတ်သည်ဟု ပြောဆိုနေကြသည်မှာ ဗုဒ္ဓဘာသာဝင်များ

အနေဖြင့် လုံးဝမပြောအပ်သောစကား၊ လုံးဝလက်မခံအပ်သော အယူအဆဖြစ်ပါသည်၊ ယနေ့ဆွမ်းတော်ကြီး တင်ပွဲများမှ အဘိုးတန် ကောင်းမွန်သော ဆွမ်းတော်ကျများကို စားသောက်သူ အများပင်ရှိကြသည်၊ထိုသူတို့ အဘယ်ကြောင့် ဘုန်းကြက်သရေ သျှောစက်၊ဒေါသစက်မယုတ်ညံ့ဘဲ ပြကတေ့အတိုင်း တည်နေနိုင်ပါသနည်း၊၊ ဤသည်ပင် မြတ်စွာဘုရား၏ ဆွမ်းပွဲတော် ကျကို စားလျှင်မည်သို့မျှ ထိခိုက်မှုမရှိကြောင်း ထင်ရှားခြင်းပင်ဖြစ်၏။

မြတ်စွာ ဘုရား၏ ဆွမ်းပွဲတော်ကျကို လူသားတို့-မစား အပ်ခြင်းအကြောင်း တခုကားရှိပါ၏။

မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မမူသေးမီ ပါဝါပြည်၌ ခေတ္တာသီတင်းသုံးနေ တော်မူခိုက် စုန္ဒ အမည်ရှိသော ဒါယကာက ကျောင်းဆောက်လှူ ဒါန်းကိုးကွယ်သည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရန်ကုသိနာရုံ ပြည်သို့ ကြွမည့်နေ့၌ စုန္ဒဒါယကာသည် ဝက်သား ပြွမ်းသော ဆွမ်းဖြင့်မြတ်စွာဘုရားအား လုပ်ကျွေး၏၊ မြတ်စွာဘုရားနောက် ဆုံးအကြိမ် ဘုဉ်းပေးရမည့် ဆွမ်းဖြစ်ကြောင်း သိကြသောနတ် ဗြဟ္မာ အပေါင်းတို့သည် ထူးမြတ်သော နတ်သြဇာကို ထိုဆွမ်း၌ ထည့်လှူကြသည်ကို မြတ်စွာဘုရားသိတော်မူသည်၊ ထိုသို့ထူးမြတ် သော နတ်သြဇာများပါသည့်အတွက် ဤဆွမ်းကြွင်းသည် ပုထုဇဉ်လူသားတို့ကားခြင်းငှာ မထိုက်တန်ချေ၊မြတ်စွာဘုရားသည် စုန္ဒ ဒါယကာကို ခေါ်တော်မူ၍ ဤဆွမ်းကိုစားသူသည် ငါဘုရားမှ တပါး မည်သူမှအစာမှု မကြေနိုင်ပေရာ၊ ထိုကြောင့် မည်သူတစုံ တယောက်မှ မစားသောက်စေဘဲ မြေတွင်းတူး၍မြှုပ်ဘိလောဟု မိန့်တော်မူခဲ့၏။

ဤကားမြတ်စွာဘုရား၏ဆွမ်းတော်ကျကိုမစားအပ်သည့်သင့်လျော် လျောက်ပတ်သော အကြောင်းဖြစ်၏၊ ယခုခေတ်အချို့ဗုဒ္ဓဘာသာဝင်တို့ကား ထိုသို့လေးနက်စွာမတွေးတဲ့မိမိတို့ကိုးကွယ်ရာ ဗုဒ္ဓရှင်တော်ဘုရားအပေါ် ပြစ်မှားလိုသောစေတနာမပါလိုငြားလည်း စကားပြောမှတတ်သည့်အတွက် ဘာဘာခြားတွေ့ ကြား၍မလျော်သော "ဘုရားဆွမ်းတော်ဘင်ကို မစားနဲ့၊ ကြက်သရေယုတ်တယ်၊ဘုန်းနိမ့်တယ်၊လျှာစက်၊အာစက်ညှိုတယ်" ဟူသော စကားများကို မဆင်မခြင် ပြောကြားနေကြခြင်းကား ဗုဒ္ဓရှင်တော်ဘုရားကို နှိမ့်ချ ချိုးဖဲ့ သကဲ့သို့ ဖြစ်နေကြောင်းကိုသတိပြုစဉ်းစား၍ ထိုစကားမျိုး ပြောခြင်းမှ ဆင်ခြင်သင့်လှပေသည်။

× × ×

(၂၁-၁-၇၀)

## ခုနှစ်ဆူမြတ်စွာ

ဗုဒ္ဓဘာသာဝင်များအဘို့ စိတ်စေတနာကြည်လင်စွာဖြင့်ကုသိုလ်ပွားများစေသော ဘေးသီချင်းများတွင်'အစိန္တေယျ'မည်သော သီချင်းတပုဒ် ပါဝင်လေသည်၊ ထိုသီချင်းကား ခုနှစ်ဆူသော မြတ်စွာဘုရားတို့ကို ရှိခိုးပူဇော်ကြောင်း ဖွဲ့ဆိုထား၏၊ နားသောတ ဆင်ကြသူများအဘို့ ထိုခုနှစ်ဆူသော ဘုရားများအကြောင်းသိသူလည်းရှိကြသလို၊ မသိသူများလည်း ရှိကြသည်၊ မိတ်ဆွေ တဦးကမူ နားဆောင်ကောင်းတဲ့ သီချင်းတပုဒ် ရယ်လို့သာ နားထောင်လိုက်ဘာတဲ၊ သီချင်းထဲပါတဲ့ ဘုရားတွေအကြောင်းတော့မသိဘူးဟု ရိုးသားစွာ ဝန်ခံသည်၊ ထို့ကြောင့်ထိုမိတ်ဆွေကဲ့သို့သော သူများ ဘာသာရေးနှင့် ပတ်သက်သော

ဗဟုသုတရှိစေပြီး မိမိတို့ကိုးကွယ်ပူဇော်ရာ မြတ်စွာဘုရားများ အကြောင်း သိကောင်းစေလိုသော စေတနာဖြင့် ဖတ်ရှုပြီးသော ကျမ်းဂန်စာပေများမှ အထောက် အထားပြု၍ ဤခုနှစ်ဆူသော မြတ်စွာဘုရားတို့အကြောင်း အကျဉ်းရုံးဖော်ပြအပ်ပါသည်။

၁။ ဝိပဿီမြတ်စွာဘုရား၊ ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာ ထက်၌ ပွင့်တော်မူသည်၊ ကောဏ္ဍညအနွယ်မင်းမျိုးဖြစ်သည်၊ ဗန္ဓုမတီ ပြည့်ရှင် ဗန္ဓုမာမင်းနှင့် ဗန္ဓုမတီမိဖုရား၏ သားတော်ဖြစ်သည်၊ နတ်၏မျက်စိကဲ့သို့ မျက်တောင်မခတ်ဘဲကြည့်ခြင်း ခမည်းတော် ရင်ခွင်မှာထိုင်လျက်ကပင် တရားစီရင်ရာ၌ ဖြောင့်မှန်ကန်စေခြင်းတို့ကြောင့် ဝိပဿီဟူသော အမည်ကိုမှည့်၏၊ သက်တော်အတိုင်းအရှည် အနှစ်ရှစ်သောင်းဖြစ်သည်၊ ပွင့်ရာဗောဓိပင်ကား သခွတ်ပင်ဖြစ်သည်၊ အဂ္ဂသာဝကအစုံကား ခဏ္ဍမထေရ်နှင့် တိဿမထေရ်ဖြစ်သည်၊ ထိုဘုရားလက်ထက်၌ ရဟန္တာ တသိန်းခြောက်သောင်းရှစ်ထောင်ပါဝင်သောတကြိမ်၊ ရဟန္တာ တသိန်း ပါဝင်သောတကြိမ်၊ ရဟန္တာရှစ်သောင်း ပါဝင်သောတကြိမ်၊ ဤ သုံးကြိမ်သာလျှင် သာဝက အစည်းအဝေးဖြစ်၏၊ ဝိပဿီ မြတ်စွာဘုရား၏ အလုပ်အကျွေး ရဟန်းကား အသောက မထေရ်ဖြစ်၏၊ ဤဘုရားလက်ထက်၌သာဝကတို့အားများစွာလည်းတရားမဟော ဝိနည်းသိက္ခာပုဒ်ကိုလည်း များစွာမပြ၊ သုတ္တ၊ ဝေယျ၊ ဂါထာ စသော ဒေသနာတို့သည်လည်းအနည်းငယ်သာဖြစ်သည်၊ ရဟန်းသံဃာတို့သည် ခြောက်နှစ်မှာ တကြိမ်သာလျှင် ဘုရားထံလာ၍ သြဝါဒ ပါတိမောက်ဖြင့် ဥပုသ်ပြုကုန်၏။ ထိုသို့ ခြောက်နှစ်တကြိမ် ဥပုသ်ပြုရန် သြဝါဒခံရန်ကိုလည်း ရဟန်းတို့အား နတ်တို့သည် တနှစ်တကြိမ် သတိပေး နှိုးဆော်ထားရပြီး ခြောက်နှစ်စေ့မြောက်သောအခါ ဈာန်မရသောပုထုဇဉ်ရဟန်းတို့အား နတ်တို့

အာနုဘော်ဖြင့် ဘုရားထံဆောင်ခဲ့ကြ၏၊ ထိုအခါကျမှ သံဃာ
အစည်းအဝေးတွင် ဝိပဿီမြတ်စွာဘုရားသည် သံဃာတို့အားရှေး
ဘုရားတို့၏ ပြုမြဲဖြစ်သော ဩဝါဒပါတိမောက်ကို ပြတော်မူ၏၊
ဟောကြားသော တရားဒေသနာဝိနည်း၊ သိက္ခာပုဒ်တို့ နည်းပါး
ရကားဝိပဿီမြတ်စွာဘုရား၏ သာသနာတော်သည် ကြာမြင့်စွာ
မတည်သာဝကာ နှစ်ဆက်မျှသာတည်၍ ကွယ်ပျောက် လေသည်။

၂။ သိခီမြတ်စွာဘုရား၊ ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌
ပွင့်တော်မူသည်၊ ကောဏ္ဍညအနွယ် မင်းမျိုးဖြစ်သည်၊ အရုဏဝတီ
ပြည်ရှင် အရုဏမင်းနှင့်ပဘာဝတီ မိဖုရား၏ သားတော်ဖြစ်သည်၊
သက်တော် အတိုင်းအရှည် အနှစ်ခုနှစ်သောင်းဖြစ်၏၊ ပွင့်ရာဗောဓိ
ပင်ကား သရက်ဖြူပင်ဖြစ်၏ အဂ္ဂသာဝကအစုံကား အဘိဘူ
မထေရ်နှင့် သမ္ဘဝမထေရ်ဖြစ်၏၊ အလုပ်အကျွေး ရဟန်းကား
ခေမင်္ကရမထေရ်ဖြစ်၏၊ ဤဘုရားလက်ထက်၌ တကြိမ်တွင်ရဟန္တာ
တသိန်း၊ တကြိမ်တွင်ရဟန္တာရှစ်သောင်း၊ တကြိမ်တွင်ရဟန္တာခု
နှစ်သောင်းပါဝင်သော သာဝကအစည်းအဝေးသည် သုံးကြိမ်သာ
လျှင် ဖြစ်သည်၊ ဝိပဿီမြတ်စွာဘုရားကဲ့သို့ပင် ဟောကြားသော
တရားဒေသနာ ဝိနည်းသိက္ခာပုဒ်တို့ နည်းရကား၊ သာသနာတော်
သည် မြင့်ရှည်စွာမတည်၊ သာဝကနှစ်ဆက်မျှ လွန်လျှင်ပင်ကွယ်
ပျောက်လေသည်။

၃။ ဝေဿဘူ မြတ်စွာဘုရား၊ ဤကမ္ဘာမှ သုံးဆယ့်
တကမ္ဘာထက်၌ ပွင့်တော်မူသည်၊ ကောဏ္ဍည အနွယ်မင်းမျိုးဖြစ်
သည်၊ အနောမပြည်ရှင်သုပ္ပတိတမင်းနှင့် ယသဝတီမိဖုရား၏ သား
တော်ဖြစ်သည်၊ သက်တော် အတိုင်းအရှည်ကား အနှစ်ခြောက်
သောင်းဖြစ်၏၊ ပွင့်ရာဗောဓိပင်ကား အင်ကြင်းပင်ဖြစ်သည်၊ အဂ္ဂ
သာဝကအစုံကား သောဏမထေရ်နှင့်ဥတ္တရမထေရ်ဖြစ်၏၊ အလုပ်

အကျေးရဟန်းကား ဥပသန္တမထေရ်ဖြစ်၏၊ ဤဘုရားလက်ထက်၌ ရဟန္တာချည်းပါဝင်သော သာဝကအစည်းအဝေးကား သုံးကြိမ် ဖြစ်၏၊ ရဟန္တာ ရှစ်သောင်း တကြိမ်၊ ခုနစ်သောင်း တကြိမ်၊ ခြောက်သောင်းတကြိမ်ဖြစ်သည်၊ အထက်၌ ရေးသားခဲ့ပြီးသည့် ဝိပဿီ၊ သိခီမြတ်စွာ ဘုရားတို့နည်းတူပင် ဟောကြားသော တရားဒေသနာ ဝိနည်း သိက္ခာပုဒ်တို့နည်းပါး၍ သာသနာတော် သည်မြင့်ရှည်စွာမတည်သာ ကေန္ဒင်ဆက်မျှလွန်လျှင်ကွယ်ပျောက် လေတော့သည်၊

၄။ ကကုသန် မြတ်စွာဘုရား ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော် မူသည်၊ ကဿပအနွယ်ပုဏ္ဏားမျိုးဖြစ်၏၊ အဂ္ဂိဒတ္တ ပုဏ္ဏားနှင့်ဝိသာခါ ပုဏ္ဏေးမတို့၏သားတော်ဖြစ်သည်၊ နေရာအရပ်ကား ခေမမင်း အုပ်ချုပ်နေသော ခေမဝတီမြို့ ဖြစ်သည်၊ သက်တော် အတိုင်း အရှည်ကား အနှစ်လေးသောင်းဖြစ်၏၊ ပွင့်ရာ ဗောဓိပင်ကား ကုက္ကိုပင် ဖြစ်သည်၊ အဂ္ဂသာဝက အစုံကား ဝိဓုရ မထေရ်နှင့် သဉ္ဇိဝ မထေရ်ဖြစ်၏၊ အလုပ်အကျွေးကား ဗုဒ္ဓိဇမထေရ်ဖြစ်၏၊ ဤဘုရား လက်ထက်တော်၌ ရဟန္တာ လေးသောင်း ပါဝင်သော သာဝကအစည်းအဝေး တကြိမ်သာလျှင်ဖြစ်၏၊ ကကုသန် မြတ်စွာ ဘုရားကား သာဝကတို့အား ပညတ် ဟောကြားသော တရား ဒေသနာများစွာရှိသည်၊ သံဃာတော်တို့အား လခွဲတကြိမ် ဥပုသ် ပြုစေကုန်သည်၊ ဟောကြားသောတရားဒေသနာတို့သည် သိတံ ဖြင့်ကုံးသီအပ်သော ပန်းကုံ့သို့ ဗရမ်းဗတာမရှိဘဲ စည်းစည်းလုံး လုံးမှတ်မှတ်သားသား ဖြစ်သောကြောင့် ကကုသန်မြတ်စွာဘုရား ၏သာသနာတော်သည် ရှည်မြင့်စွာတည်၏။

၇။ ကောဏာဂုံ မြတ်စွာဘုရား၊ ဤဘဒ္ဒကမ္ဘာ၌ပွင့်တော်မူသည်၊ ကဿပအနွယ် ပုဏ္ဏားမျိုး ဖြစ်သည်၊ ခမည်းတော်ကား ယညဒတ္တ ပုဏ္ဏား၊ မယ်တော်ကား ဥတ္တရာ ပုဏ္ဏားမ ဖြစ်၏၊ နေရာအရပ်ကား သောဘမင်းအုပ်စိုးသော သောဘဝတီမြို့ ဖြစ်၏၊ သက်တော်အတိုင်းအရှည်ကား အနှစ်သုံးသောင်း ဖြစ်၏၊ ပွင့်ရာဗောဓိပင်ကား ရေသဖန်းပင်ဖြစ်၏၊ အဂ္ဂသာဝက အစုံကား ဘိယျောသ မထေရ် နှင့် ဥတ္တရ မထေရ် ဖြစ်၏၊ အလုပ်အကျွေး ရဟန်းကား သောတ္ထိဇမထေရ် ဖြစ်၏၊ ဤဘုရား လက်ထက်၌ သာဝက အစည်းအဝေးသည် တကြိမ်သာလျှင်ဖြစ်၍ ရဟန္တာ သုံးသောင်းပါဝင်သည်၊ ကောဏာဂုံ မြတ်စွာဘုရားကား တရား ဒေသနာလည်း များစွာဟောသည်၊ ဝိနည်း သိက္ခာပုဒ် ကိုလည်း များစွာ ပညတ်သည်၊ ထို့ကြောင့် ကကုသန် မြတ်စွာဘုရား၏ သာသနာကဲ့သို့ပင် ကောဏာဂုံမြတ်စွာဘုရား၏ သာသနာသည် ရှည်မြင့်စွာတည်သည်၊ ဤဘုရား လက်ထက်မှာ သံဃာတို့အား သခွဲတကြိမ်ဥပုသ်ပြုစေသည်။

၈။ ကဿပမြတ်စွာဘုရား၊ ဤဘဒ္ဒကမ္ဘာမှာပင်ပွင့်တော်မူ၏၊ ကဿပအနွယ် ပုဏ္ဏားမျိုးဖြစ်၏၊ ခမည်းတော်ကား ဗြဟ္မဒတ္တပုဏ္ဏား၊ မယ်တော်ကား ဓနဝတီ ပုဏ္ဏေးမဖြစ်၏၊ ထိုအချိန်၌ ဗာရာဏသီပြည်သို့ ကိကီအမည်ရှိသောမင်းအုပ်စိုးလျက် ရှိသည်၊ သက်တော်အတိုင်းအရှည်ကား အနှစ် ၂သောင်းဖြစ်၏၊ ပွင့်ရာဗောဓိပင်ကား ပညောင်ပင် ဖြစ်၏၊ အဂ္ဂသာဝကအစုံကား တိဿ မထေရ်နှင့် ဘာရဒွါဇမထေရ်ဖြစ်၏၊ အလုပ်အကျွေး ရဟန်းကား သဗ္ဗမိတ္တမထေရ်ဖြစ်၏၊ ဤဘုရားလက်ထက်၌ ရဟန္တာနှစ်သောင်း ပါဝင်သောသာဝကအစည်းအဝေးသည် တကြိမ်တည်းသာဖြစ်၏

ကကုသန်-ကောဏာဂုံ မြတ်စွာဘုရားတို့ကဲ့သို့ပင် တရားဒေသနာ ဝိနည်း သိက္ခာပုဒ်စသည်တို့ကိုများစွာဟောခဲ့သည်၊ သံဃာတို့အား လခွဲတကြိမ်ဥပုသ်ပြုစေသည်၊ ထို့ကြောင့် ကကုသန်၊ကောဏာဂုံ မြတ်စွာဘုရားတို့ သာသနာကဲ့သို့ပင် ကဿပဘုရား၏ သာသနာ သည်လည်း ရှည်မြင့်စွာပင် တည်တော်မူသည်။

ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူအနက် ကကုသန်-ကောဏာဂုံ-ကဿပ မည်သော ဘုရားသုံးဆူတို့ကား၊ သက်တမ်းရှည်သော ကာလမှ ပွင့်ကြရ၍ ပရိနိဗ္ဗာန်ပြုပြီး တော ဇော်ဓါတ်လောင်ကျွမ်းပြီးသောအခါကြွင်းရစ်သော ဓါတ်တော် အစုသည် မပြိုမကွဲ တခဲနက်သာ ကြွင်းရစ်၏။

၇။ ဂေါတမမြတ်စွာဘုရား၊ဤဘဒ္ဒကမ္ဘာမှာပင်ပွင့်တော် မူသည်၊ ဂေါတမအနွယ် မင်းမျိုးဖြစ်၏၊ ကပိလဝတ်ပြည်ရှင် သုဒ္ဓေါဒန မင်းနှင့် သိရိမဟာ မာယာဒေဝီ မိဖုရား၏ သားတော် ဖြစ်သည်၊ သက်တော် အတိုင်းအရှည်ကား အနှစ်ရှစ်ဆယ်မျှသာ ဖြစ်၏၊ပွင့်ရာဗောဓိပင်ကား ညောင်ဗုဒ္ဓေဟပင်ဖြစ်သည်၊ အဂ္ဂသာ ဝကအစုံကား သာရိပုတ္တရာမထေရ် နှင့် မဟာမောဂ္ဂလန် မထေရ် ဖြစ်၏၊ အလုပ်အကျွေး ရဟန်းကား အာနန္ဒာမထေရ် ဖြစ်၏၊ ဤဘုရားလက်ထက်၌ ရဟန္တာ တထောင့်နှစ်ရာငါးဆယ် ပါဝင် သော သာဝကအစည်းအဝေး တကြိမ်သာဖြစ်သည်၊ ဂေါတမ မြတ်စွာဘုရားကား တရား ဒေသနာလည်း များစွာဟောသည် ဝိနည်းသိက္ခာပုဒ်ကိုလည်း များစွာထားတော်မူသည်၊ ပရိနိဗ္ဗာန် စံသွန်တော်မူပြီးသောအခါ၌လည်း သာသနာတော်အဓွန့်ရှည်စွာ တည်၍သတ္တဝါတို့ အကျိုးစီးပွားဖြစ်စေကြောင်းကို ပတ္တနာသော

အာနန္ဒာတော်ကြောင့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တဆူ ဤအသမ္ဘိန္နဓါတ်တော် ခုနစ်ဆူမှ လွဲ၍ ကြွင်းသောကိုယ်တော်မှာကား အကြီးပဲနောက်ပမာဏ၊ အလတ်ဆန်ကျိုးပမာဏ၊အငယ်မုံညင်းစေ့ ပမာဏ အားဖြင့် စိတ်ဖြာလျက်တည်လေသည်၊ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်မှာနှစ်ပေါင်း ၂၅၁၃-နှစ်ကျော်လေပြီ။

× × ×

(၃·၂·၇၀)

## ရောင်ခြည်တော် ကွန့်မြူးခြင်း

ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကိုးကွယ်ကြည်ညိုရာစေတီတော်လေးပါးရှိသည့်အနက် ဓါတုစေတီ၊ ပရိဘောဂစေတီ ဥဒ္ဒိဿစေတီ ဟူသော စေတီတော်သုံးပါးမှ ရောင်ခြည်တော်ကွန့်မြူးကြောင်း သတင်းကိုမကြာခဏ ကြားဘူးသည်၊ ရောင်ခြည်တော်ကွန့်မြူးရာ စေတီတော်ကို လူပေါင်းများစွာ သွားရောက်ပြီး အချို့က ကြည်ညိုယုံကြည်စိတ်ဖြင့် ဖူးမျှော်ကြသည်၊ အချို့ကစူးစမ်းသော သဘောဖြင့် လေ့လာ ကြည့်ရှုကြသည်၊ အချို့က ရောင်ခြည်တော် အမှန်ဟုတ်မဟုတ် ငြင်းခုန်ကြသည်၊ ထိုအကြောင်းနှင့်ပတ်သက်၍ စာရေးသူ စိတ်ဝင်စားမိသည့်အလျောက် လက်လှမ်းမှီသမျှ ကျမ်းဂန်စာပေများကို ရှာဖွေပတ်ရှုပြီး တင်ပြခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှ အနှစ်ငါးရာတိုင်ရောက်သောအခါ ပညာဉာဏ်အရာမှာ ကြီးကျယ်လှသော မိလိန္ဒ၁ အမည်ရှိသည့် သာဂလပြည်ရှင်သည် ရောင်

ခြည်တော် ကွန့်မြူးခြင်းနှင့် ပတ်သက်၍ အရှင်နာဂသေန မထေရ်မြတ်အား မေးလျှောက်တော်မူဘူး၏၊ မည်ကဲ့သို့မေး လျှောက်ဟူမူကား၊ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့် ခပ်သိမ်းသော ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါတို့၏ ဓါတ်တော်ကိန်းဝပ်ရာစေတီတိုင်း သည် တန်ခိုးပြာဋိဟာ ပြုလသလော- အချို့သော စေတီသာ လျှင် ပြာဋိဟာပြုလေသလောဟု မေးလျှောက်၏၊ ထိုအခါ အရှင် နာဂသေန မထေရ်မြတ်က အောက်ပါအတိုင်း ပြန်လည်ဖြေဆို တော်မူသည်။

"စေတီတော်၏တန်ခိုးပြာဋိဟာပြုခြင်းသည် -သုံးယောက် သော ပုဂ္ဂိုလ်တို့အနက်မှ တယောက်ယောက်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ပြာဋိဟာပြု၏၊ အဘယ်သို့ဟူမူပရိနိဗ္ဗာန်စံဝင်လေ ပြီးပုဂ္ဂိုလ်မြတ်တို့သည် သာသနာတော်ပွားစီး၍နတ်လူ အပေါင်း အားသနားသောအားဖြင့်ချီးမြှင့်ခြင်းငှါ ငါ၏စေတီ၌ဤမျှသော တန်ခိုးပြာဋိဟာဖြစ်စေသတည်း ဟု မိဋ္ဌာန်ခဲ့ခြင်းဖြင့် ထိုပုဂ္ဂိုလ် မြတ်တို့၏ စေတီတော်၌ တန်ခိုးပြဋ္ဌိဟာပြု၏။

တဖန်လည်း နတ်တို့သည်လူတို့အား သနားသောအားဖြင့် သူတော်ကောင်း တရားမြဲခိုင်၍ ကုသိုလ် ပွါးများစိမ့်သောငှါ စေတီတော်မှ တန်ခိုးပြာဋိဟာပြုစေခြင်းငှါမိဋ္ဌာန်ကြသည်၊ ဤသို့ နတ်တို့မိဋ္ဌာန်သောအားဖြင့်လည်း ပရိနိဗ္ဗာန် စံဝင်လေပြီးသော ပုဂ္ဂိုလ်မြတ်တို့၏စေတီတော်မှ တန်ခိုးပြာဋိဟာပြု၏။

နောက်တဖန်လည်း သူတော်ကောင်း တရားနှင့် ပြည့်စုံ၍ သီလ သမာဓိ ခိုင်မြဲသော လူယောကျ်ားသည်ဇင်း၊ လူမိန်းမသည် ဇင်း လူဒါန်းပူဇော်ဘွယ်ဖြင့် စေတီတော်ကို ပူဇော်၍ တန်ခိုး ပြာဋိဟာပြုရန် သစ္စာမိဋ္ဌာန်ပြုသည်ရှိသော် ထိုသူ၏သီလ သမာဓိ သစ္စာအဓိဋ္ဌာန်ကြောင့် ပရိနိဗ္ဗာန်စံလေပြီးသော ပုဂ္ဂိုလ်မြတ်တို့

စေတီတော်မှ တန်ခိုးပြာဋိဟာသည်ပြ၏၊ ထိုကြောင့်မိဋ္ဌာန်ခြင်း ရှိသောစေတီသာလျှင်ပြသည်၊ မိဋ္ဌာန်ခြင်းမရှိသော စေတီသည် မပြချေ၊ ဤသို့လျှင် အရှင်နာဂသေနမထေရ်မြတ် ဖြေဆိုတော်မူသည်။

ယခုခေတ်တွင် တန်ခိုးပြာဋိဟာပြသည်၊ ရောင်ခြည်တော် ကွန့်မြူးသည်ဆိုသောစေတီတော်များမှာအထက်၌ရှင်နာဂသေန ဖြေဆိုတော်မူသော အကြောင်းသုံးပါးကြောင့် အမှန်တကယ် တန်ခိုးပြာဋိဟာ ပြတော်မူခြင်းလည်းဖြစ်နိုင်သည်၊ ဘာသာရေး အခရေခြုံကာ လိမ်လည်ခြင်းဖြင့် စားပေါက်ထွင်လိုသော မသမာ သူအချို့၏ ဆန်းသစ်တည်ထွင်သော သိပ္ပံနည်းဖြင့် ပုံမှားရိုက် အယောင်ဆောင်ခြင်းလည်းဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာပင်ဟူသော ယုံကြည်စိတ်ဖြင့် ရှိခိုးပူဇော်လှူဒါန်း သူတို့မှာ ကုသိုလ်တရားက ပွားစီးသွားပြီဖြစ်သည်၊ သို့သော် တန်ခိုးပြာဋိဟာအစစ်အမှန်မဟုတ်ဘဲ လိမ်လည်သူတို့၏ အခရေခြုံ လှည့်ဖြားခြင်းကို ယုံကြည်လှူဒါန်းသူတို့၏ လှူထားပြီး ပစ္စည်း ဥစ္စာကို သုံးစားသူတစုအတွက်ကား လောက သံသရာနှစ်ဖြာသော ဘဝလမ်းကြောင်းတွင် ချမ်းမြေ့သာယာမှု မရှိနိုင်အောင်အကု သိုလ်တရား ခံစားရမည် ကိုကား မျှော်တွေး ထောက်ရှု၍ တကြောင်း၊ အထွဋ်အမြတ်ကိုးကွယ်ရာ ဘာသာတရားကို ပစ္စည်း ရှာဖွေရာ လက်ကိုင်တုတ်အဖြစ် အသုံးပြုခြင်းသည် လူမျိုးခြား ဘာသာခြားတို့ ကြား၌မြင်၍ မလျော်ကန်အောင်ရက်ဘွယ်ဖြစ်၍ တကြောင်း၊ ရတနာသုံးပါးနှင့်ပတ်သက်သော လိမ်လည်နည်းကို လုံးဝ မသုံးအပ်ပေ၊ ဗုဒ္ဓဘာသာဝင်များ အနေဖြင့်လည်း ရောင် ခြည်တော် ကွန့်မြူးသည် ဟူသောသတင်း၊ ဘုရားဆင်းတုများ

မြေကြီးထဲမှုရင်း၊ သစ်ပင်ထဲမှုရင်း၊ ကျောက်တုံးထဲမှုရင်း၊ ရေထဲမှုရင်း၊ ပေါ်ပေါက်တော်မူလာသည် ဟူသော သတင်းများကို ကြားသိရလျှင်လေးလေးနက်နက်တွေးဆ ဆင်ခြင်စူးစမ်းသင့်လှပေသည်၊ မစဉ်းစားဘဲ လှူဒါန်းပြီးမှ အတုအယောင်ဖြစ်နေမှန်း သိရပါမူ ပုထုဇဉ်ပြိုပြိမည်သူမှ ကြည်လင်သော စေတနာထားနိုင်တော့မည်မဟုတ်ဘဲ ဥစ္စာကုန်ပြီး အကုသိုလ်ရမည် ဖြစ်ပါသည်။

× × ×

## (၁၀.၂.၇၁)

## လျစ်လျူရှုခြင်း

ဗြဟ္မာစိုရ်တရားလေးပါးတား မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာ ဟူ၍လူတိုင်းပင်သိကြပေသည်၊ ၎င်းလေးပါး၏ အနက်အဓိပ္ပါယ်ကိုလည်း မေတ္တာဟူသည် ချစ်ခင်ခြင်း၊ကရုဏာဟူသည် သနားကြင်နာခြင်း၊ မုဒိတာဟူသည် ဝမ်းမြောက်ခြင်း၊ ဥပေက္ခာဟူသည် လျစ်လျူရှုခြင်း ဟူ၍လည်း သိကြသည်သာဖြစ်၏။

မိမိ၏ရှေ့မှောက်မှာ စိတ်ဆင်းရဲစရာ ဖြစ်စေ၊ နှစ်လိုဝမ်းမြောက်ဘွယ်ရာဖြစ်စေ၊ ဖေးမကူညီ ပေးရမည့်ကိစ္စ ဖြစ်စေ၊ တွေ့ရကြုံရလျှင်စိတ်၏ စေစားချက်အရလိုလားနှစ်သက်မှုဖြစ်လျှင် ကူပြီးစိတ်ဆင်းရဲပေသည်၊ ကူပြီးဝမ်းမြောက်ပေသည်၊ ဖေးမကူညီမှုကိုပြုပေသည်၊ စိတ်တွင်းကလိုလားနှစ်သက်မှုမရှိလျှင် ကိုယ်နဲ့မသက်ဆိုင်တာ လျစ်လျူရှုလိုက်ပေါ့၊ ဒို့များတော့ ဥပေက္ခာပြုထားလိုက်တယ် ဟူသောစကားမျိုးကို ဆိုလေ့ရှိကြ၏၊ ဥပေက္ခာပါရမီကို ဖြည့်နေသည်ဟူ၍ပင် လွဲမှားသော ကျင့်သုံးနည်းဖြင့် ဂုဏ်ယူတတ်ကြချေသေး၏၊ ဗြဟ္မာစိုရ်တရား လေးပါးထဲမှာ ပါ

သော ဥပေက္ခာကား မွန်မြတ်သော တရားတော်ပင်ဖြစ်ပါသည် ကျင့်သုံးထိုက်သော တရားတော်ပင် ဖြစ်ပါသည်၊ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင်ပင် ကျင့်သုံးတော်မူခဲ့ပါသည်၊ သို့သော် ဥပေက္ခာကိုနေရာတကျ စနစ်တကျသုံးသင့်သုံးထိုက်သော အချိန်အခါ ကာလဒေသတို့မှာသာလျှင် သုံးသင့်ပါသည်၊ မသုံးသင့်သည့်နေရာမှာ ဥပေက္ခာတရားကိုမသုံးသင့်ချေ ဤဥပေက္ခာတရားနှင့် ပတ်သက်၍ မြတ်စွာဘုရားကိုယ်တော်တိုင် ဤသို့ဟောကြားတော်မူခဲ့ပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် မာဂဓတိုင်း ရာဇဂြိုလ်ပြည်၏အရှေ့အရပ် အမ္ဗသဏ္ဍာ မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ (အဓိပ္ပါယ်ကား ဂူတံခါးဝ၌နှံ့ပဲပင်ရှိသောဂူ)၌သီတင်းသုံးနေတော်မူ၏၊ ထိုအခါသိကြားမင်းသည် မြတ်စွာဘုရားထံမှောက်သို့ လာရောက်ဖူးမြော်ပူဇော်၍ မရှင်းလင်းသော ပြဿနာကို မေးလျှောက်ရာ တရားနာသောအခါ မြတ်စွာဘုရားသည်လျစ်လျူရှုခြင်းတည်းဟူသော ဥပေက္ခာနှင့်ပတ်သက်သော တရားစကားကိုဟောကြားတော်မူသည်။

နတ်,ဘုရင်,သိကြားမင်းလျစ်လျူရှုခြင်းဥပေက္ခာကိုလည်း၊ မှီဝဲအပ်သော လျစ်လျူရှုခြင်း၊ မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍နှစ်မျိုးနှစ်စားကို ငါဘုရားဟောကြား၏၊ အဘယ်ကြောင့်ဆိုသော် ဤလျစ်လျူရှုခြင်းကိုမှီဝဲသောသူအားအကုသိုလ်များ၍ကုသိုလ်တရားဆုတ်ယုတ်မည်ဟု စဉ်းစား တွေးတော သိမြင်မိသော် ထိုလျစ်လျူရှုခြင်းမျိုးကိုမမှီဝဲအပ်ပေ၊ ဤလျစ်လျူရှုခြင်းကား အကုသိုလ်ဆုတ်ယုတ်၍ ကုသိုလ်တိုးပွားမည်ကို သိမြင်အံ့၊ ထိုကဲ့သို့သော လျစ်လျူရှုခြင်းမျိုးကိုကား မှီဝဲအပ်၏၊ ထိုမှီဝဲအပ်သော လျစ်လျူခြင်း ဥပေက္ခာ၌ နှစ်မျိုးရှိ၏၊ ပထမ တမျိုးကား

ကြံစည်ခြင်း တည်းဟူသောဝိတက်၊ သုံးသပ်ခြင်းတည်းဟူသော ဝိစာရနှင့် အတူတကွတွဲလျက်ဖြစ်၏၊ ဒုတိယအမျိုးကား ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ ထိုနှစ်မျိုးတွင် ဒုတိယ အမျိုးဖြစ်သောလျစ်လျူရှုခြင်းကား သာလွန်၍မြတ်၏။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူသည်။

စာရေးသူမှန်းဆမိသရွေ့ အဓိပ္ပါယ်ပေါ်အောင် ဥပမာ ပြရမည်ဆိုလျှင်၊ လူတယောက်၏ ပစ္စည်းကိုခိုးသူက ခိုးနေသည်ကို မိမိသိနေမြင်နေသည်၊ သို့သော် ပစ္စည်းရှင်ကိုမလိုလား မကြည်ဖြူသည့်အတွက်အခိုးခံရတာ ကောင်းတယ်မှတ်ထားဟဲ့ ဟူသော စိတ်မျိုးဖြင့်လျစ်လျူရှု၏၊ ထိုကဲ့သို့သော ဥပေက္ခာမျိုးကားယုတ်ညံ့သောစိတ်စေတနာနှင့်ယှဉ်သည်ဖြစ်၍ ကုသိုလ်တရားဆုတ်ယုတ်ပြီး အကုသိုလ်တိုးပွားများသည့်အပြင် လူ့ကျင့်ဝတ်လည်းပျက်ပြားသည်၊ မမှီဝဲအပ်သော လျစ်လျူရှုခြင်းမျိုးတည်း။

အမျိုးယုတ်ညံ့သည်ဟူ၍ အတူနေထိုင် စားသောက်ရန် ဖယ်ကြဉ်ခြင်း ခံရသော သုဘရာဇာ တဦးတယောက်အား အမျိုးကောင်း သားကောင်း တယောက်သည် မျိုးရိုးဇာတိ မသိသည့် အလျောက် ဖက်လှဲတကင်း မိတ်ဆွေအဖြစ်ပေါင်း၏၊ အတူတကွ စားသောက်နေထိုင်၏၊ ထိုအဖြစ်ကို မြင်နေသိနေသောလူသည် လျစ်လျူရှုနေ၏၊ ထိုသို့နေခြင်းဖြင့် အကြင်မိတ်ဆွေနှစ်ယောက်သည်တယောက်ကိုတယောက်ရွံရှာခြင်းကင်းစွာ မေတ္တာခိုင်မြဲ၏၊ စိတ်ချမ်းသာကြ၏၊ လျစ်လျူရှုသောသူ အဘို့လည်း သူတထူး စိတ်ကို ချမ်းသာစေသည်၊ မေတ္တာခိုင်မြဲစေသည်ဖြစ်၍ အကုသိုလ်ဆုတ်ယုတ်ပြီး ကုသိုလ်ပွားများ၏၊ မှီဝဲအပ်သောလျစ်လျူရှုခြင်းမျိုးတည်း။

ထို့ကြောင့် အမှုကိစ္စများပြားလှသော လူတို့အနေဖြင့် ကုသိုလ်ပွားများစေမည့် လူ့ကျင့်ဝတ်နှင့်ညီညွတ်သော ဥပဒေကွာကိုသာကျင့်သုံးဆောက်တည်အပ်လှပေသည်။

× × ×

## (၁၇-၂-၇၀)

## လိုအင်ဆန္ဒ

တစုံတခုသော အရာကို အာသာငမ်းငမ်း စွဲလမ်းလိုချင်သောဆန္ဒသည် လူတဦးတယောက်၏ စိတ်တွင် ကိန်းဝပ်မိပြီဆိုလျှင် မည်သည့်ဘေးအန္တရာယ်နှင့်မှမတွေ့အောင် ထိုသူအားထိခိုက်ပျက်စီးစေမည်ဟူသောအတွေးအဆမျိုးကို ကာယကံရှင်ကိုယ်တိုင်ကသော်၎င်း၊ ဘေးလူများအနေဖြင့်သော်၎င်း၊လေးလေးနက်နက်တွေးတောခြင်း ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်၊ စွဲလမ်းလိုချင်သောဆန္ဒမျိုးကို ကြောက်မက်ဘွယ် ကောင်းသည် ဟူ၍လည်း အချို့လူတို့ပင်မှားမိအံ့မထင်ပေ။

ဥပမာ ဆိုရလျှင် လူတယောက်သည် အလွန်တန်ခိုးအာဏာကြီးမြင့်သော ရာထူးတခုကိုစွဲလမ်းခံမင်နေသည်၊ လိုချင်သောစိတ်ဆန္ဒ အပြင်းအထန်ဖြစ်နေသည်၊ထိုအခါဝယ် ရာထူးကိုလက်ဝယ်ရရှိနေသူအား မုန်းသောစိတ်၊ ထိုရာထူးရရာ ရကြောင်းမိမိကိုအားပေးနေသူအား ချစ်သောစိတ်ဖြစ်လာ၏။လိုအင်ဆန္ဒကိုအကြောင်းပြု၍ ချစ်ခြင်းမုန်းခြင်းဖြစ်လာသည်၊ ထိုချစ်သောစိတ်မုန်းသောစိတ်ကြောင့်ပင် ချစ်သောသူကိုကြည်ဖြူပြီး မုန်းသောသူကိုမနာလိုဝန်တိုသည့် ဣဿာ မစ္ဆရိယဖြစ်လာ၏။

လူတဘက်သားကို မနာလိုဝန်တိုသော ဣဿာမစ္ဆရိယ

စိတ်သည် အလွန်ပင်ကြောက်မက်ဘွယ်ကောင်းပေသည်၊ တဘက်လူကိုမနာလိုသောစိတ်အရှိန်ဖြင့် အမှားအမှန် ဝေဘန်စဉ်းစားမှု သင့် မသင့်၊ ကောင်း မကောင်း၊ မစဉ်းစား၊ မဆင်ခြင်နိုင်တော့ချေ၊ တဘက်သား ပျက်စီးဆုံးရှုံးရေးကိုသာ အာရုံစိုက်၍ လုပ်ကိုင်ဆောင်ရွက်နေသမျှကိစ္စသည် ဆိုးဝါးသော စေတနာအရိပ်မှ ဆိုးဝါးသော အကောင်အထည်သာ ပေါ်လာ တတ်ချေသည်၊ ထိုဆိုးဝါးသော အကောင်အထည်ကြီးသည် ပျက်စီးစေလိုသော တဘက်သားကိုသာ မဟုတ်သေး၊ ပြုလုပ်နေသူ တာသကိုရှင်ကိုလည်း ချမ်းသာပေးမည်မဟုတ်ချေ၊ မနာလိုဝန်တိုသော စိတ်ဖြင့် ဆောင်ရွက်သော ကိစ္စဆိုးကြီးသည် မအောင်မြင်သည်ဖြစ်စေ၊ အောင်မြင်သည်ဖြစ်စေ၊ နှစ်ဦးနှစ်ဘက်လုံးအဘို့ အနဲနှင့်အများ ဆင်းရဲဒုက္ခ ရောက်ကြရမည်သာဖြစ်ရာ လိုအင်ဆန္ဒသည် မည်မျှ ကြောက်မက်ဘွယ် ကောင်းမည်ကို လေးလေးနက်နက် တွေးဆသင့်ကြပေသည်၊ ဤလိုအင်ဆန္ဒနှင့်ပတ်သတ်၍ သုံးလောကထွဋ်ထား မြတ်စွာဘုရားကလည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏ အရှေ့အနပ်ရှိ အမ္ဗသဏ္ဍာအမည်ရှိသော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင်၊ ဣန္ဒသာလဂူဝယ် သီတင်းသုံးနေတော်မူခိုက် နတ်ဘုရင်သိကြားမင်းသည် မြတ်စွာဘုရားအား ဤသို့မေးလျှောက်လေသည်။

“အရှင်ဘုရား - လူ, နတ်, စသော သတ္တဝါများသည် အမျက်ဒေါသ ကင်းကွာလို၍ ဆင်းရဲဒုက္ခ ကင်းကွာလို၍ မုန်းတီးသတ်ဖြတ်ခြင်း စသည်ရန်ငြိုးကင်းကွာလို၍၊ ချမ်းသာစွာ နေလို၍ တောင့်တခြင်းရှိပါလျက်အမျက်ဒေါသထွက်ကြသည်၊ ဆင်းရဲဒုက္ခ

ရောက်ကြသည်၊ ရန်ငြိုးထားကာ မုန်းတီးသတ်ဖြတ်ကြသည်၊ အဘယ်ကြောင့်ပါနည်း”

ဟုမေးလျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက ဖြေတော်မူ၏။

“ဤသို့ တောင့်တတိုင်း မဖြစ်ဘဲ မုန်းတီးသတ်ဖြတ်ခြင်း အငြိုးထားခြင်း၊ အမျက်ထွက်ခြင်း၊ ဒုက္ခရောက်ခြင်း တို့ကား ဣဿာမစ္ဆရိယ စိတ်ကြောင့်ဖြစ်ရသည်၊ ထိုဣဿာမစ္ဆရိယ သည် ချစ်ခြင်းမုန်းခြင်းဟူသောစိတ်မှ အခြေခံ၏၊ ထိုချစ်ခြင်း,မုန်းခြင်း စိတ်သည် လိုချင်ခြင်းဆန္ဒဟူသော အခြေခံကြောင်းမှ ဖြစ်ပေါ်လာရ၏၊ထို့ကြောင့်လိုချင်ခြင်းဆန္ဒမရှိလျှင် ချစ်ခြင်း,မုန်းခြင်းမရှိချေ၊ ချစ်ခြင်းမုန်းခြင်းမရှိလျှင်ဣဿာမစ္ဆရိယစိတ်မရှိချေ၊ ဣဿာမစ္ဆရိယစိတ်မရှိလျှင် သတ္တဝါအပေါင်းတို့ အမျက်ဒေါသကင်းကွာမည်၊ ဆင်းရဲဒုက္ခကင်းကွာမည်၊ မုန်းတီး သတ်ဖြတ်လိုခြင်း၊ ရန်ငြိုးကင်းကွာ၍ ချမ်းသာစွာနေရချေမည်”ဟုမြတ်စွာဘုရားက ဖြေကြားတော်မူခဲ့၏။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် အမြဲမရှိဟူသော တရားကို လူတိုင်းလိုပင် သိနေကြပေသည်၊ မတည်မြဲသော အစိုးမရသော ဤကိုယ်ခန္ဓာကြီးသည် ပျက်စီးဆွေးမြေ့ရမည့်ဘေးကိုမလွဲမသွေ တွေ့ရချေမည်၊ ထိုဘေးကို ရာထူးစည်းစိမ် တန်ခိုးအာဏာများက မတားဆီးနိုင်၊ မကယ်တင်နိုင်ချေ၊ ထိုရာထူးစည်းစိမ် များသည် ဆွေးမြေ့ပျက်စီးသောခန္ဓာကိုယ်ကြီးနှင့် တပါတည်း ပူးတွဲလိုက်ပါခြင်းမရှိချေ၊ တိုတောင်းလှသော အချိန်ပိုင်းကလေးမှာ စံစားရမည့်စည်းစိမ်ကို လိုချင်သောဆန္ဒဖြင့် ရခဲလှသော လူ့ဘဝနေရသည့်အခိုက်အတန့်ကလေးတွင် သတ္တဝါအများ ပျက်စီးသေကြေ ဆင်းရဲဒုက္ခ ရောက်စေမည့် အလုပ်မျိုးကို မလုပ်ဘဲ မိမိမှာလည်း အကုသိုလ် ကင်းကွာ၊ သတ္တဝါအများလည်း ချမ်းသာစေရန်

မွန်မြတ်သောစေတနာထားပြီး ဆိုးဝါးသော လိုအင်ဆန္ဒမျိုးကို နိုင်နင်းစွာ ချိုးနှိမ်ဘားဆီးနိုင်ပါစေသတည်း။

× × ×

## (၂၄-၂-၇၀)

## "ချင်ခြင်း"

ချင်ခြင်းဟူသော စကား၏ အဓိပ္ပါယ် အတိုချုပ်မှာ မိမိ စိတ်တွင်းဝယ် ဖြစ်စေလိုသော အကြောင်းအရာတခုခုကို အပြည့် အဝ ရရှိလို ခံစားလိုသော ပြုမူဆောင်ရွက်လိုသော စိတ်ဆန္ဒ မျိုးဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်၊ မြန်မာ လူမျိုးတို့ အနေဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် တစုံတခုသော အစာအာဟာရကို စားသောက်လိုပါသည်ဆိုလျှင် ကိုယ်ဝန်ဆောင်ပြီပြီ ချင်ခြင်းတပ် သည်ဟု ဆိုစမှတ်ပြုကြ၏၊ သို့သော်ချင်ခြင်းတည်းဟူသောလိုအင် ဆန္ဒသည် ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက်သာမဟုတ်ချေ၊ ဤ ကမ္ဘာမြေပေါ်ဝယ် အသက်ရှင်နေထိုင်ကြသော လူသားအားလုံး သည် အသီးသီး ချင်ခြင်းကိုယ်စီကိုယ်ငှရှိနေကြသည်ကိုကား မည် သူမှသတိပြုမိကြမည် မဟုတ်ချေ။

အစာအာဟာရ ကောင်းမွန်စွာကို အစီအစဉ်ပြုလုပ် စား သောက်လိုခြင်း၊ စိန်ရွှေရတနာကို မှက်မောဘွယ်တာ ရယူဝတ် ဆင်လိုခြင်း၊ အထည်အဝတ် ထိုး,ဘိနပ်, စသဖြင့် အသွေး အရောင်မျိုးစုံကိုစိတ်တိုင်းကျ ဆင်မြန်းလိုခြင်း၊ ခမ်းနားတင့်တယ် သော အဆောက်အဦးမှာ စည်းစိမ်ခံနေလိုခြင်း၊ တောက်ပြောင် လှပသော မော်တော်ကားအမျိုးမျိုး စီးလိုခြင်း၊ တိုင်းပြည်ကို အုပ်ချုပ်စီမံစိုးစံလိုခြင်း၊ တခြား တပါးသော တိုင်းနိုင်ငံများ

လူမျိုးများကို ဖျက်ဆီးသတ်ဖြတ် ရယူပိုင်ဆိုင်လိုခြင်း စသည့် ခြောက်ခြားလှစွာသော ကြောက်မက်ဘွယ် ချင်ခြင်းမျိုးလည်း ယနေ့ကမ္ဘာလောကကြီးရှိ လူသားတိုင်းမှာ ရှိနေကြလေသည်။

ချင်ခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရား လက်ထက် ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီးသည်ပင် ချင်ခြင်းငါးပါး တပ်ခဲ့ဘူးပေသည်၊

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ရ၍ ဘုရား ဖြစ်တော်မူပြီးသော အခါ ဗိမ္ဗိသာရမင်း လျှောက်ထားချက် အရ ရှေးဦးစွာရာဇဂြိုဟ်ပြည်သို့ကြွလာတော်မူသည်၊ ဗိမ္ဗိသာရ မင်းကြီးသည် မြတ်စွာဘုရားအား ရှိခိုးပူဇော်၍ ဤသို့လျှောက် ကြားသည်။

'အရှင်ဘုရား ကျွန်ုပ်သည် အိမ်ရှေ့မင်းဖြစ်သော တာလ တပင်ချင်ခြင်းငါးပါးဖြစ်ခဲ့ပါသည်၊ ထိုငါးပါးမှာ (၁)ငါသည် ရွှေထီး ရွှေနန်းကို စိုးအုပ်၍ မင်းလုပ်ချပါမူ ကောင်းလေစွ၊ (၂) ငါမင်းပြုသောအခါ ငါ၏နိုင်ငံသို့ ဘုရားသခင်ကြွလာပါမူ ကောင်းလေစွ၊ (၃) ဘုရားကြွလာသောအခါ ငါသည်းကပ်၍ ဘုရားတော်မြတ်ကို နာရပါမူကောင်းလေစွ၊ (၄) မြတ်စွာဘုရား တရားဟောပြလတိုင်း ငါသိရပါမူ ကောင်းလေစွ၊ (၅) မဂ်စွာ ဒိဋ္ဌိဖြစ်သောအယူဝါဒ ကင်းကွာလျက် ဟုတ်မှန်သောတရားလမ်း ကို ဖြောင့်တန်းစွာ လိုက်ရမူ ကောင်းလေစွ ဟူသော ငါးပါး သော ချင်ခြင်း ဖြစ်ပေါ်သည့်အတိုင်း ယခုပြည့်စုံပါပြီဟု လျှောက်ကြား၍ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးသဖြင့် အပါယ်လေးပါးမှ ကင်းဝေး၍ ဘုံစဉ်စံ အဖြစ်ဖြင့် နိဗ္ဗာန်ကို ဝင်နိုင်သော ပုဂ္ဂိုလ်မျိုးများအနက် သောတာပန်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

ဤတွင် ဗိမ္ဗိသာရမင်း တောင့်တသော ချင်ခြင်းငါးပါးတွင် နံပါတ် ၁ - ဖြစ်သော ချင်ခြင်းကား တပ်မက်ခြင်း တဏှာဖြင့်ရင်း၊ လောဘဖုံးလွှမ်းခြင်းဖြင့်ရင်း၊ စင်ကြယ်သော ချင်ခြင်းဟုမဆိုနိုင်သော်လည်း ကျန် လေးပါးကား မြင့်မြတ်စင်ကြယ်သော ချင်ခြင်းဖြစ်၏ ထိုမြင့်မြတ်စင်ကြယ်သော ချင်ခြင်း၏ ပြည့်စုံခြင်းကြောင့် ချမ်းသာတကာတို့၏အထွဋ်ဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း အကျိုးကျေးဇူးကို ခံစားသွားရသည်၊ဗိမ္ဗိသာရမင်းကြီးတဦးတည်းသာလျှင်အကျိုးခံစားရသည်မဟုတ် မင်းကြီးချင်ခြင်းတပ်၍ လျှောက်ထားချက်အရ မြတ်စွာဘုရား ကြွလာသီတင်းသုံးသောကြောင့် ရာဇဂြိုဟ် ပြည်သူပြည်သား အများစုသည်အပါယ်လေးပါးမှ ကင်းဝေးရာနတ်ရွာနိဗ္ဗာန်ကို ရောက်ကြရသည် ချမ်းသာခံစားကြရပေသည်။

ထိုကြောင့် ချင်ခြင်းတည်းဟူသော စိတ်လိုအင်ဆန္ဒသည် အဆိုးနှင့်အကောင်းရှိ၏၊ လူသားတို့အနေဖြင့် မိမိတို့စိတ်အတွင်းကဖြစ်ပေါ်လာသော လိုအင်ဆန္ဒသည် အဖြစ်ကောင်းစေရန် လို့အပ်လှ၏၊ တဦးနှင့်တဦးသတ်ဖြတ်လို ဖျက်ဆီးလိုသော ချင်ခြင်းမျိုးမပေါ်ပေါက်အောင်ချိုးနှိမ်ပြီးလျှင် တမ္ဘာသူ ကမ္ဘာသားတို့အေးချမ်းသာယာစေမည့် နည်းလမ်းရှာဖွေလိုသည့် ချင်ခြင်းမျိုး မိမိတို့တိုင်းပြည် မိမိတို့လူမျိုး တိုးတက်ဖွံ့ဖြိုး အကျိုးရှိစေမည့် ချင်ခြင်းမျိုး၊ အနာရောဂါပပျောက်အောင် ဆောင်ရွက်လိုသည့် ချင်ခြင်းမျိုး စသည့် များစွာသော ကောင်းကျိုးချမ်းသာဖြစ်စေမည့် ချင်ခြင်းမျိုးကိုသာ ဖြစ်ပေါ်လာစေရန် မိမိတို့စိတ်ကို ကြိုးစားပြုပြင်နိုင်ကြပါက ကမ္ဘာကြီးတခုလုံး အေးချမ်းသာယာနိုင်ပေမည်ဟု မြော်လင့်ရပေသည်။

(၁၀-၃-၇၀)

ဇေဂ္ဂသုတ်

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ်ပရိတ်တော်များတွင် အချို့သူတို့သည် အစွဲအလမ်းကြီးစွာဖြင့် ရှိနေသော လန့်နေသောသုတ်ကား ဇေဂ္ဂသုတ်ပင်ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ရှေးအစဉ်အလာ ဆိုရိုးစကားတခု ရှိခဲ့သောကြောင့်ဖြစ်၏၊ ထိုစကားမှာ ဝါးဖျက်တော့ဝါးမျက်၊ လူဖျက်တော့အရက်၊ ရှင်ကိုဖျက်တော့ဇေဂ္ဂသုတ်ဖြစ်သည်ဟူ၏၊ ဝါးမျက်နှင့်အရက်ကမူ ဓါးနှင့်အရက်ကို ဖျက်သည်မှာ မှန်ပေသော်လည်း ဇေဂ္ဂသုတ်က အဘယ်ကြောင့်ရှင်ကိုဖျက်သည်ဟုဆိုနိုင်ပါသနည်း၊ ထိုစကားကို လက်သုံးပြုလေ့ရှိသူတို့ ပေးသော ဆင်ခြေကား ဇေဂ္ဂသုတ်သည် ကျက်မှတ်ရန် အလွန်အမင်း ခက်ခဲလှသောကြောင့် သာမန်လူသားကို မဆိုထားနှင့် ရဟန်း သာမဏေများပင် ကျက်မှတ်၍ မရနိုင်သည့်အတွက် ရှင်ကိုဖျက်တော့ ဇေဂ္ဂသုတ်ဟု ဆိုကြောင်း ဖြေရှင်းပြကြ၏၊ ထိုဖြေရှင်းချက် မျိုးကိုစာစာရေးသူ အယူအဆအတိုင်းဆိုသော် လုံးဝ လက်မခံနိုင်ပါ၊သူတို့တတွေ စိတ်မဝင်စား၍ ကျက်မှတ်ရမည်ကို ပျင်းရိ၍ သုတ်ပရိတ်တရားတော်၏ အငိပ္ပါယ်ကို သဘောမပေါက်၍ဟုဆာ၁ ကြံဖန်ပြီး စကားပုံထွင်ခဲ့သည်ဟု ယူဆပါသည်၊ ရတနာသုံးပါးကို အမှန်တကယ် သက်ဝင်ယုံကြည်သူ အဘို့ ဇေဂ္ဂသုတ်တော်မှာ အဓိက ဆိုလိုရင်းကို အာရုံစူးစိုက်ပြီး မပြတ်နှုတ်လုံးသွင်း အောက်မေ့နေလျှင်လည်း ဇေဂ္ဂသုတ် တပုဒ်လုံးကို ရရှိနေသည်နှင့်တူညီပါသည် ဤသုတ်တော်၏ဆိုလိုရာကား -

မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ ဟောကြားတော်မူ၏၊ လူသူတင်းဝေးသည့် ဆိတ်ငြိမ်ရာ ဒေသမှာ တရား

အားထုတ်နေထိုင်သော ချစ်သားရဟန်းတို့ သင်တို့အား တုန်လှုပ်ကြောက်လန့်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းဖြင့် စိတ်မတည်ငြိမ်ဖြစ်ခဲ့သော် ငါဘုရား၏ ဂုဏ်တော်ကိုးပါးကို ဖြစ်သော ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်တော်၊ အလုံးစုံသောတရားကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ အသိဉာဏ်, အကျင့်သီလနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော် ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့်၊ သုဂတ ဂုဏ်တော်၊ လောကကိုသိတော်မူသောကြောင့် လောကဝိဒူ ဂုဏ်တော်၊ ဆုံးမထိုက်သော သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်၊ နတ် လူတို့၏ဆရာဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်၊ သစ္စာလေးပါးတရားကို သိတော်မူသောကြောင့် ဗုဒ္ဓ ဂုဏ်တော် ဘုန်းတန်ခိုးကြီးတော်မူသောကြောင့် ဘဂဝါ ဂုဏ်တော် တည်းဟူသော ငါဘုရား၏ ဂုဏ်တော်ကို နှလုံးသွင်း အောက်မေ့သော် ကြောက်လန့် တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ပျောက်ကင်းလိမ့်မည်။

အကယ်၍ ငါဘုရားဂုဏ်တော်ကို မအောက်မေ့မိပါကုန်မူ တရားတော်၏ဂုဏ်တော်ကို တရားတော်သည်မြတ်စွာဘုရားဟောကြားသောတရားတော်ပါသတည်း၊အခါမလင့်အကျိုးပေးသောတရားတော်ပါတည်း၊ လာလှည့်ရှုလှည့်ဟု ပြထိုက်သောတရားတော်ပါတည်း၊ မိမိကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သောတရားတော်ပါတည်း၊ အရိယာများ ပညာရှိများသာ ကိုယ်စီကိုယ်ငှသိနိုင်ခံစားနိုင်သောတရားတော်ပါတည်း၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါတည်း ဟူသော တရားဂုဏ်တော်ခြောက်

ပါးကို အောက်မေ့ခြင်းဖြင့် တုန်လှုပ်ခြင်း ကြက်သီးထခြင်းတို့ ပျောက်ကင်းလိမ့်မည်။

အကယ်၍ တရားတော်ကို မအောက်မေ့မိကုန်မူ သံဃာတော်ကို မြတ်စွာဘုရား၏ တပည့်သား သံဃာသည် ကောင်းသော အကျင့်ရှိတော်မူ၏၊ ဖြောင့်မတ်သောအကျင့်ရှိတော်မူ၏။ မှန်သော အကျင့်ရှိတော်မူ၏၊ လျောက်ပတ်သော အကျင့်ရှိတော်မူ၏၊ အစုံအားဖြင့်လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့်ရှစ်ပါး၊ အရေအတွက်ရှိသော သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာသောပစ္စည်းကိုပေးလှူပူဇော်ရန် ထိုက်တန်တော်မူ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံယူထိုက်တော်မူ၏၊ တမလွန်အတွက်ရည်မှန်းထားသောအလှူကိုခံယူတော်မူထိုက်၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန်အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူ၏၊ ဟူသော သံဃာဂုဏ်တော်ကိုးပါးကို အောက်မေ့ခြင်းဖြင့် ကြောက်လန့် တုန်လှုပ်ခြင်း ကြက်သီးထခြင်းတို့ ပျောက်ကင်းလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ငါဘုရားသည် တပ်မက်မှုရာဂ အမျက်ထွက်မှုဒေါသ၊ တွေဝေမှု မောဟ စသည်တို့ကင်းကွာရကား၊ မကြောက်လန့်သူ၊မတုန်လှုပ်သူ၊ မထိတ်လန့်သူ၊ မပြေးတတ်သူ ဖြစ်သောကြောင့်တည်း၊ ထိုငါဘုရား၏ ဂုဏ်တော်ကိုးပါး၊ ငါဘုရားဟောကြားသည့် တရားဂုဏ်တော်ခြောက်ပါး၊ ငါဘုရား၏ တပည့်သားသံဃာဂုဏ်တော်ကိုးပါးကို မပြတ် နှလုံးသွင်းနေသူအဘို့ ကြောက်လန့်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းတို့ ပျောက်ကင်းလတံ့။

ဤကား ဓဇဂ္ဂသုတ်၏ ဆိုလိုရင်း အနှစ်သာရပေတည်း၊

ဤမွန်မြတ်လှသည့် ရတနာသုံးပါး၏ ဂုဏ်တော်များကို အဘယ်ကြောင့်မကျက်မှတ်နိုင်၊ နှလုံးမသွင်းနိုင်ရှိရမည်နည်း။

ထိုကြောင့် သုတ်ပရိတ်တော်များကို ကျက်မှတ် ဆို လိုသော ပုဂ္ဂိုလ်များသည်၊ မသင့်လျော် ပုံခိုင်းထားသည့် ရှင်ကိုဖျက်သော ဓဇဂ္ဂသုတ် ဆိုသည့်စကားကို စွဲလမ်းမှုမထားဘဲ၊ ရတနာသုံးပါး၏ ဂုဏ်တော်ကို လေးနက်စွာ နှလုံးသွင်းအောက်မေ့ခြင်းဖြင့် ဓဇဂ္ဂသုတ်ကို ကျက်မှတ်၍ ရနိုင်သည်ဟုသောကြည်လင်ဝမ်းမြောက်သည့် စိတ်စေတနာ ဖြစ်ပါစေသတည်း။

× × ×

## (၁၇-၃-၇၀)

## ပုတီးစိပ်ခြင်း

ဗုဒ္ဓဘာသာဝင် အချို့သည် သူတော်ကောင်း ပုဂ္ဂိုလ်ဟု အသိအမှတ်ပြုခြင်း ခံရသည့် အပြုအမူများအနက်မှ ပုတီးစိပ်သည့် အပြုအမူကို အသက်အရွယ် လူလတ်ပိုင်းနှင့် လူကြီးပိုင်းမှာရှိနေသော အမျိုးသမီး အမျိုးသား ဖော်ဘော် များများပင် လက်ခံ ပြုမူခြင်းဖြင့် စိပ်ပုတီး ကို လည်မှာ ဆွဲဆင်ထားသည်၊ လက်မှာရစ်ပတ်ထားသည်၊ အချို့က လက်မှာကိုင်ပြီး လက်ငြိုးနှင့် လက်မကို အနားမပေးဘဲ တစ်ခုတရာကို ကြည့်ရှုရင်းဖြစ်စေ တပါးသူ တဦးတယောက်နှင့် အရပ်ရပ်ကိစ္စတွေကို ဆွေးနွေးပြောဆိုရင်းဖြစ်စေ၊ တေးဂီတကို နားသောတဆင်ရင်းဖြစ်စေ၊ တလုံးပြီးတလုံး စိပ်နေတတ်သည်၊ အချို့ကမူ ကွယ်ထောင့်ရာ အေးဆေးဆိတ်ငြိမ်ရာမှာ တကိုယ်တည်း တည်ငြိမ်စွာဖြင့် အာရုံပါးပါးကိုထိမ်းချုပ်ခါ ပုတီးစိပ်နေတတ်ကြသည်၊ ဤကဲ့သို့ ပုတီး

စိပ်နေသူ နှစ်မျိုးအနက် ဒုတိယအမျိုးနှင့် ပတ်သက်ပြီး ဝေဖန်ရေးသားရန် အကြောင်း လုံးဝမရှိသော်လည်း ပဌမအမျိုးနှင့် ပတ်သက်၍ကား အနည်းငယ် ရေးသားတင်ပြလိုပါသည်။

တကြိမ်သောအခါက စိပ်ပုတီးအလုံးကြီးကြီး ၁ ကုံးကို လည်ပင်းဝယ်ဆွဲဆင်ထားသော အဒေါ်ကြီးတဦး စာရေးသူအိမ်ကို အလည်လာသည်၊ စာရေးသူနှင့်အတူထိုင်၍ စကားပြောမိသည့် အချိန်ကစပြီး လည်ဝယ် ဆွဲထားသော စိပ်ပုတီးကို ပြုတ်ယူကာ သူ့ပုတီးသည် သိမ်ထဲကို အကြိမ်များစွာ ဝင်ခဲ့ဘူးပြီ ဖြစ်၍ မကောင်းဆိုးဝါး ပယောဂကိုနိုင်ကြောင်း မပြောပြီး စာရေးသူနှင့်အတူ ပစပ်ဦးတည့်ရာ အကြောင်းမျိုးစုံ ပြောရင်း လက်ဦးနှင့် လက်မက ပုတီးကြီးကို တွင်တွင်စိပ်နေတော့၏၊ အဒေါ်ကြီးကို ကြည့်နေရင်း စာရေးသူစိတ်ထဲမှာ မေးချင်ပြောချင်သော စကားက ချုပ်တည်းမရအောင် ဖြစ်လာသည်။

"သိမ်ဝင်ထားတဲ့ ဒေါ်ဒေါ်ပုတီးပြန်ကြည့်ပါအုံး ထမိန်နဲ့ ထိနေရုံ မဟုတ်တော့ဘူး ပေါင်နှစ်လုံးကြားထဲ ရောက်နေပြီ၊ နောက်ပြီး ဒေါ်ဒေါ် ပုတီးစိပ်နေတာက စကား အဆက်မပြတ် ပြောရင်းစိပ်နေတော့ ဘာကိုအာရုံပြု စိပ်နေတာလဲ"

စာရေးသူ စကားကြောင့် အဒေါ်ကြီးသည် မျက်နှာ ပျက်ပျက်ဖြင့် စိပ်ပုတီးကို ပေါင်ကြားမှ ဆွဲထုတ်ပြီး လည်မှာစွပ် လိုက်သည်၊ ထို့နောက် 'ပုတီးစိပ်ဘာ ကုသိုလ်ရအောင်စိပ်ဘာပေါ့ ဘာအာရုံပြုစိပ်လဲဆိုတာ တူမကြီးက သက်သက် ကပ်ဖဲ့လုပ်မေး ဟန်တူရဲ့........'

ဟု ဟန်ဆောင်ပြုံးဖြင့်အဖြေပေး၍ နှုတ်ဆက်ထွက်သွားပါတော့သည်၊ ဤအဒေါ်ကြီး ပုတီးစိပ်နည်းမျိုး စိပ်နေသူတွေကို တော်တော်များများပင်တွေ့ဘူးပါသည်၊ လက်အားနေတိုင်း ပုတီးစိပ်

လျှင် ကုသိုလ်ရသည်၊ လက်မှာ ပုတီးကို အမြဲ ကိုင်ထားလျှင် သူတော်ကောင်းဖြစ်သည်ဟူ၍ ပေါ့ပေါ့တန်တန် သာမန်အတွေး မျှသာ ရှိသော အချို့သော ဗုဒ္ဓဘာသာဝင်များ အတွက် စိပ်ပုတီး နှင့်ပတ်သက်ပြီး လေးလေးနက်နက် ဖြစ်စေလိုသော စေတနာဖြင့် စာရေးသူ အယူအဆကို တင်ပြလိုပါသည်။

ပုတီးစိပ်ခြင်းသည် စိတ်တည်ငြိမ်အောင်၊ သမာဓိ ရလာ အောင် ထိန်းချုပ် အားထုတ်မှုဖြစ်၏၊ ပုတီးစိပ်ရာမှာ သမထနည်း ဝိပဿနာနည်းဖြင့် မိမိတို့ နှစ်သက်ရာ လမ်းစဉ်အတိုင်း စိပ်ကြ၏၊ သမထနည်းကို စိပ်မည်ဆိုလျှင် ဥပမာအားဖြင့် ဘုရားဂုဏ်တော် ကိုးပါးကို ပုတီးတလုံး သို့မဟုတ် ဂုဏ်တော်တပါးလျှင် ပုတီး တလုံးကျ၊ ဝိပဿနာနည်းဆိုလျှင် လက္ခဏာရေး သုံးပါးကို ပုတီး တလုံးသို့မဟုတ် တပါးကို ပုတီးတလုံးကျဖြင့် အနက်အဓိပ္ပါယ် ထင်လာအောင် အာရုံယူစိပ်ပြီး၊ ပုတီးအပတ်ရေ မည်မျှစိပ်မည် စသဖြင့် အဓိဋ္ဌာန်ပြုပြီး အာရုံငါးပါးကိုထိန်းချုပ်ပြီးစိပ်မှ အထ မြောက်ပေမည်၊အကျိုးရှိပေမည်၊ ထိုသို့စိပ်ပုတီးဖြင့် စိတ်ကိုတည် ငြိမ်အောင် ထိန်းချုပ်ခြင်း၊ ရင့်ကျက်လာသောအခါ သမာဓိ တရားသည် တည်မြဲလာသည်။ တည်မြဲလာသော အခါ စိတ်သည် ပေါ့သွပ် လွင့်ပါးခြင်းမရှိတော့ချေ၊ထိုအခါ စိတ်ဘန်ခိုး အင်အား ကြီးမားလာတတ်သည်။ဤကားပုတီးကို နေရာကျအောင်စိပ်ဘတ် လျှင် နိဗ္ဗာန်ရောက်ကြောင်းအခြေခံအနက် တခုဖြစ်သော သမာဓိ ရရှိခြင်း အကျိုးကို ခံစားရပေမည်။

စိပ်ပုတီး မကိုင်ဘဲနှင့်လည်း မိမိစိတ်ကို တည်ငြိမ်လာ အောင်၊ သမာဓိတည်ငြိမ်အောင် ထိန်းချုပ်နိုင် ပါသေးသည်၊ ပုထုဇဉ်လူသားတို့ အနေဖြင့် ကင်းကွာ၍မရသောလူမှုရေး၊စီးပွား ရေး၊ အိမ်ထောင်ရေး စသည့်ပြောဆို ရှက်ဆောင်ဘွယ် အရပ်ရပ်

ကိစ္စများကို ပြောဆိုဆောင်ရွက်ခြင်း အချိန်တလွဲလျှင် မျက်စိနှလုံးမှိတ်ပြီး အိပ်ပျော်သည့်အချိန် ရောက်သည်တိုင် မိမိစိတ်ကို လွှတ်မထားဘဲ ရတနာသုံးပါးနှင့် သက်ဆိုင်ရာ နိဗ္ဗာန်ရောက်ကြောင်းနှင့် သက်ဆိုင်ရာ မှန်မြတ်သော အာရုံတခုခုကို ဝင်စားပြီး စိတ်ကို ထိန်းချုပ်ထားခြင်းဖြင့် တဖြေးဖြေး လေ့ကျင့်လာပါက အချိန်ယူ ပုတီးစိပ်နေရန်လည်း မလို ဆိတ်ငြိမ်ရာအရပ်ကိုရှာဖွေသွားနေရန်လည်း မလိုတော့ဘဲ စိတ်သည် တည်ငြိမ်လာပေလိမ့်မည်၊ လေ့ကျင့်မှုရင့်လာလျှင် သမာဓိ တည်လာမည်ဖြစ်၏။

ထို့ကြောင့် ပုတီးစိပ်ခြင်းကို ပေါ့ပေါ့ဆဆ သဘောထားနေကြသူများသည် လွဲမှားသည့် ပုတီးစိပ်နည်းမျိုးဖြင့် စိပ်နေကြမည့်အစား လေးလေးနက်နက် သဘောထား အာရုံပြုပြီး စိပ်သင့်ကြပေသည်၊ အိမ်မှုကိစ္စ များပြားသူတို့ အနေဖြင့်ကား ပုတီးထိုင်စိပ်နေရန် အချိန်မရသော်လည်း စကားမပြောရသည့်အချိန်ရသမျှကလေးမှာ စိတ်ကို ထိန်းချုပ်ခြင်းဖြင့် ပုတီးစိပ်သကဲ့သို့ အကျိုးရှိနိုင်ပါသည်ဟု စာရေးသူ ယူဆမိပါသည်။

× × ×

## (၂၄-၃-၇)

## ဟိရိဩတ္တပ္ပ

လူ့ဘဝကို အလွန်မှ ရခဲလှသည်ဟူ၍၎င်း၊ လူ၏အဖြစ်ကို ရပါသော်ငြားလည်း ယောကျ်ားစင်စစ်အဖြစ်ကိုရခြင်းငှါ ခဲခက်လှ၏ဟူ၍၎င်း၊ ဗုဒ္ဓဘာသာဝင်တိုင်း အလေးအနက် ယုံကြည်ကြသည်။ ထိုသို့ ယုံကြည်သည့် အတိုင်းလည်း ဗုဒ္ဓဘာသာဝင် ယောကျ်ားတို့သည် ရှေးယခင် ကာလများ၌ အကျင့်စာရိတ္တ

စိတ်သဘောထားမှာရင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာမှာရင်း၊ နေထိုင်ပြောဆို ဆက်ဆံမှုမှာရင်း၊ ဆင်ယင် ဝတ်စားမှုမှာရင်း၊ ယောကျ်ားနှင့်တူအောင် ယောကျ်ားမြတ် ပီသစွာ နေထိုင်ခဲ့ကြ၏။ ယခုကာလမှာမူကား အချို့သော ဗုဒ္ဓဘာသာဝင် လူလတ်၊လူရွယ်၊လူငယ်တို့သည် မိမိတို့ ရခဲလှသော ယောကျ်ား စင်စစ်ဘဝကိုတန်ဘိုးမဲ့အောင် ပြောဆိုပြုမူနေထိုင်ခြင်း၊ ဆင်ယင် ဝတ်စားခြင်း၊ ယုတ်သောအကျင့်စာရိတ္တ စိတ်သဘောထားရှိခြင်း ဘို့ကို မြင်တွေ့ရသည်မှာ နှမြောဖမ်းနည်းဘွယ်ကောင်းလှပေသည်။

ယောကျ်ားဟူသော သတ္တဝါသည် အားနွဲ့သူတို့၏ မှီခိုရာသာ ဖြစ်သင့်သည်။ ဘေးရန် အပေါင်းကို ထောင်းထောင်းကြေကြည်က် ဖျက်နိုင်စွမ်းရှိရမည်၊ အန္တရာယ်နှင့် တွေ့ကြုံလာလျှင် လက်ရုံးရည်၊ နှလုံးရည်ကို နေရာတကျသုံး၍ ရဲစွံ့သောသတ္တိဖြင့် ရင်ဆိုင်နိုင်စွမ်း ရှိရမည်။ မိန်းမသားတို့၏ အားထား ကြည်ညိုရာ အဖြစ်ဖြင့်ရင်း၊ မိန်းမသားတို့၏ ဦးထိပ်ထက်မှာ အထွဋ် အမြတ် တင်ထားထိုက်သောအဖြစ်ဖြင့်ရင်း ပြည့်စုံပါမှယောကျ်ားစင်စစ် ဖြစ်ပေသည်ဟု အသိအမှတ် ပြုကြရမည်ဖြစ်၏။

ယခုမူ အချို့သော လူလတ် လူရွယ် လူငယ်တို့ဓား ဤအရည်အချင်း အစွမ်းအစမျိုး လုံးဝ မရှိကြချေ၊ ယောကျ်ား စင်စစ်တို့ မဝတ်ဆင်ထိုက်၊ မပြုမူထိုက်သော ဆင်ယင်ထုံးဖွဲ့မှုမျိုး ကို သူတို့ကိုယ်ခန္ဓာမှာ ဆင်ယင်ထုံးဖွဲ့သားသောအခါ ဗုဒ္ဓဘာ သာဝင် ယဉ်ကျေးမှုရှိသော လူယောကျ်ား စင်စစ်နှင့် လုံးဝ မတူတော့ချေ။ဆင်ယင်ထုံးဖွဲ့မှုကသာ မတူသည်မဟုတ်၊ အကျင့် စာရိတ္တ အပြုအမူကသည်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြား ဆုံးမ သော တရားတော်နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်ကြလေတော့ သည်။ ဤကဲ့သို့သော သူတို့အဘို့ကား အခြားသူများကဲ ရှောင်

ကြဉ်ကြသည်ကိုပင် သူတို့ကို ကြောက်ရွံ့ခန့်ညား လေးစား၍ ရှောင်သည်ဟု အထင်ရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံယောင်ယောင် ဟန်ဆောင် နေကြ၏။ သူတို့ကို ရှောင်ကြဉ်သူတို့ကား သတ္တိနည်းပါး၍ ရှောင်ခြင်းမဟုတ်ချေ။ ဗုဒ္ဓမြတ်စွာ၏တရားတော်ကို ရိုသေ လေးစား၍သာ ရှောင်ခြင်းဖြစ်ပေသည်။ လူနှင့် တူသော လူစင်စစ်ဟူသည် အရှက်ရှိမှ အကြောက်ရှိသည် ဟူသော ဟိရိဩတ္တပ္ပတရားကို စွဲမြဲစွာ ကျင့်၏။ ထို့ကြောင့် အကျိုးမဲ့သော ရန်ဖြစ်ရသည့်အလုပ်ကို ရှက်ကြသည်။ ထိုအရှက်ကိုထိန်းသိမ်းလို၍ ကြောက်သည့်သဘောသက်ဝင်သည့် ရှောင်တိမ်းခြင်းအပြုအမူကို လိုက်နာကျင့်သုံးကြခြင်းသာ ဖြစ်၏။

ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် ဗုဒ္ဓ၏တရားတော်နှင့် ဆန့်ကျင်သော အပြုအမူ အကျင့်စာရိတ္တ စိတ်နေသဘောထားများကို မွေးမြူကျင့်သုံးနေသော ထိုယောကျ်ားမပီသသည့် လူစားများကား ဟိရိဩတ္တပ္ပ တရားကင်းကွာသည့် တန်ဘိုးမဲ့ လူစားများ သာ ဖြစ် ပေ သည်။ မိမိတို့ ကိုယ်ကို လူစင်စစ်ဟူ၍ရင်း၊ ယောကျ်ားစင်စစ်ဟူ၍ရင်း သတိမူမိပါလျှင် အရှက်တရားသည် စိတ်မှာပေါ်လာပေမည်။ ရှက်သည့်စိတ်ပေါ်လာလျှင် မကောင်းမှုကို ပြုကျင့်ရန်ရင်း၊ ထိုမကောင်းမှုကြောင့် အပြစ်ဒဏ်ခံရခြင်း၊ ကဲ့ရဲ့ခံရခြင်းတို့ကိုရင်း ကြောက်လာပေလိမ့်မည်။ ဤအကြောက်တရားနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ဟိရီသုတ် ဒေသနာတော်၌ ဤသို့ ဟောကြားတော်မူခဲ့သည်။

အကြင် ပုဂ္ဂိုလ်တို့သည် အခါခပ်သိမ်း အောက်မေ့ဆင်ခြင်တတ်သော သတိရှိသည်ဖြစ်၍ ပေါ်လာသော အရှက်စိတ်ဖြင့် အကုသိုလ်တရားတို့ကို ကြောက်လန့်စွာ တားမြစ် ထိန်းချုပ်နိုင်အံ့၊ထိုပုဂ္ဂိုလ်တို့သည် ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာ

ကိုလည်း ရ၏၊ ဤလောကဌ်လည်း လူအများနှင့် သင့်တင့် ညီညွတ်၍ ချမ်းသာစွာ နေရ၏။

ထိုကြောင့် အရှက်အကြောက်တရားနှစ်ပါးသည် လူနှင့် တွသော လူစင်စစ်မှသာ တည်နိုင်သည်ဖြစ်ရာ ထိုတရားနှစ်ပါး နှင့် ကင်းကွာနေသော ဆိုးယုတ်သော အကျင့်စာရိတ္တ ရှိသူများ၊ ယောကျ်ားစင်စစ် ဖြစ်ပါလျက်၊ ယောကျ်ားနှင့် မတူအောင် ပြင်သော ဆင်ယင်ထုံးဖွဲ့မှုပြုပြီး လူဘာဘက်သားကို စော်ကား နှောက်ရှက်နေသူများကို လူယောကျ်ားဟူ၍ အသိအမှတ်ပြုရန် ပင် ဝန်လေးဘွယ်ရာ ဖြစ်ချေသည်။

အာဇာနည် မြင်းကောင်းသည် ကြိမ်ဝင့်ရုံမျှဖြင့် မိမိ ဆောင်ရွက်ရမည့်ကိစ္စကို သိသကဲ့သို့ အကြင် ဖေါက်ပြန်သော လူယောကျ်ားသည် တပါးသူ၏ အကြိမ်ခတ်ခြင်း မခံရမီ အကဲ့ရဲ့ မခံရမီ၊ အချိန်မလွန်မီ သူဘပါး၏ စက်ဆုပ်သော အကြည့်၌ ရှက်တတ်သောစိတ်ဖြင့် ဗုဒ္ဓ၏တရားတော်နှင့်၎င်း၊ လူမျိုး၏ ယဉ်ကျေးမှုနှင့်၎င်း ဆန့်ကျင်သော အကျင့်စာရိတ္တအပြုအမူ ဆင်ယင် ထုံးဖွဲ့မှု များကို ကြောက်လန့်စွာ ရှောင်ခွါ ပြုပြင်ခြင်းဖြင့် လောက၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးကို ခံစားရမည် ဖြစ်ပေသည်။

× + ×

## ( ၃၁-၇-၇၀ )

## နိဗ္ဗာန်

ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ဘုရား ရှိခိုးပြီးသည့် အခါ တိုင်းမှာဖြစ်စေ၊ အလှူဒါန ပြုပြီးသည့် အခါတိုင်းမှာ ဖြစ်စေ၊

'နိဗ္ဗာန်' ကို ရလွယ်ရောက်လွယ်သည့်ကိုယ် ဖြစ်ရပါလို၏ ဟူသော ဆုတူးဆုမြွက်ကို ဗုဒ္ဓဘာသာဝင်တိုင်း ဦးထိပ်ပန်ဆင်ပြီးတောင်းခဲ့ကြသည်ချည်း ဖြစ်သည်၊ သို့သော် နိဗ္ဗာန်ဆိုသော စကားလုံး၏ ဆိုလိုချက် အနက်အဓိပ္ပါယ်ကိုငင်း၊ နိဗ္ဗာန်ရောက်အောင် မည်သို့ ကျင့်ကြံအားထုတ်ရမည်ကိုငင်း၊ အလေးအနက် တွေးဆသိုက်နာ သူကား နည်းပါးပေသည်။ ရွှတ်ရိုးရွှတ်စဉ် ဆုတောင်းတခုအနေ ဖြင့်သာ ရွှတ်ဆိုနေသူများနေကြောင်း တွေ့ရသည်။ ထိုကြောင့် နိဗ္ဗာန်နှင့် ပတ်သက်၍ စာရေးသူ ဆည်းပူး ထားခဲ့မိသရွေ့ နား လည်သမျှ တင်ပြအပ်ပါသည်။

နိဗ္ဗာန်ဆိုသည်မှာ ရုပ်-နာမ် နှင့်ပတ်သက်၍ တွေ့ရ၊ကြုံရ၊ ခံစားရမည့် ဒုက္ခဆင်းရဲ အားလုံး ချုပ်ငြိမ်းရာဟု ဆိုလိုပါသည်။ ကုန်ဆုံး ပျောက်ကွယ်သွားရာဟုလည်း ဆိုနိုင်ပါသည်။ ကုန်ဆုံး ပျောက်ကွယ် ချုပ်ငြိမ်းခြင်း၏ ထင်ရှားသော သာဓကကို ပြရ မည်ဆိုလျှင် မြတ်စွာဘုရားနှင့်ပတ်သက်သော ပရိနိဗ္ဗာန်သုံးပါး ကို တင်ပြပါမည်။ ၎င်းတို့ကား (၁) ကိလေသာ ပရိနိဗ္ဗာန်။ (၂) ခန္ဓာ ပရိနိဗ္ဗာန်။ (၃) ဓါတု ပရိနိဗ္ဗာန် ဟူ၍သုံးပါးရှိ၏။

(၁) ကိလေသာ ပရိနိဗ္ဗာန်ကား၊ ဗောဓိ ညောင်ပင် ရွှေပလ္လင်ထက်၌ လေးအင်သော သစ္စာကို မြင်သိ၍ ဘုရားရှင် အဖြစ် ရောက်တော်မူသည့်အချိန်ကား၊ အလုံးစုံသော ကိလေသာ တို့ ချုပ်ငြိမ်းပျောက်ကွယ်ခဲ့ပြီဖြစ်၍ ကိလေသာပရိနိဗ္ဗာန်မည်၏။

(၂) ကုသိနာ ရုံပြည့် မာလာမင်းတို့၏ အင်ကြင်းရုံ၌ အလုံးစုံသော တရားကို ပယ်ဖြတ်၍ မြတ်သော အသခ်တခေါက် ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းသည်ကား ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့ ကုန်ခြင်း၊ ငြိမ်းခြင်း၊ ချုပ်ခြင်း ဖြစ်၍ ခန္ဓာပရိနိဗ္ဗာန် မည်၏။

(၃) မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော် နှစ်ပေါင်းငါးထောင် ကုန်ဆုံးသောအခါဝယ် ဇမ္ဗူဒီပါကျွန်း မြေအနှံ့တည်ရှိ သိတင်းသုံးနေသော မြတ်စွာဘုရား၏ ကြွင်းရစ်သမျှ ဓါတ်တော်မွေတော် အားလုံးသည်ရင်း၊ နဂါးပြည် နတ်ပြည်၊ ဗြဟ္မာပြည်၌ ရှိသမျှသော မြတ်စွာဘုရား၏ ဓါတ်တော် အားလုံးသည်ရင်း၊ သစ္စာလေးပါးကို သိမြင်၍ သဗ္ဗညုဘုရားရှင် အဖြစ် ရောက်တော်မူခဲ့ရာ နေရာဖြစ်သည့် မဟာဗောဓိ မဏ္ဍိုင်၌ အားလုံးကုန် စုဝေးပေမည်။ ထိုနေရာ၌ ဓါတ်တော် အားလုံး စုဝေးမိသောအခါ သက်တော်ထင်ရှား မြတ်စွာဘုရား၏ အသွင် သဏ္ဍာန်တော်အဖြစ်ဖြင့် စကြာဝဠာတသောင်းအနှံ့ ရောင်ခြည်တော် ထွန်းလင်းစေလျက် တရားဟောတော်မူမည်။ ထိုအချိန် ဝယ် ဖြည့်အပ်ပြီးသော ပါရမီရှိသူများစွာသော ပုဂ္ဂိုလ်တို့သည် ကျွတ်တမ်းဝင်ပေမည်၊ ထိုသို့ သတ္တဝါများကို တရား ဟောတော် မူပြီးမှ ဓါတ်တော် မွေတော် ဟူသမျှ လုံးဝ မကျန်ကြွင်းစေဘဲ ပျောက်ကွယ်သည်တိုင်အောင် ဓါတ်တော်များမှ တေဇောဓါတ် ထွက်ပြီး လောင်ကျွမ်းလေမည်၊ ဤသို့ ဓါတ်တော်မွေတော်များ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသည် ဓါတုပရိနိဗ္ဗာန်မည်၏။

ထိုကြောင့် နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းကွယ်ပျောက်ခြင်းဟု အနက်အဓိပ္ပါယ်ထင်၏။

ရုပ်နာမ်ခန္ဓာနှင့် မီးဟူသမျှ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကြီးကို တကယ်ဖြူစင်သော စိတ်စေတနာဖြင့် ရောက်လိုသော ဆန္ဒရှိရှိး မှန်ပါလျှင် ဦးစွာ ပထမ အစမ်းသဘောဖြင့် ယခု လက်ရှိဘဝနှင့် ပင် တွေ့ကြုံရမည့် နိဗ္ဗာန်ကလေးကိုရောက်အောင် ကြိုးစားကြရန် လိုပါသေးသည်၊ ဤနိဗ္ဗာန်ကလေးတား အဘယ်မှာနည်း၊ ထို

နိဗ္ဗာန်တလေးကား မိမိ၏ စိတ်နှင့်ခန္ဓာမှာ ရှိလေသည်၊ မည်ကဲ့သို့ ပါနည်းဆိုသော်-

လူတရာမှာ ကိုးဆယ့်ငါးယောက် များသော လူသည် စိတ်ယုတ်စိတ်ဆိုး အလိုဆန္ဒဆိုး၏ လှုံ့ဆော် ဆွဲဆောင်ချက်အတိုင်း ခန္ဓာကိုယ်ကြီးက လိုက်နာပြုမူသည်၊ ထိုဆိုးယုတ်သော စိတ်ဆန္ဒနှင့် ၎င်း၏ အလိုကျ လိုက်ပါသော ခန္ဓာကိုယ်ကြီး၏ ဆိုးယုတ်သော အပြုအမူများကို နိုင်နင်းစွာ တားဆီး ထိန်းချုပ် ပယ်ဖျက်နိုင်စွမ်း ရှိပါလျှင် အကုသိုလ်ကင်းကွာမည်၊ ဤကား-ဆိုးယုတ်သော စိတ်ဆန္ဒနှင့် အပြုအမူများ ချုပ်ငြိမ်း ပျောက်ကွယ်သွားသည် ဖြစ်၍ ပထမဆုံး အဆင့် အစမ်းနိဗ္ဗာန်ကလေးကို ရောက်သည်မည်၏၊ ထိုသို့ အကုသိုလ်တရား ကင်းကွာသူအဘို့ တကယ်အစစ်အမှန် နိဗ္ဗာန်ကြီးကို ရောက်အောင် ကြိုးစားရန်မှာ လွယ်ကူချောမောသွားပြီဖြစ်သည်၊ ထိုသို့မဟုတ်ဘဲ ဆိုးယုတ်သော စိတ်ဆန္ဒ အပြုအမူတွေကို ချုပ်ငြိမ်းကွယ်ပျောက်အောင် မကြိုးစားဘဲ လောဘ ဒေါသ မာန်မာနတွေ ဣဿာမစ္ဆရိယ စိတ်တွေကို ဒုစရိုက် ပွားများအောင် မွေးမြူထားပြီး နိဗ္ဗာန်ရောက်လိုပါ၏ဟုဆုတောင်းနေပါလျှင် အရာမထင် အကျိုးမရှိချေ၊ ခန္ဓာငါးပါး- ရုပ်နာမ် တရားနှင့် မီးဆယ့်တပါးတို့ ငြိမ်းရာချုပ်ရာ၊ ပျောက်ကွယ်ရာ နိဗ္ဗာန်ကို ဖြတ်လမ်းက အချောင်လိုက်၍ မရကြောင်း သဘော ပေါက်မိပါလျှင် ပေါ်ပြခဲ့သော ဆိုးယုတ်သည့် စိတ်ဆန္ဒအပြုအမူမျိုး ချုပ်ငြိမ်း ကွယ်ပျောက်စေမည့် အစမ်းနိဗ္ဗာန်ကလေး ရောက်အောင် ကြိုးစားနိုင်ကြပါစေသတည်း။

× × ×

## (၇-၄-၇၀)

## အဆွေခင်ပွန်း

လူဟူသည်မှာ တကိုယ်ထီးထီးနေ၍မဖြစ်ချေ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်း အသင်းအဖွဲ့ အပေါင်းအဖော် မိတ်ဆွေသင်္ဂဟ ဟူ၍ ရှိရမည်သာ ဖြစ်ပေသည်။ ထိုသို့ အပေါင်းအဖော် မိတ်ဆွေသင်္ဂဟ ဖွဲ့ရမည်ရှိသော် သတိပညာဖြင့် ဆင်ခြင်သုံးသပ်ချင့်ချိန်၍ အဆွေခင်ပွန်းအဖြစ် လက်ခံပေါင်းဖော်သင့်သူကိုသာ အဆွေခင်ပွန်းဖွဲ့ရာသည်။ လက်ခံ ပေါင်းဖော်ရန် မသင့်လျော်သောသူကို အဆွေခင်ပွန်းအဖြစ် မဖွဲ့သင့်ချေ။

ယခု မျက်မှောက်ကာလဝယ် များပြားလှစွာသော လူငယ်လူရွယ် အမျိုးသမီး၊ အမျိုးသား ကလေးများသည်၎င်း၊ လူလတ်ပိုင်း လူကြီးပိုင်းမှ အချို့သူတို့သည်၎င်း၊ မပေါင်းအပ်သော အဆွေခင်ပွန်းကို လက်ခံပေါင်းဖော်မိခြင်းဖြင့် အမျိုးဇာတိမာန်ပျက်ရသူများရှိသည်။ အမျိုးယဉ်ကျေးမှုကို ပစ်ပယ်လာသူများရှိသည်။ အကျင့်စာရိတ္တ ပျက်စီးလာကြသည်။ စိတ်ဓါတ်ပြောင်းပြန်လာကြသည်။ ဘာသာတရားကို ရှိသေကိုင်းရှိုင်းမှု ကင်းမဲ့လာကြသည်။ မိဘ ဆရာသမားများကို မိုက်ရိုင်းစော်ကား ပြစ်မှားလာကြသည်။ အဆွေခင်ပွန်းယုတ်များ၊မကောင်းသော အဖော်သဟဲများသည် ယခုကာလ သာမန်လူသားများကို ဖျက်ဆီးနှောင့်ရှက် ဒုက္ခပေးသည်မှာ အံ့ဩဘွယ်မဟုတ်ချေ။ ရှေးယခင် မြတ်စွာဘုရား လက်ထက်တော်ကပင် ယခုခေတ် လူသာမာန်တို့ထက် ရင့်သန် မြင့်မြတ်သော ပုဂ္ဂိုလ်များကို ဖျက်ဆီး နှောင့်ရှက်ခဲ့ကြဘူးပြီဖြစ်၏။

ဗုဒ္ဓဘာသာဝင်တိုင်းပင် သိပြီးဖြစ်သော အဇာတသတ်မင်းကား မြင့်မြတ်သော ဇာတိဖြင့် တိဟိတ်ပဋိသန္ဓေ နေသောသူဖြစ်လျက် အဆွေခင်ပွန်းယုတ်ဖြစ်သော ဒေဝဒတ်နှင့် ပေါင်းမိသောကြောင့် ဖခင်ကို သတ်ခဲ့သည်။ မြတ်စွာဘုရားကို ဒေဝဒတ်လုပ်ကြံရာမှာ များစွာသော အကူအညီကို ပေးခဲ့သည်၊ အဆွေခင်ပွန်းယုတ်ကြောင့် မလုပ်သင့်သော အလုပ်တွေကို လုပ်မိသဖြင့် ခံစားရသော အကျိုးကား အမြဲဘဝေ စိတ်ဆင်းရဲ နေရသည်၊ ဒေဝဒတ်နည်းတူ မြေမျိုခံရမည်လော ဟူသောအတွေးဖြင့်အစဉ် ထိတ်လန့်တုန်လှုပ်နေရသည်၊ နောင်တ သံဝေဂစိတ်ဖြင့် မြတ်စွာဘုရားကို အလွန်အမင်း ကြည်ညိုဆည်းကပ်ပါလျက်နှင့် အဆွေခင်ပွန်းယုယ်ကိုမှီ၍ ဖြစ်ရသော အကုသိုတ် ကြီးမားလှ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ဘဲ ဆုံးရှုံးရလေသည်၊ သေသည်၏အခြားမဲ့၌ လောဟကုမ္ဘိငရဲမှာ ဆင်းရဲကြီးစွာ ခံရလေသည်။

မကောင်းသော အသင်းအဖွဲ့ အပေါင်းသဟဲ၏ နှောင့်ရှက်ခြင်းခံရသူကား ဗုဒ္ဓမြတ်စွာ ကိုယ်တော်ဘိုင်ပင် ဖြစ်ချေသည်၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် ဝစ္စကုဋိဝယ် သန့်သက်ခွက်၌ရေကြွင်းသွားသည့် ကိစ္စကလေးကို အကြောင်းပြုပြီး ခိုင်ရန်ငြင်းခုန်ဖြစ်ပြီး နှစ်သင်းကွဲလေသည်၊ ထိုရဟန်းတို့ကို အကြောင်းပြု၍ ကိုးကွယ်သော လူနတ်ပြဟ္မာတို့ပါ နှစ်စုကွဲကြလေသည်၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ ခိုက်ရန်ငြင်းခုန်မှု ပြေပျောက်စေရန် အမျိုးမျိုးသော သာဓကကို ဟောပြဆုံးမသော်လည်း မနာယူကြချေ၊ မြတ်စွာဘုရား၏ အဆုံးအမကို မနာခံသည့် အပေါင်းအဖော်ဆိုး ရဟန်းတို့နှင့် ဆက်လက်နေထိုင်ခြင်းဖြင့် အကျိုးမဲ့သာ ဖြစ်ရသည်ကို သိမြင်တော်မူသော မြတ်စွာ

ဘုရားသည် အပေါင်းအဖေါ် ရဟန်းဆိုးတို့ကို စွန့်ခွာ၍ ကိုယ်တော်ထီးသာ ပါလိလေယျတောအုပ်သို့ ဝင်လာခဲ့၏။

ထိုတောအုပ်မှာနေသော ပါလိလေယျဆင်ပြောင်သည် ဆင်အုပ်နှင့်ရောနေရသည်မှာ အနေအစား ဆင်းရဲခြင်း အနှောင့်အယှက်များခြင်းကြောင့် ငြီးငွေ့၍ တစီးထည်းသာ ခွဲထွက်လာခဲ့ရာတွင် အင်ကြင်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို မြင်လျှင် ငါကဲ့သို့ပင် အပေါင်းအဖေါ်ကို ငြီးငွေ့လာသူပေတည်းဟု ဆင်ခြင်မိ၍ မြတ်စွာဘုရား ခြေတော်ကို ဦးဖြင့်ခိုက်၏၊ ထိုအခါ မြတ်စွာဘုရားက 'အချင်းပါလိလေယျ မကောင်းသော အပေါင်းအဖေါ်နှင့် အတူနေခြင်းကား များစွာသော စိတ်ဆင်းရဲရှိ၏၊ များစွာသောအကျိုးဆုတ်ယုတ်ခြင်းရှိ၏၊ မိမိ၏ ချမ်းသာကို ရှာလိုသော သတ္တဝါသည် လိမ္မာနူးညံ့သော မြင့်မြတ်သော အဆွေခင်ပွန်းကောင်းကို မရသည်ရှိသော် သူယုတ်များနှင့် မပေါင်းဖေါ်ဘဲ တယောက်ထည်းနေရခြင်းက မြတ်၏' ဟု ဟောတော်မူ၏။

မြတ်စွာဘုရား၏ တရားစကားသည် အနှစ်သာရ ရှိလှပေသည်၊ မိမိအား အကျိုးစီးပွား အကျင့်စာရိတ္တ ဆုတ်ယုတ်ပျက်စီးအောင် သွေးဆောင် ဖြားယောင်းတတ်သော အဆွေခင်ပွန်းယုတ်ကို ပေါင်းဖေါ်မည့် အစား၊ တကိုယ်ထီးထီး နေခြင်းက အကုသိုလ်နည်းသည်၊ ဆိတ်ငြိမ် အေးချမ်းသည်၊ သူတပါးတို့ စက်ဆုပ်ရွံရှာခြင်းမှ ကင်းဝေးသည်၊ မိမိ၏ ဘဝတည်တံ့ဖြောင့်မှန်သည်၊ လောကအနေဖြင့်လည်း မင်းပြစ်မင်းဒဏ်မှုရင်း၊ လက်တုံ့ပြန်လိုသူတို့ ဘေးအန္တရာယ်မှုရင်း ကင်းဝေးစေသည်၊ လောကုတ္တရာအနေဖြင့်လည်း ကောင်းသောတမလွန်ဘဝသို့သာဆောက်ရပေမည်၊ ထို့ကြောင့် လူ၏ဘဝမှာ အပေါင်း အသင်း အဖေါ်

သဟဲအဆွေခင်ပွန်း ပြုရမည့်သူကို သတိကြီးစွာထားကာကောင်းမွန်မြင့်မြတ်လိမ္မာသောသူများ အပြစ်ကင်းသည့် အတတ် ပညာရှင်များကိုသာ ရွေးချယ်၍ အဆွေခင်ပွန်းဖွဲ့သင့်ပေသည်။

× × ×

(၁၄-၆-၇၀)

## သန္တုဋ္ဌိ

သန္တုဋ္ဌိ ရသမျှ-ရှိသမျှဖြင့် ရောင့်ရဲလွယ်ရခြင်းသည်မင်္ဂလာတပါးဟူ၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မင်္ဂလသုတ္တန်ဒေသနာတော်တွင် အထင်အရှား ပါရှိသည်ကို ဗုဒ္ဓဘာသာဝင်တွေထဲ၌ အများသည် ကောင်းစွာ သိကြပြီးသား ဖြစ်ပေသည်။

ရောင့်ရဲလွယ်သော စိတ်ဓာတ်သည် လူသားတဦး၏ အတွင်းစိတ်မှာ ခိုင်မြဲစွာမွေးထားနိုင်မည်ဆိုလျှင် ထိုသူအဘို့ အတုမရှိသော စိတ်၏ ချမ်းသာခြင်း၊ မငံးပြစ်မင်းဒဏ်မှ ကင်းဝေးစေနိုင်ခြင်း၊ နတ်ရွာနိဗ္ဗာန်ကို ရောက်စေနိုင်သော အခြေခံအချက်တခု ပြည့်စုံခြင်း၊ တပါးသော သူတို့၏ မလိုမုန်းထား ရန်ရှာခြင်းမှ ကင်းဝေးစေခြင်း စသည့်ဖြင့် ဘေးရန်အပေါင်းမှ ရှောင်ခွါနိုင်ပြီး အေးငြိမ်းသောသုခဖြင့် ချမ်းသာစေသည်၊ အဘယ့်ကြောင့်ဆိုသော် မိမိ၏ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် ရှာဖွေရရှိသမျှ ပစ္စည်းဥစ္စာမှာ ကျေနပ်မှုမရှိနိုင်ဘဲ ထိုသက်အလွန် ရယူလိုခြင်း၊ လောဘဖိစီးလာလျှင် ငါမရလေခြင်း၊ ငါမဖြစ်ရလေခြင်း ဟူသော စိတ်ဆင်းရဲမှုကြီး ဖိစီးလာချေမည်။ ထိုအခါ ဘယ်မှာလျှင် စိတ်ချမ်းသာဘော့မည်နည်း၊ ရသမျှဖြစ်သမျှဖြင့် ရောင့်ရဲကျေနပ်မှုရှိ

မှသာ စိတ်ချမ်းသာပေမည်၊ မရောင့်ရဲ မကျေနပ်၍ လိုချင်သောဘ ဖိစီးလာသောအခါ တော်၏၊ မတော်၏၊ လုပ်သင့်၏၊ မလုပ်သင့်၏ဟု မဆင်ခြင် မတိုင်းဆနိုင်တော့ချေ၊ လောဘ ဆွဲဆောင်ရာသိုက်ကာ နည်းမျိုးစုံဖြင့် ပစ္စည်းရှာသည်၊ ရာထူးလုသည်၊ ထိုအခါ ဥပဒေဖြင့် ငြိစွန်းဘွယ်အကြောင်းတွေပေါ်လာ၏၊ မင်းပြစ် မင်းဒဏ်ကို ခံရလေတော့သည်၊ ရင်းမြင် မရောင့်ရဲနိုင်သည့်အလျောက် မိမိရယူရေးကိုသာ တဘက်သပ် လုပ်ဆောင်ခြင်းဖြင့် မလိုမုန်းသားသူ များပြားလာ၍ ရန်ရှာခြင်းကို ခံရတတ်ချေသည်။

ဤသို့သော စိတ်ဆင်းရဲမှုတွေ မင်းပြစ် မင်းဒဏ်တွေ မလိုမုန်းထား၍ ရန်ရှာခြင်းခံရမှုတွေကို ဥပမာ ပြရမည်ဆိုလျှင် မင်းမှုထမ်းတယောက်သည် မိမိ၏ လက်ရှိရာထူးနှင့် လစာဝင် ငွေကို မရောင့်ရဲနိုင် မကျေနပ်နိုင်၍ တန်ခိုးအာဏာ ပိုမိုကြီးမားလိုသည်၊ ငွေကြေးကို သန်းကြွယ်သူဌေးကြီးများနည်းတူသုံးဖြုန်းလိုသည်၊ ထို့ကြောင့် ရာထူးကြီးကြီး ရအောင် မသာမာသော နည်းဖြင့် ကြိုးစားသည်၊ ငွေကြေးဖြုန်းတီးနိုင်အောင် လာဘ်တံစိုး လက်ခံစားသည်၊ မယူထိုက် မစားထိုက်သော ပစ္စည်းကို မည်သူ့မျက်နှာမှ မထောက်ဘဲ သိမ်းယူစားသုံးသည်၊ ဤအကြောင်းတွေကြောင့် ဥပဒေနှင့်ငြိစွန်းလာသည်၊ လူမုန်းများသည်၊ ချက်ကောင်းကြည့်နေသူတွေက အတင်းတွန်းချခြင်းခံရသည်။ အချို့မှာကား ဥပဒေနှင့် အရေးမယူနိုင်အောင် လိမ္မာပါးနပ်လွန်း၍ရင်း၊ မည်သူကမှ အံ့တုံ့သော အကြောင်းများကြောင့်ရင်း၊ ဿန္တုဋ္ဌိစ တရားတော်ကို လျစ်လျူရှုထားကောမူ ပြုထားခဲ့သမျှ အကုသိုလ်ဘရားများက ပြင်းပြင်းထန်ထန် စီရင်ဒဏ်ခတ်ခြင်းကို မရှုမလှခံရတတ်ချေသည်၊ ဤမရောင့်ရဲနိုင်သော လောဘ

တရားကြောင့်ပင် ဒေဝဒတ်ရဟန်း ပျက်စီးခဲ့ရခြင်း ဖြစ်လေသည်။

လောကီစျာန်တန်ခိုးကိုရသော ဒေဝဒတ်ရဟန်းအား အဇာတသတ် မင်းသားငယ်သည် များစွာအထင်ကြီး၍ ကြည်ညို ကိုးကွယ်ထား၏၊ ငါးရာမျှသောက်သော ဆွမ်းဝတ်ကို မပြတ်ဘည်၏ ထိုအခါ ဒေဝဒတ်ရဟန်းသည် မိမိရရှိသော လာဘ်ပူဇော်သက္ကာမျှဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိချေ၊ ထိုထက်လွန်၍ လိုချင်တောင့်တလာ၏၊ ထိုသို့ လာဘ် ပူဇော် သက္ကာကို လွန်စွာတောင့်တခြင်းဖြင့် သူတော်ကောင်း တရားကို အားမထုတ် နိုင်တော့ဘဲ မြတ်စွာဘုရား၏ နေရာကို ရည်မှန်းလာသည်၊ ဘုရားကိုပယ်၍ သံဃာတော်များကို ဆောင်အံ့ဟု မအပ်သော အကြံကို ကြံသည်၊ ခဏဌ ရရှိပြီးသော လောကီစျာန် တန်ခိုးသည် ကွယ်ပျောက်ခဲ့ရသည်၊ ထိုမှဘပါး၊ မိမိ၏ရဟန်းနေရာမှာ မရောင့်ရဲနိုင်ဘဲ မြတ်စွာဘုရား၏ နေရာကို လုလိုသောဆန္ဒဖြင့် ဘုရားအား များစွာသော ပြစ်မှားခြင်းကိုပြု၍ အရှင်လတ်လတ်မြေမျိုခံခဲ့ရလေသည်၊ မိမိပြုသောအကုသိုလ်တရားက မိမိကို ပြန်စီရင်ခြင်းဖြစ်၏၊

ဒေဝဒတ် ရဟန်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဤသို့သော တရားစကားကို မြွက်ကြားတော်မူခဲ့၏။

'ရဟန်းတို့ ငှက်ပျောပင်သည် ပျက်စီးအံ့သောငှာ အသီးကို သီးသကဲ့သို့၎င်း၊ ဝါးပင်သည် သေခြင်းငှာ ဝါးသီးကို သီးသကဲ့သို့၎င်း၊ ကျူပင်သည် သေခြင်းငှာ အသီးကို သီးသကဲ့သို့၎င်း၊ အဿတရမြင်းမသည်သေခြင်းငှာ ကိုယ်ဝန်ဆောင်သကဲ့သို့၎င်း၊ ထို့အတူ စိတ်နှလုံးထား ယုတ်မာသော သူတို့အား သေခြင်းငှာ လာဘ်ပူဇော် သက္ကာတို့ ပြန့်ပွားခြင်းက သတ်ဖြတ်ဖျက်ဆီးတတ်၏'

တို့ကြောင့် ရာထူးရာခံ တန်ခိုးအာဏာ ရှိသူများသည်ရှင်း၊ ကုန်သန်းရောင်းဝယ်ခြင်းဖြင့် စီးပွားဥစ္စာ ရှာဖွေသူများသည်ရှင်း၊ မိမိတို့နှင့် သင့်လျော်လျောက်ပတ်သော ရာထူးနေရာ ဥစ္စာအင်အားဖြင့် ရောင့်ရဲကျေနပ်ကာ စိတ်ချမ်းသာအောင် နေတတ်ရန် အရေးကြီးပေသည်။ လက်ရှိအခြေအနေထက် ကျော်လွန်တောင့်တပြီး ရာထူးရှိသူတို့ကလည်း လာဘ်တံစိုး ပူဇော်သက္ကာကိုဘောင်တမက်မောလျှင် စီးပွားရေးသမားများကလည်း ပစ္စည်းဥစ္စာ များစွာရအောင် မတရားသောနည်းကို သုံးလျှင် တဘက်သောသူက လက်တုံ့မပြန်ခဲ့စေကာမူ မိမိအကုသိုလ်တရားက မိမိအား ပြန်လည်စီရင် တတ်ကြောင်း နှလုံးသွင်း သုံးသတ်ဆင်ခြင်အပ်လှပေသည်။

× × ×

( ၂၁ · ၄ · ၇၀ )

အနံ့ဆိုး

လူသား တဦးတယောက်အနေဖြင့် မိမိ၏ကိုယ်ခန္ဓာကိုလည်း မွှေးကြိုင်နေစေလိုသည်။ မိမိ၏နှာမည်ကိုလည်း ကောင်းသောရနံ့လို သင်းပျံ့ကျော်ကြားနေစေလိုသည်၊ ထို့ကြောင့် လူသားတိုင်းသည် မိမိအဆင့်အတန်းအလိုက် စွမ်းဆောင်နိုင်သမျှ ကိုယ်ခန္ဓာကို သန့်ရှင်းအောင်ဆေးကြော၍၊ အမွှေးနံ့သာဖြင့် ပက်ဖြန်းလိမ်းကျံထား၍၊ မိမိ နာမည်ကောင်းသတင်း သင်းပျံ့စေရန် ကြိုးစားကြ၏၊ ထိုသို့ မွှေးကြိုင်သင်းပျံ့ ကျော်ကြားလိုသော လူသားတိုင်းသည် မည်မျှပင် အဘိုးတန်သော အမွှေးနံ့သာကို မိမိတို့ကိုယ်ပေါ် လိမ်းကျံပက်ဖျန်းစေကာမူ မိမိတို့ နာမည်သတင်း မွှေးပျံ့ခြင်းဖြစ်အောင် မည်မျှပင် အပင်ပန်းခံကြိုးစား

နေစေကာမူ မိမိတို့ကိုယ်တွင်ငင်း၊ စိတ်တွင်ငင်း စွဲမြဲတွယ်ကပ်နေသော ပုပ်ညှိသည့် အနံ့ဆိုးကို ပယ်ချတ်ခြင်းမပြုနိုင်သေးသမျှ အဘိုးတန် အမွှေးနံ့သာများဖြင့် အပင်ပန်းခံ ကြိုးစားခြင်းများသည် အရာထင် အကျိုးရှိနိုင်မည် မဟုတ်ချေ။ ထိုပုပ်ညှိသော အနံ့ကို ပယ်ချတ်နိုင်မှသာလျှင် တန်ဘိုးဖြတ်မရသော အမွှေးရနံ့ထုံလှိုင်၍ လောက သံသရာ၊ နှစ်ဖြာသောကောင်းကျိုးကို ခံစားရမည်ဖြစ်၏၊ ထိုပုပ်ညှိသော အနံ့ဆိုးကား အဘယ်နည်း။

ရှေးအခါက ပြည့်ရှင်မင်းခြောက်ပါးတို့အား သွန်သင်ဟောပြဆုံးမခြင်းပြုရသော မဟာဂေါဝိန္ဒ အမည်ရှိသော ပုရောဟိတ်ပုဏ္ဏားတယောက်သည် ဗြဟ္မာမင်းနှင့် တွေ့လိုသော ဆန္ဒရှိ၏။ ထို့ကြောင့် မိုးလေးလပတ်လုံး တကိုယ်ထီးထီးသာလျှင် ကရုဏာဈာန်ကို ပွားများ၍ စင်ကြယ်စွာ တရားအားထုတ်ခြင်းဖြင့်ဗြဟ္မာမင်းကို တွေ့ရန်ဆန္ဒပြု၏၊ ထိုအခါ ပုဏ္ဏားစိတ်အကြံကို သိသော သနင်္ကုမာရဗြဟ္မာသည်ပုဏ္ဏားရှေ့မှောက် ကိုယ်ထင်ပြ၍ အဘယ်စိတ်ဆန္ဒကြောင့် တွေ့လိုသနည်းဟု ပုဏ္ဏားကိုမေး၏၊ မဟာဂေါဝိန္ဒ ပုဏ္ဏားက ဤသို့ ပြန်လည် မေးမြန်းသည်။

"အဘယ်ကဲ့သို့သော တရားမျိုးကိုကျင့်လျှင် ဗြဟ္မာ့လောကသို့ရောက်နိုင်သနည်း"

သနင်္ကုမာရ ဗြဟ္မာက အောက်ပါအတိုင်း ဖြေသည်။

"အသင်ပုဏ္ဏား ပစ္စည်းဥစ္စာကို စွန့်ပယ်၍၊ မေထုန်ကို ရှောင်ကြဉ်၍၊ တယောက်ထဲနေ၍၊ ကရုဏာဈာန်ဝင်စား၍၊ ပုပ်ညှိသော အနံ့မှကင်း၍၊ တရားကျင့်သောသူသည် ဗြဟ္မာ့လောကသို့ရောက်နိုင်သည်"

သနင်္ကုမာရ ဗြဟ္မာ အဖြေတွင် ပုပ်ညိသောအနံ့ ဆိုသည် မှလွဲ၍ မဟာဂေါဝိန္ဒ ပုဏ္ဏားအားလုံးနားလည်သည်၊ ထို့ကြောင့် ပုဏ္ဏားသဘောမပေါက် နားမလည်သော ပုပ်ညိသည့်အနံ့ဟူ သည်ကို သနင်္ကုမာရ ဗြဟ္မာက ဤသို့ ရှင်းလင်းဖြေဆို၏။

''အသင်ဂေါဝိန္ဒ ပုဏ္ဏား အမျက်ထွက်ခြင်း၊ လိမ်လည်ခြင်း လှည့်စားခြင်း၊ ကျေးဇူးရှင်နှင့် အဆွေခင်ပွန်းကို ပြစ်မှားခြင်း၊ စေးနဲခြင်း၊ အလွန်မာန်မာန မူဘတ်ခြင်း၊ ငြူစူခြင်း၊ လိုချင်သောဘ ကြီးခြင်း၊ ဝန်တိုခြင်း၊ သူတပါးကို ညှဉ်းဆဲခြင်း၊ တပ်မက်မောတက်ခြင်း၊ စိတ်ဆိုးဘတ်ခြင်း၊ မာန်ယစ်ခြင်း၊ တွေဝေခြင်းဟူသော ဤဘရား တဆဲ့လေးပါးတို့ ယှဉ်တွဲပူးကပ်နေသော သတ္တဝါသည် ပုပ်ညိသော အနံ့ရှိ၏၊ အပါယ်သို့သာ လားရ၏။ ဗြဟ္မာပြည်သွားရာလမ်း ပိတ်၏''

သနင်္ကုမာရ ဗြဟ္မာ၏ အဖြေကား လေးနက် မှန်ကန်လှပေသည်။ ယခုခေတ်လူသားဘိုင်းသည် ဤတရား တဆဲ့လေးပါးနှင့် မည်သူမှ မကင်းကြချေ။ အချို့က တဝက်ဘစိတ် ပူးကပ် ယှဉ်တွဲနေသည်၊ အချို့က အပြည့်အဝ ပူးကပ်ယှဉ်တွဲနေသည်၊ ဤတရား တဆဲ့လေးပါးကား မြတ်စွာဘုရား ဟောကြားတားမြစ်ခဲ့သည့် ဒုစရိုက်တရားများသာ ဖြစ်၏၊ ဗြဟ္မာလောကကို သွားရာလမ်းကိုလည်း ပိတ်ဆားသော ဒုစရိုက်တရားများ ဖြစ်ချေ၏၊ ဤတရားများသည် တမလွန်လောကအတွက် အကျိုးဆုတ်ယုတ်သည်သာ မက ယခု မျက်မှောက် လောကမှာပင် လူသား အချင်းချင်း အကြင်နာတရား နဲပါးစေပြီး ပျက်စီးစေ၊ သေကြေစေသည်မှာ အထင်အရှားပင် ဖြစ်သည်။

ထို့ကြောင့် လူသားတဦးတယောက်သည် အဘိုးတန် အမွှေးနံ့သာ အရည်အမှုန့်များဖြင့် မိမိကိုယ်ခန္ဓာကို ပက်ဖျန်းလိမ်းကျံ

ထားခြင်းဖြင့် မည်မျှပင်မွှေးနေစေကာမူ ထိုအနံ့ကား တာရှည် တည်တံ့ခိုင်မြဲ စွဲနေသော အမွှေးနံ့မျိုး မဟုတ်ချေ။ တဒင်္ဂဟန် မျှသာ မွှေးယောင်ယောင် ထင်ရပြီး ပျောက်ကွယ် လွင့်ပါးသွား သည်သာ ဖြစ်သည်၊ ခရီးမြေတာ ဝေးကွာသည့် ဒေသသို့လည်း ထိုသူသည် မွှေးကြိုင်နေ၏ဟူ၍လည်း သတင်း ပျံ့လွှန်ခြင်းမရှိ ချေ။ အထက်ဖော်ပြခဲ့သော ပုပ္ဖိမ်နံ့ တဆဲ့လေးပါး စွဲကပ် ပူးယှဉ်နေသရွေ့ ထိုသူ၏ထံပါးသို့ မည်သူမျှ ကြည်ပျူစွာ ချဉ်း ကပ် ပြောဟော တိုင်ပင်ခြင်း၊ ချစ်ခင်မြတ်နိုးစွာ မိတ်ဆွေဖွဲ့လို ပေါင်းသင်းလိုခြင်း ရှိမည်မဟုတ်ချေ၊ လွဲရှောင်မရ၍ ချဉ်းကပ်ရ စေကာမူ ပုပ္ဖိမ်နံ့ တဆဲ့လေးပါးကို ရွံရှာ စက်ဆုပ်ခြင်းဖြင့် အတွင်းကျိတ် နှာခေါင်းရှုံ့ မုန်းတီးနေမည်သာ ဖြစ်၏၊ ထိုသူ ကိုယ်မှာ လိမ်းကျံထားသော အမွှေးနံ့သာများက ပုပ္ဖိမ်နံ့ကို မလွှမ်းမိုးနိုင်ချေ။ ထိုပုပ္ဖိမ်နံ့ တဆဲ့လေးပါး ကင်းကွာသူကို ကား မည်သည့် အမွှေး နံ့သာမျှပင် မကူစေကာမူ လူခပ်သိမ်း တို့ နှစ်လိုမြတ်နိုးခြင်းဖြင့် ချဉ်းကပ်ပြောဟောခြင်း၊ မိတ်ဆွေဖွဲ့ခြင်း တိုင်ပင် ပေါင်းသင်းခြင်းပြုမည်သာ ဖြစ်၏။ ထို့ကြောင့် အမွှေး နံ့သာ မဖုံးလွှမ်းနိုင်သည့် ပုပ္ဖိမ်နံ့ တဆဲ့လေးပါး ကင်းကွာ အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

× × ×

## ရှိခိုးတောင်းခံခြင်း

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့ ကြည်ညို မြတ်နိုး ကိုးကွယ် ယုံကြည်ရာ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့သော တရားတော်များသည် မည်မျှ နက်နဲ သိမ်မွေ့ကြောင်း၊ လူ၏

စိတ်ဓါတ်ကိုရင်း၊ အားမာန် ကိုရင်း၊ အကျင့် စာရိတ္တကိုရင်း မည်မျှလောက် ပြုပြင်ထားကြောင်းများကို အသေးအနက် ဆင်ခြင် သုံးသပ်သူများရှိသလို ဗုဒ္ဓဘာသာ အမည်ခံပြီး ပေါ့ပေါ့တန်တန် နေသူများလည်း ရှိပေသည်။ ဗုဒ္ဓဘာသာကို လေးလေးနက်နက် သက်ဝင်ယုံကြည်သူသည် ဘာသာတရား၏ ဆိုလိုချက်ကိုလည်း သသောပေါက် နားလည်၏။ ထိုသူအဘို့ ဘဝကို မည်ကဲ့သို့ ရပ်တည်ပါသနည်းဆိုသော် အကျင့်စာရိတ္တကို အစွန်းအငြိမရှိအောင် နေထိုင်သည်။ ဇာတိမျိုးရိုးနှင့်ပတ်သက်၍အယုတ်အလတ် အမြတ်မရွေး သင့်တင့်အောင် ဆက်ဆံသည်။ မိမိကိုယ်ပိုင် အားမာန်ကိုသာ ယုံကြည်အားကိုး၍ အမှုကိစ္စဟူသမျှ ပြီးမြောက်အောင် ကြိုးစားဆောင်ရွက်သည်။ အနန္တော အနန္တ ငါးပါးမှလွဲ၍ ယုံကြည်ကိုးကွယ်ရာ မရှိဟူသော စိတ်မြဲသည်၊ ထိုသို့သော ဗုဒ္ဓဘာသာ စစ်စစ်တယောက်သည် အကုသိုလ်တရား ကင်းကွာ၍ သူတော်ကောင်း တရားနှင့် ပြည့်စုံအံ့။ ထိုပုဂ္ဂိုလ်မျိုးကား နတ်တို့၏ အပူဇော်ကိုပင် ခံရကြောင်း ကျမ်းဂန်၌ အထင်အရှား ရှိပေသည်။

မိရိုးဖလာ အစဉ်အဆက်သာ ဗုဒ္ဓဘာသာဝင်ဖြစ်၍သာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားသူ အချို့သော ပုဂ္ဂိုလ်တို့ကား ဘာသာတရားကို အသေးအနက် လေ့လာ လိုက်စားခြင်းလည်း မပြုကြချေ။ ထိုအချို့ထဲတွင် ပါဝင်သော ပုဂ္ဂိုလ်တို့သည် အကျင့်စာရိတ္တနှင့်ရင်း၊ ပေါင်းသင်းဆက်ဆံမှုနှင့်ရင်း၊ ကိုယ်ပိုင်အားမာန်ကို မမွေးဘဲ ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးခြင်း ကင်းမဲ့မှုနှင့်ရင်း ချွတ်ယွင်းချက် အမျိုးစုံတို့ကြောင့် စိတ်သောက ဖြစ်ဖွယ်သော အမှုကိစ္စများ ကြုံရတတ်ချေသည်။ ထိုသို့ ကြုံရသောအခါ ကိုယ်စွမ်း ကိုယ်စ ကိုယ့်အားမာန် ကိုယ်ကြိုးစားချက်ဖြင့် ပြဿနာ

ကို ဖြေရှင်းရန် စိတ်မကူးကြတော့ချေ။ အမျိုးမျိုးသော နတ်ထွေကို ငွေကုန်ခံ ပူဇော်ပသ၍ မိမိ အမှုကိစ္စ အောင်မြင်ပြီးပြေပါစေကြောင်းကိုသာ တိုးလျှိုးတောင်းပန်ကြတော့သည်။ ထိုအမှုအကျင့်ကား ပြုမူသူအဘို့ ကိုယ်စွမ်း ကိုယ်စ တုံးစေသည်။ စိတ်ဓါတ် ပျော့ညံ့သွားစေသည်။ အချောင်ခို တောင်းပန်ပြီး သက်သက်သာသာ ကိုယ်ကျိုး ခံစားလိုသော ဆန္ဒမျိုး ကြီးမားလာစေသည်။ ယနေ့ခေတ် အခါတွင် ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ကူညီစေမည့် နတ်ဟူ၍လည်း ရှိမည်မဟုတ်ဟု စာရေးသူ ယူဆမိပါသည်။

နတ်တို့ကို ရှိခိုး၍ လိုရာဆုကို ပျော့ညံ့သောစိတ်ထားပြီး တိုးလျှိုး တောင်းယူနေခြင်းနှင့် မိမိအား နတ်တို့က ရှိခိုး ပူဇော် ခံရခြင်း အကြောင်းနှစ်ပါးတွင် မည်သည့် အကြောင်းက မြတ်ပါသနည်း။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သူတော်ကောင်းတရားအတိုင်း လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်၊ မိဘဆရာသမားကျေးဇူးပြုထားသောသူတို့အား ရိုသေလေးမြတ်လုပ်ကြွေးမွေးမြူသော ပုဂ္ဂိုလ်တို့အနေဖြင့် မည်သည့် နတ်ကိုမှ ရှိခိုးပြီး ဆုတောင်းနေရန် မလိုချေ။ မိမိကိုယ်နှိုက်က သူတော်ကောင်း တရားနှင့် ပြည့်စုံ၍ အပြစ်ကင်းစင်ပြီးသူ တည်ကြည်သောသူဖြစ်ပြီး ရကား စိတ်သောကဖြစ်ဖွယ် အမှုကိစ္စများ တွေ့ကြုံရန် ခဲယဉ်းပေမည်၊ တွေ့ကြုံပါကလည်း စိတ်ဘားခိုင်မာတည်ကြည်ပြီးဖြစ်၍ တုန်လှုပ်ခြင်း ကင်းပေမည်။ တုန်လှုပ်ခြင်းကင်းသော သူအဖို့ စိတ်ကူးရရာ နတ်ဘေကို ရှိခိုးတောင်းပန်ခြင်းဖြင့် အမှုကိစ္စ ပြီးပြေမည်မဟုတ်ကြောင်း စဉ်းစားဆင်ခြင်မိပေမည်။ ထိုအခါ မည်သည့်နတ်ကိုမှ ရှိခိုးတောင်းပန်ခြင်း ပြုတော့မည်မဟုတ်ဘဲ ကိုယ်စွမ်း ဉာဏ်စွမ်း

ကိုသာ ထုတ်ပြီး မိမိကိုယ်ကိုသာလျှင် အားကိုးဆောင်ရွက်တော့မည် ဖြစ်သည်။

ဥပမာပြရမည်ဆိုလျှင် ကျောင်းသားတယောက်သည် မိဘဆရာတို့၏ ဆုံးမစကားကို နားမထောင်ဘဲ ကျောင်းစာကို ဂရုမစိုက် ပစ်ပယ်ထားခဲ့သည်။ သို့သော် သူများနည်းတူ စာမေးပွဲကို အောင်လိုသည်။ ထိုအခါ ဘောင်းတော်ဘိုးတော်၊ ဝတ်သဲတော်ဘိုးတော်၊ ရေအိုးစင်ဘိုးတော်၊ အကုန်ခံပြီး နတ်တွေကို ပူဇော်ပသဆုတောင်းသည်။ သို့သော် ထိုကျောင်းသား၏ အဖြေလွှာကို နတ်တွေက စစ်ဆေးကြည့်ရှုနေခြင်း မဟုတ်ချေ။ စာမေးပွဲအောင်ရန် မည်သို့ကူညီနိုင်မည်နည်း။ ထိုကျောင်းသားအဘို့ စိတ်ဓါတ်ပျော့ညံ့ခြင်း၊ အချောင်ရလိုခြင်း စသည့် အကျင့်စာရိတ္တ ထိခိုက်စေမည့် အဖြစ်သာ တွေ့ကြုံရမည်ဖြစ်၏။

အစဦးကပင် မိဘဆရာသမား၏ ဆုံးမသင်ကြားသမျှကို ရိုသေ ကျိုးနွံစွာ နာယူကျက်မှတ်ခဲ့ပါလျှင် ကိုယ်စွမ်း ဉာဏ်စွမ်းတောက်ပြောင် ထက်မြက်၍ စာမေးပွဲမျှလောက်ကို ညက်ညက်ကျေ အောင်နိုင်စေမည်ဖြစ်၍ မည်သည့်နတ်ကိုမှ ငွေကုန်ခံပြီး တောင်းပန်တိုးလျှိုးနေရန် မလိုတော့ချေ။ ထိုသို့သော ကျောင်းသားအဘို့ မိဘဆရာကို ရိုသေခြင်းဖြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ထုံးထမ်းဓလေ့နှင့်လည်း ညီညွတ်ပေမည်။ မြတ်စွာဘုရားဟောကြားသော သူတော်ကောင်း တရားနှင့်လည်း ညီညွတ်ပေမည်။ စိတ်ဓာတ်ခိုင်မာ၍ ကိုယ့်ကိုယ်ကိုသာလျှင် အားကိုးစိတ်ရှိသော လူအဘိုးတန်ဖြစ်လာပေမည်။ ထို့ကြောင့် နတ်တွေကို ပူဇော်ရှိခိုးတောင်းခံခြင်းမှ ကင်းလွတ်ရအောင် မိမိကိုယ်ကို အားကိုးနိုင်ကြပါစေသတည်း။

× × ×

## ပီယ နှင့် အတ္တ

လူသားတိုင်းသည် မိမိကိုယ်ကို အတိုင်းထက် အလွန် ချစ်ကြ စုံမက်ကြသည်ချည်း ဖြစ်သည်။ မိမိကိုယ်ထက် ပိုလွန်၍ သူတပါး ကို စုံမက်မြတ်နိုးခြင်းဟူသည် အလွန် ခက်ခဲသော အမှု ဖြစ်၏။ မိမိကိုယ်ကို ချစ်ခင်စုံမက် မြတ်နိုးသောကြောင့် မိမိကိုယ်ခန္ဓာ အတွက် ဘေးအန္တရာယ် မတွေ့မကြုံရအောင် အထူး သတိထား စောင့်ရှောက် ထိန်းသိမ်းကြသည်။ ထိုသို့ မိမိကိုယ်ကို ချစ်သော သူတိုင်းသည် ဘေးအန္တရာယ် ခပ်သိမ်းမှ ကင်းဝေး လုံခြုံ၍ အေး ချမ်းစွာ နေရအောင် မိမိတို့ကိုယ်ကို မည်ကဲ့သို့ စောင့်ရှောက်သင့် ပါသနည်း။

တာဝတ္တိံသာပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်း သုံးနေတော်မူစဉ်ဝယ် ပသေနဒီ ကောသလမင်းသည် မြတ်စွာ ဘုရားအား ဖူးမျှော်ရှိခိုး၍ ဤသို့လျှောက်ထားခဲ့၏

"အရှင်ဘုရား အဘယ်သို့သောသူသည် မိမိ ကိုယ်ကို စောင့် ရှောက်အပ်သည် မည်သနည်း။ အဘယ်မည်သောသူသည် မိမိ ကိုယ်ကို မစောင့်ရှောက် သည် မည်သနည်း၊ ကာယဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနောဒုစရိုက်ကို မစောင့်စည်းသောသူသည် မိမိကိုယ်ကို မည်မျှပင် စောင့်ရှောက်ထားစေကာမူ လုံခြုံမည် မဟုတ်ဟု အကျွန်ုပ်စိတ်မှာ အကြံဖြစ်ပါသည်"

ထိုအခါ မြတ်စွာဘုရားက ဤသို့ပြန်လည် ဟောကြားတော်မူ သည်။ 'မင်းကြီးစိတ် အကြံသည် မှန်၏။ ကာယဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနောဒုစရိုက်ကို မစောင့်စည်းသော သူသည် တပါး သော သူများ၏ စက်ဆုပ်ရွံရှာမှု၊ မုန်းတီးမှု မေတ္တာကင်းမဲ့မှု

ကိုသာ ခံယူရခြင်းကြောင့် အစောင့်အရှောက် မည်မျှပင်ထားစေကာမူ အပြင်အပ အစောင့်အရှောက်မျှသာ မည်၏။ မိမိကိုယ်၏ လုံခြုံမှုသည် အပြင်အပ အစောင့်အရှောက်မျှနှင့် လုံခြုံမှု မရှိနိုင်ချေ။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ကို ကျင့်သုံးဆောက်တည်သူကား တပါးသော သူများ၏ နှစ်လိုကြည်ညိုခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ စေတနာ မေတ္တာထားခြင်းကို ခံယူရသောကြောင့် မည်သူကရန်ပြုမည် မဟုတ်သည့်အတွက် ဘေးရန် ကင်းဝေးစေသည့် အတွင်းအစောင့်အရှောက်မည်၏''

ဤသို့လျှင် အတ္တရက္ခိတသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

တဖန်တုန်လည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာပင် ပသေနဒီ ကောသလမင်းသည် မြတ်စွာဘုရားအား ဤသို့ ရှိခိုးလျှောက်ကြား၏။

'အရှင်ဘုရား အဘယ်သူသည် မိမိကိုယ်ကို ချစ်အပ်သည်၊ မချစ်အပ်သည် မည်နည်း'

''အကြင်သူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို မစောင့်စည်းလျှင် မိမိကိုယ်ကိုလည်း ချစ်သည်မမည်၊ သူတပါးတို့ကလည်း မိမိအပေါ် မုန်းတီးခံအပ်သည် မည်၏ဟု အကျွန်ုပ်စိတ်မှာ အကြံ ဖြစ်ပါသည်''

ထိုအခါ မြတ်စွာဘုရားက ဤသို့ ပြန်လည်ဟောကြားသည်၊ ''မင်းကြီးစိတ် အကြံသည်မှန်၏၊ လူတိုင်းသည် မိမိအား သူတထူးက ချစ်ခင်မြတ်နိုးသည်ကို ခံမင် နှစ်သက်ကြသည်ချည်း ဖြစ်၏၊ ဤသို့သူတထူး၏ ချစ်ခင်မြတ်နိုးမှုမေတ္တာကို ခံယူလိုခြင်းသည် မိမိကိုယ်အား စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်လိုမှု၊ ဘေးရန် ကင်းဝေးလိုမှုကို ရည်မှန်းသည်။ ဤရည်မှန်းချက်က မိမိကိုယ်ကိုချစ်၍

သာဖြစ်သည်။ သို့သော် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို မစောင့်စည်းလျှင်ကား သူတပါးက ချစ်ခင်မည်၊ မေတ္တာထားမည်မဟုတ်ချေ။ သူတပါး၏မေတ္တာစေတနာ ကင်းမဲ့မှုဖြစ်အောင် ဒုစရိုက်တရားများ ကျူးလွန်နေသူသည် မိမိကိုယ်ကို ချစ်သည် မမည်ချေ။ ဤသို့လျှင် ပိယသုတ် ဒေသနာတော်၌" မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ပိယသုတ် ဒေသနာ၊ အတ္တရက္ခိတသုတ် ဒေသနာ၌ မြတ်စွာဘုရားသည် ကာယ ဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနောဒုစရိုက် တို့ကို စောင့်စည်းထိန်းသိမ်းအပ်ကြောင်း အသေးအနက် ဟောကြားတော်မူခဲ့၏။

ဗုဒ္ဓဘာသာဝင်များတွင် အချို့သော သူတို့ကား မိမိတို့ကိုယ်ကိုလည်း အလွန်အမင်း ချစ်ကြသည်။ တပါးသော သူများက မိမိကို မေတ္တာစေတနာထားခြင်းကို ခံယူလိုကြသည်။ မိမိကိုယ်ကို ဘေးရန်ကင်းအောင် တတ်စွမ်းနိုင်သမျှ အကာအကွယ် ယူကြသည်။ သို့သော် မြတ်စွာဘုရား တားမြစ်တော်မူခဲ့သည့် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်များကို စောင့်စည်းခြင်း မရှိပါလျှင် အများမေတ္တာစေတနာ ကင်းမဲ့ခြင်းကိုသာ ခံယူရမည်ဖြစ်၏။ ထိုအခါ အပြင်အပမျှသော ဖော စောင့်အရှောက်သည် လုံခြုံမည်မဟုတ်တော့ချေ။ မိမိအဘို့ရာလည်း စိတ်ချမ်းသာမှု မရှိတော့သည့်အတွက် မိမိကိုယ်ကို ချစ်သည် မဟုတ်တော့ပေ။

ထို့ကြောင့် မိမိကိုယ်ကို ချစ်၍ ချမ်းသာလိုလျှင် ဘေးကင်းလုံခြုံမှု အစောင့်အရှောက်ကိုလိုလျှင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် စသည့် အကုသိုလ် ပွားများစေမည့် အလုပ်မျိုး၊ သူတထူး မေတ္တာစေတနာ ကင်းမဲ့စေသော အလုပ်မျိုးကို အထူး ဂရုပြု ရှောင်ကြဉ် ထိန်းသိမ်းရမည်သာ ဖြစ်ပေသည်။

(၁၂-၅-၇၀)

ဒေါသစိတ်

ဒေါသဟူသည် စိတ်ဆိုးခြင်းဟူ၍ လူတိုင်းနားလည်ကြသည်၊ ဤစိတ်ဆိုးခြင်း ဒေါသစိတ်သည် ပုထုဇဉ်လူသားတိုင်းမှာ ကိန်းဝပ်လျက်ရှိသည်၊ အချို့သူတို့မှာ ဒေါသစိတ် နဲနဲရှိသည်၊အချို့သူတို့မှာ ဒေါသစိတ် များပြား အားကြီးသည်၊ ဤဒေါသစိတ်ဝင်လာမိလျှင် အမှားအမှန် ပြုသင့်မပြုသင့်ကို ဆင်ခြင်နိုင်းဆနိုင်သော အသိစိတ်က ပျောက်ကွယ်သွားဘတ်သူသာ များ၏၊ ထိုအခါ မဖြစ်သင့်သော ဝမ်းနည်းကြေကွဲဘွယ်၊ စက်ဆုပ်ရွံရှာဘွယ်၊ အကျိုးကျေးဇူး ဆုတ်ယုတ်ပျက်စီးဘွယ်အကြောင်းများပေါ်လာဘတ်သည်၊ ထို့ကြောင့်သာလျှင် လူသားအချင်းချင်းသည် ဆွေမျိုးဟူ၍ရှင်း၊ ကျေးဇူးဟူ၍ရှင်း ချစ်ကြင်နာရမည့်သူဟူ၍ရှင်း ခွင့်လွှတ်ရမည် ဟူ၍ရှင်း မထင်မြင်နိုင်တော့ဘဲ ရက်စက်စွာ ရိုက်ကြ နှတ်ကြ သတ်ကြသောသတင်းများ၊ ဥစ္စာစည်းစိမ်ကို ဖျက်ဆီးသော သတင်းများသည် နေ့စဉ်လိုပင် သတင်းစာများ၌ စိတ်မချမ်းမြေ့ဘွယ် တွေ့နေရသည်။

ဒေါသတရား အားကြီးသောသူ၏ ရုပ်အဆင်းသည် ကြမ်းတမ်းသည်၊ အရုပ်ဆိုးသည် အိုမင်းရင့်ရော်သော အသွင်မျိုး ရှိသည်၊ မြင်ရသူ၏ မျက်စိပသာဒမှာ နှစ်မြို့မှုကင်းသည်၊ မေတ္တာတရားအားကြီးသူ၏ ရုပ်အဆင်းကား နုပျိုသည်၊ တင့်တယ်သည်၊ မြင်ရသူ မျက်စိပသာဒမှာ နှစ်မြို့သည်ဟူ၍ ဗုဒ္ဓရှင်တော်ဘုရားဟောကြားတော်မူခဲ့၏။

လူတဦးတယောက်သည် ဒေါသစိတ်ပေါ်လာပြီဆိုလျှင် ထိုသူ၏မျက်နှာသည် မည်မျှဘင့်ဘယ် နေစေကာမူ ဒေါသရှိန်

ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သည်၊ ဒေါသကြောင့် ဆင်ခြင်တိုင်းဆမှု ကင်းမဲ့ကာ စိတ်ထဲရှိသမျှ နှုတ်က ပွင့်အံ ထုတ်ခြင်းဖြင့် အကျိုးစီးပွားဆုတ်ယုတ်ပျက်စီးရသည် ဒေါသစိတ်ကို ထိန်းနိုင်စွမ်း မရှိ၍ပင် သတ်ဖြတ်မှုတွေ ပေါ်ပေါက်လာရသည်။

ပုထုဇဉ်သားတဦးအနေဖြင့် ဒေါသစိတ်ကို လုံးဝပျောက်ကင်းအောင် ပြုလုပ်ရန်မှာ မလွယ်ပေ၊ တရားသဘောကိုမည်မျှသိနေစေကာမူ စိတ်ဆိုးစရာပေါ်လာလျှင် ပုထုဇဉ်ပီပီ ဒေါသထွက်လာတတ်ကြသူချည်းပင် ဖြစ်၏၊ ဒေါသကိုဒေါသဖြင့်တုံ့ပြန်သောအခါ နှစ်ဦးနှစ်ဘက်လုံးပင် စိတ်ဆင်းရဲရခြင်း၊ အကျိုးစီးပွားပျက်စီးဆုံးရှုံးရခြင်း၊ စည်းစိမ်အသက်အတွက် စိတ်သောက ဖြစ်ရခြင်းတို့ကို မသက်မသာ ခံစားကြရမည် ဖြစ်၏၊ မိမိအား စိတ်ဆိုးအောင် ဒေါသဖြစ်အောင် ပြုမူသူအား ပုထုဇဉ်ပီပီ တုန့်ပြန်လိုသော ဒေါသစိတ်ကို ဆင်ခြင် နှိုင်းချိန်ခြင်းဟူသော သတိဖြင့် တတ်စွမ်းနိုင်သရွေ့ ထိန်းချုပ်ထားပါလျှင် ထိုသို့မဟုတ် မမြင်အောင် မကြားအောင် ရှောင်နိုင်သမျှရှောင်နေခဲ့ပါလျှင် လူသတ်မှုဖြစ်မည့် ကိစ္စသည် ရိုက်မှုနှက်မှုလောက်သာ ဖြစ်ပေမည်၊ ရိုက်နှက်မှုဖြစ်မည့်ကိစ္စသည် ဆဲဆိုကြိမ်းမောင်းရန်ဖြစ်ရုံလောက်သာ ဖြစ်ပေမည်၊ ဆဲဆိုကြိမ်းမောင်းမှု ဖြစ်ရုံကိစ္စသည် ပျောက်ပျက်ကောင်း ပျောက်ပျက်သွားပေလိမ့်မည်။

ဒေါသတရားကြောင့် အမှားကိုသာ ရင်ဆိုင် တွေ့ကြုံကြရသည်ကို လူတိုင်းသိပြီး ဖြစ်ပါလျက် ဒေါသတရားနောက်ကိုသာ မဆင်မခြင်လိုက်နေပါလျှင် ဤလောကရှိ လူသားများ အနေဖြင့် မည်သို့မျှ ငြိမ်းချမ်းခြင်း ရနိုင်တော့မည် မဟုတ်ချေ။ ဤဒေါသတရားနှင့် ပတ်သက်၍ မာဃသုတ် ဒေသနာ၌ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူခဲ့၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်အခါဝယ် သန်းခေါင်ယံအချိန်၌မာဃ (သိကြားမင်း)သည် နှစ်သက်ဘွယ် ထွန်းလင်းသော ကိုယ်ရောင် ဖြင့် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိခိုးမေးလျှောက်လေသည်။

"အရှင်ဘုရား သတ္တဝါတို့သည် အဘယ်သောတရားကို ဖြတ် တောက်ခြင်းဖြင့် ချမ်းသာစွာ နေရပါသနည်း၊ စိုးရိမ်သောက ကင်းပါသနည်း၊ နှစ်သက်ဖွယ်ဖြစ်ပါသနည်း"

ထိုအခါ မြတ်စွာဘုရားက ဤသို့ဖြေကြားတော်မူသည်။

'သိကြားမင်း အမျက်ဒေါသကို ဖြတ်တောက်စွန့်ပယ်သည်ရှိ သော် ချမ်းသာစွာနေရ၏၊ စိုးရိမ်သောက ကင်း၏၊ နတ်လူတို့ နှစ်လိုခင်မင်၏၊ အရိယာတို့ ချီးမွမ်း၏'

ထို့ကြောင့် ဒေါသတရားကို စွန့်ပယ်၍ မေတ္တာ တရားကို အလေးထားဟောပြောသော ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမ မှာတည်သော ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏ဩဝါဒ အတိုင်း လိုက်နာကျင့်သုံးပြီး ဒေါသတရားကို ပယ်ဖျက်မည်ဆို လျှင် မဖြတ်နိုင်သည့်တိုင်အောင် သတိပညာဖြင့် ဆင်ခြင် ထိန်း ချုပ်မည်ဆိုလျှင် မေတ္တာတရား အလေးထား ရှေ့ရှုမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့ အများဆုံး နေထိုင်ရာ ပြည်ထောင်စု မြန်မာ နိုင်ငံဝယ် လူသတ္တဝါအများသည် သောကကင်းဝေး အေးချမ်း သာယာမှု ရကြလိမ့်မည်ဟု စာရေးသူ ထင်မြင် ယူဆမိပါ သတည်း။

× × ×

( ၁၉ - ၅ - ၇၀ )

## အစာစားခြင်း

ဆေးပညာထွန်းကားသော ယခုမျက်မှောက်ခေတ်တွင် အစာမကြေသော ရောဂါရှိသူများကိုင်း၊ ဝဖြိုးလွန်းသော သူများကိုင်း၊ မြန်မာဆေးဆရာ အင်္ဂလိပ် ဆေးဆရာများက အစားအသောက်နှင့် ပတ်သက်၍ ဆင်ခြင်တိုင်းသပြီး စားရန် လျော့စားရန် စသည့်ညွှန်ကြားချက်များကို ပေးသည်၊ ထိုညွှန်ကြားချက်အတိုင်း လိုက်နာကျင့်သုံးသူတို့သည် ကိုယ်ခန္ဓာမှာ မသက်မသာ ခံစားရသော ရောဂါဝေဒနာများကို ပျောက်ကင်းချမ်းသာစေ၍ငင်း၊ သက်သာ လျော့ပါးစေ၍ငင်း၊ အကျိုးခံစားကြရသည်၊ ထိုအခါ ဆေးဆရာတို့၏ သိတတ်မြင်တတ်သောပညာကို ချီးကျူးဘွယ် ဖြစ်လာသည်၊ သို့သော် ဆေးပညာကို သေချာကျနစွာ သင်ကြားတတ်မြောက်ခဲ့သော သမားတော်များ အနေဖြင့် ထိုသို့ သိတတ် မြင်တတ်သည်မှာ အထူး အဆန်း မဟုတ်ချေ။

ဆေးပညာကို လုံးဝသင်ကြား လေ့လာလိုက်စားခြင်း မပြုခဲ့သော ဗုဒ္ဓမြတ်စွာသည် ကိုယ်ခန္ဓာ၏ ကျန်းမာရေးနှင့်အစာမှာ ဘေးတွေ့တတ်ပုံကို သိမြင်တော်မူ၏၊ ဤအကြောင်းနှင့်ပတ်သက်၍ ဒေါ်ဘာပါကသုတ်၌ အောက်ပါအတိုင်းတွေ့ရသည်။

သာဝတ္ထိပြည်ရှင် ပသေနဒီကောသလမင်းသည် တကြိမ် ပွဲတော်ဘည်လျှင် တစိတ်ချက် ထမင်းကုန်သောဟူ၏၊ ဤသို့မတန်တဆ စားသောက်ပြီး မြတ်စွာဘုရားရှေ့တော်ဝယ် နေမထိထိုင်မသာ ပင်ပန်းစွာဖြစ်နေသည်ကို မြတ်စွာဘုရားသည် အလိုလိုသိတော်မူသည်၊ ထို့ကြောင့် ပသေနဒီကောသလမင်းကို ရည်၍-

"အစားအသောက်ကို စားသောက်ရာ၌ အခါပေါ်သိမ်းသတိနှင့် ပြည့်စုံရာသည်၊ စားသုံးဖွယ်၏ အရသာကိုဇင်း၊ သလိပ်သွေးလေ အသားအရည်နှင့် သင့်မသင့်ကိုဇင်း၊ နည်းပါးစွာစားမှ သင့်မည့်အစာ မျှလောက်ရုံစားမှ သင့်မည့်အစာ များပြားစွာစားမှ သင့်မည့်အစာဟူ၍ အစားအသောက်၏ တန်ခိုးသတ္တိအတိုင်းအရှည်ကိုဇင်း ကောင်းစွာ နားလည်ထားပြီး ချင့်ချိန်စားသောက်သူအတွက် အစာသည် လွယ်ကူစွာ ကြေညက်စေသဖြင့် ကိုယ်ခန္ဓာမှာ ဝေဒနာနည်းပါးခြင်းဖြင့် အသက်ကိုစောင့်ရှောက်စေ၏"

ဟူ၍ ရွတ်ဆိုကော်မူ၏၊ မြတ်စွာဘုရားရွတ်ဆိုသံကို ကြားသော ကောသလမင်းကြီးသည် အပါးရှိ မင်းချင်းယောကျ်ားသုဒဿနအား မြတ်စွာဘုရား ရွတ်ဆိုသော စကားကို ကြားနာမှတ်သားစေသည်၊ မင်းကြီး ပွဲတော်တည်သည့် အခါတိုင်း စားသောက်ဖွယ်ရာ စားသောအခါတိုင်း အသပြာဘာရာပေး၍ မြတ်စွာဘုရားထံမှ ကျက်မှတ်ခဲ့သော သတိပေးစကားကို ရွတ်ဆိုစေသည်၊ ကောသလမင်းကြီးသည် ထိုသတိပေး စကားကြောင့် အစာကို ဆင်ခြင်စားသောက်သဖြင့် ကိုယ်သက် မအီမသာ လေးလံဆူဖြိုးခြင်းမှ ကင်းကွာ၍ ကျန်းမာစွာရှိသည်၊ မြတ်စွာဘုရားသည် မျက်မှောက်ဘဝ၌ဇင်း၊ တမလွန်ဘဝ၌ဇင်း၊ အကျိုးကျေးဇူးဖြစ်ထွန်းစေသည်၊ အကျွန်ုပ်နှင့် တကွသော သတ္တဝါများအား ကောင်းကျိုးချမ်းသာ ဖြစ်စေသည်ဟူ၍ ဘုရား ဂုဏ်တော်ကို အဖန်တလဲလဲ ကျူးရင့်ကာ ကြည်ညိုစွာဖြစ်၏။

အစာနှင့်ပတ်သက်၍ ရှေးလူကြီးသူမတို့ ထားခဲ့သော စကားပုံများရှိသည်၊ အစာသည်းဆေး ဆေးလည်းအစာဟူ၍ဇင်း၊ တန်

ဆေးလွန်ဘေး ဟူ ၍ရင်း၊ ပါးစပ်အလို စအိုမခံနိုင် ဟူ၍ရင်း ပြောစမှတ်ပြုခဲ့ကြ၏၊ ထိုစကားများသည် မလွဲမသွေမှန်ချေသည်။

တဖန် အစားအသောက်နှင့် ပတ်သက်၍ လောကီဘက်က သာ ဆင်ခြင်ရမည်မဟုတ်သေး၊ လောကုတ္တရာဘက်ကပါ ဆင်ခြင် ရမည် ဖြစ်၏။

အမြဲမရှိ၊ အစိုးမရသော ဤခန္ဓာကိုယ်ကြီးကို အစာကျွေးရာ မှာ တောင့်တမှုမထားဘဲ၊ ကြုံကြိုက်ရာနှင့်သာ စားမည်ဟူသော သဘောမျိုး ထားနိုင်လျှင် မွန်မြတ်သော စိတ်စေတနာ တမျိုး ပင် ဖြစ်၏၊ မည်ကဲ့သို့သော အမဲသားငါးမျိုးမှ စားလိုသည် ဟူ သော ဆန္ဒဖြင့် ကြိုးပမ်းစွာ ရှာဖွေသတ်ဖြတ် စားသောက်ခြင်း၊ မိမိအတွက် သတ်ဖြတ်ပို့ပေးရန် မှာကြား စားသောက်ခြင်းတို့ မှာ အရသာကို စွဲလမ်းမှု တဏှာဘမျိုးပင်ဖြစ်၏ စွဲလမ်းမှု ရှိ သည်ဟုဆိုလျှင်ပင် ဗုဒ္ဓ၏ တရားတော်နှင့် တိုက်ရိုက် ဆန့်ကျင် လေတော့သည်။

တောင့်တမှု ထား၍ တပင်တပန်း ရှာဖွေ သတ်ဖြတ်ခြင်း၊ သူတပါးအား မှာကြား ခိုင်းစေ၍ စားသောက်ခြင်းဖြင့် ရရှိသော အကျိုးမှာ စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်ရသည်၊ အကုသိုလ်တရား အလိုသို့ ပွားနေသည်။ ငွေကြေး ကုန်ကျသည်။ ရရှိလာသော အစာကို မက်မောတောင့်တမှု တိုက်တွန်းခြင်းဖြင့် မဆင်မခြင် စားမိခဲ့သော် ရောဂါဝေဒနာ ရနိုင်သည်၊ အစာအာဟာရစားသုံး ရေး၌ မဆင်ခြင်လျှင် လောကီအကျိုးရော လောကုတ္တရာအကျိုး ပါ ထိခိုက်ဘတ်သည်ကို မစဉ်းစားဘဲ အမှုမဲ့ အမှတ်မဲ့နေသူသာ များလေသည်။ တဖန်တုံ ယခုခေတ် အခြေအနေမှာ ဆန်းပြား သော ရောဂါဝေဒနာများက တမျိုးပြီး တမျိုး ပေါ်လာနေ သည်။ ထို့ကြောင့် ကောသလမင်းအား မြတ်စွာဘုရား သတိ

ပေးသော စကားနှင့်လည်းအညီ အကုသိုလ်လည်းနည်း ရောဂါဝေဒနာလည်းကင်းအောင် အစာအာဟာရ စာသောက်ရေး၌ အလွန်အကျွံစားခြင်း တောင့်တရှာဖွေ စားသောက်ခြင်းမှ ကင်းဝေး၍ အဆင်သင့် ကြုံကြိုက်ရာ အစာကိုသာ သန့်ရှင်းအောင် ပြုပြင်ချင့်ချိန် စားသောက်ခြင်း အကုသိုလ် ကင်းကွာ၍ ခန္ဓာကိုယ် ကျန်းမာနိုင်ပေကြောင်း၊

× × ×

(၂၆-၅-၇၀)

## သီလ

ဤလောကရှိ လူအားလုံးတို့သည် သုံးပါးသော လိုအင်ဆန္ဒ ရှိကြသူတွေချည်း ဖြစ်သည်။ ထိုသုံးပါးကား အဘယ်နည်း၊ မိမိ၏ ကောင်းသတင်းသည် ကျော်စော ထင်ရှား၍ သူတပါးတို့၏ ချီးမွမ်းမြှောက်စားခြင်းကိုခံယူလိုသည်သည်း တပါး၊ မတောင့်တ မကြောင့်ကြရအောင် အစစခပ်သိမ်း ပြည့်စုံသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံလိုသည်လည်း တပါး၊ သေလွန်ပြီးသည့်အခါဝယ် ကောင်းရာသုဂတိသို့ သွားလို ရောက်လိုသည့်လည်း တပါး၊ ဤသုံးပါးသော တောင့်တမှုတို့ ရှိကြသူများ ဖြစ်လေသည်။ ထိုသုံးပါးသော တောင့်တခြင်းတို့ ပြည့်စုံစေလိုမူ၊ ထိုသူသည် သီလ မပျက်မစည်း စောင့်စည်း ထိန်းသိမ်းရမည် ဖြစ်ပေသည်။ သီလ ဟူသည်ကား မိမိ၏စိတ်ကိုရင်း၊ ကိုယ်ခန္ဓာကိုရင်း၊ မသင့်လျော်သည့် မပြုအပ်သည့် မကြံစည်အပ်သည့် အကုသိုလ်ဒုစရိုက်များကို မပြုလုပ်အောင်၊ မကြံစည်အောင်ချုပ်တည်းထိန်းသိမ်းထားခြင်း၊

တနည်းအားဖြင့် ကိုယ်ကျင့်တရား ဖြူစင်အောင် စောင့်စည်းထားခြင်းပင် ဖြစ်ပေသည်။ သီလ လုံခြုံ၍ ကိုယ်ကျင့်တရားကောင်းသော သူသည် တပါးသူ၏ ကြည်ညိုလေးစားမှု ယုံကြည်ကိုးစားမှုကို ခံယူရ၍ ကောင်းသော သတင်းကျော်စောပြန့်နှံ့ခြင်းဖြစ်၏။ ထိုသို့ကောင်းသတင်း ပြန့်နှံ့သောအခါ ပစ္စည်းဥစ္စာ ရှာဖွေရာ၌ တပါးသော သူများ၏ ယုံကြည်မှုအတွက် ကူညီလိုခြင်း ပူးပေါင်းလုပ်ဆောင်လိုခြင်း၊ ယုံကြည် လွှဲအပ်လိုခြင်း သည့် အကြောင်းများကြောင့် အလုပ် လုပ်ကိုင်ရာမှာ အဆင်ပြေသည်၊ အဆင်ပြေသည့်အတွက်ကြောင့် စီးပွားဥစ္စာ တိုးတက်လာသည်။ အကျိုးမပျက်သော သီလကြောင့် သေလွန်သောအခါ လားရာ ဂတိကောင်းသည်။

ဤချမ်းသာ သုံးပါးကို လူတိုင်း လိုချင် တောင့်တခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် သုခပတ္တနာသုတ် ဒေသနာတော်၌ ဤသို့ဟောကြားတော် မူခဲ့လေသည်။

ချီးမွမ်း ခံရခြင်း၊ စည်းစိမ်ဥစ္စာရခြင်း၊ သေလွန်သောအခါ လားရာဂတိကောင်းခြင်းကို လိုလားသော ပုဂ္ဂိုလ်သည် သီလကို ကောင်းစွာ စောင့်ရှောက်ရာသည်။

မကောင်းမှု အကုသိုလ် ဒုစရိုက်များကို လုပ်ဆောင်နေသည့် သူယုတ်မာကို မမှီဝဲ မဆည်းကပ်ရာ၊ သူယုတ်မာကို မှီဝဲဆည်းကပ်လျှင် မိမိသည် မည်မျှ သီလနှင့် ပြည့်စုံစေကာမူ သူယုတ်မာဟုပင် အထင်ခံရ၏။ တဖန်တုံ မည်မျှပင် သီလရှိစေကာမူ သူယုတ်မာသည် သူ၏ယုတ်မာမှုကို သီလ ရှိသူအား ကူးစက်ပေကျံ စေ၏။ ငါးအပုပ်ကို သမန်းမြက်နှင့်ထုပ်သောအခါ သမန်းမြက်မှာ အပုပ်နံ့လှိုင်သကဲ့သို့ သီလရှိသောသူမှာ သီလနံ့ မထွက်တော့ဘဲ သူယုတ်မာ၏အပုပ်နံ့သာ လှိုင်လေတော့သည်။

သီလရှိသူအား ဆည်းကပ်မှီဝဲလျှင် မိမိမှာ သီလ မရှိစေကာမူ သူတော်ကောင်း၏ အနံ့အသက်က မိမိကို ကူးစက်၏။ ထိုအခါ ပေါက်ရွက်ဖြင့် ဘောင်စလပ်ပန်းကို ထုပ်သည်နှင့် တူ၏။ အနံ့အသက် ကင်းမဲ့သော ပေါက်ရွက်သည်၊ မွှေးကြိုင်သော တောင်ဇလပ်ပန်းကို ထုပ်ရသောကြောင့် အမွှေးနံ့ ကူးစက် ကြိုင်လှိုင်လာ၏၊ ထို့အတူ သူတော်ကောင်းသည် သူတော်ကောင်းအချင်းချင်းသာလျှင် ဆည်းကပ်မှီဝဲသကဲ့သို့ သီလရှိသူသည် သီလရှိသူကိုသာ မှီဝဲရသည်။

မြတ်စွာဘုရား ဟောကြားခဲ့သော သုခပတ္တနာသုတ်ဒေသနာတော်ကား သီလကို အလေးအနက်ထားပြီး ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ လူသားတို့အဘို့ သီလ တည်မြဲရန်မှာ အရေးကြီးလှပေသည်။ လူတိုင်း လူတိုင်းသည် သီလ တည်မြဲမည်ဆိုပါလျှင် တဦးနှင့်တဦး သတ်ဖြတ်ညှဉ်းဆဲခြင်း၊ ခိုးဝှက်လုယက်တိုက်ခိုက်ခြင်း၊ မူးယစ်ရမ်းကားခြင်း၊ လိမ်လည် လောက်ကျုံခြင်း စသော အမူအကျင့်များ ရှိမည် မဟုတ်တော့ချေ။ ထိုအပြုအမူများမရှိလျှင် အကုသိုလ် တရား အလိုလို ကင်းကွာနေကြမည် ဖြစ်၍ လောက လူသားတို့အဘို့ မည်မျှ အေးငြိမ်းမှု ရမည်နည်း၊ ဤသို့ သီလ တည်မြဲသူကလည်း မိမိ သီသကို ဖျက်ဆီးမည့် သူယုတ်မာများကိုလည်း မမှီဝဲဘဲ ဝေးစွာ ရှောင်ကြဉ်ရသည်။

ယခုမူ သီလ တည်မြဲသူကား ရှားပါးလှ၏၊ သီလ ရှိဟန်ဆောင်ပြီး မကောင်းမှု ဒုစရိုက်များကို ကျင့်ကြံပြုလုပ်နေသူတွေများစွာ ရှိကြသည်။

သီလနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် အာနန္ဒထေရ်ပညာတွေ ရှိ၍ မွှေးကြိုင်လှသော ပန်းရနံ့သည် လေညာသို့မသွား သီလရှိသော သူတော်ကောင်း ရနံ့သည်သာ လေညာသို့သွား၏၊ မွှေး

ကြိုင်လှသော ပန်းရနံ့ အားလုံးထက် သီလ အနံ့သည်သာ အတုမရှိမြတ်၏ဟူ၍ရင်း။

မဟာကဿပထေရ် ဝတ္ထု၌ မွှေးကြိုင်လှသော ပန်းရနံ့သည် အနည်းငယ်မျှသော နေရာ၌သာ မွှေး၏၊ သီလနံ့သည်သာ ထူးကဲလွန်မြတ်စွာ မွှေးကြိုင်၍ နတ်ပြည်အထိ လှိုင်၏ဟူ၍ရင်း၊

ဂေါဓိကထေရ ဝတ္ထု၌ သီလနှင့် ပြည့်စုံကုန်သော မမေ့မလျော့သော သတိရှိကုန်သော ကိလေသာမှ လွတ်မြောက်ကုန်သော သူတို့၏ သွားရာလမ်းကြောင်းကို ယုတ်မာသော မာန်နတ်သည် တွေ့မြင်ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ဟူ၍ရင်း၊

စင်ကြယ် မြင့်မြတ်သော သီလ၏အကျိုးကို မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်မူခဲ့၏။

× × ×

## (၂၆-၇၀)

## မသေဆုံးမိ

လူ့ဘုံလောက၌ လူဟူသောသတ္တဝါများသည် မိမိတို့၌ မိဘ ဆွေမျိုး-ဇနီး-ခင်ပွန်း-သားသမီး-မိတ်ဆွေ ဟူ၍ ချစ်ခင်နှစ်သက်ရာ ပုဂ္ဂိုလ်တို့ရှိကြစမြဲပင်ဖြစ်သည်၊ထိုပုဂ္ဂိုလ်တို့အနက် တဦးဦးသေလွန် သော်သူ သေဆုံးခဲ့သည်ရှိသော် ရင်ထု၍ရင်း၊ လူးလှိမ့်၍ရင်း၊ အော်ဟစ်၍ရင်း၊ တိုင်တဆိတ် ကျိတ်၍ရင်း၊ သတိလက်လွတ်ဖြစ်သည့်တိုင်အောင်ရင်း၊ ရှုးသုပ် ပုံလွင့်သည့် ဘာ ဆောက်သည့်တိုင်အောင်ရင်း၊ ပူဆွေးကြ ငိုကြွေးကြ ဝမ်းနည်းကြပေသည်၊ ထိုသို့ပူဆွေးငိုကြွေးခြင်းသည် ပြုသင့် ပြုထိုက်သော အလုပ်လည်း

မဟုတ်၊ မှန်သောအလုပ်လည်း မဟုတ်ချေ၊ သို့သော် ပုထုဇဉ်လူသားတို့အနေဖြင့်ကား မငိုကြွေး-မပူဆွေးဘဲ မည်သူမှ ကြံ့ကြံ့မခံနိုင်ပေ၊ အနည်းနှင့် အများ ပူဆွေးကြ ငိုကြွေးကြသည်ချည်းဖြစ်၏၊

တဖန်တုံ ကွယ်လွန်သေဆုံးရမည့် သူကသည်း မိမိ၏ ဝေဒနာအခြေအနေကို ကြိုတင်ရိပ်စားမိ၍ ကျန်ရစ်သူများအတွက် နေထိုင်ရေး၊ စားသောက်ရေးကို ပင်ပမ်းကြီးစွာ မှာကြားကြသည်၊ စီစဉ်ကြသည်၊ မသေဆုံးမီအချိန်ကလေးမှာ လှူဒါန်းချင်ပါသည်ဟုဆိုကာ တက်သုတ်ရိုက်ပြီး အပူတပြင်း စီမံ လှူဒါန်းသည်၊ ကွယ်လွန် သေဆုံးမည့်သူ အနေဖြင့်လည်း ဤကဲ့သို့သောအလုပ်များသည်စိတ်ဖြောင့်ဖြောင့် ဘဝကူးနိုင်ပါမည်လောဟု စာရေးသူသံသယဖြစ်မိပါ၏။ သို့သော်ပုထုဇဉ်လူသားတို့အနေဖြင့် မိမိ၏ဝေဒနာအခြေအနေကို ကြိုတင်သိရှိသွားသူ နှန်သမျှ ဤသို့စီစဉ်လုပ်ဆောင်သွားသည်ချည်း ဖြစ်၏။

စာရေးသူ၏ အယူအဆကား ဤသို့မဟုတ်ပါ၊ မိမိ၏ မိဘညီအစ်ကို-မောင်နှမ-လင်မယားကျွား ဇနီး-သားသမီးတို့ကိုရင်း၊ မိတ်ဆွေကိုရင်း၊ ဤပုဂ္ဂိုလ်တို့၏စားဝတ်နေထိုင်ရေး ပညာသင်ကြားရေးတို့မှာ မပြည့်စုံသည်ဖြစ်စေ ပြည့်စုံသည်ဖြစ်စေ ထောက်ပံ့သင့်သည့် အချိန်ကာလ ပေးသင့် ကျွေးသင့်သည့် အချိန်ကာလမှာစိတ်စေတနာ ကောင်းစွာထား၍ ထောက်ပံ့ကျွေးမွေး ပေးကမ်းကူညီရမည်၊ ဘတ်အားသရွေ့ ပြုစုလုပ်ကိုင်ပေးရမည်၊ အကြင်လင်နှင့်မယားတို့မှာ ထိုနည်းအတူ တဦးကိုတဦး ကြင်နာ ချစ်ခင်မှုရှိရမည် အသက်ရှင်လျက်ရှိကြစဉ် အချိန်အခါကမိဘကိုရင်း၊ ညီအစ်ကိုမောင်နှမကိုရင်း၊ သားသမီးကိုရင်း၊ မိတ်ဆွေကိုရင်း၊ ပေးနိုင်ကျွေးနိုင်သော အခြေအနေမှာ ရှိလျက်မပေး မကျွေး မထောက်

ပုံ့ဘဲ ရက်ကြက်စိမ်းကားစွာ စေ့ပယ်ထားပြီး စိတ်ဆင်းရဲအောင် ပြုမူသည်၊ သေသောအခါမှ အောင်ဟစ်လူးသုံမ့် ငိုကြွေးကြသော အလုပ်သည် သူတော်ကောင်းအလုပ်မဟုတ်ဟု စာရေးသူယူဆ၏၊ အကြောင်း လင်နှင့်မယားတို့မှာလည်း အသက်ရှိကြစဉ်က လင်ကရက်စက်စွာ နှိပ်စက်ခြင်း ခံနေရသော မယား၊ မယားဖြစ်သူက နှာလို သဘောထားပြီး နိုင်နင်းခြင်း ခံနေရသော လင်ဘဦးဦး သေဆုံးခဲ့သော်ကျန်ရစ်သူက ငါရက်စက်ခဲ့ပြီ ငါနိုင်နင်းမိခဲ့သည် ဟုနောင်တ တဖန် ပူပန်ဆွေးမြေ့ခြင်းဖြစ်သူလည်းဖြစ်ကြ၏၊ ထိုအလုပ်သည်လည်း သူတော်ကောင်းအလုပ်မဟုတ်ချေ၊ တဘဝဘာ တွေ့ဆုံကြုံကြိုက်ရသည့်အခိုက်အတန့်ကလေးမှာ မိမိဘက်က တွေ့ရားမပျက်စေဘဲ စိတ်စေတနာကောင်းသဘောကာ အသက်ထင်ရှား ရှိကြစဉ် တုံကြင်နာခြင်း၊ ညှာတာခြင်း၊ တတ်အားသရွေ့ဆောက်ပံ့ ပေးကမ်းကျွေးမွေးပြုစုခြင်းဖြင့် ကွယ်လွန်သေဆုံးသည်ရှိသော် ငါပြုစုလိုက်ရသည်၊ ငါပေးကမ်းထောက်ပံ့ ကျွေးမွေးလိုက်ရသည်ဟူသော ကုသိုလ်အရေးကို ပြန်လည်ဆင်ခြင် သုံးသပ်ခြင်းဖြင့် ပူဆွေးငိုကြွေးမှုမှ သက်သာရာ ရနိုင်ပေသည်။

ကွယ်လွန် သေဆုံးရမည့်သူ အနေဖြင့်လည်း၊ မိမိ သေသော့မည်ဟု ဝေဒနာ အခြေအနေအရ သုံးသပ်မိမှ ကျန်ရစ်မည့်သူတို့၏ စားဝတ် နေရေးကိုရင်း၊ ကုသိုလ်ရေးကိုရင်း၊ အပူတပြင်းစီမံခြင်းထက်၊ ကျန်းမာစွာနေခဲ့သော ဘဝခရီးအလျှောက် အချိန်တော့မှာ မိမိဘက်က တွေ့ရားမပျက်အောင် မှန်မှန် ဆောင်ရွက်ခဲ့သင့်သည်၊ မိမိကိုယ်တိုင်ကမလောက်မငှ ဆင်းရဲဒုက္ခတွေ့နေရသောသူအတွက်ကား ထိုဝတ္တရားတော့ပျက်ယွင်းသည်ကို အပြစ်မဆိုသာချေ၊ ကုသိုလ်ကောင်းမှုနှင့် ပတ်သက်၍ကား ငွေကြေးအကုန်ခံရသော အလှူမှသာလျှင်ကုသိုလ်ရသည်၊ နိဗ္ဗာန်ရောက်သည်ဟု မဆိုလို ပါ၊

ကိုယ်ကျင့် သိက္ခာကောင်းစွာထားပြီး သီလကို မမေ့ မလျော့ စောင့်စည်းသောသူ၊ သူတော်ကောင်းတရားကို အမြဲနှလုံးသွင်း နေသူသည် သေဆုံးလုဆဲဆဲမှာ အပူတပြင်း အလှူဒါနမပြုရသော်လည်း နတ်ရွာနိဗ္ဗာန်ကိုရောက်နိုင်ပါသည်၊ ကွယ်လွန် သေဆုံးသူအား ချစ်ခင်မြတ်နိုးလှပါသည် ဆိုသောသူများသည် သေဆုံးသူကို သေခြင်းဘေးအန္တရာယ်မှ မည်သူမှမတားဆီး မကယ်တင်နိုင်ချေ၊ ထို့ကြောင့် ထိုသေခြင်းတရားနှင့် ပတ်သက်၍ ဓမ္မပဒပါဠိတော်လာ ပဋာစာရီဝတ္ထု၌ မြတ်စွာဘုရားက ဤသို့ဟောကြားတော် မူခဲ့သည်။

"ကွယ်လွန်သေဆုံးသောသူတို့အား သေခြင်းဘေးအန္တရာယ်မှ တားဆီးကယ်တင်ရန် မည်သည့်မိဘဆွေမျိုး ဇနီးခင်ပွန်း သားသမီး မိတ်ဆွေတို့မရှိကုန်၊ ဤအကြောင်းကို ဆင်ခြင်မိသော ပညာရှိတို့သည် မသေမီ အသက်ထင်ရှားရှိစဉ် ကျန်းကျန်းမာမာရှိစဉ်မှာပင် သူတော်ကောင်းတရားကို မမေ့မလျော့ နှလုံးသွင်း၍၊ သီလကိုစောင့်စည်း၍၊ နိဗ္ဗာန်ရောက်ကြောင်း အခြေခံဖြစ်သော မဂ္ဂင် ၈-ပါးတရားတော်ကို လက်ကိုင်ပြု၍...."

× × ×

## မုသားပြောခြင်း

လူ အများတို့သည် စကား ပြောဆိုရာ၌ မုသားမပါ လင်္ကာ မချော ဟူ၍ ပြောလေ့ရှိကြသည်၊ ထိုစကား အလိုအတိုင်းသာ ဆိုပါလျှင် စကားပြောလေသမျှ၊ စာပေရေးလေသမျှ လိမ်လည် လှည့်ဖြားသည့် မုသားစကားများ အစဉ်အမြဲ ပါကြရမည်ကဲ့သို့

ဖြစ်နေသည်၊ထိုစကားကို အချို့က လေးလေးနက်နက် မစဉ်းစား မဆင်ခြင်ဘဲ စကား ပြောလျှင် မုသား စကားပါမှ ချောမော ပြေပြစ်မည်ဟု စွဲမှတ်ကြ၏၊ မုသားမပါ လင်္ကာ မချော ဟူသော စကားကို စာရေးသူကမူ အောက်ပါအတိုင်း အဓိပ္ပါယ် ပေါက် ပါသည်။

ကဗျာလင်္ကာ စီကုံး ဖွဲ့နွဲ့ရာမှာ ဥပမာ တင်စားရပေလိမ့်မည်၊ ကြွေကျတော့မည် ဖြစ်၍ ခြောက်သွေ့ ဝါထိန်နေပြီ ဖြစ်သော သစ်ရွက်ကို သစ်ရွက်တော့ ရွှေခည်လောင်း၍ ညှာညောင်းကြွေလု ဤရှုတပ်ဟူ၍ တင်စား ဖွဲ့နွဲ့ခြင်းမျိုး၊ လူတဘက်သား၏ စိတ်ဝမ်း ချမ်းမြေ့မှု အပြစ်ကင်းစင်သော အကျိုးကျေးဇူးမျိုး ဖြစ်ထွန်း စေမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် ကာကွယ် တားဆီးရေးမှာ တဘက်ရန်သူကို နိုင်နင်းအောင် ပရိယာယ်ဖြင့် လှည့်စား ပြော ဆိုမှု စသည်တို့မှာသုံးသော မုသာဝါဒ၊ လိမ်လည် လှည့်ဖြားခြင်း စကားကိုသာ မုသားမပါ လင်္ကာမချော ဟူသော စကား အရ သုံးစွဲပြောဆို ရေးသားထိုက်ပေသည် ယခုခေတ်တွင် အချို့သော သူတို့က လိမ်လည်လှည့်ဖြားသည့် မမှန်ကန် မတည်ကြည်သော စကားမျိုးကို တွင်တွင်သုံးကာ မိမိကိုယ်ကိုလည်း အကျိုးစီးပွား ပျက်စီး ဆုတ်ယုတ်စေသည်၊ လူ တဘက်သားကိုလည်း နစ်နာ ဆုံးရှုံး ခြင်း၊ ဆင်းရဲဒုက္ခတို့ ဖြစ်ပေါ် စေသည်။

လူ တဦးတယောက်သည် မှန်ကန် တည်ကြည်သော စကား မျိုး ပြောဆိုရန် ခက်ခဲသည်နှင့်အမျှ မဟုတ် မမှန်လုပ်ကြံ၍ လိမ် လည်ပြောဆိုရာတွင် သွက်လက်လွယ်ကူ လှပေသည်၊ မကောင်းမှု ဒုစရိုက် မျိုးစုံကို ရဲရဲဝံ့ဝံ့ ကျူးလွန်သော လူဆိုး လူယုတ်များ၊ တိုင်းပြည်နှင့်လူမျိုး နစ်မွန်းဆုံးရှုံး ပျက်စီးအောင် လုပ်ဆောင်

ပြုမူသူများ၊မိမိကိုယ်တိုင် ကိုသော်ရင်း၊ သားမယား ဆွေစုမျိုးစု ကိုရင်း။ နာမည်ပျက်အောင် အကျင့်သိက္ခာ ထိခိုက်အောင် ပြုလုပ်နေသူများသည် မှည်ကဲ့သို့စတင်ပျက်စီးလာပါသနည်း၊ ပျက်စီးရေလမ်းစရေသောက်မြစ်ကား မလိမ်သင့် မလှည့်ဖြားသင့်သည့် ကိစ္စများ၌၊ ရဲရဲဝံ့ဝံ့ လိမ်လည် လှည့်ဖြား ပြောဆိုဘတ်ခြင်း မျိုးကအရင်းခံလာခြင်း ဖြစ်၏၊ လိမ်လည်တတ်သောအခါ မကောင်းမှုအကုသိုလ်ကို ကြောက်ရမှန်းမသိ၊ အကျင့်သိက္ခာ ထိခိုက်လာမည်ကို ရှက်ရမှန်း မသိတော့ချေ၊ လိမ်လည်လှည့်ဖြား ခြင်းဖြင့်တပါးသူမှာ မည်မျှထိခိုက်နစ်မွန်းပျက်စီးစေကာမူ မိမိအဘို့ရာမှာကောင်းကျိုး ချမ်းသာကိုရင်း စည်းစိမ်ဥစ္စာကိုရင်း ရနိုင် ရလွယ်သည်ကို ကိုယ်တွေ့ကြုံရသူအဘို့ လိမ်လည် လှည့်ဖြားခြင်း မဟုတ်မမှန် လုပ်ကြံ ပြောဆိုခြင်း၏ အရသာကို ခံစားဘတ် လာကြသည်။

လူတို့မမွှတာကလည်း ဖြောင့်မှန် တည်ကြည်သော စကားကိုတိုတိုပြောလျှင် မနှစ်သက်ဘတ်ကြချေ၊အပြောဆိုးသည် ဟူ၍ရင်း စကားပြောတိုသည် ဟူ၍ရင်း၊ မထောက်မညှာ ပြောဘတ် ဆိုတတ်သည်ဟူ၍ရင်း ယူဆကာ ထိုကဲ့သို့သောသူကို ခင်မင် ပေါင်းသင်းမှု ပြုသူနည်းပါး၏၊ ချိုမြ သာယာသောစကားဖြင့် နားဝင်အောင် စိတ်ပါလာအောင် ချစ်ခင် နှစ်သက်အောင် လှည့်ပတ်ဖြားယောင်းသောစကား မဟုတ်မမှန်လုပ်ကြံသော စကားတွေကိုစီကာစဉ်ကာ ပြောတတ်သူများကိုဘာလျှင် ပေါင်းဘတ် ခင်မင်တတ်ကြသည်၊ ထိုသို့ မိမိ၏ လိမ်လည်လှည့်ဖြား ချိုသာသောစကား စက်ကွင်းမှာ ဤသူတို့ မိနေပြီဟု သိရသော လိမ်လည်လှည့်ဖြားသူသည် သူ့အကျိုးရှိရာ ရှိကြောင်းကိုသာ မငဲ့ကွက်မထောက်ညှာဘဲ ပြုမူတော့မည်သာ ဖြစ်ပေသည်၊ သူပြုမိသော

အဖြစ် ပေါ်ပေါက်လျှင်လည်း လိမ်လည် လှည့်ဖြားခြင်းဖြင့် လွတ်ကင်းအောင် ရှောင်တတ် တိမ်းတတ်ပေသည်၊ ဤကဲ့သို့သော လိမ်လည်တတ်သူများကို အားနာငဲ့ညှာခြင်း၊ ထောက်ထားစရာ အကြောင်းတွေရှိနေခြင်း၊ မကင်းရာမကင်းကြောင်း ဖြစ်နေခြင်း စသည့် အချက်အလက်များကြောင့် ဆက်ဆံပေါင်းသင်း နေမိသူသည် သူကိုယ်တိုင်အလိမ်ခံရ၍ အကျိုးကျေးဇူး ပျက်စီးမည်ကို ပြန်လည် စဉ်းစားခြင်းဖြင့် ရှောင်ကြဉ်အပ် လှပေသည်။

ဤ မဟုတ်မမှန် လိမ်လည်ပြောဆိုသည့် မုသားစကားနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် မုသာဝါဒသုတ်ဒေသနာတော်၌ ဤသို့ ဟောကြားတော် မူခဲ့သည်၊

"ရဟန်းတို့ မဟုတ်မမှန်သည့် မုသားစကား ပြောသောသူသည် တရားကိုလည်း မစောင့်တတ်ချေ၊ တမလွန် လောကတွင် ခံစားစံစားရမည့် အကျိုးတရားကိုလည်း မစဉ်းမစား၊ စွန့်လွှတ်ထားပြီးသော။ မဟုတ်မမှန်သည့် မုသားစကား ပြောဆိုသော ပုဂ္ဂိုလ်အတို့ မည်သို့ကဲ့သို့သော အကုသိုလ် မကောင်းမှုမျိုးကိုမှ ကြောက်လန့် ရှောင်ရှားခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ ကျူးလွန်မည်သာ ဖြစ်ပေသည်။

× × ×

## အပြစ်ရှာခြင်း

ပုထုဇဉ် လူသားမှန်သမျှတို့သည် မိမိမှာ မည်ကဲ့သို့သော အပြစ်အနာအဆာ ချို့ယွင်းမှုတော့ ရှိနေစေကာမူ မိမိတို့၏ အပြစ်ကို ပြန်လည် ဆန်းစစ်ခြင်း၊ ရှာဖွေကြည့်ရှုခြင်း၊ ဆင်ခြင် ရှောင်

ရှားခြင်း စသော အမှုကို ပြုလုပ်သူ အလွန်ရှားပါး၏၊ အကြောင်းကိစ္စအခုခု ဖြစ်လာခဲ့သည် ရှိသော် မိမိအပြစ်ကို ကွယ်ဝှက်ထိမ်ချန်လေ့ ရှိကြသည်။ ကိုယ်ကောင်း ပြောလေ့ရှိကြသည်။ တပါးသူ၏အမှားကိုရင်း၊ အပြစ်ကိုရင်း၊ ချို့ယွင်းချက်ကိုရင်း၊ စေ့စေ့ငုငု ရှာဖွေ ဖေါ်ထုတ်လေ့ ရှိကြသည်။ ဤ အကျင့်မျိုးကား ကောင်းမြတ်သော အကျင့်ဟု မဆိုနိုင်ပေ။

ဥပမာဆိုသော် ယခုခေတ်တွင် တရားဥပဒေနှင့် မလွတ်ကင်းသော မှုခင်း အမျိုးမျိုးတို့ ရှိကြ၏။ ဤအမှုနှင့် ပတ်သက်သူ၊ ပါဝင်သူတို့သည် အမှုမပေါ်ပေါက်မီက စိတ်တူ သဘောတူ ကျင့်ကြံခဲ့ကြ၏။ အမှုပေါ်ပေါက်သောအခါ မိမိကိုယ်ကို အပြစ်ကင်းစင်သူ နေရာမှာထား၍ တပါးသူ အပေါ်ကိုသာ ဖေါ်ထုတ်ကာ ပုံချလေ့ ရှိကြသည်။

အမှုအခင်းနှင့် မပတ်သက်သော အချို့ သူတို့သည်လည်း မိမိတို့ အိမ်ထောင်စု မိမိတို့ ဆွေမျိုးစုတွင် စွန်းထင်းနေမည့်အပြစ်အနာအဆာကို ပြန်လည် ဆန်းစစ်ခြင်း မရှိဘဲ အခြားသော ဆွေမျိုးစုများ၏ အပြစ်အနာအဆာများကိုသာ ဖေါ်ထုတ်ကဲ့ရဲ့ ပြောဆိုလေ့ရှိကြသည်။

ဤသို့ပြောဆို ကျင့်ကြံခြင်းဖြင့် ရရှိသော အမြတ်ကား အကုသိုလ်ဘရား ပွားများခြင်း၊ မိမိ၏ တကိုယ်ကောင်းစိတ်၊ ဘဘက်သားကို နစ်နာပျက်စီးစေလိုသော ယုတ်မာသည့် စိတ်ကို ပတ်ဝန်းကျင် လူအများ ထင်ရှားသိစေခြင်းတို့သာ ဖြစ်လေသည်၊ ရင်းအပြင် မိမိက သူတပါး၏ အပြစ်ကိုသာ ရှာဖွေ ဖေါ်ထုတ် ပြောဆိုနေပါလျှင် စေတနာ တုံ့ပြန်သည့် သဘောဖြင့် အခြားသူကလည်း မိမိ၏ အပြစ် အနာ အဆာကို ရှာဖွေ ဖေါ်ထုတ်ပြီး နစ်နာအောင် ပုတ်ခတ် ပြောဆိုမည်သာ ဖြစ်ပေသည်။ ထိုသို့

ပြောခံခဲ့ရသောအခါ မိမိစိတ်မှာ မည်သို့ ရှိမည်နည်း၊ ခံခက်ခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ လက်တုံ့ပြန်လိုခြင်း စသော အကုသိုလ်တရားတို့ ပွားများလာရပြန်လေသည်။ မိမိက တပါးသူများအပြစ်ကိုဖော်၍ တပါးသူများက မိမိအပြစ်ပြန်ဖော်ခြင်းဖြင့် မဆုံးနိုင်သော ရန်ငြိုး ရန်စသည် သားစဉ်မြေးဆက်တိုင်အောင် ရှည်သွားနိုင်ပေသည်။

ဤသို့ မိမိအပြစ်ကို ပြန်လည် ကြည့်ရှုခြင်း၊ ဆင်ခြင်ရှောင်ရှားခြင်း မရှိဘဲ တပါးသူအပြစ်ကိုသာ ပြောဆိုဖော်ထုတ်နေလ့ရှိသူအတွက် သံသရာနှစ်ခုလုံးမှာပင် အကျိုးမဖြစ်ထွန်းဘဲ ဆုံးရှုံးရလေသည်။ သူတပါးအား မြစ်ဘင်ကွဲ့ရဲ့ ရှုတ်ချခြင်းသည် အဘိဇ္ဈာစိတ်၊ မစ္ဆရိယစိတ် စသော အကုသိုလ်စိတ် စေတနာများသာ ဖြစ်၏။ ဤအကုသိုလ်စိတ်စေတနာသည် မည်သည့်အခါမှ ကောင်းကျိုး ချမ်းသာပေးလေ့ မရှိချေ၊ တပါးသောသူ၏အပြစ်အနာအဆာကို မရှာဖွေ မကြည့်ရှုဘဲ၊ မိမိ၏ ချို့ယွင်းချက်အပြစ်အနာအဆာကိုသာ ပြန်လည် ဆန်းစစ် ရှာဖွေ ကြည့်ရှုသူသည် လောကရေး သံသရာပါ အကျိုး ခံစားရ၏၊ အဘယ်သို့ ခံစားရသနည်းဆိုသော် သူတပါးကို အပြစ်ဖော်ထုတ် ပြောဆိုနေခြင်းဖြင့် တုံ့ပြန် ရရှိမည့် အမုန်းခံရခြင်း၊ စိတ်သဘောထားသေးသိမ်ယုတ်ညံ့ခြင်းကို လူအများ သိရှိခြင်း၊ အကုသိုလ် ပွားများခြင်းစသည့် အရာများ ကင်းဝေးမည်၊ မိမိ၏ ချို့ယွင်းချက်များ၊ အမှားများ၊ အပြစ်များကို ပြန်လည် ဆင်ခြင်မိခြင်းဖြင့် နောင်ခါထပ်မံ မှားယွင်းခြင်း၊ အပြစ်ငြိစွန်းခြင်းတို့ လွတ်ကင်းအောင် သတိထား ထိန်းချုပ် ဆင်ခြင်ခြင်းဖြင့် ဘေးရန်ကိုလည်း ကင်းဝေးမည်၊ နတ်လူတို့၏ နှစ်လိုကြည်ညိုခြင်းလည်းခံရမည်၊ အကုသိုလ်း

တရားနည်းပါးသွားမည်ဖြစ်သော ထိုသူအဘို့ စိတ်၏ အေးငြိမ်း ခြင်း သုခကိုလည်း ခံစားရမည်ဖြစ်ပေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဓမ္မပဒပါဠိတော်လာ ပါဝေယျ ဆာဇီဝကဝတ္ထု၌ မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟော ကြားတော်မူခဲ့၏။

အကြင်သူသည် သူတပါး၏ မလျော်သော အပြစ်အနာ အဆာ ချို့ယွင်းချက်များကို ဖေါ်ထုတ် ကဲ့ရဲ့ခြင်းကိုလည်း မပြု ရာ၊ သူတပါး၏ ကုသိုလ်ကောင်းမှု ပြု၊ မပြုကိုရင်း၊ အကုသိုလ် မကောင်း ပြု၊ မပြုကိုရင်း ကြည့်ရှု ပြောဆိုခြင်း မပြုရာ၊ မိမိ၏ အပြစ်အနာအဆာ ချို့ယွင်းချက်၊ မိမိ၏ ကုသိုလ်၊ အကုသိုလ်အမှု စသည်များကိုသာ ပြန်လည် ဆန်းစစ်ဆင်ခြင်၍ ချုပ်တည်းခြင်း ရှောင်ရှားခြင်း ကောင်းသော အမှုကို တိုးတက် ကျင့်ကြံခြင်း စသည်ကိုသာ ပြုရာ၏၊

× × ×

(၁၆.၆.၇၀)

## အနှောင်အဖွဲ့

ပိုင်းခြား သတ်မှတ် တားဆီးအပ်သော အပြစ်ဒဏ်ကို ကျူး လွန်သူများအား သက်ဆိုင်ရာ အာဏာပိုင်တို့က ကြိုး၊ ကြိမ် အမျိုး မျိုးဖြင့်ရင်း၊ သံဖြင့်ပြီးသော လက်ကျင်း ခြေကျဉ်း များဖြင့်ရင်း သစ်သားဖြင့်ပြီးသော ထိတ်တုံးများဖြင့်ရင်း၊ မြဲမြံစွာ ဖွဲ့နှောင် ထားအပ်သည်ကို လူတိုင်းလိုပင် မြင်ဘူး တွေ့ဘူးနေကြမြဲဖြစ်၏။ ထိုအခါ အနှောင်အဖွဲ့ ခံထားရသူအား မြင်သူအချို့က သနား

ကြင်နာကြသည်၊ ဤမျှလောက် နှောင်ဖွဲ့ထားခြင်းဖြင့် မည်သည့်နည်းနှင့်မျှ ထွက်ပြေး၍မရဟု ပြောကြသည်ချည်းဖြစ်သည်၊ ဤသို့ပြောသူများကား တရားသဘောကို နက်နဲစွာ မစဉ်းစားဘဲ အပေါ်ယံမျှသာ တွေးတောပြီး ပေါ့ပေါ့ဆဆ ပြောကြခြင်းဖြစ်သည်။

ဤ ကြိုး,ကြိမ်, သံ, သစ်, ဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့ကား အကျဉ်းခံရသူအဘို့ ခိုင်မြဲသော အနှောင်အဖွဲ့ လည်းမဟုတ် ဘဝဆက်တိုင်း သွားရမည့် အနှောင်အဖွဲ့လည်း မဟုတ်ချေ။ ဤ မျက်မှောက် တဘဝတွင် တခဏတာမျှသာ ခံစားရမည့် သာမန် အနှောင်အဖွဲ့သာဖြစ်ချေ၏၊ အမှုအခင်း နိုင်လျှင်ငင်း၊ တိတ်တခိုး ဖြေလွှတ် ပေးမည့်သူ ရှိလျှင်ငင်း၊ မိမိ၏ အားမာန်ဖြင့် ကြိုးစားအားထုတ်မှု ကြောင့်ငင်း၊ တနည်းနည်းဖြင့် လွတ်မြောက်နိုင်ပေသည်။

လူတို့၏ မံသစက္ခုဖြင့် ထင်ထင်ရှားရှား မြင်နေရသော ဤအနှောင်အဖွဲ့ကို လူတိုင်းကြောက်ကြသော်လည်း မံသစက္ခုဖြင့် ကြည့်၍ မမြင်နိုင်သော မိမိကိုယ်ခန္ဓာ အတွင်းသန္တာန်မှာ ရှိနေသည့် အနှောင်အဖွဲ့ကိုကား သတိပြုမိသူ အလွန်အလွန် နည်းပါးပေလိမ့်မည်။ ဤမမြင်နိုင်သော အနှောင်အဖွဲ့က သာလျှင် သတ္တဝါ အပေါင်းအား ကြီးမား ကြောက်မက်ဘွယ်ကောင်းသော ခိုင်ခံ့မြဲမြံစွာ တုပ်နှောင်ထားသည့် အနှောင်အဖွဲ့ ဖြစ်ချေသည်၊ ဤအနှောင် အဖွဲ့ကား အဘယ်နည်း....။

သက်ရှိ သက်မဲ့ ပစ္စည်း သားမယား စည်းစိမ်ဥစ္စာ ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိ စွဲလမ်း ငဲ့ကွက်ခြင်းတည်းဟူသော အနှောင် အဖွဲ့ပင် ဖြစ်ပါသည်။

လူသတ္တဝါဘဦးတယောက်သည် ဤသို့သော ကပ်ငြိ စွဲလမ်း

ငဲ့ကွက်ခြင်း တည်းဟူသော အနှောင်အဖွဲ့ကို ခံလိုက်ရပြီ ဆိုပါလျှင် အကုသိုလ် ဒုစရိုက်မျိုးစုံကို ကျူးလွန်ရန်ဝန်မလေးကြတော့ချေ။ မိမိ ခင်ပွန်း၊ မိမိဇနီး၊ မိမိသားသမီး၊ ဆွေမျိုးကိုရင်း၊ ပစ္စည်းဥစ္စာဘဏ္ဍာရင်း၊ စွဲလမ်းကပ်ငြိခြင်း ငဲ့ကွက်ခြင်း၊ အနှောင်အဖွဲ့ကြောင့်ပင် မကောင်းမှုကိုမကြောက်မရွံ့ ကျူးလွန်သည်။ ထိုသို့ကျူးလွန်သဖြင့် လောက၏ မင်းပြစ် မင်းဒဏ်ကိုရင်း၊ သံသရာ၏နှင်မှုန်းရှည်လျားခြင်း အပြစ်ဒဏ်ကိုရင်း ခံကြရသည်။ ဤစွဲလမ်း ကပ်ငြိ ငဲ့ကွက်ခြင်းကြောင့် ဖြစ်ရသော အနှောင်အဖွဲ့ကား မည်သူမှ လာရောက် ဖြေချွတ်၍ မရနိုင်ချေ။ မိမိကိုယ်ကို မိမိ သနားလျှင် မိမိကိုယ်ပိုင် အသိဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍သာ ဤအနှောင်အဖွဲ့ကို ကျွတ်လွတ်အောင် ဖြေချွတ်ရသည်၊ ပုထုဇဉ် လူသားတွေသာ ဖြစ်၍ စွဲလမ်းခြင်း၊ ကပ်ငြိခြင်း၊ ငဲ့ကွက်ခြင်း၊ အနှောင်အဖွဲ့ကို မည်သူမှ ရှင်းရှင်းသင်းလင်း လွတ်နိုင်မည် မဟုတ်ငြားသော်လည်း ဉာဏ်ဖြင့် ဆင်ခြင်၍ လျော့နည်းနိုင်သမျှ လျော့နည်းအောင် ကြိုးစားကြရသည်၊ ဤကြောက်မယ်ဘွယ်အနှောင်အဖွဲ့ကြောင့်ပင် ဤလူ့လောကမှာ မဖြစ်သင့်သော ဒုစရိုက်မှုတွေ ဖြစ်ပေါ်နေရခြင်း ဖြစ်၏။ ဤအနှောင်အဖွဲ့နှင့်ပတ်သက်၍ ဗုဒ္ဓနသုတ်ဒေသနာ၌ ဤသို့ ပါရှိသေသည်။

သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွကုန်သော ရဟန်းတို့သည် မင်းပြစ် မင်းဒဏ်ကြောင့် ပသေနဒီ ကောသလ မင်းကြီးအမိန့်ဖြင့် သံဖြင့်ပြီးသော ကြိုး၊ လက်ကျဉ်း၊ ခြေကျဉ်းတို့ဖြင့် မြဲမြံစွာ နှောင်ဖွဲ့ထားအပ်သော သူများကို မြင်တွေ့ခဲ့ကြ၏ ထိုသို့မြင်တွေ့ခဲ့ရကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသော အခါ မြတ်စွာဘုရားက ဖေါ်ပြပါ အဓိပ္ပါယ်ရှိသော ဂါထာ ကို ရွတ်ဆိုတော်မူသည်။

ကြိုး၊ ကြိမ်၊ သံ၊ သစ် တို့ဖြင့် ပြုအပ်သော အနှောင်အဖွဲ့ သည် မြဲမြံခြင်း မရှိချေ၊ အပယ်သို့ဆောင်ယူခြင်းမရှိချေ၊ ဤအနှောင် အဖွဲ့ကို ခိုင်မြဲသည်ဟု ပညာရှိတို့ မဆိုကုန်၊ သားမယား၊ ဆွေမျိုး၊ ဉစ္စာစည်းစိမ်၊ ကာမဂုဏ်တို့၌ စွဲလမ်း ကပ်ငြိ ငဲ့ကွက်ခြင်းကိုသာ လျှင် ဖြေချွတ်ရ ခက်သော အပယ်သို့ဆောင်တတ်သော မြဲမြံ၍ ကြောက်မက်ဘွယ်ကောင်းသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကုန်၏။ပညာရှိ သူတော်ကောင်းတို့ကား သားမယား၊ဆွေမျိုး၊ ဉစ္စာ၊ စည်းစိမ်၊ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိဘဲ ထိုအနှောင် အဖွဲ့ကိုဖြတ်၍ လွတ်မြောက်ကြလေပြီ။

ဤအနှောင်အဖွဲ့ကား ပုထုဇဉ်တို့အနေဖြင့် ဖြေချွတ် ဖြတ် တောက်ရန် ခက်သော်ငြားလည်း ဖြည်းဖြည်း ကျင့်ကြံ အားထုတ် ခြင်းဖြင့် အောင်မြင်နိုင်ပေလိမ့်မည်ဟု စာရေးသူ မြော်သင့်မိပါ သတည်း။

× × ×

(၇.၇.၇၀)

လွတ်မြောက်မှု

ဗုဒ္ဓဘာသာဝင်တိုင်းသည် အလှူဒါနဘာခုကို ပြုလုပ်သည်ရှိ သော်နိဗ္ဗာန်ကိုရပါလို၏ဟူသော ဆုတောင်းခြင်းနှင့်အတူ သံသရာ ဝဋ်ဆင်းရဲမှဘဝတိုဘိုဖြင့်ကူးမြောက်လွတ်ကင်းရပါလို၏ ဟူသော ဆုကိုလည်း အတူတကွပူးတွဲ၍ တောင်း၏၊သံသရာမှ လွတ်မြောက် စေရန်ရည်သန်၍ လှူသည်ဟူသော စိတ်စေတနာကိုလည်း အစဉ်

ပေါ်ထုတ်မပြောကြား၏၊ သံသရာ ဟူသည်ကို အဓိပ္ပါယ် ပေါ်အောင် အလွယ်ဆုံးစကားဖြင့် ပေါ်ပြရမည်ဆိုသော် ရုပ်နာမ်နှင့်ပါးလုံး ချုပ်ငြိမ်းကွယ်ပျောက် ကုန်ဆုံးခြင်း တည်းဟူသော နိဗ္ဗာန်ကိုမရသေးမီ မရောက်သေးမီ လူ့နတ်ဗြဟ္မာနှင့်အပါယ် တည်းဟူသောသုံးဆယ့်တစ်ဘုံမှာ သတ္တဝါအမျိုးမျိုး အဖြစ်ဖြင့် အမျိုးမျိုးသောဆင်းရဲ ဒုက္ခများကို စက်ဆုပ်ငြီးငွေ့ဘွယ်ရာ တွေ့ကြုံ ခံစားနေရခြင်းသည် မဆုံးနိုင်သော သံသရာကြီးဟု ဆိုလိုပါသည်။

ယခု လူ့ဘဝမှာ ဖြစ် တည် နေကြရသူတို့သည် မည်သူမှ အပူသောက ဒုက္ခများနှင့်မကင်းကြပေ၊ ပစ္စည်းဥစ္စာ စည်းစိမ်းကို အကြောင်းပြုပြီး တွေ့ကြုံခံစားရသော ဆင်းရဲ ရာထူး တန်ခိုး အာဏာ ချစ်ခင်မြတ်နိုးသူ နေထိုင်စားသောက် ဝတ်ဆင်ရေး အနာရောဂါစသည့်အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲရသော ဒုက္ခ ဆင်းရဲများသည် ကြောက်မက်ဘွယ် ကောင်းလှသည်ကို ကိုယ်တိုင်ခံစားရသူများအနေဖြင့် အသိဆုံး ဖြစ်ပေသည်၊ထိုကြောင့်သာလျှင် ဆင်းရဲဒုက္ခကင်းဝေးရာ နိဗ္ဗာန်ကိုရောက်အောင်ဤကြောက်မက်ဘွယ် သံသရာကြီးမှလွတ်ကင်းလိုကြောင်း တောင့်တကြ၏၊ ထိုတောင့်တမှု ပြည့်စုံအောင်ပင် လှူဒါန်းကြသည်၊ ပေးကမ်းစွန့်ကြဲကြသည်၊ ထိုမျှလောက်သော အားထုတ်မှုဖြင့် သံသရာမှ လွတ်ကင်းနိုင်ပါမည်လော။

လျင်သောအဟုန်ဖြင့် စီးဆင်းနေသော မြစ်ရေပြင်ကိုဖြတ်၍ ဤမှာဘက်ကမ်းမှ ထိုဘက်ကမ်းသို့ ကူးသွားလိုသော အကြင်သူသည်၊ လှေတခုထဲကိုရရှိမှုဖြင့် ထိုရေအလျင်ကို ဖြတ်ကျော်ရန် မဖြစ်နိုင်ချေ။ လှော်တက်ကိုရှာရန် လိုပါသေးသည်၊ လှော်တက်ကိုရပြီးအုံ့ လှေလှော်ခြင်းအမှုမှာ ကျွမ်းကျင်ရန် လိုသေး၏။

လှေလှော်တတ်ပါသော်လည်း ရေအလျင်ကိုဖြတ်နိုင်ရန် တဘက်ကမ်းရှိ လိုရာဆိပ်ကမ်းသို့ ရောက်ရန် အပင်ပန်းခံကြိုးစား အားထုတ် လှော်ရမည်သာဖြစ်သည်၊ ပင်ပန်းနိုးထင်၍ ကြိုးစားလှော်ခတ်ခြင်းမပြုဘဲ လှိုင်းပုတ်သည့်အခါမှ တဘက်ကမ်းသို့ တင်ပါစေတော့ဟူသော စိတ်ဖြင့် မိမိသက်သာရာကို ရှာမှီးကာ အသင့်ရေစုံမျောလိုက်နေလျှင်လည်းလိုရာဆိပ်ကမ်းသို့ ရောက်ရန်အရေးမှာ ဝေးလွန်း ဝေးလွန်း ကြာလွန်းပေမည်၊ သေ့ပေါ်တွင် မော့လျော့ ငိုက်မည်းနေခဲ့ပါမူ တဘက်ကမ်းသို့ ကူးရန် ကြံရွယ်ချက်လည်း ပျက်စီးကာရေစုန်မျောသွားမည်သာဖြစ်ပေ၏၊ ထို့ကြောင့် လှေ၊ လှော်တက်၊ ကျွမ်းကျင်မှု မမေ့မလျော့သော လုံ့လ ဝိရိယကြိုးစားအားထုတ်မှု စသည်တို့ ပြည့်စုံမှသာ ကူးလိုရာ တဘက်ကမ်းကို ချမ်းချမ်းသာသာ ရောက်နိုင်ပေမည်၊ ထို့အတူသာလျှင် သံသရာ ဝဲသြဃမှ လွတ်မြောက်လိုကြောင်း ဆုတောင်း ခြင်း၊ ပေးကမ်း လှူဒါန်းခြင်းမျှဖြင့် လွယ်ကူစွာ မလွတ်မြောက်နိုင်ချေ၊ သီလ၊ ပညာ၊ ဝိရိယစသော သူတော်ကောင်း တရားများ၌ မမေ့မလျော့ အားထုတ်မှသာလျှင် လွတ်မြောက်နိုင်ပေမည်၊ ဤအချက်နှင့် ပတ်သက်၍ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက စန္ဒန မည်သော နတ်သား သည် မြတ်စွာဘုရား အား ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား၊ အဘယ်သူသည် ညဉ့်နေ့ ပတ်လုံး မပျင်းရိသည်ဖြစ်၍ သံသရာဟည်းဟူသော အယဉ်ကိုကူးသနည်း၊ အဘယ်သူသည် ဆောက်တည်ရာလည်းမရှိသောဆွဲကိုင်မှီခိုအားပြုရာလည်းကင်းမဲ့သော ကြောက်မက်ဘွယ် နက်ရှိုင်းသည့် သံသရာဝဲသြဃ၌ မနစ်မြုပ်အောင် မည်ကဲ့သို့ ပြုလုပ် ဆောင်ရွက် ရပါမည်နည်း"

ထိုအခါ စန္ဒန နတ်သား၏ အမေးကို မြတ်စွာဘုရား သည် ဤသို့ဖြေကြားတော်မူသည်။

"နတ်သား အကြင်သူသည် အခါခပ်သိမ်း စင်ကြယ်သော သီလနှင့်လည်းပြည့်စုံ၏၊ အမှားအမှန် သိမြင်နိုင်စွမ်းသော ပညာ လည်းရှိ၏ ခိုင်မြဲတည်ကြည်သည့် မြင့်မြတ်သောသမာဓိလည်းရှိ၏၊ သူတော်ကောင်းတရား အားထုတ်မှု၌ မနေမနားမလျော့ ထက်သန်သော လုံ့လဝီရိယလည်းရှိ၏၊ နိဗ္ဗာန်သို့ လေးနက်စွာ ရည်စူး စေလွှတ်ထားသော စိတ်လည်းရှိ၏၊ ထိုကဲ့သို့သော သူသာလျှင် ကူးမြောက်နိုင်ခဲသော သံသရာကို မနစ်မြုပ်ဘဲ ကူးမြောက်နိုင်၏"

ဤသို့ စန္ဒနသုတ် ဒေသနာတော်မှာ လာရှိသည့်အတိုင်း အလှူဒါန ပေးကမ်းစွန့်ကြဲရုံမျှဖြင့် သံသရာမှ လွတ်နိုင်၏ဟူသော ပေါ့ဆသည့် စိတ်မျိုး မထားဘဲ ဤဒေသနာတော်မှာ ပါရှိသည့် အင်္ဂါရပ်အားလုံး ပြည့်စုံအောင် ကျင့်ကြံနိုင်ပါက သံသရာမှ မုချ ဆက်ဆက် လွတ်မြောက်နိုင်မည် ဖြစ်ပေသတည်း၊

× × ×

(၁၄-၇-၇၀)

စကား

စင်မြင့်ပေါ်တက်ပြီး တရားဟောခြင်းမျိုး၊ လူစုလူဝေးရှေ့၌ အမှာစကား၊ဩဝါဒစကား၊ ဟောပြောသောစကား၊စကားရည် လုပွဲ၌ ပြောရသော စကားမျိုး၊ တရားရုံး ဥပဒေလွှတ်တော် သတိထား ပြောရသော စကားမျိုး စသည်တို့ကို ခက်ခက်ခဲခဲ

ပြောရသော စကားမျိုးဖြစ်၍ လူဘိုင်း မပြောဘတ်ကြောင်း မည်သူမဆို ဝန်ခံကြမည်ဖြစ်သော်လည်း ခင်မင် ရင်းနှီးသူချင်းဖြစ်စေ၊အလုပ်ကိစ္စနှင့်ဖြစ်စေ၊တွေ့ကြ ကြုံကြခိုက်မှာ သက်ဆိုင်ရာနှင့်ပတ်သက်၍ စိတ်ထဲက ပြောလိုသရွေ့စကားကို ပြောကြခြင်းမျိုးကိုကား မည်သူမဆို ပြောတတ်ကြသည်ချည်းဖြစ်၏။ သို့သော် အကျိုးမရှိ၊ အနှစ်ကင်းမဲ့သောစကားမျိုးကို ပြောဆိုနေကြသည်ထက် အကျိုးရှိသောစကားကို ပြောဆိုခြင်းကရင်း၊ တဦးနှင့်တဦး စိတ်ဝမ်းပျက်ကွက် နာကြည်းစေမည့် ကြမ်းတမ်း ရိုင်းပြသော စကားပြောခြင်းထက် သာယာညှင်းပျောင်း ပြောဆိုခြင်းကရင်း၊ လူဘာဦးတယောက် အနေဖြင့် အရေးကြီးလှကြောင်းကို အချို့သူတို့ သတိပြုမိကြမည် ဖြစ်သော်လည်း အချို့သူတို့က လုံးဝစဉ်းစားခြင်း မပြုချေ။

အချို့သူတို့သည် ဆောင်ရွက်လုပ်ကိုင်သည့် အလုပ်တာဝန်ကလည်း အပြစ်ကင်းသည်၊ စိတ်ရင်းကလည်း ဖြူစင်ဖြောင့်မတ်သည်။ သို့သော် နှုတ်ထွက်စကားမှာ သာယာ နာပျော်ဘွယ်မရှိ၊ ကြမ်းတမ်း ရိုင်းပြရကား၊ လူအများ၏ မေတ္တာ ကင်းမဲ့မှုကိုခံယူရတတ်ချေသည်။ စကားအရာနှင့် ပတ်သက်၍ စကားအရာအင်္ဂါလေးတန်ဟူ၍ရင်း၊ စကားကြီးဆယ်ခွန်းဟူ၍ရင်း၊ ပြောပါများစကားထဲက ဇာတိပြ ဟူ၍ရင်း၊ စကားများ အမှားပါဟူ၍ရင်း၊ စကားကျ နှုတ်မရဟူ၍ရင်း၊ စကားနှင့်ပတ်သက်သော စကားပုံတွေ များစွာရှိလေသည်၊ဤစကားထဲတပင် အကုသိုလ်တွေလည်းများစွာ ပါသွားတတ်သည်၊ ကုသိုလ်တွေလည်း များစွာပါသွားတတ်သည်၊ စကားပြောကြသည်ဆိုရာမှာ အသေအချာ စဉ်းစားလျှင် လွယ်မယောင်နှင့် ခက်သည်ကို သတိထားမိသူ နည်းပေလိမ့်မည်။

စကားပြောရာမှာ ကာလံ ဒေသံ ဟူ၍လည်း ကြည့်တတ်ရပေမည်၊ အချိန်အခါမဟုတ်ဘဲ မသင့်လျော်သော အချိန်အခါနေရာမှာ မည်မျှ ကောင်းမွန် မှန်ကန်သောစကား ဖြစ်စေကာမူ မပြောအပ်ပေ။ အချိန်အခါနေရာဟုတ်လျက်နှင့် ပြောအပ်သောစကားကို မပြောဘဲ မြုံထားလျှင်လည်း အကျိုးပျက်စီးဘတ်၏၊

မိမိ ပြောသော စကားသည် အဘိုးတန်ပါလျက်နှင့် နားယူလိုသူ မရှိသောနေရာမှာ ပြောနေလျှင်လည်း အဘိုးတန်စကားသည် သိမ်ဖျင်းပေါ့ပျက် သွားတတ်သည်။ မိမိ ပြောသောစကားတို့တဦးနှင့်တဦး မေတ္တာပျက်စေမည့် စကားမျိုး၊ တဘက်သားစိတ်ဆင်းရဲ စေမည့် စကားမျိုး မပါရန်လည်း အရေးကြီး၏။ စကားပြောဆိုခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှာ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့အား သုဘာသိတသုတ်တော်ကို ဟောကြား တော်မူခဲ့၏။

ဤသုတ် ဒေသနာ တော်၌ မြတ်စွာဘုရားသည် စကားပြောဆိုရာ၌ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကိုသာပြောဆိုရာသည်ဟုဟောကြားတော်မူ၏၊ အင်္ဂါလေးပါးဟူသည်ကား၊ ကောင်းစွာ ဆိုအပ်သောစကား၊ တရားနှင့် လျော်သောစကား၊ ချစ်ဖွယ်သောစကား၊ မှန်သောစကားဖြစ်၏။

(၁) မိမိ ပြောလိုက်သော စကားသည် ငါပြောမိသည်မှားလေခြင်း ဟူသော နောင်တလည်း မဖြစ်စေရ၊ အပြောခံရသူစိတ်ဝမ်းဆင်းရဲခြင်းလည်း မဖြစ်စေရ၊ ထိုစကားသည်ကောင်းစွာဆိုအပ်သော စကားမည်၏။

(၂) မိမိပြောလိုက်သောစကားသည် ငါပြောတာမှန်သည်ဟုတ်သည် ဟူသော တဘက်သတ်စိတ်ဖြင့် အပြောခံရသူ ချေဆို

ခွင့်မပေးဘဲ မတရားသဖြင့်စွပ်စွဲဖိနှိပ် ရှုတ်ချပြောခြင်းတား ဘုရား လက်လွတ် ပြောခြင်းမျိုးဖြစ်၍ ထိုစကားမျိုးကို ရှောင်ကြဉ်ပြီး တရားမျှတသောစိတ်ကိုထားပြီး ပြောခြင်းကား တရားနှင့်လျော် သာစကားမည်၏။

(၃) မိမိပြောလိုက်သော စကားသည် ခံရသူအဘို့ တသက် ပန်လုံးအမှတ်တရ နာကြည်းအောင်၊ ရှက်အောင်၊ ခံခက်အောင် ရှိန်းပြစေ်ကား ပုတ်ခတ်သော စကားများမဆိုဘဲ ပြောလိုသော အဓိပ္ပါယ် ပေါ်လွင်အောင် သာယာ ညှင်းပျောင်းစွာ ယဉ်ယဉ် ကျေးကျေး ပြောဆိုခြင်းကား ချစ်ဖွယ်သော စကားမည်၏။

(၄) မိမိပြောလိုက်သော စကားသည် လိမ်လည်လှည့်ဖြား ကောက်ကျစ်ခြင်းများ မပါစေဘဲ ဖြောင့်မှန် တည်ကြည်စွာ ပြောရာသည် ထိုစကားသည် မှန်သောစကားမည်၏။

သို့သော် ဤစကားများထက် လွန်စွာ မြတ်လှသော စကား တား ရှိသေး၏။ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှာ ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ၊ ဘေးမရှိသော အကြင်စကားကို ဆိုတော်မူ၏၊ ထိုစကားသည် စင်စစ် စကားအားလုံးထက် အမြတ်ဆုံး စကားဖြစ်၏။

× × ×

( ၂၁ - ၇ - ၇၀ )

## ဝိတက်သုံးပါး

လူတဦးတယောက်သည် အကြောင်းကိစ္စ တခုခုကြောင့် လူ လှုပ်ရှားရှားဖြင့် မအားမလပ် ဖြစ်နေသည်ကိုသော်၎င်း၊ တစုံဘ ခုသော အကြောင်းအရာကို ကြံစည် စိတ်ကူး နေသည်ကို၎င်း၊

မြင်ရတွေ့ရလျှင် ဒီလူဝိဘက် ဝိစာရတွေ သိပ်များနေပြီထင်တယ်ဟူ၍ ဝေဘန်လေ့ရှိကြ၏၊ အဝေဘန် ခံရသူကလည်း ငါတော့ ဗီကိစ္စ ဒီအကြောင်းကြောင့် ဝိဘက် ဝိစာရဘော့် သိပ်များနေပြီဟု ပြောလေ့ရှိကြသည်၊ ဤဝိတက် ဝိစာရဟူသော စကားကို လေးလေး နက်နက်မထားဘဲ ပေါ့ပေါ့ဆဆ ပြောနေသူ အတော်များများကို တွေ့ဘူး မြင်ဘူးပါသည်၊ ထိုသူတို့ကား ဝိတက်ဆိုသည်မှာ မည်ကဲ့သို့ ပါနည်းဟု မေးမြန်းသော အခါ စိတ်အာရုံများခြင်းဖြစ်သည်။ ဗျာများခြင်းဖြစ်သည်ဟု အချို့သူတို့က ဖြေဆိုကြ၏၊ ထိုအဖြေမှာ လုံးဝသင့်လျော်သောအဖြေ၊ မှန်ကန်တိကျသောအဖြေ မဟုတ်ဘဲလွဲမှားသော အဖြေများသာဖြစ်လေသည်၊ ဗုဒ္ဓဘာသာ ဝင်များအနေဖြင့် အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ သိရန် လိုအပ်သော ဤ'ဝိဘက်'ဟူသည်ကို စာရေးသူ သိမှတ်ထားသရွေ့ ရှင်းလင်း တင်ပြအပ်ပါသည်။

'ဝိတက်' ဟူသည်မှာ ကြံစည်ခြင်း ဟူသော အဓိပ္ပါယ် သက်ရောက်ပါသည်၊ ဝိတက်သည် အကုသလ ဝိဘက် သုံးပါး၊ ကုသလဝိဘက်သုံးပါးဟူ၍ ခွဲခြားထားရှိ၏၊ အကုသလဝိဘက် သုံးပါးတား-

၁။ ကာမဝိတက်-ကာမဂုဏ်အရာ၌ကြံစည်ခြင်း၊ဤတွင် ကာမဂုဏ်ဟူသောစကားအဓိပ္ပါယ်မှာ သက်ရှိသတ္တဝါကို စွဲလမ်းခြင်းနှင့် ပတ်သက်သော စည်းစိမ် ချမ်းသာ တမျိုးထည်း သာလျှင်မဟုတ်၊သက်မဲ့ဖြစ်သော ပစ္စည်းဥစ္စာ၊ ဆုထူးအစရှိသည့် စည်းစိမ်ချမ်းသာ အားလုံးကို ခုံမင် မက်မောခြင်းဖြင့် ကြံစည်ခြင်းကိုဆိုလိုပါသည်။

၂။ ဗျာပါဒဝိဘက်- တုံ့ပြန် လက်စားချေရန် ကြံစည်ခြင်း။

၃။ ဝိဟိံသဝိဘက်- နှိပ်စက် ညှဥ်းပန်းရန် ကြံစည်ခြင်း။

ဤသို့အနက်အဓိပ္ပါယ်ရှိသော ဤအကုသလ ဝိတက်သုံးပါးကို ကြံစည်နေသောသူအဘို့ မည်မျှ အကုသိုလ်တရားများပွားများနေမည်ကို တွေ့မြင်သိရှိနိုင်ပေသည်၊ ဤသို့ သုံးပါးသော အကုသလဝိတက်ကို ကြံစည်သည့် အတိုင်း လို့သပြူ ထမြောက်အောင်မြင်သွားပါလျှင် မိမိအဘို့ အကုသိုလ် များမည့်အပြင် ခံစားရသော သူမှာလည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် အတိဒုက္ခရောက်ရပေလိမ့်မည်၊ ထို့အပြင် ဝိတက်သုံးပါး ထမြောက်အောင်မြင်သွားပါက ယခုမျက်မှောက်ဘဝမှာပင် အစိုးရ၏ အပြစ်ဒဏ်ကိုလည်းခံရမည်။

ပုထုဇဉ် လူသားများ အခနဖြင့် ချုပ်တည်းထားရန် ခက်ခဲသောစိတ်ကို ကြံစည်တွေးတော စဉ်းစားခြင်း တည်းဖြင့် လွှတ်ပေးထားရာ၌ယုတ်ညံ့သည့် စိတ်စေတနာဘက်ကို အားပေးသော အကုသလ ဝိတက် သုံးပါးကို မစဉ်းစား မကြံစည် နိုင်စေရန် အဘတ်နိုင်ဆုံး ထိန်းချုပ်ကာ လောက သံသရာ နှစ်ဖြာသော ကောင်းကျိုးကို ဖြစ်စေမည့် ကုသလဝိတက် သုံးပါးကို ကြိုးစား ကြံစည်ရာသည်၊ ကုသလဝိတက် သုံးပါးကား—

၁။ နေက္ခမ္မဝိတက်–ပညာဆင်ခြင်ဉာဏ်ပွားစေ၍ ကိလေသာငြိမ်းအေးမှုကိုသာ ကြံစည်တတ် ပြုတတ်ခြင်း၊ တပ်မက် စွဲလမ်းခြင်းကို ပယ်ရန် ကြံစည်ခြင်း။

၂။ အဗျာပါဒဝိတက်- လက်စား မချေလို ခွင့်လွှတ်ခြင်းဖြင့်ဆင်းရဲဒုက္ခဖြစ်မည်ကို ပျောက်ပျက်စေရန် ကြံစည်ခြင်း။

၃။ အဝိဟိံသဝိတက်—နှိပ်စက်ညှဉ်းပမ်းခြင်းမပြုဘဲ ဆင်းရဲဒုက္ခ မရှိစေရန် ချစ်ခင်သော မေတ္တာစိတ်ထားဖြင့် အေးငြိမ်းရန်ကြံစည်ခြင်း။

ဤ ကုသလဝိတက် သုံးပါးကား သံသရာမှာလည်း နိဗ္ဗာန် ရောက်စေရန် အထောက်အပံ့ ဖြစ်၏။ ဤလောကမှာလည်း လူသားတို့အဘို့ ရာဇဝတ် မှုခင်းမှ ငြိမ်းအေးခြင်းလည်းဖြစ်သည်၊ ခင်းပြစ်မင်းဒဏ်မှလည်း လွတ်ကင်းရာလမ်းဖြစ်သည်၊ ထို့ကြောင့် မည်သူမဆို ဝိဘတ်ဝိစာရ များလိုပါသည်ဆိုလျှင် အကုသလ ဝိတက်သုံးပါးကိုပယ်၍ ကုသလဝိဘတ် သုံးပါးကိုသာ ကြိုးစား ပွားများရာသည်၊ ဤဝိဘက်ဝိစာရနှင့်ပတ်သက်၍ မြတ်စွာဘုရား သည် အန္ဓကရဏသုတ် ဒေသနာတော်၌ ဤသို့ ဟောကြား တော်မူခဲ့လေသည်။

အကြင်သူတော်ကောင်း ပုဂ္ဂိုလ်သည် ကုသလဝိတက် သုံးပါး ကိုသာ ကြံစည်ရာ၏၊ အကုသလဝိတက်သုံးပါးကို ပယ်စွန့်ရာသည်၊ ထို အကုသလဝိတက် သုံးပါးကိုရင်း၊ ထိုသုံးပါးနှင့် ယှဉ်သော ဝိစာရကိုရင်း၊ နိုင်နင်းစွာ ပယ်စွန့်နိုင်ပါလျှင် ထိုပုဂ္ဂိုလ် အဘို့ မျက်မှောက်ဘဝမှာပင် စိုးရိမ်ကြောင့်ကြရခြင်း၊ ဆင်းရဲဒုက္ခရောက် ရခြင်းတို့ ကင်းဝေး၍ ငြိမ်းအေးချမ်းမြေ့ခြင်းဘည်းဟူသောသုခ ကိုရင်း၊ မိစ္ဆာဝိဘက် ငြိမ်းအေးသော မဂ်စိတ်ဖြင့် နိဗ္ဗာန်ကိုရင်း ရနိုင်ပေ၏။

ပုထုဇဉ် လူသားတို့ ကြိုးစားမည်ဆိုပါက လူအများတို့ ငြိမ်း ချမ်း သာယာခြင်း ဖြစ်နိုင်ပေလိမ့်မည်။

× × ×

(၂၈-၇-၇၀)

## စိတ်ထိန်းချုပ်ခြင်း

အသက်အရွယ်ဖြစ်သော နှစ်အပိုင်းအခြားသည်ခြောက်ဆယ် ဆာ ကျော်လာလျှင် အချို့သော အဘိုးအို၊ အမယ်အိုတို့သည်

သတိလက်လွတ်ဖြစ်ကာ မေ့မေ့လျော့လျော့ ဖြစ်လာကြသည် မှတ်ဉာဏ်ချို့ယွင်းလာကြသည်၊ စကားပြော မနှုန်တော့ဘဲ ပြော အပ် မပြောအပ်ကို ဆင်ခြင်တိုင်းထွာနိုင်စွမ်းမရှိတော့ချေ။ ပြော လိုရာပြော ဆိုလိုရာ ဆိုနေတတ်ကြသည်။ အချို့ကား ခလေး သူငယ်များသဖွယ် ပြောဆိုကျင့်ကြံနေထိုင်ကြတော့သည်။ ဤသို့ ဖြစ်သည်ကို သူငယ်ပြန်သည်ဟူ၍ ဆိုစမှတ်ပြုကြ၏။ အချို့သော အဘိုးအို၊ အမယ်အိုတို့ကား အသက်ရှစ်ဆယ် ကိုးဆယ် ကျော် သည့်တိုင်အောင် အရွယ်ကြီးရင့်စေကာမူ အလွန် သတိကောင်း ကြသည်၊ ငယ်ရွယ်သူတို့ စိတ်မှာ ကြည်ညို လေးမြတ်ဘွယ် ဖြစ် အောင် နေထိုင်တတ်၊ ပြောဆိုကျင့်ကြံတတ်ကြသည်၊ နှုတ်ထွက် စကားမှာလည်း ကြားရသူ နားပျော်ဘွယ်ဖြစ်အောင် ဗဟုသုတ ဖြစ်စေမည့်စကား ဆိုဆုံးမသည့်စကားများသာဖြစ်သည်။ ဤသို့ အသက်အရွယ် ကြီးရင့်သူချင်းဖြစ်ပါလျက် အချို့က လူငယ်တွေ ရယ်ရွှင်ဘွယ်ဖြစ်အောင်၊ စိတ်မရှည်ဘွယ် ဖြစ်အောင် သူငယ်ပြန် ခြင်းမျိုးဖြစ်၍ အချို့က အဘယ်ကြောင့် သတိဘရားနှင့် ပြည့်စုံ ကာ နိုးနိုးကြားကြား ဖြစ်နေကြပါသနည်း။

လူတို့စိတ်သည်အလွန်ထိန်းချုပ်နိုင်ခဲသောအရာဖြစ်၏၊ မျက်စိ တမှိတ်မျှသော အချိန်ကလေးမှာပင် စိတ်သည် မရေမတွက်နိုင် သော အကြောင်းအရာများကို သတိရတွေးတောစဉ်းစားမိသည်။ အဆုံးအစ မပေါ်ပြနိုင်သော အရပ်ဒေသများသို့ ရောက်သွား တတ်သည်၊ ထို့ကြောင့် စိတ်ကို နိုင်နင်းအောင် ထိန်းချုပ်နိုင်၍ တည်ကြည်ငြိမ်သက်မှသာလျှင် သမာဓိ တည်နိုင်၍ နိဗ္ဗာန်ရောက် ကြောင်း တရားကို ကျင့်ကြံနိုင်မည်ဟု မြတ်စွာဘုရား ဟောကြား တော်မူခဲ့ခြင်းဖြစ်သည်။

စိတ်ကိုလွှတ်ပေးထားလိုက်သောအခါ အာရုံမျိုးစုံသို့ စိတ်က ပျံ့လွင့်ရောက်ရှိသွား၏။ အာရုံတခုထဲမှာ စွဲမြဲစွာ မတည်တံ့နိုင်တော့ချေ၊ ထိုသို့ အာရုံထွေပြားသောအခါ၌ မေ့လျော့ခြင်း၊ ဗျာဝေခြင်း၊ မှတ်ဉာဏ် ချို့ယွင်းခြင်း၊ စိတ်အားငယ်ဘတ်ခြင်း၊ ဆင်ခြင်နိုင်းချိန်နိုင်အား လျော့ပါးပျောက်ကွယ်ခြင်းတို့ ဖြစ်လာရသည်၊ထိုအခါမိမိပြောမိသည့်စကား၊ပြုလုပ်မိသော အခြင်းအရာကို မှတ်သားမိခြင်း၊သတိထားမိခြင်း မရှိတော့ချေ။ မိမိ စိတ်ထဲမှာ ပေါ်ပေါက်လာသည့်လိုအင်ဆန္ဒအတိုင်း ပြောဆိုလိုသည့်စကား၊ ပြုလုပ်လိုသည့် ကိစ္စကိုလည်း သင့်လျော်ခြင်း ရှိမရှိ၊ စဉ်းစားနိုင်းချိန်နိုင်စွမ်း မရှိသည့်အလျောက်ပြောမိသည်၊ ပြုလုပ်မိသည်။ဤသို့ မေ့မေ့လျော့လျော့ဖြင့် သတိလက်လွှတ် ဖြစ်နေသူများအား ငယ်ရွယ်သူတို့ဖြစ်ဘိမူ၊ ပညာရေးကြောင့် သို့မဟုတ်၊အချစ်ရေးကြောင့် သို့မဟုတ် စီးပွားရေး၊ အိမ်တွင်းရေး စသည့်အကြောင်းကြောင်းတို့အတွက် စိတ်ထိခိုက်နေသည်ဟု ဆိုကြ၏။ မှန်သင့်သလောက်လည်း မှန်ပါသည်၊ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားအိုဖြစ်မိမူ၊သူငယ်ပြန်သည်ဟု ဆိုစမှတ်ပြုကြ၏၊စင်စစ်သော်ကား စိတ်ကိုထိန်းချုပ်ခြင်းမရှိဘဲ လွှတ်ပေးထားသည်ကအရင်းခံသွားခြင်းဖြစ်၏၊ ထိုသို့ သူငယ်ပြန်ခြင်းကြောင့် စိတ်ဘိုရသောသားသမီး၊မြေး၊မြစ်တို့မှာ အကုသိုလ်ဖြစ်ရလေတော့သည်၊ မည်မျှပင် စိတ်ဆင်းရဲဘွယ်၊ ဝမ်းနည်းကြေကွဲဘွယ်နှင့် တွေ့ရစေကာမူ စိတ်အားကိုလျှော့မပစ်သင့်ပေ၊ ကောင်းသော အကြောင်းအရာတခုကို စိတ်မှာထား၍ အာရုံစိုက်ပြီး စိတ်ကိုထိန်းချုပ်ထားမည်ဆိုပါက အဘယ်မှာ စိတ်ပျံ့လွင့်ပါတော့မည်နည်း၊စိတ်မပျံ့လွင့်လျှင် တည်ငြိမ်မှုကိုရ၍ မေ့လျော့ခြင်း၊ မှားယွင်းခြင်း မဖြစ်နိုင်တော့ချေ။ လူငယ်တွေ အနေဖြင့် မိမိကိုယ်အတွက်ရင်း၊ ပတ်ဝန်း

ကျင့် လူသတ္တဝါတို့အတွက်ရင်း၊ အကျိုးရှိစေမည့် အကြောင်းအချက်ကို အာရုံစိုက် စိတ်ဝင်စားခြင်းဖြင့် စိတ်ကိုထိန်းချုပ်နိုင်သည့် နည်းတူ သက်ကြီးရွယ်အိုတို့အတွက်ကား ရတနာသုံးပါး ဂုဏ်တော်ကိုရင်း၊ မေတ္တာ ကရုဏာစိတ်ကိုရင်း၊ တရားနှင့် ယှဉ်သော အာရုံတခုခုကို စူးစိုက်မှတ်သားခြင်းဖြင့် စိတ်ကို ထိန်းချုပ်ထား နိုင်ပေသည်။ စိတ်ကိုနိုင်လျှင် ငယ်ရွယ်သူတို့လည်း စိတ်ပျံ့လွင့် တော့ချေ။ သက်ကြီးရွယ်အိုတို့လည်း သူငယ်ပြန်မည် မဟုတ်တော့ ပေ၊ ပြုစု လုပ်ကျွေးရသူတို့ အဘို့မှာလည်း စိတ်တိုဘွယ် မရှိ၍ အကုသိုလ်က ကင်းရှင်းလေတော့သည်။

အသက် ရှစ်ဆယ်ကျော် ကိုးဆယ်ကျော်အရွယ်၊ အဖိုးအို အမယ်အိုများအနက် သတိကောင်းသော ပုဂ္ဂိုလ်များကို စာရေး သူ နီးနီးကပ်ကပ် လေ့လာမေးမြန်းဘူးသည်၊ သူတို့စိတ်အာရုံကို ထွေပြား ပျံ့လွင့်မှု မရှိအောင် ထိန်းချုပ်ထားသည့်အတွက် အခါ ခပ်သိမ်း နိုးနိုးကြားကြားဖြင့် သတိကောင်းနေကြောင်း ပြော ပြကြ၏၊ ထိုအဘိုးအဘွားအိုများ စိတ်ကို ထိန်းချုပ်ထားသည့် အချက်ကား၊ လက္ခဏာရေးသုံးပါးကို အမြဲမပြတ်ဆင်ခြင်နေခြင်း ဖြစ်ကြောင်းသိရသည်။ဤသို့ စိတ်ကိုထိန်းချုပ်ခြင်းကိုအကြောင်း ပြု၍ ဒါရုသာကဋပုတ္တဝတ္ထုဥ္စ မြတ်စွာဘုရားသည် ဤသို့ ဟော ကြားတော်မူခဲ့လေသည်။

"ရတနာသုံးပါး၏ဂုဏ်ကိုရင်း၊ လက္ခဏာရေး သုံးပါးကိုရင်း ကရုဏာ ဘာဝနာ၊ မေတ္တာဘာဝနာကိုရင်း အမြဲမပြတ် စူးစိုက်၊ သော စိတ်ဖြင့် အာရုံပြုသော ဘုရား၏တပည့်တို့ သည် အခါ ခပ် သိမ်း သတိရှိသူများ ဖြစ်ကြသည်၊ အခါခပ်သိမ်း ကောင်းစွာ နိုးနိုးကြားကြား ရှိကြကုန်သည်။

ထို့ကြောင့် စားဝတ်နေရေးမှာ ပူပန်ကြောင့်ကြရန်မလိုသည့် အချို့သော အဘိုးအို၊ အဘွားအိုတို့သည်၎င်း၊ စားဝတ်နေရေး အဆင်မပြေသည့် အဘိုးအို၊ အဘွားအိုတို့သည်၎င်း၊ ရနိုင်သမျှ အချိန်ကလေးမှာ စိတ်ကိုလွတ်မထားဘဲ ကောင်းမွန်မြင့်မြတ်သည့် အာရုံဖြင့် ထိန်းချုပ်ကာ သူငယ်ပြန်ခြင်းမှ ကင်းလွတ်နိုင်ပါစေ သတည်း။

× × ×

(၄ · ၈ · ၇၀)

## မိုက်သူ

ဤလောကရှိ လူအချို့သည် မိမိတို့ကိုယ်ကို အဆင်ကြီးနေသူ များ ရှိကြလေသည်။ မိမိတတ်ကျွမ်းနားလည်ထားသော ပညာကို အကြောင်းပြု၍ ငါဘော်လှသည်၊ တတ်လှသည်၊ နားလည် ကျွမ်းကျင်လှသည်၊ အခြားသူများ ငါ့လောက် မသိကြ၊ မတတ် ကြ၊ မလိမ္မာကြဟူ၍ မိမိပညာဂုဏ် မောက်ပြီး အထင်ကြီးသူများ က ကြီးကြ၏။ အချို့ကမူ ငါသတ္တိကောင်းလှသည် မဟုတ်သျှင် မခံတတ်၊ သတ်ရဲသည်၊ သေရဲသည်၊ ငါ့ကို မည်သူစံ့အံ့နည်း ဟူသော မိမိစိတ်ဓါတ် ဂုဏ်မောက်ပြီး ကိုယ့်ကိုယ်ကို အဆင်ကြီး သူကကြီးကြ၏ မည်သည့်အရာကို အကြောင်းပြုပြီး အဆင်ကြီး နေစေကာမူ မိမိ၏အစွမ်း၊အရည်အချင်း၊ သတ္တိ ခွန်အား စသည် တို့ကို အသေအချာ ပြန်လည် ဆန်းစစ် သုံးသပ်ဆင်ခြင်မှု မပြုဘဲ အထင်ကြီးနေခြင်းကား ကောင်းမွန်သင့်လျော်သည်ဟုမဆိုနိုင်ပေ။

အတတ်ပညာဟူသည် အဆုံးအစကိုကန့်သတ်တိုင်းတာထားနိုင်သောင်းသော အရာမဟုတ်၊ မိမိစိတ်ဆန္ဒရှိ၍ ဆည်းပူး သင်ယူမည်ဆိုလျှင် အသက်သာလျှင် အဆုံးဘိုင်မည်၊ အတတ်ပညာကား ဆုံးခန်းဘိုင် ရောက်ခည်မဟုတ်ပေ။ မိမိတတ်ကျွမ်းနားလည်ထားသည့် ပညာထက် သာလွန် တတ်ကျွမ်းသူကို တွေ့ကြုံရပါမူ အချို့သောသူတို့က မိမိတို့၏ မပြည့်စုံသေးသော အဖြစ်ကို ပြန်လည်ဆင်ခြင်သိရှိ၍ မိမိကိုယ်မိမိ အဆင်ကြီးခဲ့မှုကို ပယ်ဖျောက်သည်၊ နိမ့်ချသောစိတ်ကို မွေးမြူတာ မိမိထက် ပညာရည် သာလွန်းသူကို ဦးစားပေး ဆည်းကပ်သည်၊ ထိုကဲ့သို့သော သူမျိုးကား စိတ်သဘောထား ပြည့်ဝ မြင့်မြတ်သူဟု မှတ်ယူအပ်ပေသည်၊ သို့သော် အချို့သော သူတို့ကား ထိုကဲ့သို့ မွန်မြတ်သော စိတ်သဘောမျိုး မရှိဘဲ ကိုယ့်ထက်သာ မနာလိုသော ဆိုးယုတ်သည့်စိတ်ခံစတနာကို ထားကြ၏။ မိမိထက် ပညာရည် သာလွန်းသူကို ဦးစားပေးခြင်း၊ ဆည်းကပ် နာယူခြင်း မပြုသည်သာမဟုတ်၊ ငါ့လောက် မတော်ဘဲ မတတ်ဘဲနှင့် ငါ့အပေါ် ဆရာလုပ်ချေသည် ဟူသော အဆင်အမြင်မျိုးထားပြီး မထေမဲ့မြင် ဆက်ဆံဘတ်၏။

တဖန်တု မိမိ၏ခွန်အားဗလနှင့်သတ္တိကိုအထင်ကြီး၍ တဘက်သားကို မလေးမစား ဆက်ဆံခြင်းသည်လည်း လျော်ကန်သင့်မြတ်သော အလုပ်မဟုတ်ပေ၊ မည်မျှပင် မိမိမှာ ခွန်အားကြီးစေကာမူ၊ သတ္တိကောင်းခနေစေကာမူ၊ မိမိထက် ပညာဉာဏ် သာလွန်သူကသာလျှင် မိမိအား နိုင်နင်း အောင်မြင် သွားတတ်သည်ကို သတိမူခြင်းဖြင့် မိမိကိုယ်ကို အထင်မကြီးရ၊ ပညာဉာဏ်ရည်သာသူကို ဆည်းကပ် ပေါင်းသင်းရာသည်။

မိမိ၏ ချို့ယွင်းခြင်း၊ ညံ့ဖျင်းခြင်း၊ မိုက်မဲ့ခြင်းကို ပြန်လည်ဆန်းစစ်သိမြင်၍ ပညာရှိကို ဆည်းကပ်ပေါင်းသင်းဘာ မိမိကိုယ်

စိတ် နှစ်ပါးကို ပြုပြင်သောသူအဘို့ မည်သည့်အခါမှ ဆုံးရှုံးနစ်နာခြင်း မရှိဘဲ တိုးတက် ကောင်းမွန်သော အခြေအနေကို ရောက်ကာ အဘိုးတန်ပုဂ္ဂိုလ်ဖြစ်လာနိုင်သည်၊ မိမိ၏ ချို့ယွင်းညံ့ဖျင်း မိုက်မဲခြင်းကို ဆင်ခြင်သုံးသပ်ခြင်းလည်း မရှိ၊ မိမိကိုယ်ကို အထင်ကြီးမြဲတိုင်း ကြီး၍ ပညာရှိကို မဆည်းကပ်ဘဲ မာန်မာနဖုံးလွှမ်းနေသူအဘို့ကား မည်သည့်အခါမှ တိုးတက်မွန်မြတ်ခြင်း မဖြစ်ဘဲ သူမိုက်ဖြစ်မြဲသာ ဖြစ်နေပေမည်။

အချို့သော သူတို့ကား ပညာ အရည်အချင်းနှင့် ပြည့်စုံ၍ လောကသံသရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာဖြစ်စေအောင် ဖဲ့ပြင် သွန်သင် ပြသ ဆုံးမနိုင်သော အဘိုးတန် ပုဂ္ဂိုလ်များနှင့် လက်ပွန်းတတီး ရင်းနှီးရောဝင်စွာ အတူတကွ နေထိုင် သွားလာ စားသောက်လျက်ငင်း၊ စကားနှီးနှော ပြောဆိုလျက်ငင်း ရှိနေကြ၏။ သို့သော်လည်း မိမိနှင့်ရင်းနှီးပေါင်းသင်းနေသူပုဂ္ဂိုလ်သည် မည်မျှ အဘိုးတန်သည်၊ မည်မျှ အရည်အချင်းနှင့် ပြည့်စုံသည်၊ ထိုပုဂ္ဂိုလ်ထံမှ ပညာကိုရအောင်ယူနိုင်လျှင် မည်မျှအကျိုးကျေးဇူး ခံစားနိုင်မည်ကို တွေးဆနိုင်းချိန်သော ဆင်ခြင်ဉာဏ် ကင်းမဲ့သည့်အတွက် သင်ယူခြင်းမပြုဘဲ ပေါ့ပေါ့တန်တန် အပေါ်ယံသဘောဖြင့်သာ ပေါင်းသင်းရောဝင်နေကြသည်၊ အချို့ကား ထိုပုဂ္ဂိုလ်၏ ပညာ အရည် အချင်းကိုငင်း၊ ထို ပညာ အရည် အချင်းကို သင်ယူ တတ်မြောက်ခဲ့လျှင် မည်သို့ မည်ပုံ အကျိုးရှိမည်ကိုငင်း၊ တွေးဆ သိမြင်ပါသော်လည်း လိုချင်သော ဆန္ဒ မရှိ၍ မသင်ယူဘဲ အမှုမဲ့ အမှတ်မဲ့ မေ့မေ့ လျော့လျော့သာလျှင် နေကြသည်။ ထိုကဲ့သို့သော လူမျိုးတား ပညာရှိပုဂ္ဂိုလ်အနား နီးကပ် ရင်းနှီးပါလျက်, မိုက်မဲသော စိတ်သဘော

ရှိသူများဟု မှတ်ယူရပေမည်။ ထိုကြောင့် မည်သူမဆို မိမိကိုယ်ကို ဆင်ခြင် ကင်းမဲ့စွာအဆင်မကြီးရာ၊ မိမိ၏မပြည့်စုံသော ချို့ယွင်းချက်ကို ပြန်လည် သိမြင်၍ ဆင်ခြင် ပြုပြင်ရာသည်၊ မိမိထက်ပညာအရည်အချင်း သာလွန်သူသို့ ဆည်းကပ်ရာသည်၊ ပညာရှိများနှင့် တွေ့ဆုံသည့်အခိုက်အတန့်မှာ နီးကြားအကြွေသာလုံ့လဝီရိယဖြင့် ပညာ၏တန်ဘိုးကို မြတ်နိုးသော နှလုံးဖြင့် မှတ်သားနာယူရာသည်၊ ဤ သူမိုက်များနှင့်ရင်း ပညာရှိ ပုဂ္ဂိုလ် များနှင့်ရင်း၊ စပ်လျဉ်း၍ ဓမ္မပဒပါဠိတော်တွင် "မိုက်သောသူသည် မိမိ၏ မိုက်မှားခြင်း၊ ချို့ယွင်းခြင်းကို သိရှိပြုပြင်လျှင် ပညာရှိဖြစ်နိုင်သေး၏၊ မပြုပြင်ဘဲ မိမိကိုယ်ကို အထင်ကြီးပြီး ငါသာ တတ်သိလိမ္မာသော ပညာရှိဟု ထင်နေပါလျှင် ထိုသူသည်သာ လူမိုက်စင်စစ်ဖြစ်သည် ဟူ၍ ဂဏ္ဍိဘေဒက စေ ရတ္တာဥ္စရင်း" ပညာရှိ ပုဂ္ဂိုလ်နှင့် ရင်းနှီးရောဝင်နေပါလျက်နှင့် ပညာတန်ဘိုးကို မချင့်တွက် မသိမြင် မလိုချင်ဘဲ မေ့မေ့လျော့လျော့ နေသူများသည် ဟင်းအိုးကို မမွှေနေရပါလျက် ဟင်း၏အရသာကို မသိသော ယောင်းမကဲ့သို့သော လူမိုက်များသာ ဖြစ်သည်ဟူ၍ ဥဒါယိတ္ထေရ ဝတ္ထုဥ္စရင်း မြတ်စွာဘုရား ဟောကြားတော် မူခဲ့လေသည်။

× × ×

(၁၁-၈-၇၀)

## ဆုံးမခြင်း

ပုထုဇဉ် လူသားတို့တွင် မည်မျှ စိတ်သဘောထား ပြည့်ဝပါသည်ဆိုစေကာမူ၊ မည်မျှစိတ်ထား နူးညံ့ပါသည်ဆိုစေကာမူ မိမိ

၏ ချို့ယွင်းလွဲမှားချက်၊ မိမိကျူးလွန်ထားသော အပြစ် အနာ အဆာ တို့ကိုကား ပြန်လည် မြင်စွမ်းနိုင်သူ၊ သုံးသပ် ဆင်ခြင်သူ နည်းပါးလှပေသည်၊ထိုချို့ယွင်းချက် လွဲမှားချက်တွေ ကျူးလွန် ထားသော အပြစ်အနာအဆာတွေကို တစုံတဦးသော ပုဂ္ဂိုလ်က ထောက်ပြပေါ်ပြောပြီးဆင်ခြင်ရန်၊ပယ်ဖျက်ရန်၊မပြုလုပ်ရန်ပြော ဆိုဆုံးမခြင်းကိုမခံယူလိုကြချေ၊ မိမိ၏အပြစ်ကို မဆင်ခြင်ဘဲဆုံးမ ပြောဆိုသောပုဂ္ဂိုလ်အား အထင်အမြင် မှားတတ်ကြသည်၊ ငါ့ကို မုန်း၍ အပြစ်ရှာသည်ဟူ၍ရင်း၊ ငါ့ကိုမလိုသူက တွန်းပေး တိုက် ပေးသည့်စကားကို နားဝင်သည် ဟူ၍ရင်း၊ အမျက်သို ရန်ငြိုးဖွဲ့ တတ်ကြလေသည်၊မိမိမှာ တစုံတခုသောချို့ယွင်းချက် အပြစ်ဟူ၍ မရှိလျှင် မရှိသည့်အလျောက် ရဲဝံ့စွာရင်ဆိုင်ဖြေရှင်းသင့်လေသည်၊ ရင်ဆိုင် ဖြေရှင်းခြင်းမပြုဘဲ စိတ်ထဲမှ အကျိတ်အခဲ ရန်ငြိုးထား ၍စေတနာဖြင့် တားဆီးဆုံးမသူအား ပျက်စီးရာပျက်စီးကြောင်း ကိုကြံစည်လေသည်၊ တားဆီးဆုံးမ သူကိုသော်ရင်း၊ သူ၏အိမ်သူ အိမ်သား ဆွေမျိုးဉာတိ များကိုသော်ရင်း၊ စည်းစိမ်ဥစ္စာ ပျက် စီးအောင်ပြုလုပ်သည် အကျိုးယုတ်အရှက်ကွဲအောင် ပြုလုပ်သည်၊ အသက် ဆုံးရှုံးအောင် ပြုလုပ်သည်။ ထိုကဲ့သို့သော မှုခင်းများ သည် ယခု မျက်မှောက်ခေတ်၌ အများအပြား ဖြစ်ပေါ်လျက် ရှိ၏။

မိမိချို့ယွင်းချက် မိမိအပြစ်ကို ဝန်ခံခြင်း၊ ပြုပြင်ခြင်းမလုပ် ဘဲ၊ စေတနာဖြင့် ဆုံးမပြောဆိုသူကို ပျက်စီးအောင်ကြံစည် လုပ် ဆောင်ခြင်းကား သူယုတ်တို့၏ သဘော အပြည့်အဝ ရှိသူများ သာတည်း။

ထိုကဲ့သို့သော သူယုတ်တို့ စည်ပင် ပြန့်ပွားနေသော ယခု

မျက်မှောက်ခေတ်ဝယ် သူတော်ကောင်းသဘောရှိသောသူတို့သည် မည်သူ့ကိုမှ ဆိုဆုံးခြင်းမပြုလိုတော့ချေ။

လူမိုက်သည်* လမ်းလွဲသမ်းမှားကိုလိုက်၍ မပြုလုပ်သင့်သော အပြစ်တွေကို ပြုလုပ် ကျူးလွန်ခြင်းဖြင့် သူကိုယ်တိုင် အဘို့ရာ တွင်ရင်း၊ ပတ်ဝန်းကျင် လူသားများအတွက်ရင်း၊ သတ္တဝါများ အတွက်ရင်း၊ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံး စေမည်ကို ဆုံးမလို သော ပညာရှိပုဂ္ဂိုလ်သည် ထိုလူမိုက်ကသူ့အား ပြန်လည်တုံ့ ပြန်မည့် ဘေးအန္တရာယ်ကို မျှော်တွေးမိခြင်းဖြင့် ဆုံးမတားဆီး ခြင်းကို မပြုလိုတော့ဘဲ ဘေးလွတ်အောင်သာ ရှောင်တိမ်း၍ မမြင်ဟန်၊ မသိဟန်၊ မကြားဟန်ဖြင့်သာ တိတ်ဆိတ် နေတော့ မည်ဖြစ်သည်၊ ထိုကဲ့သို့ မိုက်မဲယုတ်မာသူကလည်း မည်သူကမှ မတားဆီးဝံ့သည့်အလျောက် ပြစ်မှုတွေကို ကျူးလွန်မြဲ ဆက် လက်ကျူးလွန်နေမည်၊ ပညာရှိပုဂ္ဂိုလ်ကလည်း လက်တုံ့ပြန် လာမည့်အန္တရာယ်ကို ရှောင်တိမ်းခြင်းဖြင့် ဆုံးမ တားဆီးခြင်း မပြုဘဲ နေမည်ဆိုလျှင် ဤကမ္ဘာပေါ်ဝယ် သူတော်ကောင်း ဆိတ်သုဉ်း၍ မိုက်မဲယုတ်မာသူ တို့သာ စည်ပင်နေ တော့မည် ဖြစ်သည်။

မြင့်မြတ်လှသော လူ၏ဘဝကို ရောက်လာကြရသည့် ဇာခိုက် အတန့်ဝယ် မိမိတို့ဘဝကို မသေမီမှာ တန်ဘိုးထား ထိန်းသိမ်း၍ လူအများ၏ မေတ္တာစေတနာကို ခံယူခြင်းဖြင့်သာ သေဆုံးသင့် ပေသည်၊ လူစင်စစ်စိတ်ရှိသော လူသား တဦး တယောက်သည် မည်မျှဆိုးတေ မိုက်မဲနေစေကာမူ မိမိကိုယ်ကို လူသားစင်စစ်ဖြစ် ပေသည်ဟူသောအသိတရားကို လွင့်ပါပျက်စီးစေခြင်းငှာ မသင့် ပေ၊ လူသားအချင်းချင်း ပြောကြားသည့်စကားစုထဲမှ မိမိ၏ဘဝ

အဘို့ အပြင်ကင်း၍ အကျိုးကျေးဇူး များမည့် စကားကို ကြားရလျှင် စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မဖြစ်ဘဲ ကောင်းစွာမှတ်သား နာယူပြုပြင်သင့်ပေသည်၊ မနာယူဘဲ အမျက်ထွက်ခဲ့လျှင် မိမိဘဝမှာ ဒုက္ခကြီးကျယ်စွာ တွေ့ကြုံလျှင် မည်သူကမှ ကယ်တင် ကူညီလိုသော စေတနာ မရှိတော့သဖြင့် နစ်မွန်း သည်ထက် နစ်မွန်းပေမည်၊ လောကရေး သံသရာပါ အကျိုး ယုတ်ရ ပေမည်၊ သူတော်ကောင်း သဘောရှိသော ပညာရှိပုဂ္ဂိုလ်များအနေဖြင့်လည်း ယုတ်မာမိုက်မဲသူကို ကြုံတွေ့နေရပါလျှင် တုံ့ပြန်မည့် အန္တရာယ်ကို ရှောင်သောအားဖြင့် လျစ်လျူရှုနေခြင်းကို မပြုရ ယုတ်မာ မိုက်မဲသူ၏ အခြေအနေကို စူးစမ်းသေချာ၍ ထိုသူ နာယူ မှတ်သားမည့် အရိပ် လက္ခဏာကို တွေ့လျှင် ဆုံးမသင့်က ဆုံးမရာသည်၊ သို့သော်ယခုခေတ် အခြေအနေအရ ရေးသားရပါလျှင် ဆုံးမစကားကို နာယူမည်သူကား ရှိမှရှိပေလိမ့်မည်၊ ဤကဲ့သို့သော သူများ ပွားစီးနေသရွေ့ လောက လူသားတို့အဘို့ ငြိမ်းအေးနိုင်မည် မဟုတ်ပေ၊ သူမိုက်တို့အား ဆုံးမခြင်းနှင့် ပတ်သက်၍ ဓမ္မပဒ ပါဠိတော်တွင်....

"အပြစ်ဖေါ်ပြ ဆုံးမသူပညာရှိအား မြှုပ်ထားသော ရွှေအိုးကို ဖေါ်ပြသကဲ့သို့ ထင်မှတ်ပြီး ဆည်းကပ် နာခံသော သူသည် ယုတ်ညံ့သူ မဟုတ်ဘဲ မြတ်သောသူ မည်၏ဟူ၍ ရာဇတ္ထေရ ထွေ ဥရင်း"။

"ကြိုတင် ဆုံးမသော ပုဂ္ဂိုလ်၊မကောင်းမှုကို တားမြစ်သော ပုဂ္ဂိုလ်တို့အား သူတော်ကောင်းတို့သည် နှစ်သက်၏၊ ချစ်ခင်၏ သူယုတ်မာတို့အား ဆုံးမတားမြစ်သော ပုဂ္ဂိုလ်တို့အား မချစ်ခင်

မနှစ်သက်ပေ ဟူ၍ အဿဇိပုနဗ္ဗသုက ဝတ္ထု၌ဒေ၀်း”မြတ်စွာဘုရား ဟောကြားတော် မူခဲ့လေသည်၊

× × ×

(၁၈-၈-၇၀)

**အလှူခံပုဂ္ဂိုလ်**

ဗုဒ္ဓဘာသာဝင် တို့သည် မိမိတို့ သက်ဝင်ယုံကြည်ရာ ဘာသာ ရေးနှင့် ပတ်သက်လာလျှင် အလှူပေးရာ၌ အလွန်ရဲရင့်ကြသည်၊ ရက်ရောကြသည်၊ အလှူဒါန ပြုခြင်းဟူသည် အလွန်မှ နှုန်းမြတ် သော ကျင့်ဝတ် တခုဖြစ်၍ လိုက်နာ ကျင့်သုံးအပ်သော အရေး တော်ပင်ဖြစ်ပါပေ၏၊ သို့သော် အလှူပေးရာ၌ သတိသမ္ပဇဉ်ဉာဏ် ဖြင့်ယှဉ်၍ ဆင်ခြင်တိုင်းဆပြီးမှ အလှူဒါနကိုပြုရသည်၊ အဘယ် သို့ ဆင်ခြင်တိုင်းဆ ရမည်နည်း။

အချို့သူတို့သည် လှူချင်သောစိတ် ပေါ်ပေါက် လာသော အခါ၌အလှူခံမည့် ပုဂ္ဂိုလ်၏ အကျင့်သီလ အနေအထိုင် အမူအရာ ကို မကြည့်ရှု၊ မစူးစမ်းချေ၊ မျက်စိမှိတ်၍သာ လှူလိုက်၏ ထိုသို့ လှူပြီးမှထိုအလှူခံပုဂ္ဂိုလ်၏ စေတနာပျက်ဘွယ်ရာ ဖေါက်ပြန်သော အမူအကျင့်ကို တွေ့မြင်ကြားသိရ၏၊ထိုအခါ မစူးမစမ်းလှူမိသော သဒ္ဓါတရား ပျက်ပြီး ဥစ္စာကုန်ခြင်း၊ အကုသိုလ်များခြင်းတို့သာ ဖြစ်ရသည်၊ အချို့သူတို့ကား အလှူခံပုဂ္ဂိုလ်၏ ဖေါက်ပြန်သော အကျင့်သီလအနေအထိုင်ကိုသိသည်၊ ထိုသို့ သိလျက်နှင့် ထိုပုဂ္ဂိုလ်

၏အဆင်းသဏ္ဌာန် အသံအမူအရာကို နှစ်ခြိုက်ကြည်နူး၍ လှူကြသည်၊ ဤအလှူမျိုးကား စင်ကြယ်သောအလှူ မမည်ပေ။

အချို့သော အလှူခံပုဂ္ဂိုလ်တို့သည် မိမိသိကြောနှင့်၌ စင်ကြယ်သော အကျင့်သီလ ဟူ၍ မြူမျှမရှိပါဘဲလျက် သူတော်ကောင်းဟန်ဆောင်၍ သဒ္ဓါတရား ရှိသူတို့ကို လှည့်စား အလှူခံသည်၊ မစူးစမ်း မဆင်ခြင် တတ်သော သူတို့ကလည်း ထိုဟန်ဆောင်သီလကြောင် ပြောသမျှ ယုံကြည် လှူဒါန်းကြသည်၊ ဤမျှအလှူမျိုးသည်လည်း ကြီးမားသောအကျိုး မခံစားရချေ။

အချို့သော အလှူခံပုဂ္ဂိုလ်တို့ကား မိမိတို့ လာတ်လာဘ ပြန့်ပွား များပြားစေရန် ရည်သန်၍ နိဗ္ဗာန်ကိုရှေ့ရှုသော သူတော်ကောင်း စင်စစ်တို့ မပြုလုပ်အပ်သော အမှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင် ပြောဆို ပေးခြင်းဖြင့် လှူဘွယ် ဝတ္ထုကို ရယူ၏၊ ဤပုဂ္ဂိုလ်မျိုးကို ပေးလှူသော အလှူသည်လည်း မစင်ကြယ်နိုင်ပေ။

အလှူခံ ပုဂ္ဂိုလ်တို့ ဘက်ကသာ ချို့ယွင်း ဖေါက်ပြန်သည် မဟုတ်၊ ဆည်းကပ် ကိုးကွယ်သော သူတို့၏ ချို့ယွင်းချက်တွေကလည်းများစွာ ရှိနေချေသည်။

အကြင်အလှူခံ ပုဂ္ဂိုလ်သည် ပျက်ယွင်းဖေါက်ပြန်မှု ကင်း၍ စင်ကြယ်သော အကျင့်သီလဖြင့် ပြည့်စုံငြားအံ့၊ နိဗ္ဗာန်သို့ရည်စူးစေလွတ်သားသော တည်ငြိမ် ခိုင်ခန့်သော သမာဓိ စိတ်လည်း တည်ငြိမ်စွာ ရှိအံ့၊ ကာမ၊ ရာဂ၊ တဏှာစသည်တို့ စွန့်ပယ်ကင်းပြတ်ပြီးဖြင်အံ့၊ ထိုပုဂ္ဂိုလ်မျိုးသည် မိမိအားသူတပါးကကြည်ညို ဆည်းကပ်လာစေရန် အလှူဝတ္ထုပစ္စည်း ပေါများလာစေရန် သူတော်ကောင်းတို့နှင့် မအပ်စပ်သော အမှုကိစ္စမျိုး ဆောင်ရွက်ပေးရန်

စသည်တို့ကို ကြိုးစားအားထုတ်မှုမှ လုံးဝ ကင်းစင် ပေလိမ့်မည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်၊ သိုသိပ်ကျစ်လစ်စွာသာ ကင်း၊ ရှင်း ဆိတ်ငြိမ်ရာမှ နေတတ်ကြ၏၊ ထိုကြောင့် ထိုပုဂ္ဂိုလ်မျိုးကို စင်ကြယ်သော သဒ္ဓါစိတ်သက်သက် ရှိသူများကသာ ကိုးကွယ်ဆည်းကပ်ကြသည့် အများစုဖြစ်သော ဘယာစိတ်ဖက်သည့် သူများက နှစ်ခြိုက်စွာ မကိုးကွယ်ကြပေ၊ ထိုသို့ ဘယာစိတ် ဖက်သူများက နှစ်ခြိုက်မှုမရှိသည်ကို ထိုစင်ကြယ်သန့်ရှင်းသော သူတော်ကောင်း ပုဂ္ဂိုလ်ကလည်း လျစ်လျူရှု၏၊ထို့ကြောင့် တရားစစ် တရားမှန်ရှိသော စင်ကြယ်မြင့်မြတ်သည့် ပုဂ္ဂိုလ်ထံမှာ သဒ္ဓါသက်သက်ပေးလှူသူ အနည်းစုဖြစ်၍ ဘယာဖက်သော အများစုက သူတို့စိတ်ကြည်နူးမှု ဖြစ်စေသော သီလအကျင့် ချို့ယွင်းသော အလှူခံပုဂ္ဂိုလ်တို့ထံမှာသာ ခြံရံကြလေဘည်။

ဤတွင် အလှူခံပုဂ္ဂိုလ်နှင့် ပေးလှူသူတို့ကို အကြောင်း၊ပြု၍ မြတ်စွာဘုရားသည်။

"မိမိကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်းလည်း မရှိ၊ အကျင့်သီလလည်း မစင်ကြယ်ဘဲလျက် လူအများတို့ ပေးလှူသောဝတ္ထုကို စားသုံးရခြင်းထက် မီးလျှံကဲ့သို့ပူလောင်သော သံထွေခဲကို စားသုံးခြင်းက ပိုမို လျောက်ပတ်သည်" ဟူ၍ ဝဂ္ဂုမုဒါတီရိယဘိက္ခု ဝတ္ထု၌ဒေသနာ

ဖေါက်ပြန်သော အကျင့်သီလ ရှိလျက် သူတော်ကောင်းအမည်ခံသူပုဂ္ဂိုလ်များအား များပြားစွာသော ပစ္စည်းအကုန်ခံ၍ နှစ်ရှည်လများ လှူဒါန်း ပူဇော်ခြင်းထက် စင်ကြယ်သော သီလအကျင့်ဖြင့် ဝိပဿနာ ပွားများသော မြင့်မြတ်သည့် ပုဂ္ဂိုလ်များအား အနည်းငယ်မျှသော ဥစ္စာဖြင့် တခဏမျှ ပူဇော်လှူဒါန်းရ

ခြင်းက မနိုင်းယှဉ် နိုင်အောင် မြင့်မြတ်သော အကျိုးကျေးဇူး ရှိပေသည် ဟူ၍ သာရိပုတ္တထေရသာ မာတုလဖြဟ္မဏ ဝတ္ထုနှင့်ရင်း၊ သာရိပုတ္တထေရ်သာ ဘာဂိနေယျဝတ္ထုနှင့်ရင်း။

'ရှက်ကင်းသော ပုဂ္ဂိုလ်၊ ဒေါသကင်းသော ပုဂ္ဂိုလ်၊ မောဟ ကင်းသော ပုဂ္ဂိုလ်၊ ရမ္မက်ကင်းသော ပုဂ္ဂိုလ်တို့အား ပူဇော်လှူ ဒါန်းရ ခြင်းသည် အလွန် အရေးကြီးသော အကျိုးကျေးဇူး ရှိပေ၏' ဟူ၍ အကျုံးဝတ္ထုနှင့်ရင်း ဟောကြားတော်မူခဲ့လေ သည်။

ထို့ကြောင့် လှူဒါန်းပေးကမ်းရာ၌ သဘောသွယ်သော၊ ရက် ရောသော၊ ရဲရင့်သော စိတ်စေတနာ ရှိကြသည့် ဗုဒ္ဓဘာသာဝင် များသည် မိမိ၏ အလှူဒါနနှင့် ပတ်သက်၍ နောင်တ ရခြင်း၊ စေတနာပျက်ခြင်း၊ အကုသိုလ် ဖြစ်ရခြင်း၊ အကျိုးမဲ့ ဥစ္စာကုန်ရ ခြင်းစသည့်တို့ မဖြစ်ရလေအောင် ဆင်ခြင် စဉ်းစား အပ်လှပေ သည်။

× × ×

(၂၅-၈-၇၁)

## ညှင်းဆဲခြင်း

ပုထုဇဉ်လူသားမှန်သမျှသည် မိမိတို့ဖြစ်ဘည်ရာ အတန်းအစား အခြေအနေအလိုက် ရရှိထားသောခန္ဓာကိုယ်အားရင်း၊ အသက်အားရင်း၊ များစွာစွဲလမ်း တွယ်တာ မြတ်နိုး နှစ်သက်ကြ လေသည်။ ဤခန္ဓာကိုယ်ကို ကျန်းမာရွှင်လန်းနုပျို တင့်တယ်စေ

ရန်၎င်း၊ ဤသက်ကို အရှည်အကြာ တည်တံ့ရန်ကို၎င်း၊ အထူး ဂရုစိုက်ကာ ပြုပြင်မွမ်းမံ မွေးမြူကြသူချည်းပင် ဖြစ်လေသည်၊ မိမိစုံမက် မြတ်နိုး ချစ်ခင် လှပါသည် ဆိုသော မိဘဆွေမျိုးဇနီး ခင်ပွန်း၊ သားသမီး၊ မိတ်ဆွေ စသည့်ပုဂ္ဂိုလ်တို့ကို မည်မျှချစ်ခင် စေကာမူ၊ မိမိကိုယ်မိမိအသက်လောက် မည်သူ့ တန်းတူထား၍ စုံမက်ပါမည်နည်း၊ ထိုထိုပုဂ္ဂိုလ်တို့ သေရမည့်ဘေးအန္တရာယ် ကြုံတွေ့သောအခါ ကိုယ်စားဝင်၍ အသေခံပါဆိုလျှင် မည်သူမျှ အသေခံမည်မဟုတ်ဘဲ နောက်တွန့်သွားကြမည်သာ ဖြစ်ပေသည်။

ထိုသို့မိမိကိုယ် မိမိအသက်ကို ချစ်ခင်မြတ်နိုးခြင်း အတွက်ကြောင့် အသက်ဘေးအန္တရာယ်ကို၎င်း၊ ညှင်းဆဲ နှိပ်စက်ခံရမည့် ဘေးအန္တရာယ်ကို၎င်း၊ မတွေ့ကြုံ မခံစားရ လေအောင် သတိထားရှောင်ကြဉ်ကြလေသည်။

မိမိကိုယ်ခန္ဓာ မိမိအသက်ကို မိမိချစ်ခင် မြတ်နိုးစုံမက်သည့် နည်းတူအခြားသောသူများသည်လည်း သူတို့ကိုယ်ခန္ဓာ၊ သူတို့ အသက်ကို မြတ်နိုးချစ်ခင်စုံမက်ပေလိမ့်မည်ဟူသော ကိုယ်ချင်းစာနာသည့် သဘောကိုမထားဘဲတဘက်သားကိုနိုင်လျှင်နိုင်သည့် အလျောက် နှိပ်စက်ညှင်းဆဲပါကအညှင်းဆဲခံရသူသည်မနိုင်သည့် အခိုက်အတန့်မှာသာ ဦးခေါင်းငုံ့ ခံနေမည် ဖြစ်၏၊ သူမြတ်နိုး နှစ်သက်သော ကိုယ်ခန္ဓာနှင့်အသက်ကို အနိုင်အထက် ညှင်းဆဲသူအားအခွင့်သာသည်နှင့်တပြိုင်နက် ပြန်လည်လက်စား ချေတော့မည်သာဖြစ်သည်၊ ထိုကဲ့သို့ တဦးကိုတဦး လက်တုံ့ပြန်နေခြင်း၊ တဦးကိုတဦး ညှင်းဆဲနှိပ်စက်ခြင်းသည် မဆုံးနိုင်၊ အစမသတ်နိုင်အောင် ဖြစ်ရခြင်းဖြင့် တမလွန်မှာ ခံစားရမည်၊ လောကုတ္တရာ အကျိုး ဆုတ်ယုတ်သည်ကို ထားဘိဦး၊ ယခု မျက်မှောက်လောက

မှာပင် ကိုယ်စိတ်နှစ်ပါး စိုးရိမ်ရခြင်း၊ အစိုးရအပြစ်ဒဏ်ကို ခံရခြင်း၊ နှိပ်စက်တတ်သူ၊ အငြိုးထားတတ်သူ၊ လက်တုံ့ပြန်တတ်သူ ဟူ၍ ပတ်ဝန်းကျင် လူအများ၏ စက်ဆုပ်ရွံရှာခြင်းကို ခံရခြင်း စသည့် အကျိုးယုတ်မှုများကို တွေ့ကြုံခံစားရချေသည်၊ သို့သော် ဤကဲ့သို့ မစဉ်းစားသော လူယုတ်မာများတား ဤလောကတွင် အများအပြား ရှိချေသည်။

တပါးသောသူကိုအကြောင်းဘာစုံဘာခုကြောင့် နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ အကြောင်းမဲ့ သက်သက် နိုင်လိုမင်းထက် နှိပ်စက်ညှဉ့်ဆဲ သတ်ဖြတ်ခြင်းကို ပြုကျင့်နေသော သူသည် သူအထက်စီး အနိုင်ရနှိပ်စက် နေစဉ်မှာ အလွန် ပီတိ ဖြစ်နေတတ်သည်။ ကျေနပ် နှစ်သိမ့် ဝမ်းမြောက်နေတတ်သည်၊ သူ့စေတနာ အတုံ့အလှည့် ဖြစ်လာ၍ သူနှိပ်စက် သတ်ဖြတ် ညှဉ်းဆဲခြင်း ခံရတော့မည့် အခါဝယ် များစွာ ကြောက်ရွံ့တုန်လှုပ်လေတော့သည်။ ဤသို့ကြောက်ရွံ့တုန်လှုပ်သည်မှာ သူ၏ကိုယ်ခန္ဓာ၊ သူ၏အသက်ကို အလွန် ချစ်ခင်မြတ်နိုး စုံမက်ခြင်းအတွက် နာကျင်ပျက်စီးရမည်၊ သေရမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ တပါးသူကို နှိပ်စက်နေစဉ်အခါက ခံရသူသည်ဤကဲ့သို့ပင်စိုးရိမ်ခြင်းကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်မည်ကို မစဉ်းစားခဲ့ချေ။ ဤကဲ့သို့ ယုတ်ကြမ်းရက်စက်သူများသည် အပြစ်ကင်းစင်သူတို့ထက် သာလွန်၍ သူတို့ကိုယ် သူတို့ အသက်ကို စုံမက်မြတ်နိုးကြ၏။ ထို့ကြောင့်သာလျှင် သူတို့ကိုယ် သူတို့ အသက်ရှည် တည်တံ့စေရန် သူတို့ စိတ်မှာ ရန်သူဟုထင်လျှင် မဆင်ခြင်ဘဲ ရက်စက်စွာ သတ်ဖြတ်ညှဉ်းဆဲတတ်ကြသည်။ ထိုသို့ သတ်ဖြတ် ညှဉ်းဆဲခြင်းကြောင့် ခံရသော သူဘက်က ရန်တုံ့ပြန်လေမည်လားဟူသော စိုးရိမ် ကြောင့်ကြမှု

က အချိန်ပြည့် ဖိစီးနေသောအခါ ထိုသူတို့အတွက် ကိုယ်စိတ်နှစ်ပါးလုံးသည် အေးငြိမ်းချမ်းသာရာကို ရနိုင်မည် မဟုတ်ပေ။ သူတို့ကိုယ် သူတို့အသက်ကိုပင် ပင်ပန်းကြီးစွာ ကာလရှည် စောင့်ရှောက်နေရသော ဒုက္ခဆင်းရဲကြောင့် လူဖြစ်ရသည့်အခါ အခိုက်အတန့် အချိန်ကလေးမှာ စိတ်အေး ချမ်းသာစွာလည်း မနေနိုင်ခဲ့၊ ကောင်းမှုကုသိုလ်ကိုလည်း မပြုခဲ့ရကား လူ့ဘဝကို ရပါလျက် ဆုံးရှုံးခြင်းကိုသာ ခံကြရသူများ ဖြစ်သည် ဟူ၍သာ မှတ်ယူအပ်ပေသည်။

ချစ်သူတဦးတယောက်အား မည်မျှချစ်သည် ဆိုစေကာမူ၊ သူ့များကို သတ်ရလျှင် ငါတို့လည်း သေရမည်ဟုသည်မျှပင် လူမိုက် ဆန်ဆန် အသံကုန် ဟစ်စေကာမူ တကယ်ဘေးရန် တွေ့ကြုံ၍ သေရမည့် အရေးကိစ္စမျိုး ပေါ်လာလျှင်ကား ပုထုဇဉ် လူသားတိုင်းသည် မိမိတို့ ချမ်းသာရရေးအတွက် မည်သူ့ကိုမှ မအောက်မေ့တော့ဘဲ ဖြစ်နိုင်သည့်နည်းဖြင့် မိမိကိုယ် မိမိ အသက်ကို အစွမ်းကုန် ကာကွယ်မည်သာ ဖြစ်ပေသည်။ ဤအသက်၊ ဤခန္ဓာနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ပိယတသုတ် ဒေသနာတော်၌ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

လူသတ္တဝါမှန်သမျှတို့သည် အလုံးစုံသော အရပ်ဒေသအနှံ့ကို စိတ်အစဉ်ဖြင့် ရှာဖွေသော်လည်း မိမိကိုယ်ထက်ရင်း၊ မိမိ အသက် ထက်ရင်း၊ ပိုလွန်၍ ချစ်မြတ်နိုးသူကို မရနိုင်၊ သူတပါးတို့သည် မိမိကိုယ်၊ မိမိအသက်ကို သီးခြားချစ်ကြ၏။ ထို့ကြောင့် မိမိကိုယ် မိမိ အသက်၏ ချမ်းသာကြောင်း၊ ဘေးကင်းကြောင်း၊ အကျိုး စီးပွားကို လိုသားသူသည် သူတပါးကို သတ်ဖြတ် ညှဉ်းဆဲခြင်း မပြုရာ။

× × ×

(၁-၉-၇၀)

## ဒါန

လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည် အလွန် မွန်မြတ်သော အလုပ်ဖြစ်၍ လောကသံသရာနှစ်ဖြာသော ကောင်းကျိုးကိုခံစားရကြောင်း ဗုဒ္ဓမြတ်စွာကလည်း ဟောတော်မူသည်၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်းသိကြသည်၊သို့သော်ပေးကမ်းလှူဒါန်းသည့်ပုဂ္ဂိုလ်တို့မှာ ပေးလှူရခြင်း၏အကြောင်းရင်းက အမျိုးမျိုးရှိကြလေသည်၊ အချို့သောပုဂ္ဂိုလ်တို့၏ လှူဒါန်းခြင်းမှာ မိမိ၏ပင်ကိုယ် စိတ်စေတနာက သန့်ရှင်းစွာထား၍ တရားသဖြင့်ရှာဖွေရရှိသည့် ဥစ္စာကို ဝဋ်ဆင်းရဲကင်းဝေး နိဗ္ဗာန်သို့ မျက်မှောက်ပြု ရည်းစူး လှူဒါန်းသည်၊ ဤဒါနမျိုးကား မြတ်သောဒါနပင်ဖြစ်၏၊ လောဘ-ဒေါသ-မောဟ-ကင်းကွာ၍ ကုသိုလ်စိတ် ခြံရံလှူဒါန်းသော ဒါနမျိုးဖြစ်သောကြောင့် လူရောနတ်ပါ သာဓုခေါ်နိုင်အောင် မွန်မြတ်လှပေသည်။

အချို့သော ပုဂ္ဂိုလ်တို့၏ လှူဒါန်းခြင်းမှာ ဒင်းက ဒါလောက်လှူဒါန်းလျှင် ငါတကျွမ်းက လှူနိုင်ပါသော်ကော ဟူသည့်မခံချင်စိတ် အပြိုင်အဆိုင်စိတ်ဖြင့်ပေးလှူခြင်းမျိုး အကြောင်းတစုံတခုကြောင့် လက်လွှတ်ဆုံးရှုံးရတော့မည့်ပစ္စည်း(ဥပမာဘား ကြွေးရှင်အသိမ်းခံရတော့မည့်ပစ္စည်းမျိုး၊ တရားဥပဒေအရ အစိုးရကယူတော့မည့်ပစ္စည်းမျိုး၊ပေးသင့်ပေးထိုက်သူကိုမပေးလိုသည့်ပစ္စည်းမျိုး) ကို ယုတ်သောစေတနာဖြင့် လှူပစ်ခြင်းမျိုး၊ သူများအထင်သေးမည်၊ ကဲ့ရဲ့မည်ကိုစိုးရိမ်၍ မလွှဲမကင်းသာသည့် အတွက် လှူခြင်းမျိုး၊ တန်ခိုးအာဏာရှိသူထံမှ အခွင့်အရေး မျှော်

ကိုး၍ အလိုလိုက် အကြိုက်ဆောင်ပြီး လှူဒါန်းရခြင်းမျိုးစသည့် ဒါနတို့ကား လောကအတွက်ရော၊ သံသရာအတွက်ပါ မည်သို့မှ အကျိုးကျေးဇူးကြီးမား ဖြစ်မြောက်စွာမရနိုင်ဟု စာရေးသူယူဆမိပါသည်၊ ဤအလှူဒါနမျိုး ပြုနေသူအချို့ ယခုခေတ်မှာ ရှိနေကြသည်။

မည်သည့်နည်းမျိုးဖြင့် လှူဒါန်းစေကာမူ ပစ္စည်းဥစ္စာမှာမူ ကုန်မည်သာဖြစ်သည်၊ ထိုသို့ပစ္စည်းဥစ္စာ အကုန်ခံလှူရပါလျက် အကျိုးမရှိ၊ အကုသိုလ်များစေမည့် စိတ်စေတနာမျိုး ထားပြီး တသိန်းကုန်လှူခြင်းထက် မှန်မြတ်သော စိတ်စေတနာဖြင့် သန့်ရှင်းသော ပစ္စည်းကို တကျပ်ဘိုး လှူဒါန်း ခြင်းက မိမိအဘို့ ဘဝဆက်တိုင်း ကောင်းမှုကုသိုလ်ပါသွားနိုင်သည်ကိုသတိပြုအပ်လှပေသည်။ အလှူဒါနပြုရာမှာ အကုသိုလ် ခြံရံလှူဒါန်းသောဒါနမျိုးကား ဗုဒ္ဓဘာသာဝင်တိုင်း ရှောင်ကြဉ်အပ်ပေသည်။ ထိုအကုသိုလ် ခြံရံသောဒါနမျိုးကား....

၁။ လောဘရံသောဒါန– အလှူဒါနပြုလိုသော စိတ်ရှိသည်ထိုအလှူထမြောက်အောင် မစ္စည်းဥစ္စာ ရှာဖွေရာ၌ တရားမျှတစွာ မရှာဖွေဘဲ အခြားသူများထံမှရောင်းဝယ် ဖောက်ကားရာမှ ငွေကြေးများများရအောင် မတရားသောနည်းဖြင့်ယူခြင်း၊ မိမိကနိုင်နင်းရသောသူထံမှအနိုင်အထက်နှိပ်စက်၍ရင်း၊ ကောက်ကျစ်စဉ်းလဲ၍ရင်း၊ ဆိုးယုတ်သောနည်းဖြင့်ငွေကြေးယူငင်ခြင်းစသည့် နည်းမျိုးဖြင့်ရှာဖွေရသော ဝတ္ထုပစ္စည်းပေးလှူခြင်းကား လောဘရံသော ဒါနမျိုးဖြစ်၏၊

ဒေါသရံသောဒါန– အလှူဒါန ပြုလုပ်နေဆဲဝယ် မိမိအိမ်သူအိမ်သား မိသားစုအချင်းချင်းရင်း၊ ကျေးကျွန်တပည့်ငယ်သားနှင့်

ငင်း၊ ဆွေမျိုးနှင့်ငင်း၊ သူစိမ်းတို့ဖြင့်ငင်း၊ ခိုက်ရန်ဖြစ်ပွား စကား များ ငြင်းခုန်ခြင်းတို့ကြောင့် အမျက်ဒေါသဆက်လျက် စိတ်လက် မကြည်သာဖြင့် ပေးလှူခြင်းကား ဒေါသ ရ သော ဒါနမျိုး ဖြစ်၏။

၃။ မောဟရ သော ဒါန- မိမိပေးလှူသော ဒါနသည်မျက် မှောက်လောကမှာ မည်ကဲ့သို့အကျိုးကျေးဇူး ဖြစ်နိုင်သည် ဆတ္တ ဝါဟူသမျှ သခါရတရားကို မလွန်ဆန်နိုင်သည်ဖြစ်ရာ မိမိမသေ ဆုံးမီ လှူရသော ကုသိုလ်ဒါနသည် နိဗ္ဗာန်ရခြင်းအထောက်ပံ့ဖြစ် ပါစေဟူသော စိတ်စေတနာမရှိဘဲ လက္ခဏာရေးသုံးပါးကို မဆင် ခြင်သတိမရ လေးနက်သော သဘောမထားဘဲ ပျော်ပါးရွင် မြူးနေကိုသာ အာရုံပြုပြီး အလှူဒါနငတ္တေ၌ ငွေအနည်းငယ် သာအကုန်ခံ၍အလှူမှာ က,ပြဲဖျော်ဖြေရမည့် ပွဲသဘင်အတီးအ မှုတ် အဆို အက တို့ဘက်မှာ ငွေရက်ရောစွာ အကုန်ခံပြီး ပွဲသမ်း သဘင် ခင်းကျင်း လှူဒါန်းခြင်းမျိုး ကား မောဟရ ဒါန မျိုးဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့ ဦးထိပ်မှာ ထာ ၍ ဝပ်တွား ပူဇော်ရ မြတ်စွာဘုရား သည် သဗ္ဗညုတ ရွှေဉာဏ်တော်သခင် ဘုရားရှင်အ ဖြစ်သို့ရောက်ရှိအောင် မရေမတွက်နိုင်သော ဘာဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရလေသည်။ ထိုသို့မြတ်စွာဘုရား သခင် ဖြည့်ဆည်းခဲ့ဘာမူခဲ့သော ပါရမီတော်များထဲတွင် ဒါ နပါရမီသည် တပါးအပါအဝင်ဖြစ်၏။ ထိုဒါနပါရမီကိုမြတ်စွာ ဘုရားသည် စင်ကြယ်သန့်ရှင်းသောနည်း၊ မွန်မြတ်သောစိတ်စေ တနာဖြင့်လှူဒါန်းစွန့်ကြဲကာ ပါရမီပြည့်တော်မူလာသည်ဖြစ်၍ လူ နတ် ဗြဟ္မာ၊သတ္တဝါအပေါင်းအား ကိုယ်တော်တိုင် ကျင့်ကြံ

လာခဲ့သည့် အလှူဒါန ပေးကမ်းစွန့်နည်းကို ဟောကြားတော်မူခဲ့သည်၊ ထို့ကြောင့်ဗုဒ္ဓမြတ်စွာ၏တရားတော်ကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာဝင်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓမြတ်စွာကို အမှန်တကယ်ကြည်ညိုရိုသေပါလျှင် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သည့် ဘုရားဟောအတိုင်း မှန်မြတ်စင်ကြယ်သော အလှူဒါနမျိုးကိုသာ ပြုရသည်၊ ဖော်ပြပြီးခဲ့သောမစင်ကြယ်သည့်အလှူဒါနမျိုးကို သတိပြုရှောင်ကြဉ်အပ်လှပေသည်။

× × ×

(၈.၉.၇၀)

## တရားအလှူ

ဗုဒ္ဓဘာသာဝင်တို့သည် ပေးကမ်းလှူဒါန်းလိုသော ကောင်းမြတ်သည့် စိတ်စေတနာသည် အနည်းနှင့်အများဆိုသလို လူတိုင်း၏ နှလုံးသားမှာ ရှိကြသည်။ အချို့သူတို့သည် စိတ်စေတနာရှိသည့်အလျောက် မိမိတို့အင်အားနှင့် စွမ်းဆောင်နိုင်သမျှ ထမြောက် အောင်မြင်စွာ ပေးလှူကြသည်။ အချို့ကမူ ပစ္စည်းဥစ္စာပေးလှူစရာလည်းပြည့်စုံသည်၊ စေတနာ သဒ္ဓါတရားလည်း ထက်သန်သည်၊ သို့သော် အဆင်မပြေသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် လှူဒါန်းပေးကမ်းမှု အထမမြောက် မအောင်မြင်ဘဲဖြစ်ရသည်။ အချို့သော သူတို့မှာ လှူဒါန်းလိုသော စိတ်စေတနာ ပြည့်ဝပါဘဲလျက်၊ လှူဘွယ်ဝတ္ထုပစ္စည်း ချို့ငဲ့ဆင်းရဲရသည့်ဘဝအခြေအနေမှာရှိနေ၍ အလှူဒါန မပြုနိုင်ဘဲ ဖြစ်နေရသည်။ ထိုအခါ ပစ္စည်းဥစ္စာ မလှူနိုင်အောင် ဆင်းရဲချို့ငဲ့သူတို့ ညည်း

ညှုတတ်သော စကားတခွန်း ရှိလေသည်။ ထိုစကားသည်ကား မှဲ့လို့မလှူ၊ မလှူလို့မှဲ့၊ နောင်ဘဝမှာလဲ မွဲအုံးမှာဘဲ–ဟူသတည်း။

၎င်းစကား အဓိပ္ပါယ်ကား ယခုဘဝတွင် စည်းစိမ်ဥစ္စာ ပြည့်စုံ ချမ်းသာသူတို့သည် လွန်ခဲ့သောအတိတ်ဘဝက လှူဒါန်းပေးကမ်း ခဲ့၍သာ ချမ်းသာသည်။ ယခု ချမ်းသာသည့် အတွက် လှူဒါန်း နိုင်၍ နောင်ဘဝမှာလည်း ချမ်းသာဦးမည်။ ယခုဘဝ ဆင်းရဲ မွဲတေနေသူသည် လွန်ခဲ့သော အတိတ်ဘဝက အလှူဒါန မပြုလုပ်ခဲ့၍သာ မွဲသည်။ ယခုမွဲသည့်အတွက် မလှူနိုင်၍ နောင် တမလွန်ဘဝမှာလည်း မွဲသော ဆင်းရဲဦးတော့မည်ဟု အဓိပ္ပါယ် ကောက်ကြ၊ ထင်မြင်ယူဆကြသည်။ ၎င်းကဲ့သို့ ဟသမတ်ထည်း ယူဆခြင်းသည် မသင့်လျော်ပေ။ သတ္တဝါဟူသည် မရေမတွက်နိုင် သော ဘဝများစွာ ကျင်လည် လာခဲ့ကြရသည်ဖြစ်ရာ ကုသိုလ် ချည်းပြုခဲ့သူအကုသိုလ်ချည်းပြုခဲ့သူများသည်းရှိသည်။ အကုသိုလ် ရောပြွမ်းပြုခဲ့သူလည်းရှိသည်။ ကုသိုလ်နည်း၍ အကုသိုလ်များ သူ၊ ကုသိုလ်များ၍အကုသိုလ်နည်းခဲ့သူဟူ၍ အမျိုးမျိုးအစားစား ရှိကြသည်။ ကုသိုလ်များပါလျက် အကျိုးမပေးသေး၍ ယခုချက် မှောက်ဘဝမှာ ဆင်းရဲနေခြင်းလည်း ဖြစ်နိုင်သည်။ အကုသိုလ်များ ခဲ့ပါလျက်အကျိုးပေးသေး၍ ယခုမျက်မှောက်ဘဝမှာ ချမ်းသာ နေခြင်းလည်းဖြစ်နိုင်သည်၊ မြတ်စွာဘုရားကလည်း ၎င်းအတိုင်းပင် ဟောကြားတော်မူခဲ့ပါသည်။

ဥစ္စာပစ္စည်းနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးတို့ကြောင့် လှူဒါန်းပေးကမ်းခြင်း မပြုနိုင်သော ပုဂ္ဂိုလ်များသည် စိတ်အား ငယ်စွာ ညည်းညူဝမ်းနည်းနေခြင်း မဖြစ်စေအပ်ပေ၊ အလှူဒါန ဆိုသည်မှာ ပစ္စည်းဥစ္စာကို ပေးလှူနိုင်မှသာလျှင် အလှူဒါနမမည်

ပါ၊ ပစ္စည်းဥစ္စာ ပေးလှူခြင်းထက် အဆများစွာ သာလွန်သော အလှူဒါနရှိပါသည်။ ထိုဒါနကား ဓမ္မဒါနဖြစ်၏။ ဤဓမ္မဒါနနှင့် ပတ်သက်၍ ဒါနသုတ်ဒေသနာတော်၌ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့သည်၊

"ပစ္စည်းလေးပါးကို ပေးလှူသော အာမိသဒါနထက် တရား ဟောခြင်း တည်းဟူသော ဓမ္မဒါနသည် ပိုမိုမြင့်မြတ်သည်"

ပစ္စည်းလေးပါးကို ခွဲခြမ်း ဝေဘန် လှူဒါန်းသော အာမိသ သံဝိဘာဂ ထက် တရားဟောပြောခြင်း တည်းဟူသော ဓမ္မ သံဝိ ဘာဂ သည် ပိုမိုမြင့်မြတ်၏။

ပစ္စည်းလေးပါးဖြင့် ချီးမြှောက်လှူဒါန်းခြင်း တည်းဟူသော အာမိသာနုဂ္ဂဟထက် တရားဟော ချီးမြှောက်ခြင်းတည်းဟူသော ဓမ္မာနုဂ္ဂဟသည် ပိုမိုမြင့်မြတ်၏။

အကြင်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ဓမ္မ မလျော့ကြည်ညိုကြကုန်၏၊ ထိုသူတို့၏မြင့်မြတ်သောကို ဓမ္မဒါန- ဓမ္မသံဝိဘာဂ- ဓမ္မာနုဂ္ဂဟ အကျိုးသည် အရဟတ္တဖိုလ် ဟူသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်၏။

ရင်းအပြင် သက္ကပဥ္စတ္ထုတ္ထ၌သည်း မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့ပါသည်။

"တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။ တရား အရသာသည် အရသာအားလုံးကို အောင်နိုင်၏၊ တရား၌ မွေ့ လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။ ထိုသို့ တရားမှာ မွေ့လျော်သူသည် တဏှာကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၍ အလုံးစုံသော ဆင်းရဲကို အောင်နိုင်၏"

ဤသို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဒေသ

နှာ အထင်အရှားရှိသည်ဖြစ်ရာ အကြောင်းအမျိုးမျိုးတို့ကြောင့် ပစ္စည်းဥစ္စာ မလှူနိုင်သူတို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားတော်ကို မမေ့မလျော့ နှလုံးသွင်းခြင်းဖြင့်၎င်း၊ အခါအခွင့်သင့်သည့်အခါတိုင်း မိမိ သိမြင် နားလည်ထားသမျှ တရားဒေသနာကို ဟောပြောခြင်းဖြင့် မြင့်မြတ်သော ကုသိုလ်အသူးကိုရနိုင်ပေမည်။ ထို့ကြောင့် အလှူဒါနမပြုနိုင်သည့်အတွက် နောင်တမလွန်ဘဝမှာလည်း မွဲတေဆင်းရဲလေမည်လား၊ နတ်ရွာနိဗ္ဗာန်နှင့် ဝေးလေမည်လား ဟူသော စိုးရိမ်ပူပန်မှုမျိုး ဖြစ်ရန်မလိုတော့ပေ၊ အားငယ်ဝမ်းနည်းနေရန် မလိုတော့ပေ၊ တရားအလှူကိုသာ ကောင်းမြတ်သော စိတ် စေတနာဖြင့် ပေးလှူနိုင်ကြပါစေသတည်း။

× × ×

(၁၅-၉-၇၀)

## ကောင်းမှု-မကောင်းမှု

လူတိုင်း လူတိုင်းသည် မိမိတို့ စိတ်သဘောထား အကျင့် စာရိတ္တ အလျောက် ပြောဆိုလုပ်ကိုင် ဆောင်ရွက်တတ်သည်။ ပြုမူကျင့်ကြံတတ်သည်။ အချို့သောသူတို့သည် အကျင့်စာရိတ္တ စိတ်သဘောထား ယုတ်ကြမ်း ဆိုးသွမ်းသည့်အလျောက် ၎င်းတို့၏ ပြုမူ ပြောဆို ဆောင်ရွက် လုပ်ကိုင်မှုတို့မှာ စင်ကြယ် ကောင်းမွန်သော အပြစ်ကင်းစင်သော အလုပ်မျိုးမဟုတ်ချေ။ ဤကဲ့သို့သော

သူတို့သည် မိမိကိုယ်ကျိုးအတွက် မကောင်းမှုကို ပြုလုပ်ပြောဆိုကြသူများလည်းရှိသည်။ မိမိနှင့် မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်အတွက်သော်၎င်း၊ မလွန်ဆန်ဝံ့သော ပုဂ္ဂိုလ်အတွက်သော်၎င်း၊ ရည်ရွယ်ချက်မရှိဘဲ သောက်စားမူးယစ် သတိလစ်မေ့လျော့ခြင်းအတွက်သော်၎င်း၊ ငွေကြေးဥစ္စာကို ခုံမင်မက်မောရယူပိုင်ဆိုင်ရန် မြှော်ကိုး၍ တဘက်လူ၏ သေးဆောင်စကားကို နားဝင်လိုက်နာသည့်အတွက်သော်၎င်း၊ လောက၊သံသရာ နှစ်ဖြာသောအပြစ်ဒဏ်ကို မစဉ်းစား မတွေးတောဘဲ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ကျူးလွန်ပြုလုပ်နေကြသည်။

ဤကဲ့သို့သော သူများတား မကောင်းမှုကို ကျူးလွန်နေချိန်ဝယ် ၎င်းတို့ စိတ်အာရုံတွင် ဘဘက်သား ထိခိုက် နစ်နာ ပျက်စီးဆုံးရှုံး သေကြေရန်ကလွဲ၍ မည်သည့် စိတ်အာရုံကိုမှ မထားကြချေ၊ သို့သော် မိမိတို့ ပြုလုပ်ဆောင်ရွက်သော မကောင်းမှုကြီးထမြောက် အောင်မြင်သွားပြီးသော အခါတွင်ကား လောက၏မင်းပြစ်မင်းဒဏ် ရာဇဝတ်ဘေးကြီးက အရိပ်ပမာ ထက်ကြပ်လိုက်နေပြီကို သိရသည်နှင့်တပြိုင်နက် စိတ်အေးချမ်းသာမှု မရှိတော့ချေ။ ထိတ်လန့်ချောက်ချားစွာဖြင့် ပြေးလွှားပုန်းအောင်းခြင်းဒုက္ခ၊ အိပ်ရေး စားရေးတို့မှာ စိတ်ချလက်ချ ဝဝလင်လင်မအိပ်ဝံ့ မစားဝံ့သည့်ဒုက္ခတို့ကို လက်ငင်းခံစားရခြင်းဖြင့် စိတ်နှလုံးပူပန်ဆင်းရဲရသည်။ရာဇဝတ်ဘေးကို ပြေးမလွတ်သည်ရှိသော် အပြစ်နှင့် ထိုက်တန်သော မင်းပြစ်မင်းဒဏ်ကို ခံယူရသည်ဖြစ်၍ ဤလောကမှာပင် နာမည်ပျက်ခြင်း၊ အရှက်ကွဲခြင်း စသည်တို့ကို ခံစားရလေသည်။

မိမိ ကျူးလွန် ပြုလုပ်ထားသော မကောင်းမှုသည် မည်သူ

တစုံတဦးမှလည်းမသိ၊ ပေါ်ပေါက်ခြင်းလည်းမရှိ၊ ရာဇဝတ်ဘေး ကလည်း လွတ်ကင်းနေစေကာမူ ကျူးလွန်ထားသော ကာယကံ ရှင်အနေဖြင့် မည်သည့်နည်းနှင့်မှ စိတ်ချမ်းသာမှုရှိမည်မဟုတ်ပေ။ ငါ့အမှုသည် မည်သည့်အချိန်မှာ ပေါ်ပေါက်လေမည်နည်းဟု အစဉ်အမြဲ ထွေးတော ထိတ်လန့်နေမည်သာ ဖြစ်သည်၊ ငါပြုမိသည့် မှားခလေးခြင်းဟု နောင်တရနေသူ အတို့မှာလည်း မိမိပြုခဲ့သည့် အကုသိုလ် မကောင်းမှုကို ပြန်လည်ထင်မြင်သတိရကာ အတုံ့ အလှဲ့ ကြုံကြိုက်ခြင်းဖြင့် ထပ်တူထပ်မျှ ခံစားရမည့်အရေး ဝဋ်လည်ခြင်း သဘောမျိုးသည် မည်သည့်အချိန်အခါမှာ ကျရောက်လေမည်နည်းဟု အချိန်ရှိသရွေ့ တွေးတောပူပန် စိုးရိမ်ရခြင်းဖြင့် စိတ္တဇဝေဒနာကို ခံစားရသလို ဖြစ်နေပေမည်။ ဤမျက်မှောက် ဘဝမှာ လောကီအပြစ်ဒဏ် ရာဇဝတ်မှုမှ လွတ်သည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ လောကုတ္တရာသံသရာဘေးကိုကား ပြေးရှောင်၍ မရနိုင်ချေ။ ဗုဒ္ဓဘာသာဝင်တို့ကား ယခုဘဝမှာ အတုံ့အလှည့် မကြုံကြိုက်သော်ငြားလည်း တမလွန် ဘဝများအတွက် ပါသွားတော့မည့် အကုသိုလ်ကို တွေးမိ စိုးရိမ်မိကြပေမည်။ မည်သို့ပင် ဖြစ်စေ မကောင်းမှုကို ပြုလုပ် ကျူးလွန်သူ တို့ကား မိမိတို့အမှု ပေါ်ပေါက်သည်ဖြစ်စေ၊မပေါ်ပေါက်သည်ဖြစ်စေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြင့် ထိတ်လန့်ချောက်ချားစွာ အမြဲမပြတ် စိုးရိမ်ပူပန် စွာနေရသည်ကား မည်သူမှမငြင်းနိုင်ပေ။

မကောင်းမှု အကုသိုလ် ဒုစရိုက်ကင်းစင်သူတို့ကား ယခုဘဝ အတွက်လည်း စိုးရိမ်သောက ကင်းဝေး၍ အေးချမ်းသာယာသည်၊ တမလွန်အတွက်လည်း ပူပန်စိုးရိမ်ရန်မရှိချေ၊ မျက်မှောက်ဘဝမှာ လည်း လူအများချစ်ခြင်းမေတ္တာကို ခံယူရချေသည်။

မကောင်းမှုကျူးလွန် ပြုကျင့်သူသည် မိမိ၏ကိုယ်စိတ်နှစ်ပါး ကိုသာလျှင် ဒုက္ခပေးသည်မဟုတ်၊ ပတ်ဝန်းကျင် ဘဝတူလူသား များကိုလည်းလူစိတ်ကင်းမဲ့စွာ ညှဉ်းဆဲခြင်းဖြင့် ဒုက္ခဆင်းရဲရောက် စေသည့်အပြင်၊စေတနာမေတ္တာကင်းမဲ့ခြင်း၊ စက်ဆုပ်ရွံရှာခြင်း ကိုခံယူရ၏၊ ထို့ကြောင့် စိတ်မာန်အလျောက် မကောင်းမှုကိုကျူး လွန်ရန်ဆန္ဒပေါ်လာပါက သတိဉာဏ်ဖြင့် ဆင်ခြင်ထိန်းချုပ်ထား အပ်လှပေသည်၊ ဤသို့ ကောင်းမှုပြုသူ မကောင်းမှုပြုသူ ပုဂ္ဂိုလ် များနှင့်ပတ်သက်၍မြတ်စွာဘုရားသည်–

''မကောင်းမှုပြုသူသည်ဤဘဝ၌လည်း စိတ်ဆင်းရဲစွာချောက် ချား ပူပန် တုန်လှုပ်ရသည်၊ ငါမကောင်းမှုပြုမိပြီဟူ၍ နောင်တ နှလုံးဖြင့် ယူကျုံးမရ ဖြစ်ရသည်၊ တမလွန်ဘဝအတွက် မှာလည်း မကောင်းချေ''

ဟူ၍စုန္ဒသူကရိက ဝတ္ထုတွင်၎င်း၊ဒေဝဒတ္တ ဝတ္ထုတွင်၎င်း–

'ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ဝမ်းသာ အေး ချမ်းစွာ နေရ၏၊ တမလွန်ဘဝ၌လည်း ကောင်း၏။ ငါကောင်း သောအမှုပြုချေသည်ဟု တွေးတောမိသည်နှင့်အမျှ စိတ်အေးချမ်း၊ သာနှစ်သက်စွာဖြစ်ရ၏'

ဟူ၍ဓမ္မိကဉပါသကာ ဝတ္ထု၌၎င်း၊ သုမနဒေဝီ ဝတ္ထု၌၎င်း၊ ကောင်းစွာ ဟောကြားတော် မူခဲ့ပါသည်။

⌄ ⌄ ⌄

(၂၂-၉-၇၀)

## မိုး

ဤလောက၌ လူဟူ၍ဖြစ်လာကြသူတိုင်းသည် မိမိတို့ ချစ်ခင်မြတ်နိုးရာ၊စုံမက်တွယ်တာရာ၊ သံယောဇဉ်ဖြစ်စရာ၊ မိဘ၊ ညီအကို မောင်နှမ၊ ဆွေမျိုး၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ မိတ်ဆွေ၊ ချစ်သူ ရည်းစားဟူ၍အသီးသီးရှိကြသည်ချည်းဖြစ်သည်၊ ဤသို့တွယ်တာရာပုဂ္ဂိုလ်များအား အချို့သူတို့သည်မိမိအသက်တမျှ ပမာပြု၍ အလွန်အမင်း ချစ်ခင်စုံမက် မြတ်နိုးကြ၏၊ အချို့သူတို့ကား ချစ်သင့် ချစ်ထိုက်သည်မျှသာ ပမာဏကို တိုင်းဆ၍ ချစ်ကြသည်။ အချို့သူတို့ကမူ ချစ်မြတ်နိုးမှုကို ပေါ်လွင်အောင် မပြဘဲ တည်တည် မှန်မှန် ဖြင့်သာ နေကြသည်၊ ဤသူတို့၏ ကိုယ်တွင်းစိတ်ကလည်း အမျိုးမျိုး ကွဲပြားခြားနားချေသည်။

မိမိတို့ ချစ်မြတ်နိုး အပ်သည့် တစုံတဦးသော သူသည် ဆုံးပါးကွယ်လွန်သွားသည် ရှိသော် သို့တည်းမဟုတ် အဆင်မပြေသည့် အကြောင်းတခုခုကြောင့်လွဲချော်ကွဲကွာသွားသည်ရှိသော် အချို့သူတို့သည် သည်းအူ ကြေပြတ် ရူးမတတ်မျှ ဤဒုက္ခ သိက္ခာကို မထိန်းနိုင်အောင် လူးလှိမ့် အော်ဟစ်ငိုကြွေး ပူဆွေးသူများ၊ ရင်တွင်းမှခံစားရသည့် အပူသောကကို နီးစပ်ခင်မင်ရာ လူတိုင်းအား ငိုကြွေးပြောပြ ပူဆွေးကြသူများ၊ မိမိ၏အပူသောကကို မဖွင့်မဟဘဲ မျက်ရည်မကျအောင်ထိန်းပြီး အတွင်းဆွေး ဆွေးနေသူများ၊ မိမိကိုယ်ကို နာကျင်အောင် ထုရိုက်ပုတ်ခတ် ညှင်းဆဲခြင်းဖြင့် ပရိဒေဝဖြစ်နေသူများ၊ အသက်ကိုပင် သေကြောင်းကြံသူများ၊ မိမိ

ဘဝ၊ မိမိအကျင့်စာရိတ္တ ထိခိုက်ပျက်စီးစေအောင် ထေရည်သောက်စား လေလွင့် သွားသည်အထိ ပူဆွေးသောက ဖြစ်ရသူများကို မည်သူမဆို တွေ့ဘူးမြင်ဘူးကြ ပေလိမ့်မည်။

ဤသို့ ပူဆွေးသောကများ ဖြစ်သောအခါဝယ် သေဆုံးသွားသူများသည် အသက်ပြန်ရှင်လာပါမည်လော၊ အကယ်၍အသက်ပြန်ရှင် လာမည်ဆိုပါက ပတ်ဝန်းကျင် လူအများကပင် ဝိုင်းအုံ ပူဆွေး ပေးသင့်သည်။ အဆင်မပြေသည့် အကြောင်းကြောင့် ကွဲကွာသွားသူအတွက် မိမိဘဝ မိမိအကျင့်စာရိတ္တကို ပျက်စီးအောင် ပြုမူခြင်းဖြင့် အကျိုးရှိနိုင်ပါမည်လော။

ဤသို့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ပရိဒေဝသောကဖြစ်ခြင်းနှင့် ပတ်သက်၍ ဝိသာခါသုတ်ဒေသနာတော်တွင် စိုးရိမ်ပူဆွေးငိုကြွေးခြင်း၊ ပရိဒေဝ သောကဖြစ်ခြင်းတို့သည် အလွန်အမင်းချစ်ခင် နှစ်သက်ခြင်း၊ မြတ်နိုးခုံမင်ခြင်းတို့ကို စွဲလမ်း၍သာဖြစ်သည်၊ ချစ်ခင်နှစ်သက်ခြင်း မြတ်နိုးခုံမင်ခြင်း မရှိလျှင် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတည်းဟူသော ပရိဒေဝသောကမှ ကင်းဝေးပေမည်ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်၊ ထိုမျှသာမဟုတ်သေး ကုသိနာရုံပြည်မာလာမင်းတို့၏ အင်ကြင်းရဂုံ၌၊ အလုံးစုံသော ဝဋ်ကိုပယ်ဖြတ်၍ မြတ်သော အသခ်ဘဓါတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူမည့်ဆဲဆဲ အချိန်ဝယ် မြတ်စွာဘုရားသခင်သည် စိုးရိမ်ပူဆွေးငိုကြွေးနေသော အရှင်အာနန္ဒာအား ဤသို့ ဆုံးမ ဟောကြားတော်မူခဲ့လေသည်။

"ချစ်သားအာနန္ဒာ....စိုးရိမ်ပူဆွေး ငိုကြွေးခြင်းသည် အကျိုးမရှိဟု ငါဘုရား မိန့်တော်မူခဲ့သည် မဟုတ်လော၊ သေလွန်သဖြင့် ကွဲကွာရသော နာနာဘာဝ၊ ရှင်လျက်နှင့် ကွဲကွာရသောဝိနာဘာဝ

ချမ်းသာရာမှ ဆင်းရဲခြင်းတည်းဟူသော အညထာဘာဝ၊ ဤအကြောင်းသုံးပါးနှင့်ကင်းသော သတ္တဝါမရှိချေ၊ ငိုကြွေးခြင်းစိုးရိမ်ပူပန်ခြင်း မဖြစ်လင့်”

ဤသို့လျှင် မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။

သို့သော် ပုထုဇဉ်လူသားတို့ အနေဖြင့်ကား စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ သောကပရိဒေဝ ဖြစ်ခြင်းတို့ကို မည်သူ ကြံ့ကြံ့ခံနိုင်ပါမည်နည်း၊ ပူဆွေးဘွယ် ကြုံလာလျှင် ပူဆွေးကြမည်သာ ဖြစ်သည်၊ ငိုကြွေးဘွယ်ကြုံလာလျှင် ငိုကြွေးကြမည်သာ ဖြစ်သည်၊ စိုးရိမ်သောက ဖြစ်ဘွယ် ကြုံလာလျှင် စိုးရိမ်သောက ဖြစ်ကြမည်သာပင်၊

ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ရာ သုံးဆယ့်တစ်ဘုံဝယ် လူ့ဘုံသည် အမြတ်ဆုံးဖြစ်ရကား၊ လူဟူ၍ဖြစ်လာသော သတ္တဝါသည်လည်း မြတ်၏၊ ထိုသို့မြတ်သော သတ္တဝါဖြစ်သည့် လူသည် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်၊နှိုင်းချိန်ဝေဘန်နိုင်သည့်ဉာဏ် အနည်းနှင့်အများရှိကြ၏၊ ထိုကဲ့သော ဉာဏ်ရှိ၍လည်း ဗုဒ္ဓဘာသာဝင်တို့သည် သံသရာဝဋ္ဋဆင်းရဲကို ကြောက်ကြသည်၊ ကောင်းမှုကုသိုလ်ပြုသည့်အခါတိုင်း မီးဆယ့်တစ်ပါးတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကိုရပါလို၏ဟု ဆုတောင်းကြ၏၊ တကယ်ပင် သံသရာဝဋ္ဋဆင်းရဲမှ လွတ်ကင်းလိုမှု၊ နိဗ္ဗာန် ချမ်းသာရလိုမှု၊ မီးဆယ့်တစ်ပါးတို့ ချုပ်ငြိမ်းအောင် ကြိုးစားရာသည်၊ ထိုမီးဆယ့်တစ်ပါးတွင် သောကမီး၊ ပရိဒေဝမီးတို့ပါဝင်၏၊ ထိုမီးတို့ လောင်မြိုက်၍ မလုပ်သင့်မလုပ်ထိုက်သော အကျိုးမရှိသော အလုပ်တွေကို လုပ်နေလျှင် နိဗ္ဗာန်ချမ်းသာကို မည်သည့်အခါမှရပါမည်နည်း၊

ထိုကြောင့် ပုထုဇဉ် လူသားများအနေဖြင့် ပရိဒေဝ သောက

မီးကို ငြိမ်းနိုင်လောက်အောင် မရင့်သန်သေးသည့် အလျောက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မကင်းနိုင်ကြသော်လည်း သင်ပညာဖြင့်ထိန်းချုပ်၍ လျော့နည်းအောင် ကြိုးစားရသည်၊ ထိုမီးလောင်မြိုက်မှုကြောင့် လောကရေးသံသရာပါ အကျိုးမဲ့ ဆုံးရှုံးစေမည့် အမှုမျိုးကို မပြုလုပ် မမှားယွင်းရအောင် အထူးသတိပြုဆင်ခြင်အပ်လှပေသည်။

× × ×

( ၆-၁၀-၇၀ )

## ကထိန်အလှူ

သီတင်းကျွတ်ပြီးပြီ ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့ ကြည်ညိုမြတ်နိုးစွာ စေတနာသက်ထက်သန်သန်ဖြင့်သူ့ထက်ငါကောင်း အပြိုင်အဆိုင် လှူဒါန်းကြတော့မည့် ကထိန်အလှူ ပွဲတော်ကြီးများစည်ကား သိုက်မြိုက်စွာခြိမ့်ခြိမ့်မွှမ်းအောင် ကျင်းပကြတော့မည်၊ ကထိန်အလှူတော် ပွဲကြီးမှာ ပစ္စည်းစိုက် အားစိုက် ကြိုးပမ်း၍ အလှူဖြစ်မြောက် အောင်မြင်စေရန် လုံ့လပြုသော ပုဂ္ဂိုလ်တို့ ရရှိခံစားရမည့် အကျိုးကျေးဇူးတား ကြီးမားလှပေသည်ကို ဗုဒ္ဓဘာသာဝင်တိုင်းပင် သိကြပေမည်ဖြစ်၍ အကျယ်ရေးပြရန်မလိုအပ်တော့ပေ၊ လှူဘွယ်ပစ္စည်းများကို ပဒေသာပင်သီး၍ အတီးအမှုတ် အကအခုန် စုံလင်စွာဖြင့် သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများကို ဆောင်ကြဉ်း သွားပို့ကြသည်များကို မြင်ရသူတို့အဘို့ အလွန်မှစေတနာတိုးပွားဘွယ်ဖြစ်ပေသည်၊ ဘာသာရေး

ဆိုင်ရာ အလှူဒါနကို မပျက်မကွက် ကြိုးစားအားထုတ်ကြသည့် အတွက်လည်း နှစ်သိမ့်ဝမ်းမြောက်ဘွယ် သာဓုခေါ်ဘွယ် ဖြစ်ပေသည်၊ အလှန်မှမွန်မြတ်သော ကုသိုလ်ရေးကိစ္စကြီး ဖြစ်ပေသည်။

သို့သော် အလှူဒါနအတွက် ဖြစ်မြောက် အောင်မြင်သွားရန် ကြိုးပမ်းကြရာ၌ စင်ကြယ်သောနည်းဖြင့် ကြိုးပမ်းခြင်း၊ မစင်သောနည်းဖြင့် ကြိုးပမ်းခြင်းကို စာရေးသူ တွေ့နေရသလို သတိထား စဉ်းစားမိသူတိုင်း တွေ့မြင်နေကြပေသည်။

စင်ကြယ်သောနည်းဖြင့် ကြိုးပမ်းခြင်းကား အလှူဒါနပြုလိုသူ ပုဂ္ဂိုလ်သည်မိမိဘတ်နိုင်စွမ်းဆောင်နိုင်သမျှအင်အားဖြင့် အလှူကိစ္စ အောင်မြင်သွားရန် ဆောင်ရွက်ခြင်းမျိုး၊ မိမိလှူဒါန်းမည့် ကိစ္စအတွက် မည်သူဘဦး တယောက်ထံကမှ အနိုင်ကျင့်ဘောင်းခံခြင်းမျိုး မပြုမလုပ်ဘဲ၊ တပါးသူက ၎င်း၏စေတနာအလျောက် ထည့်ဝင်ပူးပေါင်းလှူဒါန်းခြင်းဖြင့် အလှူကိစ္စ အောင်မြင်သွားခြင်းမျိုး၊ ခင်မင်ရင်းနှီးရာ ဆွေမျိုးမိသားစုသော်၎င်း၊ မိတ်ဆွေသင်္ဂဟ အချင်းချင်းသော်၎င်း၊ စိတ်တူ သဘောတူ ကြည်ဖြူစွာ အညီအညွတ် စည်းဝေးတိုင်ပင် ဆုံးဖြတ်ကာ အလှူဝတ္ထုကို စုပေါင်းလှူဒါန်းခြင်းဖြင့် အလှူကိစ္စ အောင်မြင်သွားခြင်း မျိုးတို့ကား စင်ကြယ်သော နည်းဖြင့် ကြိုးပမ်းခြင်းဟု ခေါ်ဆိုနိုင်ပါသည်၊ သာဓုအနုမောဒနာ ခေါ်ထိုက်သော စေတနာ ပွားများစေနိုင်သော အလှူအမျိုးအစားဖြစ်သည်။

မစင်ကြယ်သောနည်းဖြင့် ကြိုးပမ်းခြင်းကား မိမိတဦးတည်း လှူရန်ပစ္စည်းအင်အား မနိုင်၍သော်၎င်း၊ တဦးတည်း တာဝန်ယူ

ရလျှင်ကိုယ်ပိုင်ငွေကြေးကုန်ကျမည်ကို နှမြောတွန့်တို၍သော်၎င်း ဦးစီးခေါင်းဆောင် ပြုလုပ်သူ ဟူသော နာမည်ကို ခံယူလို၍၎င်း၊ မိမိ ကိုယ်ကျိုးအတွက် မျှော်ကိုး၍သော်၎င်း၊ မကောင်းရာ မကောင်းကြောင်း ပုဂ္ဂိုလ်ထံမှာအခွင့်အရေးကို ရယူနိုင်သော်၎င်း၊ စုစုရုံးရုံး အုံးအုံးကျက်ကျက်ဖြင့် ရှင်မြူးပျော်ပါး လို၍၎င်း၊ အကြောင်း အမျိုးမျိုးကို အရင်းခံပြီး အလှူကိစ္စအောင်မြင်စေရန် ကြိုးပမ်းခြင်းများကား မစင်ကြယ်သောနည်းများဖြစ်သည်။

၎င်း မစင်ကြယ်သော နည်းများ အနက်မှ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဝမ်းနည်းဘွယ် စိတ်မချမ်းသာဘွယ် ကောင်းသောနည်းမျိုးစုံ ရှိနေကြချေသေးသည်၊ လူတိုင်းလိုလို တွေ့ကြုံခံစားနေရသော ထင်ထင်ရှားရှား နှစ်မျိုးကိုသာ ရေးသားပေါ်ပြပါမည်၊ တမျိုးကား အကြောင်းကြောင်းတွေကို မျှော်ဘွေး၍ ငွေးဆန်ရန်မဖြစ် မငြင်းဝံ့၍ စေတနာမရှိပါဘဲလျက် ဘယ်ရွေ့ ဘယ်မျှ ထည့်ရမည်ဟူသော သတ်မှတ်ချက်ကြောင့် စိတ်မကြည်မလင်ဖြင့် အလှူငွေ ထည့်ဝင်ရသော ဒုက္ခကား သေးငယ်ခြင်း မဟုတ်ကြောင်း ကိုယ်တွေ့ခံစားရသူတို့ ပိုမိုသိနိုင်ကြပေမည်၊ ၎င်းကဲ့သို့သော ငွေကြေးဝတ္ထုမျိုးကို စုဆောင်းယူငင်ပြီး အလှူထမြောက်အောင်ကြိုးပမ်းခြင်းသည် လုံးဝမသင့်လျော်ချေ၊ နောက် တမျိုးကား ဝယ်ထားခြင်းလေလား ငှားထားခြင်းပေလား မသိနိုင်သော ကထိန်သင်္ကန်းတစုံကိုပြထားပြီး အိမ်တိုင်းစေ့ အတင်းအဓမ္မအလှူခံခြင်းမျိုး ခရီးသည်တွေ သွားလာရာ လမ်းဆုံလမ်းမတို့၌ လမ်းဘေးတွင် လေးတိုင်စင်ကလေးကိုး ဖျာဘချပ်မိုးပြီး သင်္ကန်းပုံကလေးကိုပြကာ လာသမျှခရီးသည်တွေ ယာဉ်တွေကို လမ်းပိတ်ရပ်ဆားပြီး အတင်းအဓမ္မ အလှူခံခြင်းမျိုးတို့ကား ဗုဒ္ဓ

မြတ်စွာ၏ တရားတော်ကိုသိသားသည့် ဗုဒ္ဓဘာသာဝင် စစ်စစ်တို့ လုံးဝမလုပ်သင့်သော ကိစ္စကြီးပင်ဖြစ်သည်၊ မိမိတို့အရေးကိစ္စဖြင့် ခရီးသွားလာကြရသော သူများအတွက် ခရီးနှောင့်နှေး ကြန့်ကြာ ခြင်းကြောင့်ထိခိုက်ဆုံးရှုံးနစ်နာမှုတွေကြုံတွေ့ကောင်းကြုံတွေ့နိုင်မည့် သူတွေ ပါကောင်း ပါနိုင်ပေမည်၊ ခရီးဆက်သုံးစိတ်ကြောင့် စေတနာမရှိဘဲ၊ စုဆောင်းငြိုငြင်စွာ ငွေခံဖလားထဲ ပိုက်ဆံကိုလွှင့်ပစ်သလို ထည့်သွားသူများလည်း ရှိသည်၊ ဤကဲ့သို့သော လှူဘွယ်ပစ္စည်းမျိုးကား လှူပုဂ္ဂိုလ်တွေကလည်း မစုဆောင်းထိုက်၊ မလှူထိုက်၊ အလှူခံ ပုဂ္ဂိုလ်ကလည်း သိခဲ့ပါလျှင် လုံးဝ အလှူမခံထိုက်ပေ။

ဤသို့ လှူဘွယ်ဝတ္ထုပစ္စည်းကို မစင်ကြယ်သောနည်းဖြင့် စုဆောင်း လှူဒါန်းခြင်းနှင့် ပတ်သက်၍ အာတုမ ပြည်သားသောထွက် ရဟန်းကြီးဖြစ်သော၊ သုဘဒ်ရဟန်းကို အကြောင်းပြု၍ "တရားနှင့်မလျော်ကပ်တ်၊ မအပ်သောအမှုအယာဖြင့် အားထုတ် ရှာဖွေထားသော ပစ္စည်းကို လှူ၍လည်း အကျိုးမရှိ၊ သုံးဆောင်သူ အဘို့လည်း စမ္ပိက ပရိဘောဂ မဖြစ်နိုင်၊ ထို့ကြောင့် ချစ်သားရဟန်းတို့ သုဘဒ်လှူသော ပစ္စည်းကို အလှူမခံကြကုန်လင့်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့လေသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို ရိုသေလိုက်နာကြကုန်သော ဗုဒ္ဓဘာသာဝင်တို့သည် ဝါကျွတ်လျှင် ကျင်းပမည်ဖြစ်သော ကထိန်အလှူတော်ဝယ် စင်ကြယ်သော နည်းဖြင့်သာ ကြိုးစားလှူဒါန်းနိုင်ကြပါစေသတည်း။

× × × ×

## (၂၉-၉-၇၀)
## အောင်နိုင်ခြင်း

ပုထုဇဉ် လူသားတိုင်းသည် ကောင်းသော အမှုကိစ္စ၌ဖြစ်စေ၊ မကောင်းသောအမှုကိစ္စ၌ဖြစ်စေ၊ မိမိကသာလျှင်အနိုင်ယူလိုသည် အောင်မြင်လိုသည်၊ သာလွန်လိုသည်၊ မိမိအနေဖြင့် အညံ့ခံရခြင်း အဆုံးခံရခြင်း၊အရှုံးပေးရခြင်းတို့ကိုကား မည်သူတဦးတယောက်မှ လိုလားနိုင်ကြမည်မဟုတ်ပေ၊ မတုန့်မလှုပ် ကြံ့ကြံ့ခံနိုင်ကြမည် မဟုတ်ပေ၊ ထိုကြောင့်သာလျှင် မိမိအောင်နိုင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ၊ တန်ခိုးအာဏာရှိသမျှ၊ မိမိသြဇာခံ အင်အားရှိသမျှကို အကြွင်းမဲ့အသုံးပြုကာ တဘက်လူကို လုယက်ပြိုင်ဆိုင်အနိုင်ယူကြ၏၊ မိမိအနိုင်ရစေရန်အတွက် မိမိ အောင်မြင်စေရန် တန်ခိုးအာဏာခံပုဂ္ဂိုလ်တို့မှာ ပင်ပန်းခံကြရသည်၊ ဆင်းရဲဒုက္ခခံကြရသည်၊ သားကွဲမယားကွဲဖြင့် အသက်အိုးအိမ် စည်းစိမ်တို့ကို စွန့်ပြစ်ကာ အာအားပေးသမျှခေါင်းငုံ့ခံကာ ဆောင်ရွက်ကြရသည်။

ထိုသူတို့၏အသက်စည်းစိမ်အိုးအိမ် သားမယားကို စွန့်ပစ်ကာ ဒုက္ခဆင်းရဲခံဆောင်ရွက်ပေး၍ ရအပ်သော အောင်နိုင်ခြင်းသည် အပြစ်ကင်းစင်သော အောင်နိုင်ခြင်းမမည်ပေ၊ မိမိအတွက် အောင်မြင်အနိုင်ရခြင်းဖြင့် ဝင့်ကြွားဘင့်ဘယ်စွာ စည်းစိမ်ခံစားနေသော်လည်း ဤအဖြစ်မျိုး ရောက်အောင် ဆင်းရဲဒုက္ခ ခံပေးရသူတို့ စိတ်မှာ ချမ်းမြေ့သာယာမှု ကျေနပ်မှု ရှိမါမည်သော။

မိမိ ကိုယ်ရေးကိုယ်တာအတွက် အောင်နိုင်ရန် ကြိုးစားကြရသည်များတွင် လောက, သံသရာ နှစ်ဖြာလုံးအတွက်လည်းမကောင်း

မိမိအဘို့လည်း မကောင်း၊ ငတ်ဝန်းကျင်အဘို့လည်း မကောင်းသော အပြစ်မကင်းသည့် အောင်နိုင်ခြင်းမျိုးကို ကြိုးစား အားထုတ်သူ မိမိ၏ တဘဝဘာအဘို့ ကောင်းသော်လည်း လောကီ လောကုတ္တရာမှာ ထိခိုက် နစ်မွန်းစေမည့် အောင်နိုင်ခြင်း မျိုးကို ကြိုးစား အားထုတ်သူ မိမိအဘို့လည်း ကောင်း၊ လောကီ လောကုတ္တရာမှာလည်း ကောင်းသော အောင်နိုင်ခြင်းမျိုးကို အားထုတ်သူဟူ၍ အသီးသီးရှိကြ၏၊ ထိုသူအားလုံးတို့၏ ကြိုးစားအားထုတ်မှုသည်စိတ်ဆန္ဒ၏ တိုက်တွန်းဆွဲဆောင်ချက်က အရင်းခံပေသည်၊ ဤစိတ်ဆန္ဒနှင့် ပတ်သက်၍ ပုထုဇဉ်လူသားတို့၏စိတ်မှာ ကိလေသာတည်းဟူသော မကောင်းမှု အညစ်အကြေး ဆယ်မျိုးသည် အနည်းနှင့်အများ ဖုံးအုပ်လွှမ်းမိုး ကြီးစိုးလျက် ရှိကြလေသည်၊ ထို ကိလေသာ တည်းဟူသော အညစ်အကြေး ဆယ်ပါးကား အဘယ်သည်တို့နည်း။

၁။ လောဘ–တပ်မက်ခြင်း၊
၂။ ဒေါသ–အမျက်ထွက်ခြင်း၊
၃။ မောဟ–တွေဝေမိုက်မဲခြင်း၊
၄။ မာန–ထောင်လွှားမောက်မာခြင်း၊
၅။ ဒိဋ္ဌိ–အယူဝါဒ မှားယွင်းခြင်း၊
၆။ ဝိစိကိစ္ဆာ–ယုံမှားသံသယဖြင့် တိကျမှန်ကန်စွာ မရှိခြင်း၊
၇။ ထိန–ငိုက်မြည်းအိပ်စက်မှု များခြင်း၊
၈။ ဥဒ္ဓစ္စ–စိတ်မတည်ငြိမ် ပျံ့လွင့်ခြင်း၊
၉။ အဟိရိက–မကောင်းမှုပြုရန်အရှက်တင်းမဲ့ခြင်း၊
၁၀။ အနောတ္တပ္ပံ–မကောင်းမှုပြုလုပ်ရန် မထိတ်မလန့်ရဲဝံ့ခြင်း၊

စသည့် ဤကိလေသာဆယ်ပါးကား မျက်စိဖြင့် မမြင်စွမ်းနိုင်သော လက်နက်ဖြင့်တားဆီးခြင်းငှါ မစွမ်းနိုင်သော၊ မိမိသြဇာအာဏာခံ တပည့်ငယ်သားဖြင့် ဝိုင်းဝန်းဖမ်းဆီး သတ်ဖြတ်ချေမှုန်းရန် မစွမ်းနိုင်သော ကြောက်မက်ဘွယ် ကောင်းလှသည့် မိမိစိတ်ဆန္ဒ၏ ရန်သူကြီးစင်စစ်ပင် ဖြစ်ပေသည်၊ ထိုရန်သူကြီးသည် မိမိစိတ်ကို လွှမ်းမိုးချုယ်လှယ်စေခိုင်းသည့်အတိုင်း ပုထုဇဉ်လူသားတို့ အနည်းနှင့်အများမိုက်မှား၍အကုသိုလ်စိတ်သားဖြင့်မကောင်းမှုကို ပြုနေကြခြင်းဖြစ်သည်။

လောကီ အဘို့ရမှာ ဂုဏ်ယူ ဝင့်ကြွားနိုင်သော အမျိုးမျိုးသောအောင်နိုင်ရေးတို့အနက် အချို့သောအောင်နိုင်ရေးတို့သည် လောကီ လောကုတ္တရာ နှစ်ခုလုံးမှာ အကုသိုလ်များပြား၍ ဆိုးဝါးသော အောင်နိုင်ရေး ဖြစ်ရကား၊ စိတ်ဆန္ဒ၏ စေခိုင်းရာကို မလိုက် မပါနိုင်အောင် ကြိုးစား ထိန်းချုပ်သင့်ပေသည်၊ မိမိ၏ စိတ်ကို နိုင်နင်းစွာထိန်းချုပ်၍ ပြုသင့်မပြုသင့် ချင့်ချိန်ဝေဘန်နိုင်သောသူကား စိတ်ကို အောင်နိုင်သော ပုဂ္ဂိုလ်ဟု အသိအမှတ်ပြုသင့်ပေသည်၊ လူသားတို့၏ စိတ်ဆန္ဒအလျောက် ပြုလုပ်ဆောင်ရွက်လိုသည့် အမှုကိစ္စဘိုင်းမှာ စိတ်ဆန္ဒကို ဆိုးဝါးယုတ်ညံ့သည့်ဘက်သို့ သွေးဆောင်တတ်သော စိတ်၏ရန်သူ ကိလေသာ ဆယ်ပါးကို ဖိဖိစီးစီး ချုံးနှိမ်၍ မိမိစိတ်ကို ကောင်းသော ဆန္ဒဘက်လိုက်ပါအောင်နိုင်စေရန် အရေးကြီးလှပေသည်၊ ဤသို့ အောင်နိုင်ခြင်းနှင့် ပတ်သက်၍—

"လောကီလူမှုရေးရာဖြင့် သူတပါးအား စိတ်ဆင်းရဲစေသော အောင်နိုင်ခြင်းများသည်မမြတ်၊ မိမိ၏ကိုယ်နှုတ်နှလုံးကို ကောင်းစွာစောင့်ထိန်း၍ ကိုယ်တွင်းကိလေသာကို အောင်ခြင်း တည်းဟူ

သော မိမိကိုယ် မိမိစိတ်ကို အောင်ခြင်းသည်သာလျှင် မြတ်၏၊ မိမိကိုယ်တွင်း ကိလေသာကို အောင်မြင်ပြီးသား ပုဂ္ဂိုလ်အား အလုံးစုံသော နတ်ဗြဟ္မာတို့သည်ရင်း၊ မာရ်နတ်သည်ရင်း၊ ရှုံးအောင်မပြုနိုင်ချေ၊ အနိုင်မယူနိုင်ချေ”ဟူ၍ အနတ္တပုစ္ဆက ဗြဟ္မဏဝတ္ထုဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

× × ×

(၁၃-၁၀-၇၀)

## သားသမီး

အမိအဘဖြစ်သော ပုဂ္ဂိုလ်တိုင်းသည် မိမိတို့လက်ဝယ် ပိုင်ဆိုင်သည့် အမှန်အမြတ်ထားသော ရတနာများအနက်မှ မည်သည့်ရတနာကို အမြတ်နိုးဆုံးပါနည်းဟု မေးအံ့၊ သားသမီး တည်းဟူသော ရတနာကို အမြတ်နိုးဆုံးဖြစ်သည်ဟူ၍ မိဘတိုင်းကပင် အဖြေပေးကြလိမ့်မည်။ ထိုအဖြေသည် လီဆယ်ဟန်ဆောင်သော အဖြေမဟုတ်ဘဲ အသဲနှလုံးထဲမှ လှိုက်လှဲစွာထွက်လာသော အဖြေမှန်ပင်ဖြစ်၏။ ဤမျှလောက် မြတ်နိုးကြင်နာသော မေတ္တာထားသည့် မိဘတို့အား အချို့သော သားသမီးတို့သည် ပြုစုလုပ်ကျွေး ပေးကမ်းထောက်ပံ့လိုသည့် စိတ်စေတနာ ခန်းခြောက်စွာဖြင့် စွန့်ပစ်ထားကြခြင်း၊ ပေးကမ်းကျွေးမွေးသော်လည်း ငြိုငြင်စူဆောင့်စွာဖြင့် ဝတ်ကျေတန်းကျေ မသေရုံမျှ ပေးကမ်းကျွေးမွေးနေခြင်းတို့ကို ဝမ်းနည်းဘွယ် တွေ့မြင်နေရသည်။ အချို့သော သားသမီးတို့ကား အယူသည်းခြင်း လွဲမှားသော အယူဝါဒကို သက်ဝင်ယုံကြည်ခြင်းတို့ကြောင့် မိဘဘည်း

ဟူသော ပုဂ္ဂိုလ်အား ရက်စက်ရိုင်းပြစွာ ထိပါး ပုတ်ခတ်သော စကားဖြင့် မိမိတို့ လူဖြစ်ရသည်မှာ မိဘများ အပျော်အမြူး ကြောင့်ရင်း၊ မိဘများ အိုမင်းသောအခါ တပြန်တလှည့် ကျွေးမွေးစေလိုသော ဆန္ဒကြောင့် ဟူ၍ရင်း၊ မွေးကြခြင်းသာဖြစ်သည်။ မိမိတို့စိတ်ဆန္ဒအလျောက် လူဖြစ်ကြရခြင်းမဟုတ်၊ ထိုကြောင့် မိဘဟူသော အသိအမှတ်၊ မိဘဂုဏ်ကျေးဇူးဟူသော တရားသည် လုံးဝမရှိထိုက်ဟူ၍ အယူအဆရှိကြ၊ ပြောဆိုကြသည်။

မိဘသည် မိမိအား မည်ကဲ့သို့သောနည်းဖြင့်ပင် မွေးထားစေကာမူ မိမိအပေါ်မှာ ထားရှိသော စေတနာ မေတ္တာ ကြင်နာမှုကား အတိုင်းအဆမရှိအောင် ကြီးမားသည်ကိုကား သားသမီး မွေးထားသူတိုင်း နှိုင်းချိန် စဉ်းစားနိုင်ပေသည်။

မည်သည့် မိဘမဆို မိမိတို့မွေးထားသော သားသမီးအပေါ်မှာ ကောင်းမွန်မြင့်မြတ်သည့်ဘက်က မြှော်လင့် အားကိုးချက်ကိုကား ထားရှိကြသူချည်းဖြစ်၏။ ထိုမြှော်လင့် အားကိုးချက်များတွင် သားသမီးတွေ ကြီးလာလျှင် ငါတို့ စည်းစိမ်ခံပြီး ထိုင်စားနေမည်ဟူသော မြှော်လင့်ချက် တခုတည်းကိုသာ ထားသော မိဘမျိုးကား တထောင်မှာ တဦးလောက်သာ ရှိပေလိမ့်မည်ဟု စာရေးသူ ယူဆမိ၏၊ ကျန်အများစု မိဘများကား ထိုမြှော်လင့်ချက် တခုတည်းကိုသာ တဘက်သတ် ထားနေသူများမဟုတ်ပေ။ အခြားသော အကျိုးရှိဖွယ်ရှိကြောင်း မြှော်လင့်ချက်တွေကိုလည်း ထားနေကြသေးသည်။

ယုတ်မာရက်စက်သော စိတ်သဘောရှိသည့် သားသမီးကို မွေးမိ၍ အားကိုးရာမဲ့၊ စားရ သောက်ရမဲ့ ဖြစ်နေသော မိဘတို့ကား မည်မျှပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေစေကာမူ သား

သမီးအပေါ်မှာ ထားရှိသော မေတ္တာစေတနာကား ဆံခြည်တမျှင်မျှပင် လျော့ပါးသွားမည် မဟုတ်ဘဲ ချစ်မြဲပင် ချစ်နေကြသည်ကို မည်သူမှ မငြင်းနိုင်ပေ။ ယခု လက်ငင်း အခြေအနေမှာ သားသမီးတို့၏ ပြုစု လုပ်ကျွေးခြင်း ဟူသော မြှော်လင့်ချက်ကို မခံစားရသေးငြားလည်း အခြားသော မြှော်လင့်ချက်များကား ပြည့်သင့်သလောက် ပြည့်နေသည့်အတွက် သားသမီးကို ချစ်မြဲ ချစ်နေကြခြင်း ဖြစ်၏။ အခြားသော မြှော်လင့်ချက်များကား အဘယ်ကဲ့သို့ပေနည်း။

မွေးဖွားလာသော သားသမီးတို့အား မိဘတို့၏ မြှော်လင့်ချက်ကို အကြောင်းပြု၍ 'ပုတ္တသုတ်' ဒေသနာတော်တွင် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့လေသည်။

"မိဘတို့သည် ငါးမျိုးသော မြှော်လင့်ချက်ကို လိုလား၍ သားသမီးကို အလိုရှိကြသည်၊ မွေးမြူကြသည်၊ ထိုငါးမျိုးကား အိုမင်းမစွမ်း ရှိလာသောအခါ မိမိတို့အား ပြန်လည် လုပ်ကျွေးရန်၎င်း၊ အကြောင်းကိစ္စ ရှိလာသောအခါ ကူညီဆောင်ရွက်ပေးရန်၎င်း၊ အမျိုးဆက်မပြတ်ဘဲ ရှည်မြင့်စွာ တည်တံ့ရန်၎င်း၊ မိမိတို့ ရှာဖွေ စုဆောင်း သိမ်းသားအပ်သော ပစ္စည်းကို အမွေခံအဖြစ် ဆက်လက်ခံယူရန်၎င်း၊ ဘဝတပါးသို့ပြောင်းသွား သေလွန်သောအခါ ကျန်ရစ်သူ သားသမီးက အလှူဒါနပြု၍ အမျှဝေရန်၎င်း၊ ဤငါးပါးသော အကြောင်းကို ရည်ရွယ် မြှော်လင့်၍သာလျှင် သားသမီးကို အလိုရှိကြခြင်းဖြစ်သည်။ သားသမီးတို့ကလည်း ကျေးဇူးကို သိတတ်သော စိတ်စေတနာဖြင့် မိဘများအား ရိုသေစွာ လုပ်ကျွေး မွေးမြူရာသည်။ ပညာဉာဏ်ဖြင့် ပြည့်စုံကုန်သော သားသမီးအပေါ်မှာ စင်ကြယ်သော မေတ္တာ

စိတ်ထားကုန်သော မိဘတို့၏ အဆုံးအမမှာ တည်၍ မိဘ၏ အမျိုးအနွယ်ကို မပျက်စီးရအောင် စောင့်ရှောက်ပြီး မိဘကို လုပ်ကျွေးမွေးမြူသော သူတော်ကောင်း သားသမီး တို့သည် ချီးမွမ်းထိုက် သူများဖြစ်ပေသည်''ဟူ၍ ပုတ္တသုတ် ဒေသနာတော်မှာ ပါရှိသည်။

ထိုကြောင့် လွဲမှားသော အယူဝါဒကို အယူသည်းစွာ ယုံကြည်၍ မိဘတို့အား သားသမီး မွေးခြင်းနှင့် ပတ်သက်ပြီး ထိခိုက်ပုတ်ခတ်ကာ ပြစ်မှားပြောဆိုကြသည့် အချို့သော သူတို့သည် မိမိတို့ကိုယ်တိုင် သားသမီးမွေးလာသောအခါမှာ နှောင်တရသောစိတ်ဖြင့် မြတ်စွာဘုရား၏ ပုတ္တသုတ် ဒေသနာတော်မှာ ပါရှိသည့် မြွက်သင့်ချက် ငါးမျိုးတို့ ပြန်လည် အောက်မေ့ဆင်ခြင်နိုင်ပါစေသတည်း။

× × ×

( ၂၀-၁၀-၇၀ )

## ဥဂ္ဂဟသုတ်

ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့သည် ဤဘဝမှ လွန်သည် ရှိသော် ကောင်းရာသုဂတိဘုံကို ဘဝသာ သွားလိုကြသည်၊ ရောက်လိုကြသည်၊ ထိုကြောင့် မိမိတို့ အင်အားနှင့် စွမ်းဆောင်နိုင်သရွေ့ အလှူပေးခြင်း၊ သီလ ဆောက်တည်ခြင်း စသည်တို့ကို ကြိုးစားကျင့်ကြံ အားထုတ်ကြသည်၊ အိမ်ထောင်ရှင် အမျိုးသမီး

တို့ အနေဖြင့်ကား လွတ်လပ်သူများကဲ့သို့ အချိန်မရွေး မကြိုးစား မကျင့်ကြံနိုင်ကြရှာပေ၊ လင်ယောကျ်ား၏ဝေယျာဝစ္စ၊ သားသမီး များ၏ ဝေယျာဝစ္စ၊ အိမ်ထောင် ထိန်းသိမ်းခြင်း ကိစ္စတို့ဖြင့် မအားမလပ်နိုင် ဖြစ်ကြရသည်၊ ထိုအခါ အချို့သော အိမ်ထောင် ရှင် အမျိုးသမီးတို့က အေးအေးဆေးဆေး တရားထိုင်လိုပါသည်၊ ဥပုသ် သီတင်းစောင့်သုံးလိုပါသည်၊ အချိန်မရနိုင်၊ မအားမလပ် နိုင်ဖြစ်၍ ကုသိုလ်ရေးကို လျစ်လျူရှုရသည်ဟု ညည်းညူတတ် ကြ၏။ အချို့သော အိမ်ထောင်ရှင် အမျိုးသမီးတို့ကမူ ခင်ပွန်း သည်ကို နေချင်သလိုနေ၊ စားချင်သလိုစား၊ တတ်နိုင်သလောက် တရားသွားထိုင်မည်ဟူ၍ အသံလွှင့်ကျောညာကာ ရိပ်သာတခုခုသို့ ရောက်ရှည် လကျူး သွားနေခြင်းဖြင့် အိမ်ထောင်ရေးမှာ မဖြစ်သင့် သော စိတ်ဆင်းရဲမှုတွေ ဖြစ်ပေါ် ကြုံတွေ့တတ်သည်ကို အချို့ သူတွေ ကိုယ်တွေ့ဖြစ်နေလေသည်။

သံသရာဝဋ်ဆင်းရဲမှ ကြောက်ရွံ့ခြင်းဖြင့် သူတော်ကောင်း တရားကို ကြိုးစားအားထုတ်ခြင်းကား မှန်မြတ်လှသောအကျင့် ပင် ဖြစ်၍ သူတော်ကောင်းမှုန့်သရွေ့ လက်ခံနိုင်ပေသည်၊သို့သော် အသားဝေါ်တရား မကောင်းကွာနိုင်သေး၍ အိမ်ထောင် သားမွေး ပြုကြရသော ပုထုဇဉ်လူသား အိမ်ထောင်ရှင် မိန်းမများ အဘို့ အိုးအိမ်ကိုရင်း၊ လင်ယောကျ်ား သားသမီးကိုရင်း၊ သံယောဇဉ် ကင်းစွာ ဥပက္ခာပြု စွန့်လွှတ်နိုင်သောစိတ်ဖြင့် အပြီးအပိုင် ထွက် ခွာ၍ တရားအားထုတ်နိုင်မည်ဆိုလျှင်ကား အတိုင်းထက်အလွန် ဖြစ်၍ ဆိုဘွယ်ရာမရှိပါပေ။ အပြီးအပိုင် မစွန့်လွှတ်နိုင်၊ သံယော ဇဉ် မပြတ်နိုင်ဘဲ လျက်နှင့် အိုးအိမ်လင်သားကို အခိုက် အတန့် စွန့်ခွာထားပြီး တရားအားထုတ်ပါက မဖြစ်သင့်သောစိတ်ဆင်းမှု

တော့ ဖြစ်လာလျှင် ပြုပြင်ရန်အလွန်ခက်ခဲသွားတတ်မည်ကို သတိပြုသင့်ပေသည်၊ ဤသို့ရေးခြင်းဖြင့် အိမ်ထောင်ရှင်မိန်းမတွေအဘို့ သံသရာ ဝဋ်ဆင်းရဲက လွတ်ကင်းအောင် တရားအားထုတ်ရေးကို ပစ်ပယ် ထားရတော့မည်လော။ ဤဘဝမှ လွန်သည် ရှိသော် ကောင်းရာသုဂတိ ဘုံဘဝသို့ သွားရာလမ်းကြောင်း ပိတ်ရတော့မည်လောဟု မေးဘွယ်ရှိပါသည်။ ဤသို့မဟုတ်ပါ၊ အိမ်ထောင်ရှင် အမျိုးသမီးများသည် အိုးအိမ်ပစ်၊ လင်ယောကျ်ားပစ်ပြီး တောရကျောင်းတွေ၊ ရိပ်သာတွေမှာသွား၍ တရားအားထုတ်မှသာ နတ်ရွာနိဗ္ဗာန်ကို ရောက်နိုင်သည်မဟုတ်ပါ၊ မြတ်စွာဘုရားလက်ထက်တော်မှာ ထင်ရှားသည့် ဝိသာခါဒါယိကာမကြီး သည် အိုးအိမ်ကို မခွာဘဲလျက် သူဟော်ကောင်းတရားအတိုင်းလိုက်နာကျင့်ကြံ၍ အိမ်ထဲမှာနေလျက်ပင် သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ၎င်းအပြင် အိမ်ထောင်ရှင် အမျိုးသမီးများအဘို့ တမလွန်ဘဝဝယ် ကောင်းရာသုဂတိ ဖြစ်သော ဘုံဘဝသို့ ရောက်ရသောအကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

မေဏ္ဍကာ သူဌေးကြီး၏မြေး ဖြစ်သော ဥဂ္ဂဟ သူဌေးသည် မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေး လှူဒါန်းပြီးသော် လင်ယောကျ်ား၏အိမ်သို့ လိုက်ပါရတော့မည် ဖြစ်သော သူ၏သမီးအတွက် ဆုံးမသွန်သင်တော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားသည် ဥဂ္ဂဟသုတ် ဒေသနာတော်တို့ ဟောကြားတော်မူသည်၊ ထို သုတ် ဒေသနာတော်၏ ဆိုလိုရင်းကား—

"မိမိအား မြတ်နိုးကြင်နာခြင်းဖြင့် ကောင်းမွန်စွာ လုပ်ကိုင်ရှာဖွေ ကျွေးမွေးသော ခင်ပွန်းသင်အား ဇနီးမယားဖြစ်သူသည် မရှိသေခြင်း၊ မထေမဲ့မြင် ပြုခြင်းတို့ကို ရှောင်ကြဉ်၍ ရှိသေလေးမြတ်စွာ အရှင်သခင်ကဲ့သို့သဘောထားဆက်ဆံရမည်၊ ထိုကဲ့သို့သော သင်ယောကျ်ားမျိုးအား အနိုင်ကျင့်ခြင်း၊ ချုပ်ချယ်လွှမ်းမိုးခြင်း မပြုဘဲ လိုက်လျောရမည်၊ မိမိခင်ပွန်း၏ ရှိသေလေးစားအပ်သော ပုဂ္ဂိုလ်များအားလည်း ခင်ပွန်းနှင့်ထပ်တူ ရှိသေလေးစားပူဇော်ရမည်၊ ပျင်းရိခြင်းကင်း၍ ထကြွလုံ့လ ရှိရမည်၊ မိမိခင်ပွန်းနှစ်သက်မြတ်နိုးဘွယ်စိတ်ချမ်းမြေ့ဘွယ်သော အကျင့်ကိုလည်းကျင့်ရမည်၊ ခင်ပွန်းရှာဖွေစုဆောင်းပေးသော ပစ္စည်းဥစ္စာကိုလည်း မပျောက်ပျက်မသစ်ဟင်းရအောင် ဖြုန်းတီးခြင်းမပြုဘဲ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရမည်၊ ဤကျင့်ဝတ်အတိုင်း ကျင့်ကြံသော အိမ်ထောင်ရှင်မိန်းမသည် ဤဘဝမှ လွန်သည်ရှိသော် ကောင်းရာသုဂတိဘုံ ဖြစ်သော နတ်တို့နေရာသို့ ရောက်ရလေသတည်း"

ဤသို့ ဥဂ္ဂဟာသုတ် ဒေသနာတော်၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်၊ ဤဒေသနာတော်ပါ အိမ်ထောင်ရှင် မိန်းမတို့ကျင့်ဝတ်သည် သူတော်ကောင်းတို့ အပြုအမူများပင်ဖြစ်၍ အိမ်ထောင်ရှင် မိန်းမများအတွက် စောနာထားသမျှ ကုသိုလ်ရနေကြမည်သာဖြစ်၏၊ ထို့ကြောင့်လင်ကိစ္စ သားသမီးကိစ္စပွေလှ၍ ရိပ်သာမသွားနိုင်ကြသူများအတွက် စိတ်ငယ်ဝမ်းနည်းစရာ မလိုတော့ပေ။

လင်ယုတ် လင်ဆိုး မဟုတ်ဘဲ သူတော်ကောင်းစိတ် ရှိသူခင်ပွန်းလင်အား ဥဂ္ဂဟာသုတ် ဒေသနာတော်အတိုင်း လိုက်နာပြုစုခြင်းဖြင့် အိမ်ထောင်ရှင် အမျိုးသမီးများ ကုသိုလ် ပွားများ၍ အိမ်ထောင်ရေး ချမ်းမြေ့သာယာမှု ဖြစ်ပါစေသတည်း။

(၂၉-၁၀-၇၀)

## လေးစားအပ်ခြင်း

သုံးပါးသောလောကဝယ် အတုမရှိ အသဒိသစေ် ဖြစ်တော်မူ၍ နတ်လူအလုံးတို့ ညွှတ်ရိုး ဦးစိုက်ကြရသော သဗ္ဗညုတ ရွှေဉာဏ်တော်အရှင် မြတ်စွာဘုရားသခင်သည် အလုံးစုံသော [illegible] တရားကို ဆရာမရှိ မိမိအလိုလိုသာလျှင် အကြွင်းမဲ့သိမြင်တော်မူ၏။ ထိုသို့ သိမြင်တော်မူသည့်အတိုင်း ဟောကြား ဆုံးမတော်မူခဲ့သော တရားတော်များသည်၊ အလွန်ပင် နက်နဲသိမ်မွေ့ ကျယ်ဝန်းလှသည်ကို ဗုဒ္ဓဘာသာဝင်တိုင်းပင် သိကြလေသည်။ မြတ်စွာ ဟောကြားတော်မူခဲ့သော တရားတော်အလုံးစုံကို [illegible] မသိနိုင် နားမလည်နိုင်သော်ငြားလည်း မကောင်းမှုဒုစရိုက်မျိုးစုံကို ရှောင်ကြဉ်ရန် ဟောခဲ့သော တရား ဝါရိတ္တ၊ စာရိတ္တ သီလစင်ကြယ်စေကြောင်း ကျင့်ဝတ်ငါးပါး ဟည်းဟူသော သီလငါးပါးအကြောင်း ဟောတော်မူခဲ့သော တရားမျှလောက်ကိုကား လွယ်ကူရှင်းလင်းလှ၍ ဗုဒ္ဓဘာသာဝင်တိုင်း သဘောပေါက် နားလည်ကြ သိမြင်ကြသည်။ သို့သော် နားလည်သိမြင်သော ဗုဒ္ဓဘာသာဝင်တိုင်းသည် ထိုမျှလောက်သော တရားကို လေးလေးစားစား လိုက်နာကျင့်သုံးခြင်းပြုကြပါမည်လော၊ အချို့သော ပုဂ္ဂိုလ်တို့သာလျှင် လေးလေးစားစား လိုက်နာကျင့်သုံးကြ၍ အချို့သော ပုဂ္ဂိုလ်တို့ကား ပေါ့ပေါ့တန်တန်သာ သဘောထားကြလေသည်။

ဆုတ်ကပ်ကာလရောက်၍ ဝိပ္ပတ္တိကာလကြီးဖြစ်၍ လူတွေ ဖောက်ပြန်ရောက်ကြသည်ဟူ၍ အချို့သောသူများ ညည်းညူကြသည်။

လူတွေဒုက္ခရောက်ကြရခြင်းကား ဆုတ်ကပ်ကြောင့်လည်းမဟုတ်၊ စိပ္ပတ္တိကာလကြီးကြောင့်လည်း မဟုတ်၊ ညည်းညူသူအပေါင်းအဝင် လူအများတို့ တရားပျက်ကြခြင်းကြောင့်သာ ဒုက္ခရောက်ကြခြင်း ဖြစ်သည်။

မိမိတို့ သက်ဝင်ယုံကြည်ရာ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို လေးလေးစားစား လိုက်နာ ကျင့်သုံးကြမည် ဆိုလျှင် ကိုယ်ကျင့် သိက္ခာကောင်းမည်။ ထိုသို့ ကိုယ်ကျင့်သိက္ခာ ကောင်းပါလျှင် ငါးပါးသီလသည် အလိုအလျောက် လုံခြုံပြီးဖြစ်၏။ ငါးပါးလုံး မလုံခြုံသည့်တိုင်အောင် မိမိစောင့်ထိန်းနိုင်သမျှကိုသာ မပေါက် မကျိုးရအောင် ကောင်းစွာထိန်းသိမ်းထားနိုင်မည်ဆိုလျှင် မိမိမှ တပါးသော လူသတ္တဝါအများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေ မည့် မကောင်းမှုမျိုး သေကြေပျက်စီးစေမည့် မကောင်းမှုမျိုး ဝတ်မှုတ်ဆင်းရဲ ချို့ငဲ့စေမည့် မကောင်းမှုမျိုး ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမည့် မကောင်းမှု စသည်တို့ အထိုက်အလျောက် လျော့ပါး ပျောက်ကွယ်သွားနိုင်ပေမည်။

ဗုဒ္ဓမြတ်စွာ၏ ဟောကြားဆုံးမခဲ့သည့် တရားတော်ကို စိတ်ထဲ မှာ လေးလေးစားစား သဘောမထားသူတို့အဘို့ကား၊ မကောင်း မှုပြုလျှင် ခံစားရမည့် လောကီ,လောကုတ္တရာအပြစ်ကိုတွေးဘော စိုးရွံ့ခြင်းမရှိဘဲ မိုက်မဲဆိုးဝါးစွာသာလျှင် ကျင့်သုံး ကျူးလွန်နေ ကြသည်။ ဗုဒ္ဓဘာသာဝင်အမည်ကိုခံယူပြီး ဗုဒ္ဓမြတ်စွာ၏ တရား တော်ကို လေးစားမှုမရှိသူတို့ ရှင်သန် ကြီးပွားနေသရွေ့ ကာလ ပတ်လုံး၊ ဗုဒ္ဓဘာသာ အရောင်အဝါလည်း ညစ်နွမ်းစေမည်။ လောကသားတို့အဘို့လည်း အေးချမ်းရာ ရင်တည်ရာကို မရနိုင်ဘဲ

ပူပန် ချောက်ချားစွာဖြင့် ဒုက္ခမျိုးစုံကို တွေ့ကြုံ နေရမည်သာ ဖြစ်သည်။

အလုံးစုံသော အမှန်တရားကို ဆရာမရှိ မိမိအလိုလိုသာ သိတော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိသော တရားကို ကိုယ်တော်တိုင် မည်မျှလေးစား ရိုသေတော်မူကြောင်းကို "သီဟသုတ်" ဒေသနာတော်မှာ ဤသို့ ဟောကြားတော်မူခဲ့၏။

"သားအပေါင်းတို့၏ ဘုရင်ဖြစ်သော ကေသရာဇာ ခြင်္သေ့မင်းသည် သားကောင်ကြီးများဖြစ်သည့် ကျွဲ၊ ကျွဲသိုး၊ ဆင်စသည်တို့ကို သတ်ပုတ်ရာ၌ လေးလေးစားစား သတ်ပုတ်သည့်နည်းတူ ယုန်ငယ်၊ ကြောင်ငယ် စသော သေးငယ်သည့် သတ္တဝါ တလေးမျှစားကိုလည်း လေးလေး စားစားပင် သတ်ပုတ်သည်။ ဤသို့ ကြီးငယ်မရွေး လေးလေးစားစား သတ်ပုတ်ခြင်းကား ကြိုးစား အားထုတ်မှုလမ်းစဉ် မပျက်စီးအောင် ထိန်းသိမ်းခြင်း ဖြစ်၏။ ထို့အတူပင် သုံးလူ့သေနင်း တရားခင်းဖြစ်သော မြတ်စွာဘုရားသည် တရားဟောတော်မူရာ၌ ရဟန်း အပေါင်းကိုရင်း၊ လူဥပါသကာ အပေါင်းကိုရင်း၊ ယုတ်စွအဆုံး အခစခံ ကျေးကျွန်စသည်တို့ကိုရင်း၊ မလေးမစားဖြင့် တရားဟောခြင်းမပြုဘဲ လေးလေးစားစားသာလျှင် တရားဟောတော်မူသည်။ ဤသို့လေးလေးစားစား တရားဟောတော်မူခြင်းကား မြတ်စွာဘုရားသည် ကိုယ်တော်တိုင်သိသော တရားကို ရိုသေလေးစားတော်မူသောကြောင့် တည်းဟု မိန့်ကြားတော်မူ၏"

ဤသို့လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်အောင် အကျိုးကျေးဇူးပြုသော တရား၊ လောကလူသားတို့အဘို့ အေး

ငြိမ်းရာ ရပ်တည်ရာကို ဖြစ်နိုင်သောတရားကို မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ရှိသေ လေးစားတော်မူနိုင်ပါလျက် တစိတ် တဒေသ အနည်းငယ်မျှသော ကျင့်ဝတ်တရားကို လောကလူသား တို့သည် လေးလေးစားစား ရှိသေသောစိတ်ထားဖြင့် ကြိုးစား စောင့်ထိန်းနိုင်မည်ဆိုပါလျှင် လူ့လောကမှာ မကောင်းမှု အကု သိုလ်တရား နည်းပါး၍ လူသားတို့အတွက် အထိုက်အလျောက် များသော ငြိမ်းအေးချမ်းသာခြင်း ဖြစ်နိုင်ပေလိမ့်မည်။

× × ×

(၃-၁၁-၇၁)

## ကဲ့ရဲ့ခြင်း

လူတဦးတယောက်သည် အပြစ်ကင်းစင်သော အမှုကိစ္စကို ဖြစ်စေ၊ အပြစ်မကင်းစင်သောကိစ္စကိုဖြစ်စေ ဆောင်ရွက်လုပ်ကိုင် သောအခါ မည်သူ့ကိုမှ ဂရုမထားဘဲ စိတ်သဘောထား ခိုင်မာ လှပါသည်ဆိုစေကာမူ ဟပါးသောသူများ၏ ကဲ့ရဲ့ပြောဆိုခြင်း ကို မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်သူကား အလွန့်အလွန်ရှားပေသည်။ လောကဓံတရားကိုသိထားပြီး ဖြစ်ပါသည်ဆိုသော သူများပင် ကဲ့ရဲ့ရှုတ်ချခြင်း ခံရသောအခါ အနည်းနှင့်အများ ရှက်ကြောက် တုန်လှုပ်ခြင်း၊ အမူအယာ ပျက်ယွင်းခြင်း၊ ဝမ်းနည်းညှိုးငယ် ခြင်းတို့ ဖြစ်ကြသည်ချည်းပင်။

အချို့လူတို့၏ သဘာဝ ပင်ကိုယ်စိတ်ထားကား အခြားသူ တဦးတယောက် ပြုလုပ်ဆောင်ရွက်ပြောဆိုသောကိစ္စကို ကောင်း

သည့်ဘက်မှ ဖြေ၍မတွေးဘဲ ဆိုးသည့်ဘက်မှ ဖိတွေးပြီး ကဲ့ရဲ့ရှုတ်ချခလေ့ရှိကြသည်။

ထိုသို့ ကဲ့ရဲ့ခံရသောအခါ အပြစ်မကင်းသော အလုပ်ကို လုပ်ကိုင်ပြောဆိုသူသည် သတိတရားရခြင်းဖြင့် ဆင်ခြင်ပြုပြင်မှု သော်လည်းလုပ်မည်၊ မည်သူ့ကိုမျှ ဂရုမစိုက် အရှုံ့တိုက်မည်ဟူ သောစိတ်ဖြင့် ပိုမိုဆိုးဝါးအောင်သော်လည်း ပြုလုပ်မည်။အချို့ သောသူတို့အား ကောင်းမွန်စင်ကြယ်၍ အပြစ်ကင်းသော အမှု ကိစ္စကို ပြုလုပ်သည်ပင်ဖြစ်သော်လည်း ကဲ့ရဲ့ရှုတ်ချခြင်းခံရသော အခါ ရှက်ကြောက်ဝမ်းနည်းခြင်းစိတ်ဖြင့် မိမိပြုလုပ်ဆောင်ရွက် နေသော အပြစ်ကင်းစင်သည့် အလုပ်ကို မလုပ်ဘဲ စွန့်ပယ်ဘတ် ချေသည်။

ဥပမာ ပြရမည်ဆိုလျှင် လူရော ယာဉ်ရထားပါ သွားလာမရ အောင်ပျက်စီးဆိုးဝါးနေသောလမ်းကို ပြင်မည့်သူ မရှိသောအခါ လမ်းပြင်သည့်အလုပ်ကြမ်းနှင့် လုံးဝခအပ်စပ်သော ပုဂ္ဂိုလ်ဘဦးက သူကိုယ်တိုင်ပြင်နေသည်၊ တွေ့မြင်ရသူများက ကူညီအားပေးခြင်း ချီးကျူးခြင်း မပြုဘဲ နာမည်ကောင်းယူနေသည် ဟူ၍ရင်း၊ လူ ချီးမွမ်းခံရအောင် ဟန်ဆောင်လုပ်နေသည်ဟူ၍ရင်း၊ စေးနဲ တွန့်တို လွန်း၍ ပိုက်ဆံကုန် မခံချင်သည့်အတွက် လူမငှါးဘဲ ကိုယ်တိုင် လုပ်နေသည်ဟူ၍ရင်း၊ စသည်ဖြင့် လမ်းပြင်နေသူ စိတ်အားပျက် အောင် အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ရှုံ့ချသော စကားလုံးဒဏ်များ ကြောင့် မွန်မြတ်စင်ကြယ်သော အလုပ်ကို လုပ်နေသူသည် မိမိ အလုပ်ကို ဆက်ရန် မဝံ့မရဲတော့ဘဲ ဖြစ်ရသည်။

မိမိငမ်းစာကိုမိမိရှာစားနေသူသည် မိမိ၏ဘဝ တည်တံ့ခိုင်မာ ရေးကိုသာ တွေးသင့်ပြောသင့်သည်၊ တပါးသူ၏အလုပ်ကို အပြု

သဘော မသက်ရောက်ဘဲ ကဲ့ရဲ့ ရှုတ်ချ ပြောဆိုနေခြင်းကား လုံးဝသင့်လျော်သော အလုပ်မဟုတ်ပေ၊ တပါးသူအား ကောင်း၍ ကဲ့ရဲ့သည်ဖြစ်စေ ဆိုး၍ ကဲ့ရဲ့သည်ဖြစ်စေ၊ ကဲ့ရဲ့စကားထွက်ပေါ် လာခြင်းသည်၊ သူတပါး၏အလုပ်ကိုအရှိန်သေ ပျက်စီးစေလိုသော စိတ်၏ တိုက်တွန်းမှုကြောင့် ထွက်ပေါ်လာခြင်းပင် ဖြစ်ပေသည်၊ မေတ္တာစိတ် မဟုတ်ဘဲ ထွက်ပေါ်လာသော ဤစိတ်မျိုးကား တပါးသူ၏ ပြုမူဆောင်ရွက်ခြင်းကို ပျက်စီးရပ်ဆိုင်း စေလိုသော ဗျာပါဒစိတ်မျိုး သဘောမျိုးသက်ဝင်သည်၊ ဤဗျာပါဒစိတ်ကား အကုသိုလ်ဒုစရိုက်ဆယ်ပါးမှာ အကျုံးဝင်သည်ဖြစ်၍ ကဲ့ရဲ့တတ်သူသည် ကိုယ့်ထမင်းကိုယ်စားပြီး အကုသိုလ်ကို ရှာဖွေစုဆောင်းနေသကဲ့သို့ဖြစ်၏။

ကဲ့ရဲ့သဂြိုဟ် စကားတင်း ဆိုခြင်းသည် လောကဓံရှစ်ပါးမှာ တပါးအပါအဝင်ဖြစ်ရကားအချို့သောသူတို့သည် လောကဓံကို ကြံ့ကြံ့ခံနိုင်သောစိတ်ဖြင့် မည်သူတွေမည်မျှ ကဲ့ရဲ့နေစေကာမူ မိမိပြုသောအမှုသည် အပြစ်ကင်းသည်၊ စင်ကြယ်မှန်မြတ်သည်၊ လောက သံသရာ နှစ်ဖြာလုံး ကောင်းကျိုးချမ်းသာ ဖြစ်မည်ဟု သေချာစွာ သိသည့်အလျောက် ရဲရဲစံ့စံ့ ဆောင်ရွက်နေကြ၏။ ဤကဲ့သို့သောပုဂ္ဂိုလ်မျိုးကား ရှားလွန်းလှသည်၊ သူတပါးကဲ့ရဲ့ ခြင်းမှ လွတ်ကင်းအောင်နေရန်မှာ အလွန်ခက်လှ၏၊ သို့သော် မိမိ ပြုသောအမှုသည် စင်ကြယ်မှန်မြတ်ပါက မည်သူ ကဲ့ရဲ့သည်ကိုမှ ကြောက်ရွံ့ရန်မလိုပေ။

ကဲ့ရဲ့ခြင်းနှင့်ပတ်သက်၍ အတုလဉပါသကာ ဝတ္ထု၌ မြတ်စွာ ဘုရားသည် ဤသို့ ဟောကြားတော်မူခဲ့လေသည်။

“ကွဲရဲ့ခြင်းသည် လတ်တလော ပေါ်ပေါက်လာသော ကိစ္စမဟုတ်၊ ရှေးယခင်အစဉ်အဆက်ကပင် ကွဲရဲ့သော အလေ့အထရှိခဲ့၏၊ ဆိတ်ဆိတ်နေသူ၊ စကားများစွာပြောသူ၊ ပညာရှိသူ၊ ပညာမဲ့သူ စသည့် အားလုံးသော ပုဂ္ဂိုလ်တို့အား ကွဲရဲ့တတ်သူသည် အပြစ်ကို ကြည့်ရှုရှာဖွေ၍ ကြံစည်၍ ကွဲရဲ့တတ်၏၊ ဤလောက၌ ကွဲရဲ့ခံရခြင်းမှ လွတ်ကင်းသူဟူ၍ မရှိချေ၊ သို့သော် မကျိုးမပြတ်သော အကျင့်ဖြင့် ကြွယ်သော သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသော သူတော်ကောင်းအား အဘယ်သူသည် ကြာရှည် ကွဲရဲ့နိုင်မည်နည်း၊ ထိုကဲ့သို့သောသူတော်ကောင်းအား ပညာရှိတို့သည်ပင်၊ နတ်ဗြဟ္မာတို့သည်ပင်၊ ချီမွမ်းအပ်ကုန်၏”

ဤသို့ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ဟောကြားတော်မူခဲ့သောကွဲရဲ့ခြင်းသည်၊ ယခုမျက်မှောက်ခေတ်မှာ မည်သူတဦးတယောက်မှ မလွတ်ကင်းနိုင်သည်ကို သိကြပေလိမ့်မည်၊ သို့သော် ကွဲရဲ့ခံရခြင်းကို အကြောင်းပြု၍ လောက သံသရာ နှစ်ဖြာသော ကောင်းကျိုးကို ကျင့်ကြံ အားထုတ် ပြုလုပ်ဆောင်ရွက်ခြင်းမှ ရပ်ဆိုင်း ပျက်စီးသွားမည့် အဖြစ်ကိုကား အထူးဂရုပြု ထိန်းသိမ်းသွားအပ်လှပေသည်။

× × ×

(၁၀-၁၁-၇၀)

## ငှက် သူ တော်

ဗုဒ္ဓ ဘာသာဝင်တိုင်းသည် အများအားဖြင့် ငှင်းတငှက်နှင့် ပတ်သက်လာလျှင်၊ ကြက်သရေမင်္ဂလာ မရှိဟူ၍၎င်း၊ လူဘို့အား

ပျက်စီး သေကြေ စေတတ်သည် ဟူ၍ရင်း၊ အယူ သည်းတတ်ကြ၏၊ ထိုသို့အယူသည်းခြင်းကား လုံးဝမသင့်လျော်ချေ၊ စင်စစ်ဠင်းတငှက်သည်ငှက်သူတော်ကောင်းဟု စာရေးသူယူဆမိပါသည်၊ ဠင်းတငှက်သည် စွန်ရဲများ၊ သိမ်းငှက်များ ကဲ့သို့ တပါးသော သတ္တဝါအား သတ်ဖြတ် စားသောက်ခြင်း လုံးဝမပြုချေ၊ သေပြီးသော အကောင်ပုပ်ကိုသာလျှင် ရှာဖွေစားသောက်လေ့ ရှိသဖြင့် စင်ကြယ်သော ပံ့သကူ သားကို သာလျှင် စားသောက်ခြင်း သဘောဖြစ်၏၊ ရင်းအပြင်ပုပ်ဟောင်နံစော်နေသည့် အသေကောင် အပုပ်ကောင်များကို ရှင်းလင်းပေးရာ ရောက်သဖြင့် လူတို့အား တဘက်တလမ်းမှ ကျေးဇူးပြုသော ငှက်ဖြစ်ပေသည်။

လူတို့မွေးမြူထားသော ကြက်စသည့် သတ္တဝါကလေးများကို ထိုးသုတ် သတ်ဖြတ် စားသောက်ခြင်းမပြု၊ လူတို့ စိုက်ပျိုးထားသောအသီးအနှံ ကိုလည်း မဖျက်ဆီး၊လူတို့အားဘေး အန္တရာယ်ကို ဖြစ်စေမည့် အပုပ်အသိုးများကိုသာ ရှာဖွေ စားသောက်ခြင်းအားဖြင့် သန့်ရှင်းအောင် ရှင်းလင်းပေးသည့်သဘောမျိုး သက်ရောက်တာ ကျေးဇူးပြုသော ငှက်မျိုးဖြစ်ပေသည်၊ ဤ ဠင်းတငှက်နှင့်ပတ်သက်၍ စုန်းမ၊ကဝေများ ဠင်းတယောင် ဆောင်သည် ဟူ၍ရင်း၊ဠင်းတများ မြို့ထဲရွာထဲဝင်လျှင် နိမိတ်မင်္ဂလာ မကောင်း ဟူ၍ရင်း ထင်မြင်ဖပြောဆို ကြခြင်းသည် လုံးဝမသင့်လျော်ပေ။

စုန်းမ၊ ကဝေ ဟူသည်မှာလည်း မည်သူမှ တပ်အပ် မြင်တွေ့ကြသူမရှိ၊ ဠင်းတများမြို့ထဲ မလာစေလိုလျှင် မြို့ရွာကို သန့်ရှင်းအောင်ထားဘို့ လိုအပ်လှသည်၊ ခွေးသေကောင်ပုပ်များ စည်းမဲ့ကမ်းမဲ့ ပစ်ထားလျှင် အသေကောင်ပုပ်ရှားသော ဠင်းတက လာမည်သာဖြစ်၏၊ လူတွေတရားမဲ့ပြီး အချင်းချင်း သတ်ကြဖြတ်ကြလျှင် ထိုအသေကောင်ကိုစားရန် ဠင်းတများက လာမည်သာဖြစ်သည်၊

ဌွင်းတ မလာစေလိုလျှင် လူတွေက စည်းစိမ်းရှိဘို့ အလွန်လိုအပ် လှ၏၊ ဌွင်းတင့်တို့သည် စင်စစ်မှာ သူတော်ကောင်းင့်က ဖြစ် ကြောင်းကို ယ တ္တနိပါတ်၌ မြတ်စွာဘုရား၏ သို့ ဟောကြားတော် မူသည်။

“မြတ်စွာဘုရားအလောင်း ဌွင်းတင့်ဖြစ်စဉ်အခါက၊ မိဘကို လုပ်ကျွေးခဲ့၏၊ ဘုရားအလောင်း ဌွင်းတင့် ညတ်ကွင်း မိစဉ် အခါကသတ္တဝါတို့သည် တံကုန်ချိန်ရောက်သည့်အခါ ပျက်စီးချိန် ရောက်သည့်အခါ မည်သည့် ဘေးရန်ကိုမှ မမြင်နိုင်၊ မတွေ့နိုင်၊ မရှောင်နိုင်ကြကုန် ဟူ၍ သူတော်ကောင်းစကားကို ဆိုခဲ့၏၊ ဒုဘ နိပါတ် ၌လည်း မြတ်စွာဘုရား အလောင်းသည် ဌွင်းတင့် ဖြစ်စဉ်အခါ ပြင်းထန်သော မိုးလေ ညှဉ်းဆဲ၍ အစာငတ်နေစဉ် လူဘယောက်သည် ပင်ပန်းဆင်းရဲသော ထို ဌွင်းတင့်ကို မြင်၍ သနားသဖြင့်အစာကျွေးခဲ့၏၊ ကျေးဇူးသိသော ဘုရားအလောင်း ဌွင်းဘင့်သည် ထိုသူအား ကျေးဇူးဆပ်သောအားဖြင့် သူစား သောက်သည့် ထိုထိုသော အကောင်တို့မှ ကြွင်းရစ်သည့် အဝတ် တန်ဆာ ပုဆိုး စသည်တို့ကိုယူ၍ အစာကျွေးသူ ကျေးဇူးရှင်ထံသို့ ချီပို့ခဲ့သည်”

ဤကား မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားသော ဌွင်းဝင့်၏ သူတော်ကောင်းသဘောဖြစ်သည်၊

ယခုခေတ် ဌွင်းဘင့်တို့ကား၊ မြတ်စွာဘုရားအလောင်းများ မဟုတ်ကြချေ၊ သို့သော် အထက်က ရေးပြခဲ့သော နည်းအတိုင်း င့်ကသူတော်ဟု ခေါ်ဆိုထိုက်သည့် အချက်အလက် များနှင့်ကား ပြည့်စုံပေသည်၊ ယခုမျက်မှောက်ခေတ် လူလောကသည် ကမ္ဘာနှင့် အဝန်းသတ္တန္တရကပ် ဆိုက်ရောက်လျက် ရှိကြ၏၊ တတိုင်းပြည်နှင့် ဘတိုင်းပြည်၊ လူတမျိုးနှင့်တမျိုး အနိုင်အထက် သတ်ဖြတ်လျက်

ရှိကြသည်၊ တိုင်းပြည်တခုထဲလူမျိုးတမျိုးထဲမှာလည်း အုပ်စုကွဲကာ အချင်းချင်း သတ်ဖြတ်လျက် ရှိကြသည်၊ ဤသို့ လူတွေအကျင့်စာရိတ္တ ပျက်ခြင်း၊ ဝိသမလောဘ ကြီးမားခြင်း၊ ကြင်နာတရားကွယ်ပျောက်ခြင်းစသည်တို့ကြောင့် တဦးကိုတဦး မထောက်မညှာ ရက်စက်စွာသတ်ဖြတ်၍ သေကြေပျက်စီးခြင်း၊ ထူးထွေဆန်းပြားသော ရောဂါဝေဒနာတို့ကြောင့် သေကြေပျက်စီးခြင်းသည်ဖြင့် လူသားတို့၏ အခလောင်းကောင်များ စည်းကမ်းမဲ့စွာ ပေါများနေသမျှ ကာလပတ်လုံး ထိုအကောင်တို့ကို စားသောက်ရှင်းလင်းပေးရန်၊ ငှက်သူတော် ငှက်တငှက်များက အုပ်လိုက် ကျနေကြမည်သာ ဖြစ်သည်။

ငှက်တ လာလို့ လူတွေ သေကြေ ပျက်စီးရသည် ဟူသော စကားကိုသုံး မည့်အစား၊ လူတွေတရားပျက်၍ သေကြေပျက်စီးသည့်အတွက်သာ ငှက်တငှက်တွေ လာရသည်ဟု ပြင်ဆင်သုံးနှုန်းသင့်သည်၊ ထိုကြောင့် ငှက်သူတော်ကောင်းကို မကောင်းထင်ကာ အယူသည်းစွာ ရှုံရှာ ယိုတီးလန့်နေသည့် စိတ်ကို ဖျောက်ဖျက်၍ ငှက်တငှက်တွေ မလာစေရန် ချောက်လှန့်ခြင်း တောထုတ်ခြင်း ပယောဂဆရာတွေနှင့် အကာအကွယ်ပြုခြင်း စသည့်အလုပ်တွေကို ပြုလုပ် နေခြင်းထက် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သူတော်ကောင်းတရားကိုနှလုံးထား၍ လူသားအချင်းချင်းမေတ္တာ စေတနာဖြင့် ငဲ့ညှာ ကြင်နာကြပါလျှင် သတ်ဖြတ် ညှဉ်းဆဲမှုကို ရှောင်ကြဉ်ကြပါလျှင် လူသားတွေလည်း သေကြေပျက်စီးကြမည် မဟုတ်၊ စားစရာ လူသေကောင်မရှိ၍ ငှက်တငှက်များ လာမည် မဟုတ်တော့ပေ၊ ငှက်တငှက်နှင့်ပတ်သက်သော အယူသည်းမှု အစွဲ အလမ်းကြီးသည် ပပျောက်ပါစေ သတည်း။

× × ×

(၁၇-၁၁-၇၀)

## အမည်မှည့်ခြင်း

လောကရှိ လူအားလုံးတို့သည် ကြက်သရေ မင်္ဂလာ ရှိသော အရာကိုသာ အလိုရှိကြသည်၊ နာမည် မှည့်သည့် နေရာ၌ပင် ကြက်သရေ မင်္ဂလာရှိစေရန် ရည်ရွယ်၍ ကောင်းသော နာမည်ကို သာရွေးချယ် မှည့်ခေါ်လေ့ရှိကြ၏၊ ထို မှည့်ခေါ်သော နာမည် များ၌မိမိတို့စိတ်ကြိုက်အတိုင်း ကြက်သရေရှိသော မင်္ဂလာရှိသော လာဘ်လာဘရှင်သော သူဘထူးချွန်မြတ်နိုးစေသော အသက်ရှည် အနာကင်းစေသော ဂုဏ်သတင်း ကျော်စောခြင်းနှင့် ပြည့်စုံစေ သော အနက်အဓိပ္ပါယ်များကို အပြည့်အဝဆောင်သည့် နာမည် များကိုသာ ရွေးချယ်မှည့်ဘက်ကြသည်။

ထိုသို့ရွေးချယ်မှည့်ခြင်းသည် အယူသည်းခြင်းအမျိုးပင်ဖြစ်၏၊ နာမည်မှည့်သည့်အတိုင်း ထိုနာမည်ရှင်ပုဂ္ဂိုလ်သည် ကောင်းခြင်း မင်္ဂလာကြက်သရေအဖြာဖြာနှင့် ပြည့်စုံနိုင်ပါမည်လော၊မှည့်ခေါ် ထားသောနာမည်က ကောင်းမြတ်သော ကြက်သရေမင်္ဂလာရှိနေ သော်လည်း အမည်ရှင်ပုဂ္ဂိုလ်သည် အကျင့်စရိတ္တ၊ ကိုယ်အမူအရာ နှုတ်အမူအရာ၊ ယုတ်မာကြမ်းတမ်းသူလည်း ရှိကြ၏၊ အမည်နှင့် လိုက်အောင် ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ သည်းရှိကြ၏၊ အချို့မှာ ကြက်သရေမင်္ဂလာ လာဘ်လာဘကိုဂူ၍ ပဆင်းစားဘဲ စိတ်တင်ရာ နာမည်များကို မှည့်တတ်ကြသူများ လည်းရှိသည်။

ထိုနာမည်များသည် ကြားရသူအဘို့ ကြက်သရေမရှိဟု ထင်ရ သော်လည်း ထိုနာမည်ရှင်၏ ကိုယ်ကျင့်တရား အမူအရာသည် သူတော်ကောင်းတို့အမူအကျင့်နှင့် ညီညွတ်နေသူများလည်း ရှိနေ

ဘတ်သည်၊ ကြမ်းတမ်းသော နာမည်နှင့်လိုက်အောင်ပင် ကြမ်းနေသူများလည်း ရှိနေတတ်သည်၊ နာမည်နှင့် ပတ်သက်၍ အလွန်အမင်းအယူသည်းခြင်း မဖြစ်သင့်ပေ၊ ဤအကြောင်းကို ထင်ရှားသော သာဓက အဖြစ်ပြရမည်ဆိုလျှင် မြတ်စွာဘုရားသခင် လက်ထက်တော်၌ ထင်ရှားသော အနာထပိဏ် သူဌေးကြီး ထံတွင် ကာလကဏ္ဏိ အမည်ရှိသော ယောကျာ်း အစေခံ တယောက်ရှိခဲ့၏။

ကာလကဏ္ဏိ ဟူသော အဓိပ္ပါယ်မှာ ကြက်သရေယုတ်သူဟု ဆိုလိုသည်၊ သူဌေးကြီးသည် ကာလကဏ္ဏိ ၏ နာမည်ကို ခေါ်လေတိုင်း သူဌေးကတော်နှင့်တကွ အိမ်သားအားလုံးက မနှစ်မြို့ကြချေ၊ ကြက်သရေယုတ်သူဟုအမည်မှည့်ထားသူအား အိမ်မှာမထားသင့်ဟု တိုက်တွန်းကြ၏၊ သူဌေးကြီးက ထားမြဲပင် ထားသည်၊ တနေ့သော အခါ သူဌေးကြီး ခရီးသွားရန် ကိစ္စ ပေါ်လာ၏၊ ကာလကဏ္ဏိအား အိမ်ကိုစောင့်ရှောက်ရန် မှာကြားထားခဲ့သည်၊ သူဌေးကြီး မရှိခိုက် ခိုးသား ဓမြတို့ လုယက်ဖျက်ဆီးရန် အိမ်ကိုတပ်ကြသည်၊အခြားသောအစေခံကျွန်များ ကြောက်၍ ခြင်းဖြင့် ခုခံ ကာကွယ်ခြင်း မပြုဘဲ ထွက်ပြေးကြ၏၊ ကာလကဏ္ဏိ တဦးတည်းသာ လက်နက်စွဲကိုင်၍ရဲဝံ့စွာ ခုခံကာကွယ်ခဲ့၏၊ သူဌေးကြီး ခရီးသွားရာမှ ပြန်ရောက်၍ ထိုအကြောင်းကို သိသော အခါ သူဌေးကြီးကတော်နှင့်တကွ အိမ်သားအားလုံးအား ဆုံးမစကားပြောကြားသည်။

“သင်တို့အားလုံးက ကြက်သရေယုတ်သူဖြစ်သဖြင့် မလိုလားဟု သတ်မှတ်ထားသော ကာလကဏ္ဏိသာလျှင် သင်တို့၏အသက် စည်းစိမ်ကိုစောင့်ရှောက်ပေးသည်၊ထို့ကြောင့် နာမည်ဟူသည်မှာ

အလေးအနက် မှတ်ယူဘွယ်ရာ မဟုတ်၊ စိတ်သဘောထား ကိုယ်ကျင့်တရားကိုသာလျှင် အလေးအနက်သဘောထားရာသည်"

ထို့အတူ ချမ်းသာစေလို၍ အတိတ် နိမိတ်ယူပြီး မှည့်သော နာမည်များ၊ ရဲစွမ်းသတ္တိရှိစေလို၍ အတိတ်နိမိတ်ယူပြီး မှည့်သော နာမည်များ၊ ထင်ပေါ် ကျော်ဇောစေလို၍ အတိတ်နိမိတ်ယူပြီး မှည့်သောနာမည်များ၊ သူတထူးက ချစ်ခင်မြတ်နိုးစေလို၍ အတိတ်နိမိတ်ယူပြီး မှည့်သော နာမည်များသည် နာမည်ရှင် ကိုင်းအား လိုက်လျောညီညွတ်စွာ မဖြစ်နိုင်ချေ၊ ယုတ်ကြမ်းသောနာမည်ကို ယူ၍မှည့်ထားသူတို့အားလည်း နာမည်ရှင်တိုင်းအား ယုတ်ကြမ်းမှုကို မဖြစ်နိုင်ချေ၊ နာမည်သည် စင်စစ် ကြက်သရေ မင်္ဂလာကောင်းကျိုးချမ်းသာဖြစ်နိုင်သည် မဖြစ်နိုင်သည် ဟူသောအချက်နှင့် အလေးအနက်သက်ဆိုင်သည်ဟူ၍ အယူသည်းစွာ ယူဆခြင်းသည် မသင့်လျော်ဟု စာရေးသူယူဆမိပါသည်။

စင်စစ်သော်ကား ဆွေမျိုး မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းဟူ၍ ဆက်သွယ်ရာမှာရင်း၊ မိမိ အိမ်သူ အိမ်သား အမည်မှည့်ရာမှာရင်း၊အခိုင်းအစေအဖော်အပေါင်း ခေါ်ဝေါ်ရာ၌ရင်း၊နာမည်ကို အရေးကြီးစွာ နိမိတ်မင်္ဂလာယူခြင်း ခေါ်ဝေါ် ပြောဆိုခြင်းအယူသည်းနေခြင်းဖြစ်မည့်အစား ထိုသူ၏ကိုယ်ကျင့်တရားစိတ်သဘောထားကျေးဇူးတရားကို ထောက်ညှာမှု ရှိ,မရှိ၊ မိမိအား အကျိုးပြုမ ... သည်တို့ကိုရင်း၊ မိမိ အိမ်သူ အိမ်သားများအား နာမည်ကို အလေးအမြတ်ပြု မှည့်ခေါ်ခြင်းထက် အကျင့်စာရိတ္တ စင်ကြယ်ကောင်းမွန်ရေးကိုသာ အလေးအမြတ် ပြုပြင်၍ရင်း၊ မိမိ၏ကိုယ်ကို စိတ်ကြိုက် နာမည်တွေ မှည့်ခေါ်ခြင်းထက် မိမိ ကိုယ်ကျင့်တရား ကောင်းမွန်ရေးကိုသာ အလေးအမြတ်ပြု၍ရင်း အယူသည်းခြင်းကို ပယ်ဖျောက်ရာသည်။

မိမိ၏ မှည့်ဘားသောနာမည်သည် ကြက်သရေရှိသည်ဖြစ်စေ ယုတ်ကြမ်းသည် ဖြစ်စေ၊ နာမည်ရှင် ပုဂ္ဂိုလ်အတွက် မသေဆုံးမီမှာ လောကီ လောကုတ္တရာ အကျိုးကို ပြုနိုင်ခဲ့၍ သေဆုံးပြီးသည့် နောက်မှာလည်း မိမိနှင့်ပတ်သက်၍ဆိုးဝါးသော အမှတ်အသားကြီး ဖြစ်ပြီး မကျန်မရစ် စေရန်သာလျှင်အထူးဂရုပြု အပ်လှကြ ပေသည်။

× × ×

## (၁.၁၂.၇၀)

## အသက်တိုရှည်

လူတွေ၏သက်တမ်းရှည်ခြင်း၊ တိုခြင်းနှင့်ပတ်သက်၍ လူတဦး လျှင် အယူအဆတမျိုးစီ ဖြစ်ကြသည်။ အလွန်အမင်း အယူသည်း သူများကမူ ဆုတ်ကပ်ဖြစ်လာ၍ တဖြည်းဖြည်း အသက်တိုလာ သည်ဟု ဆိုသည်။ ထိုဆုတ်ကပ် ဟူသော အယူအဆကို သက်မခံ နိုင်သူများကမူ ဆေးပညာရှင်တို့၏ ညွှန်ကြားချက်အရ လိုက်နာ ကျင့်သုံးလျှင် အသက်ရှည်စေနိုင်သည်ဟူ၍ ခုခံ ပြောဆိုကြ၏။

ယခုခေတ် ဆေးပညာရှင်တို့သည် တနေ့တရက်နှင့်အမျှ တနာ ရီ တမိနစ်နှင့်အမျှ ဆေးပညာကို စူးစမ်းရှာဖွေ သုတေသနပြုလုပ် အောင်မြင်နေကြသည်ကို လူတိုင်းပင် သိပြီးဖြစ်ကြသည်။ လူတို့၏ အသက်ကို ရှည်ကြာ တည်တံ့စေနိုင် ဆေးပညာရှင်တို့၏ ညွှန် ကြားချက်များကို အသေးစိတ် မဟုတ်မူ၍ အကြမ်းမျဉ်းအားဖြင့် ယူရသော အစာကြေညက်စေရန်ကို အဓိကထား ညွှန်ကြား သည်။ အအိပ်အနေ မှန်စေရန် အဓိကထား ညွှန်ကြားသည်။ လမ်းလွဲသောနည်းဖြင့် အပျော်လိုက်စား ကြူးလွန်ခြင်းကို ဘား မြစ်သည်။ လမ်းမှန်သော နည်းပင် ဖြစ်စေ၊ အလွန် အကြူး

အပျော်လိုက်စားခြင်းကို တားမြစ်သည်၊ ဤသို့ အသက်ရှည်ရာ ရှည်ကြောင်းကို ဆေးပညာရှင်များက အကျိုးအကြောင်း ပြ၍ ညွှန်ကြားကြ၏။ ဆေးပညာကို မဘတ်စေကာမူ အမြော်အမြင် ဉာဏ်ပညာဖြင့် ဆင်ခြင်တိုင်းဆတတ်သူတို့က လူတို့၏ အသက် ရှည်ရာရှည်ကြောင်းကို သူတို့ယူဆချက်ဖြင့် ညွှန်ပြပြောဆိုကြ၏၊ ၎င်းတို့၏ ညွှန်ကြားချက်များကား အချိန်အခါမဲ့၌ လည်ပတ် သွားလာလျှင် လူကို အန္တရာယ်ပြုလိုသူ ပစ္စည်းကို လိုချင်သူတို့၏ ရန်မှုဖျက်ဆီးခြင်းကို ခံရ၍ အသက်တိုကြောင်းဖြစ်သည်ဟူ၍ဎင်း မကောင်းသော အဆွေခင်ပွန်းကို ပေါင်းဖေါ်၍ မကောင်းသော အမူအကျင့်ကို ပြုကျင့်ခြင်းဖြင့် ဘေးရန်များလာပြီး အငြိုးရှိသူ မုန်းတီးသူတို့၏ ပယောဂဖြင့် အသက်အန္တရာယ်ဖြစ်ကာ အသက် တိုစေကြောင်း ဖြစ်သည် ဟူ၍ဎင်း၊ တားမြစ် ဆုံးမ ညွှန်ကြား ကြသည်။

ဆေးပညာရှင်တို့၏ ညွှန်ကြားချက်သည်၎င်း၊ ဆင်ခြင်ဉာဏ် ရှိသူတို့၏ ဆုံးမ တားမြစ် ညွှန်ကြားချက်များသည်၎င်း၊ နှစ်ခုလုံး ပင် လူတို့၏ အသက်ကို စောင့်ရှောက်ရေး၌ အလွန် အဘိုးတန် သော ညွှန်ကြားချက်များပင် ဖြစ်ပေသည်။

အသက်ရှည်စွာ တည်ရှိသော လူသားတဦးတယောက်အဘို့ ကျန်းမာရေးနှင့် ပျော်ညီစွာ နေထိုင်ကျင့်ကြံ သွားလာ စား သောက်ခြင်းကြောင့် အသက်ရှည်သည်ကို ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အလေးအနက်ထား မပြောဘဲ သီလကောင်း၍ အသက် ရှည်သည်ဟူ၍သာ စွဲလမ်းယုံကြည်ကြ၏၊ သီလကောင်း၍ အသက် ရှည်သည်ဆိုသော ဘာသာရေး အယူအဆမှာ မမှားပါ၊ မှန်ကန် ပါသည်၊ သို့သော် အသက်ရှည်စေရန် သီလကိုချည်း ထိန်းတော့ မည်ဟု မပြတ် ဥပုသ်စောင့်ပြီး အချိန်ရှိသရွေ့ ကမ္မဋ္ဌာန်းထိုင်

နေလျှော် ပုတီးစိပ်နေသော်ရင်း၊ ဥပုသ်စောင့်ထား၍ ညနေစာ ထမင်းမဆာရန်ဟု ရည်စူးပြီး အစာအာဟာရကို အတိုင်းအဆ မဲ့ ဘေးမသောက်ထားလျှင်သော်ရင်း၊ နောင် ဘဝမှာ အသက် ရှည်မည် တိုမည်ကို မသိနိုင်သော်လည်း၊ယခု မျက်မှောက်ဘဝမှာ ကား အညောင်းမိခြင်း၊ အစာမကျေခြင်း စသည့် ဝေဒနာတို့ဖြင့် အသက်ကို ဘေးအန္တရာယ် ပြုလာမည်ကား သေချာပေသည်။ ဤသို့ ရေးခြင်းဖြင့် ဥပုသ်သီလ စောင့်ထိန်းခြင်းကို ပိတ်ပင် ထားဆီးလိုသော စေတနာ လုံးဝမရှိပါ၊ ကုသိုလ်ရေးကို ပြုကျင့် အားထုတ်ရာ၌ ကျန်းမာရေးကိုလည်း ပစ်ပယ်ထား၍ မဖြစ်နိုင် ကြောင်း ဖေါ်ပြ ရေးသားခြင်းသာ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ရင်း၊ တပည့်သား သံဃာ တော်များကိုရင်း၊ ဆွမ်းခံကြွခြင်း၊ ဆွမ်းကို လှည့်လည် ကြွသွား ခံယူစေခြင်းတို့၏ အဓိက အချက်ကား ကမ္မဋ္ဌာန်းထိုင်ခြင်း၊ ဝိပဿနာပွားနေခြင်းဖြင့် ညောင်းညာ တောင့်တင်းနေသော ကိုယ် ခန္ဓာကို အကြောအချဉ် လျော့ပြေစေရန် အညောင်းပြေစေရန် လမ်းလျှောက်စေလိုသော ရည်ရွယ်ချက်ပင်ဖြစ်သည်ဟု စာရေးသူ ယူဆမိပါသည်။

လူဘို့၏ အသက်ကို ရှည်စေခြင်း တိုစေခြင်းတို့နှင့် ပတ်သက်၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အချက်များသည် ယခု ခေတ် ဆေးပညာရှင်တွေ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်တွေ၏ အတွေးအခေါ် ညွှန်ကြားချက် တားမြစ် ချက်တွေနှင့် တိုက်ဆိုင်လျက် ရှိပေသည်။

ပထမ အနုယုဿသုတ်ဒေသနာတော်၊ ဒုတိယ အနုယုဿသုတ် ဒေသနာတော်၌ မြတ်စွာဘုရားသည် လူဘို့၏ အသက်တိုရသော အကြောင်းငါးပါး၊ အသက်ရှည်ရသော အကြောင်းငါးပါးကို

ဟောကြားတော်မူခဲ့သည်၊ အသက်တိုရသော အကြောင်းငါးပါးကား မပြုလုပ်သင့်သော အရာများကို ပြုလုပ်လေ့ရှိခြင်း၊ ပြုလုပ်သင့်သော အရာကို ပေါ့ပေါ့ဆန်ဆန်သာ ပြုလုပ်လေ့ရှိခြင်း၊ မသင့်လျော်သော ကြေညက်ခဲသော အစာကို အတိုင်းအဆမရှိ စားသောက်လေ့ရှိခြင်း၊ အချိန်အခါ မဟုတ်သည်တို့၌ လည်ပတ်သွားလာလေ့ရှိခြင်း၊ စင်ကြယ်ကောင်းမြတ်သော သီလအကျင့်မရှိဘဲ လမ်းလွဲသောနည်း၊ လမ်းမှန်သောနည်းတို့ဖြင့် အပျော်အပါးကို လွန်ကြူးစွာလိုက်စားခြင်း စသည့် အကြောင်းငါးပါးဖြစ်၏။ အသက်ရှည်ရသော အကြောင်းငါးပါးကား ပြုလုပ်သင့်သော အရာကိုသာပြုလုပ်သည်၊ ထိုသို့ ပြုလုပ်သင့်သော အရာကို အတိုင်းအရှည်သိစွာ ပြုလုပ်သည်၊ ကြေညက်လွယ်သော အစာကိုသာ ဆင်ခြင်တိုင်းဆစားသောက်သည်၊ ကောင်းသော အကျင့်သီလရှိ၍ လွန်ကြူးစွာ ပျော်ပါးမှုကို ဆင်ခြင်ရှောင်ရှားသည်၊ ကောင်းမြတ်သော အဆွေခင်ပွန်းရှိသည် စသည့် ငါးပါးကား အသက်ရှည်ရာသောအကြောင်းဖြစ်၏၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော အသက်တိုရာ၊ ရှည်ရာ အကြောင်း၊တရားများကား ယခုမျက်မှောက်ခေတ်နှင့် အံဝင် ကိုက်ညီလျက်ရှိပေကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။

× × ×

(၈-၁၂-၇၀)

## သူနာ-ဆေးဆရာ-သူနာပြု

ဆေးပညာ ထွန်းကားသော ယခု မျက်မှောက် ခေတ်တွင် ဆရာဝန်တွေ၊ သူနာပြုတွေ အရေအတွက် တိုးတက်များပြားလာ

သည့်အလျောက် လူနာတော့ကလည်း ရောဂါမျိုးစုံဖြင့် တိုးတက်များပြားလာသည်၊ ထို့ကြောင့် လူနာနှင့် ဆရာဝန်အဆင်မပြေမှု လူနာနှင့်သူနာပြု အဆင်မပြေမှု စသည်တို့ကို သတင်းစာများတွင် မကြာခဏတွေ့မြင်ဖတ်ရှုနေရသည်ကို လူအများ သိပြီးပင် ဖြစ်ပေသည်၊ ဤသို့အဆင်မပြေသော ပြဿနာတွင်အချို့က ဆရာဝန်နှင့် သူနာပြုကိုချည်း အပြစ်ပြောသည်၊ အချို့ကမူ လူနာ ကိုချည်း အပြစ်ပြောသည်၊ အချို့ကမူ ဆရာဝန်ကောင်း သူနာပြုကောင်း ရှိသလို ဆရာဝန်ဆိုး သူနာပြုဆိုး များလည်း ရှိပေသည်ဟု တရားမျှတစွာ တွေးတော ယူဆကြ၏၊ ဤသို့တရားမျှတစွာ ယူဆခြင်းသည် မှန်ကန်ပေသည်။

ဆရာဝန်နှင့် သူနာပြု ကောင်းသော်လည်း ပြုစုခက်ခဲသော သူနာများရှိ၏၊ ထိုအခါ ဆိုနိုင်ခက်ခဲသော ဆိုးဝါးသော အကျင့် ရှိသည့်သူနာအား ပုထုဇဉ် လူသားများသာ ဖြစ်သော ဆရာဝန်နှင့် သူနာပြုများကစိတ်မရှည်နိုင်သည့် မခံနိုင်အောင်ဖြစ်လာ၍ ပြောမိ ဆိုမိလျစ်လျူ ရှုမိသောအခါ အသေးစိတ် အတွင်းကျကျ မသိသောသူများက ဆရာဝန်နှင့်သူနာပြုကို ရှုတ်ချ ပြစ်တင်ကြသည်၊ သက်ဆိုင်ရာကို တိုင်တန်းကြသည်၊ အရေးယူကြသည်၊ တဖန်တုံ သူနာသည် နှိမ့်ချကျိုးနွံ သူ ဖြစ်ပါလျက် ဆရာဝန်နှင့် သူနာပြုက တာဝန်မကျေအရေးယူဂရုစိုက် ကုသပြုစုမှုမရဘဲ လျစ်လျူရှုထားသောအခါ သူနာသည် မပျက်စီး မဆုံးရှုံးသင့်ဘဲ ပျက်စီးဆုံးရှုံးရတော့သည်၊ တာဝန်မကျေသော ဆေးဆရာနှင့်သူနာပြုတို့ကြောင့် သူ့ဘဝ သူ့အခြေအနေ အထိုက်အလျောက် တန်ဖိုးရှိသော လူသားတဦးသည် ဝမ်းနည်းဘွယ် အဖြစ်ဆိုးဖြင့် သူ့ဘဝကို စွန့်လွှတ် သေဆုံးရတော့သည်။

ဆေးဆရာသည်ရင်း၊ သူနာပြုသည်ရင်း၊ မိမိတို့ ဆောင်ရွက်နေရသောအလုပ်တာဝန်သည် မည်သည့်ဘက်က ကြည့်စေကာမူ စေတနာကောင်း ထားတတ်သရွေ့ မွန်မြတ်လှသော အသက်မွေးဝမ်းကျောင်းဖြစ်ရာ လောကရေသံသရာပေါ် သတ္တဝါများအလျောက် သောင်ရင်း၊ မိမိအတွက်သောင်ရင်း၊ အလွန်မှ အကျိုးကျေးဇူးကြီးမားလှ၍ ကောင်းကျိုး ချမ်းသာ ပေးနိုင်သော အလုပ်အကိုင်ဖြစ်ပေသည်၊ ကုသိုလ်လဲ ဝမ်းလဲဝဆိုသော အလုပ်ကား ဤဆေးဆရာအလုပ်နှင့် သူနာပြုအလုပ်ကိုပင်အများဆုံး ရည်ညွှန်းသည်ဟု စာရေးသူ ယူဆမိပါသည်၊ သမ္မာအာဇီဝ ဖြောင့်မှန် ကောင်းမွန်သော အသက်မွေး ဝမ်းကျောင်းများတွင် ကုန်သွယ်၊ လယ်လုပ်စသည်တို့မှာပင် အနည်းနှင့်အများ အကုသိုလ်ဘေးရောစွက်တတ်သော်လည်း ဆေးဆရာနှင့်သူနာပြုအလုပ်ကား စေတနာထားတတ်သမျှ အကုသိုလ်ကင်းကွာလေသည်၊ ပြုစုကုသမှုကို ခံယူရသူတို့၏ ကြည်ညိုချစ်ခင်ခြင်း၊ ရိုသေလေးစားခြင်း တည်းဟူသော နှစ်သိမ့်ဘွယ်ရာ စေတနာတုံ့ပြန်မှုကို အသက်ထက်ဆုံး ခံယူရရှိနိုင်ပေသည်။

သူနာများအနေဖြင့်လည်း အထူးဆင်ခြင်အပ်သော ဝတ္တရားများရှိပေသည်၊ အချို့ သူနာတို့သည် ငါတို့ ပိုက်ဆံပေးနိုင်လျှင် ဒင်းတို့ ဆရာဝန်တွေ သူနာပြုတွေကို စိတ်တိုင်းကျ ချယ်လှယ်နိုင်သည် ဟူသော မထားအပ်သည့် စိတ်ယုတ် စိတ်ညံ့ များကို ပယ်ဖျောက်ရာသည်၊ ဒင်းတို့တွေကို အစိုးရလခပေးပြီး ဒီလို ပြုစုခိုင်း ကုသ ခိုင်းထားတာဘဲ၊ ဆေးဆရာနှင့် သူနာပြုအား ငါတို့စိတ်တိုင်းကျ ပြောဆိုခိုင်းစေနိုင်သည်ဟူသော လွဲမှားသည့် တွေးခေါ်ချက်ရှိ၏၊ ဆရာဝန်နှင့်သူနာပြုအား မထေမဲ့မြင် စိတ်မျိုးထားကာ ပြောဆိုသည့်စကားကို နားမထောင်ခြင်း၊ ရောဂါအခြေအနေကို

အလှမ်း စိတ်သဘောထားရှိသော ပုဂ္ဂိုလ်မျိုးကို မဆိုထားဘိ ကြုံကြိုက်သည့်အခိုက် အမှတ်မထင် တွေ့မြင်ရသော သူများ၏ စိတ်မှာပင် သုသာန်မြေကို မြင်ရတွေ့ရခြင်းဖြင့် ကြောက်သလို လန့်သလို စက်ဆုပ်ရွံရှာသလို စိတ်မျိုး ပေါ်ပေါက်လာတတ် ပေသည်။ သုသာန်မြေကို မည်သူ စုံမက် မြတ်နိုးပါမည်နည်း၊ သုသာန်မြေမှာ မည်သူသည် အသက်ရှင်လျက်နှင့် မွေ့လျော် ပျော်ပါးစွာ သွားလာရောက်နေနိုင်ပါနည်း၊ သုသာန်မြေကား မှုန်သကောင်ပုပ် အညစ်အကြေးတို့ဖြင့် ပြည့်သည်ဖြစ်၍ ရောဂါ ဝေဒနာတို့ အချိန်မရွေး ကပ်ငြိနိုင်သော ဘေးရန်ရှိသည်။

ဤသို့ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော သုသာန်မြေ၌ ငါးမျိုးသော အပြစ်တို့ရှိသည်ဟု သိဝထိကသုတ် ဒေသနာတော်၌ မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့သည်။ အပြစ် ငါးပါးတို့ကား စင်ကြယ် သန့်ရှင်းမှု ကင်းသည်၊ မကောင်းသော အနံ့ဆိုးတို့ ရှိသည်။ ဘေးအန္တရာယ်ရှိသည်။ သရဲ သဘက်တို့နေရာ ဖြစ်သည်။ များစွာသော လူအပေါင်းတို့ ငိုကြွေးရာဖြစ်သည်။

ဤအပြစ်ငါးမျိုးကို ဖော်ပြ၍ ဟောကြားသော သိဝထိကသုတ် ဒေသနာတော်မှာပင် မြတ်စွာဘုရားသည် အကျင့်သီလ ကင်းမဲ့၍ ယုတ်မာသောပုဂ္ဂိုလ်တို့အား သုသာန်မြေဖြင့် နှိုင်းယှဉ် ဥပမာပြုကာ ဤသို့ ဟောကြားတော်မူသည်။

သုသာန်မြေသည် စင်ကြယ် သန့်ရှင်းမှု ကင်းမဲ့ သကဲ့သို့ ဤသောက၌ အချို့သောပုဂ္ဂိုလ်တို့သည် ကာယကံ ဝစီကံ-မနောကံတို့၌ စင်ကြယ်သန့်ရှင်းခြင်းမရှိ၊ ညစ်ညမ်း စက်ဆုပ်ဘွယ် ဖြစ်ပေသည်ဟူ၍ရင်း။

သုသာန်မြေသည် မကောင်းသော အနံ့မျိုးဖြင့် ပြန့်လှိုင် သကဲ့သို့ ကာယကံ-ဝစီကံ-မနောကံ တို့မသန့်ရှင်းမစင်ကြယ်သော

ကိုယ်ကျင့်တရား ယုတ်မာသော အချို့ပုဂ္ဂိုလ်တို့၏ မကောင်းသော သတင်းသည် ပြန့်နှံ့ကျော်စောခြင်း ဖြစ်ပေသည်ဟူ၍ရင်း။

သုသာန်မြေသည် သူကောင်ပုပ် အညစ်အကြေးတို့ ပြည့်သည် ဖြစ်၍ ရောဂါဝေဒနာဘေးများ အချိန်မရွေး ကပ်ငြိနိုင်သည့် နည်းတူ ကိုယ်ကျင့်တရား ဖေါက်ပြန် ယုတ်မာသော ပုဂ္ဂိုလ်အား ထိုသူ၏ အကျင့်ဆိုး ကူးစက်တွယ်ကပ်မည်ကို ကြောက်သော သူတော်ကောင်းများ ဝေးစွာက ရှောင်ကြဉ်သည်ဟူ၍ရင်း။

သုသာန်မြေသည် သရဲသဘက်တို့နေရာဖြစ်၍ မြင့်မြတ်သော ဘုံသားဖြစ်သည့် လူသားတို့ နေထိုင်ခြင်း မပြုသည့် နည်းတူ အကျင့်သီလ ပျက်စီး၍ ဖေါက်ပြန် ယုတ်မာသူ ပုဂ္ဂိုလ်သည် သူကဲ့သို့ပင် ယုတ်မာသူ အချင်းချင်းသာ နေနိုင်ပြီး သူတော်ကောင်း တရားရှိသူတို့ ရှောင်ကြဉ်သည်ဟူ၍ရင်း။

သုသာန်မြေသည် စိတ်ဝမ်း ဆင်းရဲ ပူပန်သော လူအပေါင်းတို့ ငိုကြွေးရာ ဌာန ဖြစ်သကဲ့သို့ အကျင့်သီလစိတ် သဘောထား ယုတ်မာသော ပုဂ္ဂိုလ်နှင့်အတူ နေရသော သူတော်ကောင်းသည် ဤမျှလောက် ယုတ်မာသော သူနှင့်ငါ အတူနေလေသည်၊ ငါ့အဘို့ စိတ်ဆင်းရဲလေစွဘကားဟု မသက်မသာ ဆင်ခြင်ရခြင်းသည် စိတ်မချမ်းမြေ့မှုကြောင့် ငိုကြွေးရခြင်းနှင့် အတူတူပင် ဖြစ်သည်ဟူ၍ရင်း။

အကျင့်သီလ စိတ်သဘောထား ယုတ်မာ ဖေါက်ပြန်သော ပုဂ္ဂိုလ်အား မြတ်စွာဘုရားသည် သင်းချိုင်းမြေနှင့် ဥပမာပြု၍ နှိုင်း ပြယှဉ်ကာ ဟောကြားတော်မူခဲ့လေသည်။

ယခုမျက်မှောက်ခေတ်တွင်ကား သင်းချိုင်းမြေကို အချို့ လူတို့သည် ရှောင်ကြဉ်ခြင်း မပြုတော့ဘဲ မြေပုံပေါ်တွင်ပင် ခွပြီး အိမ်ဆောက်နေကြသူများ၊ ရုပ်ကလာပ် သိုမှီးရာ အုတ်ဂူကို

လှေကား အတက်အဆင်းသဖွယ် အသုံးပြု နေထိုင်သူများကို စာရေးသူ တွေ့ဘူးခဲ့ရပါသည်။ တစ္ဆေသရဲဟူသည်ကို ယခုခေတ်မှာ အယုံအကြည် အစွဲအလမ်း မရှိတော့သော်လည်း လူတွေဆနေဖြင့် အကျင့်သီလ ပျက်စီးကြ၊ တရားမဲ့ကြသည်ကိုကား မည်သူမျှ မငြင်းနိုင်ကြပေ၊ လူဦးရေ တနေ့ဘခြား တိုးပွားလာခြင်း၊ နေရာထိုင်ခင်း မလုံလောက်ခြင်း တို့ကြောင့် ဖြစ်သလို နေထိုင်ကြသော်လည်း၊ မနေအပ် အရပ်လေးပါး၊ မစည်အပ် အရပ်လေးပါး ဟူ၍ ဆိုရိုးပြုခဲ့သော သုသာန်မြေကား အတည်တကျ ဝင်ရောက်နေထိုင်သူများ၊ ဈာပနကိစ္စဖြင့် ရောက်လာသူများဖြင့် နေ့စဉ်ပင် အုတ်အုတ်ကျက်ကျက် တခဲနက် စည်ကားနေချေတော့သည်။ မည်သို့ပင်ဖြစ်စေ သုသာန်မြေပေါ် ရောက်လာကြသည့် ပုဂ္ဂိုလ်တိုင်းသည် အတည်တကျ နေထိုင်သည်ဖြစ်စေ၊ ခေတ္တ ခဏ လာရောက်သည်ပင်ဖြစ်စေ၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သိဝထိကသုတ်ဒေသနာတော်ကို သတိရကြကာ မိမိတို့ မသေမီ အသက်ရှင်နေရသည့် အချိန်ကလေး အတွင်းဝယ် သုသာန်မြေနှင့် ဉပမာနှိုင်းရသည့် ပုဂ္ဂိုလ်အမျိုးအစားထဲ မပါဝင်စေရအောင် ကိုယ်ကျင့်တရားကို စင်ကြယ် ကောင်းမြတ်အောင် ထိန်းသိမ်းနိုင်ပါစေသတည်း။

× × ×

(၂၂-၁၂-၇၀)

## အားတော်ဆယ်တန်

ဗုဒ္ဓဘာသာ ဝင်တိုင်းသည် ဘုရားရှိခိုးသော အခါ၌ မြတ်စွာဘုရား၏ ဂုဏ်တော်-ကျေးဇူးတော် – တန်ခိုးတော်များကို လှစ်ရှုပေါ်ကျူး၍ ပီတိဂုဏ်ကို ဖြင့်စေလျက် ရှိခိုးတတ်ကြသည်။ ထိုသို့

စိတ်တော် တန်ခိုးတော် ကျေးဇူးတော်တို့ကို လှစ်ဖေါ်ရွတ်ဆိုရာ၌ အားတော် ဆယ်တန်၊ ဉာဏ်တော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု ရွတ်ဆိုရိုးကြ၏၊ ဤတွင် အားတော် ဆယ်တန်ဆိုသော ဝုဏ်ပုဒ်၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ သိထိုက်ပေသည်ဟု စာရေးသူ ယူဆမိပါ၏၊ အဘယ်ကြောင့် ဆိုသော် မြတ်စွာဘုရား၏ အားတော် ဆယ်တန် ဆိုသည်ကို အချို့သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များက ယောကျ်ား ဗိုလ်ခြေ ကုဋေတသောင်း၊ ဆင်ပေါင်းကုဋေထောင် တည်းဟူသော အားတော်ကို ဆောင်နိုင်ခြင်းဟု အဓိပ္ပါယ်ကောက်ယူ ပြောဆိုနေကြသောကြောင့်ဖြစ်၏။ ဤကား လွဲမှားသော ယူဆချက် ဖြစ်၏၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့ ကြည်ညို မြတ်နိုး ကိုးကွယ်ရာ မြတ်စွာဘုရားနှင့် ပတ်သက်၍ အမှန်အတိုင်း တိကျစွာ သိရန်လိုအပ်ပေသည်၊ ထို့ကြောင့် သီဟနာဒသုတ် ဒေသနာတော်ပါ မြတ်စွာဘုရား၏ အားတော်ဆယ်ပါးကို ရေးသား ဖေါ်ပြလိုက်ပါသည်။

၁။ မြတ်စွာဘုရားသည် ဟုတ်မှန်ရာကို ဟုတ်မှန်သည့်အတိုင်း သိသည်၊ မဟုတ် မမှန်ရာကို မဟုတ်မမှန်သည့်အတိုင်း သိသည်၊ ဤသို့ခွဲခြားသိခြင်းဖြင့် ဘုရားအဖြစ်ကို ဝန်ခံတော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သော အသံတော်ကို မြွက်ဆိုတော်မူသည်၊ မြတ်သော တရားစကြာကို လည်စေသည်။

၂။ မြတ်စွာဘုရားသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံ၏အကျိုး အထောက်အပံ့ ဖြစ်စေသည့် အကြောင်းတို့ကို ဟုတ်တိုင်းမှန်ရာ ခွဲခြားသိ၍ ပရိသတ်အလယ်၌ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံ၍ မြတ်သော တရားစကြာကို လည်စေသည်။

၃။ မြတ်စွာဘုရားသည် အလုံးစုံသော ဂတိငါးတန် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်ရာ ခွဲခြား သိမြင်တော်မူ၍ပရိသတ်အလယ်၌ ရဲရင့်သော အသံဘော်ဖြင့် ဘုရားအဖြစ်ကို ဝန်ခံကာ မြတ်သောတရားစကြာကို လည်စေသည်။

၄။ မြတ်စွာဘုရားသည်အလုံးစုံသောလောကဓါတ်အားလုံးကို ဟုတ်တိုင်းမှန်ရာ ခွဲခြား သိမြင်တော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကိုဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

၅။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ နှလုံးသွင်း စိတ်သဘောသား အမျိုးမျိုးကို ဟုတ်တိုင်းမှန်ရာ ခွဲခြား သိမြင်တော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံယူတော်မူကာမြတ်သောတရားစကြာကို လည်စေသည်။

၆။ မြတ်စွာဘုရားသည် အယုတ် အမြတ်ဖြစ်သော သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်ရာ ခွဲခြားသိမြင်တော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

၇။ မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်း ထမြောက်အောင်မြင်ကြောင်းတို့ကို ဟုတ်တိုင်းမှန်ရာ ခွဲခြားသိမြင်တော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

၈။ မြတ်စွာ ဘုရားသည် ရှေး၌ ဖြစ်ခဲ့ဘူးသော မိမိ၏ ဘဝခန္ဓာအစဉ်ကို အလွန်များပြားလှစွာလျက် အရောင် အဆင်း အမျိုးအနွယ် မြေည့နာမ အသက် အပိုင်းအခြား စသည်တို့ကို

မမှားမယွင်း ကောင်းစွာ အောင့်မေ့ ဆင်ခြင် သိမြင်တော်မူ၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

၉။ မြတ်စွာဘုရားသည် အထူးသဖြင့်စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုမျက်စိဖြင့် ဒုစရိုက် သုစရိုက် ကံအလျောက် ဖြစ်သော သတ္တဝါတို့၏ ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်ရာ ခွဲခြားသိမြင်၍ ပရိသတ် အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကို ဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

၁၀။ မြတ်စွာဘုရားသည် အာသဝေါ တရား မှ ကင်း ကွာ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက် သော အရဟတ္တဖိုလ်ပညာကိုယခုဘဝ၌ပင်လျှင်ထူးသောဉာဏ်ဖြင့် ကိုယ်တော်တိုင် မျက်မှောက်ပြုနိုင် ရောက်နေတော်မူနိုင်၍ ပရိသတ်အလယ်၌ ရဲရင့်သောအသံဖြင့် ဘုရားအဖြစ်ကိုဝန်ခံကာ မြတ်သော တရားစကြာကို လည်စေသည်။

ဤဖော်ပြခဲ့သည့် ဆယ်ပါးသောအရေအတွက်ကား မြတ်စွာ ဘုရား၏ အားတော် ဆယ်ဘန်ပင် ဖြစ်သည်၊ ဤဆယ်ပါးသော အားတော်ဖြင့် မြတ်စွာဘုရားသည် ကိလေသာ ရန် ဟူသမျှကို တွန်းလှန်ကာ များပြားလှစွာသော ဝေနေယျ သတ္တဝါအပေါင်း တို့အား မီးဘဆယ်ဘပါးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင် တော်မူခဲ့လေသည်၊

မြတ်စွာဘုရား၏ အားတော် ဆယ်ပါးကို အမှန်အတိုင်း သိမြင်သောအခါ ဘုရားရှိခိုးရာ၌ အားတော်ဆယ်တန် ဟူသော အပိုဒ်ကိုရွတ်ဆိုတိုင်း အားတော်ဆယ်ပါး၏ အဓိပ္ပါယ်ကို အာရုံ

ရှုးစိုက်သိမြင်၍ ကြည်လင်သော သဒ္ဓါတရား ပွားများနိုင်ပါစေ သတည်း။

× × ×

( ၅-၁-၇၁ )

## ဆည်းကပ်ထိုက်သူ

ပုထုဇဉ် လူသားဟူသည် ဒိဗ္ဗစက္ခု တည်းဟူသော အကွယ် အကာကို ထွင်းဖောက် မြင်နိုင်စွမ်းသော နတ်မျက်စိကို မရနိုင်၊ မံသ စက္ခု တည်းဟူသော သာမန် အသွေးအသားဖြင့် ဖွဲ့စည်း အပ်သော မျက်စိရိုးရိုးသာ ရယူပိုင်ဆိုင်ကြသည်၊ ထိုကြောင့် သာလျှင် မိမိ၏ကိုယ် မိမိ၏ စိတ်မှတပါး အခြားသော ပုဂ္ဂိုလ် အခြားသော သတ္တဝါတို့၏ အတွင်းစိတ် စေတနာ သဘောထား ကို သိနိုင်စွမ်း မြင်နိုင်စွမ်း မရှိကြချေ။ ထိုသို့ မြင်စွမ်းရန် မဖြစ် နိုင်သောအခါ မိမိပေါင်းသင်း ဆက်ဆံ ပြောဆို ရမည့်လူ၊ မိမိ စီးပွားရေးအတွက် အတူတကွ ပြောဆိုတိုင်ပင် လုပ်ကိုင်ရမည့် လူ၊ မိမိတို့၏ လူမျိုးရေး ဘာသာရေး တိုင်းပြည်ရေး စသည်တို့၌ မတိမ်းမစောင်း မမှားမယွင်း ရလေအောင် ဆောင်ရွက်ရန် ကိစ္စ၌ အသိပေး တိုင်ပင်ကာ အတူတကွ လုပ်ကိုင် ဆောင်ရွက်ရမည့်လူ စသည်တို့၏ အတွင်းသဘောကို သာမန် မျက်စိဖြင့် အမှန်အတိုင်း မသိနိုင်ကြသည်ဖြစ်သောကြောင့် ပညာမျက်စိဖြင့် အထူး သတိ ထားကာ ရွေးချယ်ဆည်းကပ် ပေါင်းသင်းအပ်ပေသည်။

ထိုသို့ရွေးချယ် ဆည်းကပ် ပေါင်းသင်းရာ၌ လူတဦးတ ယောက်၏ အတွင်းသဘောကို သိရန် အကဲခတ်နိုင်ရန်မှာ အလွန် ခက်ခဲသော ကိစ္စဖြစ်သည်။

အချို့ သူတို့မှာ အတွင်းသဘော ကောက်ကျစ် ဆိုးယုတ် သော်ငြားလည်း အပြင်မှ မျက်မြင်တွင်တား ထိုသူ၏ အပြုအမူ

အနေအထိုင် အပြောအဆိုတို့သည် အလွန်ပင် လေးစားဘွယ် အထင်ကြီးဘွယ်ဖြစ်၏။ ထိုကဲ့သို့သော သူမျိုးကို စိတ်ချယုံကြည်ခြင်း၊ လေးစား ခင့်မင်ခြင်းဖြင့် ကိုယ်ရော စိတ်ပါ ပူးကပ်ကာ လိုက်လဲ့ရင်းနှီးစွာ ဆက်ဆံ၍ မိမိကိုယ်ရေး ကိုယ်တာ ကိစ္စများ၊ အလုပ်တာဝန် စီးပွားရေး ကိစ္စများ လူမျိုးရေး၊ ဘာသာရေး၊ တိုင်းပြည်ရေး ကိစ္စများကို ဖွင့်ဟ အသိပေးတိုင်ပင် ဆောင်ရွက်ခဲ့ပါမူ ထိုသူအဘို့ လွန်စွာသော အမှားကြီးတရပ်ကို ပြုလုပ်ခြင်းပင် ဖြစ်ပေလိမ့်မည်၊ အဘယ်ကြောင့် ဆိုသော် ဤကဲ့သို့ အပြင်အပမှာ ဟန်ဆောင်ကောင်းသည်နှင့်အမျှ အသွင်းသဘောမှာ သူတော်ကောင်းစိတ်မရှိဘဲ အကျင့်သီလ ချို့ယွင်းသူ သစ္စာမဲ့သူများသည် မည်သူ့ တို့မဆို နိုင်ချက်ပွဲလျှင် ဒုက္ခပေးဘတ်ညှဉ်းဆဲတတ်သူများသာ ဖြစ်သည်၊ ထိုကဲ့သို့သော သူယုတ်မာများသည် မိမိအား ဆည်းကပ်ပေါင်းသင်းသူကို စီးပွားပျက်အောင် အကျင့်ပျက်အောင် လောက အကြောင်းမှာလည်း ရာဇဝတ်မှု ကျူးလွန်မိအောင် လောကုတ္တရာကြောင်းမှာလည်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလမ်းကြောင်းကို ပိတ်လေအောင်သာလျှင် အကြံဉာဏ်ပေးတတ်သည်။ သေဆောင်ဖျက်ဆီးတတ်သည်သာ ဖြစ်၏။ ထိုအခါ အပြင်ပ အပြင်ရှာ အထင်ကြီး၍ ဆည်းကပ် ပေါင်းသင်းမိသူအဘို့ အဘက်ဘက်မှ အကျိုးဆုတ်ယုတ်ရလေဘောသည်။

အချို့သော ပုဂ္ဂိုလ်တို့ကား သူတော်ကောင်းစိတ် ရှိသည်၊ အကျင့်သီလကောင်း၍သစ္စာစောင့်သိသူများ ဖြစ်သည်။ သို့သော် မိမိအား ဆည်းကပ် ပေါင်းသင်း တိုင်ပင်သူများကို စိတ်ချမ်းသာစေသော စကားမျှလောက်ကိုသာ ပြောဆိုတတ်သည်၊ တိုးတက်စေရန် ထူးချွန်စေရန် နည်းကောင်းလမ်းကောင်းများကို ပြောဆို

ညွှန်ပြ ဆောင်ရွက် ပေးနိုင်စွမ်း မရှိချေ။ ဆည်းကပ် ပေါင်းသင်း တိုင်ပင်လာသူအား ဆုတ်ယုတ်မှုကို မဖြစ်စေနိုင်ရုံမျှသာ အံရည် အချင်း တူညီသူများဖြစ်၏။

အချို့သော ပုဂ္ဂိုလ်တို့ကား သူတော်ကောင်းတရားနှင့်ပြည့်စုံသည်၊ အကျင့်သီလ စင်ကြယ်သည်၊ သစ္စာသမာဓိ ရှိသည်၊ မြော်မြင်သောဉာဏ်၊ ထိုးထွင်းသောဉာဏ်နှင့် ပြည့်စုံသည်၊ မိမိအား ဆည်းကပ် ပေါင်းသင်း တိုင်ပင် လာသူအား လောကီကြောင်းမှာလည်း အပြစ်ကင်း၍ စင်ကြယ်စေတတ်သည်၊ လောကုတ္တရာကြောင်းမှာလည်း သံသရာဝဋ်ဆင်းရဲကို ပိတ်ပင်တားဆီး ရှောင်ကြဉ်စေတတ်သည်၊ ထို့ပြင် တဖန် မိမိအား ဆည်းကပ်ပေါင်းသင်း တိုင်ပင်လာသူအား ကောင်းမွန်သော နည်းကောင်း လမ်းကောင်းကို ညွှန်ပြပြောဆို အကြံဉာဏ်ပေးတတ်ပြီး ထိုဆည်းကပ်လာသူအား ဘို့ အပြစ်ကင်းစင်သော တိုးတက်ရာ တိုးတက်ကြောင်းကို ထက်မြက်ပြတ်သားစွာ ဆောင်ရွက် ပေးနိုင်စွမ်း ရှိလေသည်။

ဤဖော်ပြခဲ့သော ပုဂ္ဂိုလ် အမျိုးအစားသုံးပါးကား ဤမျက်မှောက် လောကတွင် အထင်အရှား ရှိနေချေသည်။ ဤသုံးပါးကို အလုပ်အားဖြင့် မိမိအောက် ယုတ်ညံ့သူ၊ မိမိနှင့် အရည်အသွေး တူညီသူ၊ မိမိထက် မြင့်မြတ်သာလွန်သူဟူ၍ မှတ်သားအပ်ပေသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ယခုခေတ်မှသာ ပေါ်ပေါက်သည်မဟုတ် လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင့် ငါးရာကျော်ကလည်း ပေါ်ပေါက်ခဲ့ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ သေဝိတဗ္ဗသုတ် ဒေသနာတော်အားဖြင့် သိအပ်၏။ ထိုဒေသနာတော်တွင် မိမိအောက် အကျင့်သီလ ယုတ်ညံ့သူကို ပေါင်းဘော်ဆည်းကပ်လျှင် အကျိုး

ဆုတ်ယုတ်သည်၊ မိမိနှင့် အကျင့်သီလ ရည်တူသူကို ပေါင်းဘော် ဆည်းကပ်လျှင် အကျိုးမဆုတ်ယုတ်၊ မိမိထက် အကျင့်သီလ အရည်အချင်း သာလွန်သူကို ပေါင်းဘော်ဆည်းကပ်လျှင် လျင်မြန်စွာ တိုးတက်၏၊ ထို့ကြောင့် မိမိထက် အကျင့်သီလ မြင့်မြတ်သူကို ဆည်းကပ်ရာ၏။

လောကီရေး,လောကုတ္တရာပါ၊ အကျိုး စီးပွားများလိုသောသူတို့သည် ယခုမျက်မှောက်ခေတ်မှာ တွေ့ကြုံနေရသော ပုဂ္ဂိုလ်များအား ပြင်ပအမြင်အားဖြင့် ပေါ့ဘန်စွာ အထင်ကြီး ဆည်းကပ် ပေါင်းဘော်ခြင်း မပြုဘဲ ထိုသူ၏ အတွင်းသဘောကို သေချာစွာ လေ့လာပြီးမှ မိမိအဖို့ လောကရေး သံသရာပါ အပြစ်ကင်းစင်စေမည့် အကျိုး ကျေးဇူးပြုနိုင်သူကိုသာလျှင် ရွေးချယ်ပေါင်းသင်းရာသည်။

× × ×

(၁၂-၁-၇၁)

## ပြည့်စုံခြင်း

လူဟူ၍ ဖြစ်ပေါ်လာရသော သတ္တဝါတိုင်း သည် မိမိ ၏ ခြေလက်ကို မိမိကိုယ်တိုင် ထူထောင်နိုင်၍ မိမိဝမ်းစာကို မိမိ ရှာဖွေစားသောက်နိုင်သော အချိန်အရွယ်မှစပြီး သေဆုံးသည့် အရွယ်တိုင်အောင် ကာလ အပိုင်း အခြား အတွင်း၌ မိမိတို့၏ ဘာရပ်ဘည်မှုကို နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းကြရလေသည်။ အချို့သောသူတို့ကား ကုသိုလ်ကံ အလျောက် ပညာအင်အား မိဘဆွေမျိုး၊ လင်ယောကျ်ား၊ ဇနီးမယား၊ သားသမီး၊ အဆွေခင်ပွန်း စသည့် ပုဂ္ဂိုလ်တို့ကြောင့် ပင်ပန်းကြီးစွာ အဖြစ်မျိုးကို မကြုံရဘဲ ဘဝဘလျောက်လုံး သက်တောင့် သက်သာနေသွား

ကြရသူများရှိသကဲ့သို့ပင် အဘက်ဘက်က ချို့ယွင်းမှု၊ ဆင်းရဲနွမ်းပါးမှုတို့ကြောင့် ဘဝတလျှောက်လုံး ပင်ပန်းကြီးစွာအဖြစ်ချိုးဖြင့် နေသွားကြရသူများရှိကြလေသည်။

မည်သို့ပင်ဆိုစေ ချမ်းသာသူများကို ကြည့်ရမြင်ရသည်မှာ အားကျစရာ ဖြစ်ကြောင်းကို ဝန်ခံရမည်ဖြစ်၏။

ပညာပြည့်စုံသူများကလည်း ပွဲလယ်တင့် နေသည်၊ ပစ္စည်းပြည့်စုံသူများကလည်း မကြောင့်ကြ၊ မခဘာင့်တ သဲ လို လျှင် ရနိုင်သော အခြေအနေမှာ စိန်ရွှေရတနာ၊ နေရာထိုင်ခင်း၊ယာဉ်ရထား၊ ငွေရိသင်းပင်း၊ စား ကောင်း သောက် ဖွယ်၊ အဝတ်အထည်တို့က အသင့်ဖြစ်၏၊ စိတ် ချမ်း သာ ဘွယ် သော ဇနီး၊ သားသမီးဖြင့်ပြည့်စုံ သူတို့ကား အိမ်ထောင်ရေးမှာ ပျော်စရာပင်ဖြစ်သည်၊ သို့သော် ထိုသူတို့၏ အတွင်းစိတ်သည် ရောင့်ရဲမှုရှိပါမည်လောဟု စဉ်းစားရပေလိမ့်မည်၊ အကယ်စင်စစ်ကား ထိုသူတို့တွင် အချို့ကသာမိမိတို့ဘဝကို ကျေနပ်ရောင့်ရဲ၍ အချို့ကမူ မိမိတို့ဘဝကို ကျေနပ်ရောင့်ရဲခြင်း မဖြစ်ကြပေ။

ပညာအရာမှာရင်း၊ စည်းစိမ်ချမ်းသာမှာရင်း၊ ရာထူးအဆင့်မှာရင်း တန်ခိုးအာဏာမှာရင်း၊သားသမီးအရေးမှာရင်း၊ ရုပ်ရည်၊ အဝတ်အစား ဆင်ခြင်မှာရင်း၊ တဦးနှင့်တဦး အတွင်းစိတ်ကမူ ဂုဏ်မည်ပြိုင်နေကြသူ အများအပြားရှိကြပေသည်၊ မိမိအောက်အဆင့်နိမ့်သူက မိမိကိုမှီပြီး တန်းတူဖြစ်လာလျှင်သော်ရင်း၊မိမိနှင့် တန်းတူက မိမိထက်သာလွန်သွားလျှင်သော်ရင်း၊သူများသားသမီးက မိမိသားသမီးထက် တင့်တယ်သွားလျှင်သော်ရင်း၊ စိတ်ထဲမှာမခိုတင်ကဲ ဖြစ်သူတွေ မနာလို ဝန်တိုသော အဘိဇ္ဈာစိတ်ဖြင့် ပျက်စီးအောင် ကြံလိုသူတွေ ထိုသို့ မကြံ သော် လည်း သူဖြစ်သကဲ့သို့ ငါမဖြစ်ရလေခြင်းဟူသော စိတ်ဖြင့် မအိပ်နိုင် မစား

နိုင်အောင် စိတ်ဆင်းရဲမှုဖြစ်သူတွေ၊ဘာပါးသူကင့်တယ် ကောင်း စားအောင် ကြံဆောင်ပေးသူအား အငြိုးမျက်မာန် သိုနေသူ တွေရှိနေကြပေသည်။

ဤကဲ့သို့သော သူမျိုးကို အပြင်ပ မျက်မြင်တွင် သူတို့၏ နာထူးဂုဏ်ရှိန်၊ စည်းစိမ်ပညာ၊ ကြွင်ယာဇာနီ၊ သားသမီးတို့ဖြင့် ပြည့်စုံပါပေသည်၊ ချမ်းသာသုခရှိကြပါသည်ဟု မည်သူမဆို ယူဆကြမည်ဖြစ်၏။

တဖန်တုံ အဘက်ဘက်မှ ချို့ငဲ့၍ ဆင်းရဲသိုးယော် နေသူ များကိုမြင်တွေ့ပါလျှင် အပေါ်ယံအမြင်ဖြင့် ပြည့်စုံမှု ကင်းမဲ့ နေသူများဟု ယူဆကြမည်သာဖြစ်၏။

ဤတွင် ပြည့်စုံခြင်းရှိသည်၊ ပြည့်စုံခြင်းမရှိဟူသောစကားကို အလေးအနက် သုံးသပ်အပ်သည်ဟု စာရေးသူ ယူဆမိပါသည်။

ချမ်းသာ သုခဖြင့် ပြည့်စုံသည်ဟူသော စကားသည် ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း၊ နှစ်ပါးလုံးနှင့် ပြည့်စုံမှု၊ အတိုင်းထက် အလွန် ကောင်းလှပေသည်။ နှစ်ပါးလုံး မပြည့်စုံ သည်ရှိသော် ကိုယ်၏ မပြည့်စုံခြင်း ဆင်းရဲသက်၊ စိတ်၏ မပြည့်စုံ ခြင်း ဆင်းရဲမှုက ပိုမိုလွန်ကဲဆင်းရဲခြင်းဖြစ်ရသည်၊ မိမိဖြစ်ရာဘဝ အခြေအနေကို အပြစ်ကင်းစင်သည်၊ အပြစ်မကင်း မစင်မကြယ် ဖြစ်သည် စသည်ကို သုံးသပ်ဆင်ချင်ကာ အပြစ်ကင်းအောင် သာ ကြိုးစားရသည်၊ စင်ကြယ်သောနည်းဖြင့် ရှာဖွေရရှိသော ဥစ္စာအခြေအနေမှာ ရောင့်ရဲနိုင်ရမည်၊ တိုးတက် ပွားများအောင် ရှာဖွေလိုလျှင် သမ္မာအာဇီဝစင်ကြယ်သောနည်းဖြင့်သာ တိုးတက် အောင် ကြံဆောင်ရသည်၊ မစင်ကြယ်သောနည်း၊ သူတပါး ပျက်စီးဆင်းရဲသောနည်းကို သုံးလျှင် ထိုသူ၏ စိတ်သည် သူတော် ကောင်းတို့၏ အကျင့်သီလဖြင့် ပြည့်စုံသူမဟုတ်တော့ချေ။

သူ့ဘာသာ်ပါးကို မနာလိုဝန်တိုခြင်း၊ သူ့ဘာပါးကို ပျက်စီးဆင်းရဲစေလိုခြင်း၊ မိမိနှင့်မထိုက်တန်သော မိမိလက်ဝယ် မပိုင်ဆိုင်သော ရာထူး စည်းစိမ် တန်ခိုးအာဏာကို အာသာ ငမ်းငမ်း တမ်းတမက်မောခြင်းစသော အလို ဆန္ဒများ ရှိနေ သူ သည် မည်သည့် အခါမှ စိတ်၏ အေးငြိမ်း ချမ်းသာခြင်း မဖြစ်စေနိုင်တော့ပေ။ အစဥ်အမြဲ လိုချင်မက်မောခြင်း၊ မကောင်းကြံစည်ခြင်းဖြင့်သာ သူ့စိတ်ကို အသုံးပြု နေ ရ သည် ဖြစ်၍ ပြည့်စုံ အေးငြိမ်ခြင်းဖြင့် အနားယူရန် မဖြစ်နိုင်တော့ချေ။ ပြင်ပစည်းစိမ်ချမ်းသာပြည့်စုံခြင်းထက် စိတ်၏ ချမ်းသာပြည့်စုံမှုက အရေးကြီးလှသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် အပဏ္ဏကသုတ် ဒေသနာတော်၌—

"ဤလောက၌ အချို့သောသူသည်မက်မောခြင်းအဘိဇ္ဈာမများ၊ ပျက်စီးစေလိုသော စိတ်ယုတ်မရှိ၊ဤကဲ့သို့သော သူတို့သည် စိတ်၏ပြည့်စုံခြင်းမည်၏၊ ထိုသူတို့သည် လောကသံသရာ နှစ်ဖြာသောကောင်းကျိုးပြည့်စုံ၍ သေသည်၏နောက်၌ ကောင်းသောလားရာ ဖြစ်သောနတ်ပြည်၌ဖြစ်ရကုန်၏" ဟု ဟောတော်မူ၏။

× × ×

(၁၉-၁-၇၁)

## နှစ်ဘက်မြင်

မြန်မာလူမျိုးများအနေဖြင့် လူတိုင်းလိုပင် သုံးစွဲပြောဆိုသော့ရိုးသည့် စကားပုံဘခုရှိသည်။ ယင်းစကားပုံကား 'ကျွန်ကိုယုံရင်ဘက်ကမ်းသည်၊ သားသမီးယုံမှ စုံလုံးကန်းသည်' ဟူသော စကားပုံပင်ဖြစ်၏။ ၎င်းအပြင် ကိုယ် အင်္ဂါ အစိတ်အပိုင်းတွင် မျက်လုံးသည် အသိမ်မွေ့ဆုံး အဘိုးအတန်ဆုံး ဖြစ်၍ 'မျက်လုံးတန်းလျှင် လူ့ဘဝဆုံးရှုံးသည်' ဟူသောစကားကိုလည်းပြောလေ့ရှိကြသည်။ ဤစကားနှစ်ခုစလုံးပင် မှန်ပါသည်။ ဤတွင် ပထမ

စကားပုံကား မိမိ၏ ကိုယ်ရေးကိုယ်တာ သားသမီးရေး၊ စီးပွားရေးဖြစ်နှင့်ပတ်သက်၍ ပြောဆိုသော စကားပုံဖြစ်ပြီး ဒုတိယစကားမှာ အသွေးအသားဖြင့် ဖွဲ့စည်းထားအပ်သော မံသစက္ခုကို ပြောဆိုထားခြင်းဖြစ်သည်။

လူသားတို့အနေဖြင့် မျက်လုံးသည် မည်သည့်အခါမှ မှုန်ဘဲ၊ မှိုင်းဝဘဲ၊ မကွယ်ပျောက်ဘဲ အစဉ်အမြဲ ကြည်လင်ပြတ်သားနေခြင်း အလွန်အရေးကြီးလှပေသည်။ သို့မှသာလျှင် အကောင်း အဆိုး၊ အလင်းအမှောင်ကို ခွဲခြားသိမြင်နိုင်ပေမည်။ သို့သော် အမြင်အစ မံသစက္ခုဖြင့်သာ မြင်ခြင်း သိခြင်းသည် အပေါ်ယံ အပေါ်ကာမျှသာဖြစ်၏။ လောကီအရေးမှာသာလျှင် ပေါ့ပေါ့ဆန်ဆန် မြင်နေခြင်းဖြစ်သည်၊ မျက်စိပညာအနေဖြင့် လောကီရော လောကုတ္တရာပါ မြင်နိုင်စွမ်းမှသာ အဘိုးတန်ပေမည်။ ပညာမျက်စိကန်းပါက သားသမီးယုံ၍ စုံလုံးကန်းသည့် အဖြစ်ထက်ရင်း၊ လူ့ဘဝ ဆုံးရှုံးအောင် မျက်လုံးကန်းသည့်အဖြစ်ထက်ရင်း၊ ပိုမိုကြောက်မက်ဘွယ်ဖြစ်ပေသည်။ မံသစက္ခုကန်းခြင်းဖြင့် သံသရာမှာမနစ်မွန်းနိုင်ပေ။ ပညာမျက်စိကန်းမှသာ သံသရာမှာ နစ်မွန်းနိုင်ပေမည်။

ဤကို ရည်ရွယ်၍ မြတ်စွာဘုရားသည် မျက်စိတဘက်ကန်းသူ၊ စုံလုံးကန်းသူ၊ နှစ်ဘက်လုံးမြင်သူ ဟူ၍ အန္ဓသုတ် ဒေသနာတော်တွင် ဤသို့ ဟောကြားတော်မူခဲ့လေသည်။

“ဤလောက ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ ၎င်းတို့ကား....

၁။ စုံလုံးကန်းသူ— ဤသို့ မျက်စိစုံလုံးကန်းသူ ဟူသည်ကား အကြင်သူသည် စီးပွားဥစ္စာကို ရှာဖွေအားထုတ်ရန် နည်းလမ်းကို မသိမမြင်၊ လက်ဝယ်ရရှိပြီးသော ဥစ္စာကို တိုးပွားလာအောင် ပြုလုပ်ရန် နည်းလမ်းကိုလည်းမသိ၊ ကုသိုလ်၊ အကုသိုလ်၊ အပြစ်၊ အမြတ်၊ အမှားအမှန် စသည်တို့ကို ခွဲခြားသိမြင်နိုင်စွမ်းလည်း မရှိ

ချေ၊ တရားကိုလည်း မသိမမြင်နိုင်အောင် ပညာမျက်စိ ကန်းနေရ ရှာ၊ ထိုသူအဘို့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရန် လမ်းကို ရှာမတွေ့နိုင်၍ လောကရေး သံသရာပါ ဆုံးရှုံးရသေးသည်ဖြစ်၍ စုံလုံးကန်းသူမည်၏။

၂။ တဘက်သာမြင်၍ တဘက်ကမ်းသူ– အကြင်သူသည် ကုသိုလ် အကုသိုလ်ကို ခွဲခြားသိသည်။ အမှားအမှန်ကို ဝေဘန်ပိုင်း ခြားနိုင်သည်။ သံသရာမှလွတ်မြောက်ရန် လမ်းကိုလည်း သိသည်။ သို့သော် ထိုပုဂ္ဂိုလ်သည် မရသေးသော စည်းစိမ် ဥစ္စာ ရှာဖွေ အားထုတ်ရာမှာရင်း၊ လက်ဝယ်ရရှိသော စည်းစိမ်ဥစ္စာကို ပွား အောင် အားထုတ်ဆောင်ရွက်ရာမှာရင်း၊ တရားမျှတ စင်ကြယ် သောနည်းဖြင့်လည်း ပြုလုပ်သည်။ မတရားသောနည်းဖြင့်လည်း ပြုလုပ်သည်။ ဤသို့ ဓမ္မနည်းရော– အဓမ္မနည်းပါ ပြုလုပ်ကျင့်ကြံ သူကို သဘက်သာမြင်၍ တဘက်ကန်းနေသူမည်၏။

၃။ အကြင်သူသည် စည်းစိမ်ဥစ္စာကို တရားသဖြင့် စင်ကြယ် သောနည်းလမ်းကို အသုံးပြုရှာဖွေသည်။ ရအပ်သည့်ဥစ္စာကို အလှူ ဒါနပြုသည်။ သံသရာမှ ထွက်ရပ်လမ်းကို သိသည့် အလျောက် သူတော်ကောင်းတရားကို အားထုတ်၏၊ ဤပုဂ္ဂိုလ်မျိုးကား နှစ်ဘက်မြင်သောသူမည်၏။

စုံလုံးကန်းသူနှင့်တဘက်မြင်သူတို့ကား သေလွန်သည်၏နောက် ၌ ကောင်းရာသုဂတိသို့ရောက်ရန်ခဲဲသည်။ နှစ်ဘက်မြင် ပုဂ္ဂိုလ် မျိုးကား သေလွန်သည်၏နောက်၌ ကောင်းရာသုဂတိသို့ ရောက် နိုင်သည်။

မြတ်စွာဘုရားဟောတော်မူခဲ့သော ဤမျက်စိများကား ပညာ မျက်စိများဖြစ်ကြသည်။ ဤမျက်စိ ရှိပြီးသူသည် ကျွန်ကိုလည်း ယုံရန်မလိုအပ်တော့ချေ။ သားသမီးကိုလည်းယုံရန် မလိုအပ်တော့

ချေ။ မိမိတို့ ကိုယ်ခန္ဓာမှာ ရှိနေသည့် မ သိစက္ခု၊ မိမိတို့စိတ်မှာ ရှိနေသည့် ပညာစက္ခုဖြင့် ပိုင်းခြားဝေဘန် စီမံ ခန့်ခွဲနိုင်သည် ဖြစ်ရာ မိမိတို့ ကိုယ်ကိုသာ မိမိတို့ ယုံကြည်ရာသည်။ ကျွန်ကို ယုံနေခြင်း၊သားမီးကိုယုံနေခြင်းသည် ပညာမျက်စိကို အသုံးမချဘဲ ထား၍သော်၎င်း၊ ပညာပျက်စိ ကင်းမဲ့၍သော်၎င်း၊ ဖြစ်ရသဖြင့် ဤဘဝမှာ စိတ်ဆင်းရဲရာ တွေ့ရသည့်ထက် သံသရာမှာ နှစ်မွန်း ရမည့် အရေးက ဝန်လေးဘွယ် ဖြစ်ပေသည်။

တဖန်တုံ မိမိတို့ ရ,ထားသည့် ပညာမျက်စိကို နှစ်ဘက်လုံး မြင်အောင် အသုံးချတတ်မှသာလျှင် လောကနှော သံသရာပါ ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းနိုင်ပေသည်။ မိမိတို့ ပညာမျက်စိ ကင်းမဲ့သည်ဟု ထင်ပါလျှင်လည်း ကျွန်ကိုနှော သားသမီးကိုပါ ယုံစား ပုံအပ်ခြင်းမပြုဘဲ ပညာမျက်စိ နှစ်ဘက်လုံး မြင်သော သူတော်ကောင်းပုဂ္ဂိုလ်တို့ထံ ဆည်းကပ် နည်းနာခံကာ လောက သံသရာ နှစ်ဖြာသော ဝဋ်ဆင်းရဲ လွတ်မြောက်အောင် ကြိုးစား အားထုတ်ကြရန် သင့်လှပေသည်။

× × ×

(၂၆-၁-၇၁)

## စိတ် နှင့် ကံ

'စိတ်'ဟူသည် မြင်နိုင်စွမ်းသောအရာမဟုတ်ချေ။ စိတ်သည် အကောင်အထည်ဟူ၍ မရှိ၊ ဖမ်းယူဆုပ်ကိုင်၍ ရကောင်းသော အရာမဟုတ်ကြောင်းကို လူတိုင်းပင် သိကြ ည်။ သို့ပါလျက် ထိုစိတ် ဆိုသောအရာသည် အသေးအသားဖြင့် ဖွဲ့စည်းထားအပ် သော ကိုယ်ခန္ဓာရှိသူ သတ္တဝါတိုင်းကို ကြီးမားသော တန်ခိုး အင်အားဖြင့် စိုးမိုးချယ်လှယ်စေခိုင်းသျက်ရှိပေသည်၊ ထို့ကြောင့်

ပင် 'စိတ်သွားရာကိုယ်ပါသည်' 'စိတ်ကို အစိုးမရ' စသောစကားများ ဖြစ်ပေါ်လာရခြင်းဖြစ်၏။

ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ကံ-ကံ၏ အကျိုးတရားကို များစွာ ယုံကြည်ကြသည်၊ ကာယကံကြောင့် ဖြစ်သော အကျိုးတရား၊ဝစီကံကြောင့်ဖြစ်သောအကျိုးတရား၊မနောကံကြောင့်ဖြစ်သော အကျိုးတရားဟူ၍ ရှိ၏။ ဤကာယကံ၊ဝစီကံ၊မနောကံတို့ကြောင့် ဆိုးကျိုးသည်၎င်း၊ ကောင်းကျိုးသည်၎င်း ဖြစ်၏။ ထိုသို့ ဆိုးကျိုးကောင်းကျိုး ဖြစ်စေရန် ကံတရားသည် စိတ်ကို အရင်းခံ၍သာလျှင်ဖြစ်၏၊ မြင့်မြတ် ဖြူစင်သော စိတ်ရှိသူသည် စိတ်၏စေခိုင်းရာအတိုင်း မြင့်မြတ်ဖြူစင်သော ကာယကံ၊ဝစီကံ မနောကံကိုသာ ပြုလုပ်ဆောင်ရွက်မည်ဖြစ်၏၊ ထိုအခါဖြစ်ပေါ်လာသော အကျိုးသည် မြင့်မြတ်ဖြူစင်မည်သာဖြစ်သည်၊ ဤမြင့်မြတ်ဖြူစင်သောအကျိုးကို ယခုမျက်မှောက်ဘဝမှာ မခံစားနိုင်စေကာမူ သံသရာတလျှောက်လုံးမှာ ခံစားနိုင်မည်ဖြစ်၏။

ယုတ်မာညစ်ညမ်းသော စိတ်ရှိသူသည် စိတ်၏ စေခိုင်းရာအတိုင်း ယုတ်မာညစ်ညမ်းသော ကာယကံ၊ဝစီကံ၊ မနောကံကိုသာ ပြုလုပ်ဆောင်ရွက်မည်ဖြစ်၏။ ထိုအခါ ဖြစ်ပေါ်လာသော အကျိုးသည် ယုတ်မာညစ်ညမ်းမည်သာ ဖြစ်သည်၊ ဤယုတ်မာညစ်ညမ်းသော အကျိုးကို ယခု မျက်မှောက်ဘဝမှာ မခံစားနိုင်ကာမူ သံသရာ တလျှောက်လုံးမှာကား အရိပ်ပမာ တွယ်ကပ်ညှဉ်းဆဲခြင်းကို ခံစားရမည်သာ ဖြစ်၏။

မိမိနှင့်တကွသော အခြားသူများပါ ကောင်းကျိုး ချမ်းသာဖြစ်ထွန်းစေမည့်အမှု၊ မိမိနှင့်တကွသော အခြားသူများပါ ဆုတ်ယုတ် ပျက်စီးစေမှု စသည်တို့ကို၎င်း၊ အရှက်အကြောက် ကင်းမဲ့ခြင်း၊ သောဘာချမ္မက်ကြီးခြင်း၊ တပ်မက်ခြင်း စသည့်အမှုကိစ္စတို့

ကို ပြုမူခြင်းသည် မိမိ၏ စိတ်စေခိုင်းရာကို လိုက်နာခြင်းသာ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အလွန်အမင်း ကြောက်ကြသော သံသရာဝဋ်ဆင်းရဲသည်ရှိ၏၊ ထိုဝဋ်ဆင်းရဲခြင်း ဖြစ်ပေါ်စေသော အကြောင်းကား ကံပင်ဖြစ်သည်၊ ထိုကံ ဖြစ်ပေါ်စေသောအကြောင်းကား လောဘ၊ ဒေါသ၊ မောဟ၊ သမုဒယ၊ တဏှာ အစရှိသည့် အကုသိုလ်တရားများဖြစ်သည်၊ ထိုအကုသိုလ်တရားတို့သည်ကား စိတ်ကိုအရင်းခံ၍သာလျှင် ဖြစ်ပေါ်လာကြသည်၊ စိတ်ကို အလိုအတိုင်း လွှတ်ပေးထားခြင်းဖြင့် ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ ဖြစ်၏။

တဖန် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အလွန်လျှင် မက်မောတောင့်တသော ဝဋ်ဆင်းရဲအပေါင်းတို့ ကင်းငြိမ်းရာနိဗ္ဗာန်သည် ရှိ၏၊ ထိုနိဗ္ဗာန်ကိုရောက်စေရန် အကြောင်းကား ကံပင်ဖြစ်သည်၊ ထိုကံ ဖြစ်ပေါ်စေသော အကြောင်းကား လောဘ ကင်းခြင်း၊ ဒေါသကင်းခြင်း၊ မောဟကင်းခြင်း၊ သမုဒယ တဏှာ စသည်တို့ ကင်းခြင်းတည်းဟူသော ကုသိုလ်တရားပင် ဖြစ်၏၊ ထိုကုသိုလ်တရားတို့သည်ကား စိတ်ကို အရင်းခံ၍သာလျှင် ဖြစ်ပေါ်လာကြသည်။

စိတ်ကို အလိုကျဖြစ်ရန် လွှတ်ပေးခြင်းမပြုဘဲ ကောင်းသော အာရုံတခုမှာ စူးစိုက် ထိန်းချုပ်ပေးထားနိုင်ပါလျှင် လောဘ၊ ဒေါသ၊ မောဟ၊ သမုဒယ တဏှာ စသည်တို့ဘက်မှာ လုံးဝမကွယ်ပျောက် မချုပ်ငြိမ်းသည်တိုင်အောင် သတိ ညာဏ်ဖြင့် ဆင်ခြင်တိုင်းဆ၍ လျော့ပါးသွားနိုင်ပေမည်၊ ရောင့်ရဲလွယ် သွားနိုင်ပေမည်၊ အေးချမ်းသွားနိုင်ပေမည်။

ထိန်းချုပ်ရန် ခက်ခဲသည့်စိတ်နှင့် ပတ်သက်၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက အနာထပိဏ်သူဌေးကြီးအား-

"ဒါယကာ စိတ်ကို ကောင်းစွာ စောင့်ရှောက်ရာသည်၊ လုံခြုံအောင် ထိန်းသိမ်းရာသည်၊ စိတ်ပျက်စီးလျှင် ကာယကံ၊ ဝစီကံ မနောကံသည်လည်း ပျက်စီး၏၊ ဤကံသုံးပါးကို ဖြစ်ပေါ်စေသောစိတ်ကား အိမ်မိုးနှင့်တူ၏၊ မည်မျှကောင်းသော အိမ်ဖြစ်စေ အမိုးမရှိလျှင်ပျက်စီးဘိသကဲ့သို့ စိတ်ပျက်စီးလျှင် ကာယကံ ဝစီကံ၊မနောကံ ပျက်စီးသည်၊ ကောင်းသောသေခြင်း မဖြစ်နိုင် ဟူ၍ဂှင်း၊စိတ်မပျက်စီးဘဲကောင်းစွာတည်လျှင် ကာယကံ၊ဝစီကံ မနောကံသည်လည်း မပျက်မစီး ကောင်းစွာတည်၍ ကောင်းသောကွယ်လွန်ခြင်းဖြစ်နိုင်သည်ဟူ၍ အာရက္ခိတသုတ်ဒေသနာ-ဗျာပန္နသုတ် ဒေသနာတော်မှာဂှင်း-

ဝဋ်ဆင်းရဲကို ဖြစ်စေသောကံ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေသောကံ ဟူသည်မှာ လောဘ၊ဒေါသ၊သမုဒယ၊ တဏှာ စသည်တို့ ဖြစ်ပွားပေါ်ပေါက်ခြင်း၊ လောဘ ဒေါသ မောဟ သမုဒယ တဏှာ စသည်တို့ ကွယ်ပျောက်ချုပ်ငြိမ်းခြင်း စသည်တို့ ဖြစ်သည် ဟူ၍ ရဟန်းတို့အား မြတ်စွာဘုရားသည် ပဌမ နိဒါနသုတ် ဒေသနာတော်မှာဂှင်း ဟောကြားတော်မူခဲ့သည်။

ကံ-ဟူသည် သတ္တဝါတို့၏ ကောင်းကျိုးဆိုးကျိုးကို စီမံနိုင်သည်ကို ကံ ဖြစ်ပေါ်လာစေခြင်း၏အကြောင်းရင်းကား စိတ်ပင် ဖြစ်သည်၊ စိတ်ကို နိုင်နင်းစွာ ထိန်းချုပ်၍ ကောင်းသော အာရုံဘက်ကို စူးစိုက်လျှင် လူသားတို့အဘို့ ဤလောကကြီးသည် သာယာကြည်နူးဘွယ်ဖြင့် အေးချမ်း ငြိမ်သက်ခြင်းကို မလွဲမသွေ ရပေမည်ဟု ယူဆမိပေသည်။

× × ×

( ၂-၂-၇၁ )

နှုတ်ရနံ့

စကားဟူသော အရာသည် သက်ရှိလူသတ္တဝါတို့အဘို့ နေ့စဉ် လူတိုင်း၏ နှုတ်ခံတွင်းမှ အစဉ်မပြတ် ထွက်နေသော အရာ ဖြစ်သည်၊ စကားတလုံးသည် ပေါ်တန်သော အဓိပ္ပါယ်ကိုလည်း ဆောင်၏။ လူတိုင်းလူတိုင်းသည် မိမိတို့နှုတ်မှထွက်သော စကားကို မိမိတို့ကိုယ်တိုင် တန်ဘိုးထားသကဲ့သို့ အခြားလူများကလည်း မိမိတို့စကားကို တန်ဘိုးထားစေချင်သည်။ ထိုသို့ တန်ဘိုးထားစေလိုလျှင် မိမိတို့ပြောစကားသည် စန္ဒကူး နံ့သာကဲ့သို့ရင်း၊ ပန်းရှသကဲ့သို့ရင်း မွှေးကြိုင်သော သဘင်းဖြစ်စေအပ်၏၊ ဤသို့ မွှေးကြိုင်သော ရနံ့ရှိသည့် စကားကို မည်သူမဆို အလေးအမြတ် နာခံမည်သာ ဖြစ်သည်၊ တဖန်တံ-ပျားရည်ကဲ့သို့သော ချိုမြသည့် စကားကိုလည်း မည်သူမဆို နှစ်သက်မည်သာ ဖြစ်၏။ မစင်ကဲ့သို့ ပုပ်ဟောင် နံစော်သည့် အနံ့မျိုးရှိသည့် စကားကိုကား မည်သူ တန်ဘိုးထားမည်နည်း။

ဤတွင် စကား၏ အနံ့သည် မွှေးသည်၊ နံသည် ဟူ၍ရင်း၊ စကားသည် ချိုမြသည်ဟူ၍ရင်း ဆိုခြင်းမှာ ဥပမာ တင်စားခြင်း ဖြစ်၏၊ နံသည်ဟူသော စကား၊ မွှေးသည်ဟူသောစကား၊ ချိုမြသည်ဟူသော စကား ကား အဘယ်အဓိပ္ပါယ် ရှိပါသနည်း။

ဤလောက၌ အချို့သောပုဂ္ဂိုလ်တို့သည် အခြားသူ တဦးက ယောက်ပျက်စီး ဆင်းရဲသေကြေမည်၊ ဒုက္ခရောက်မည်၊မသောက် ညှာ မတွေးဘောဘဲ ထိုသူကို ရာထူး - စည်းစိမ် - ဥစ္စာ အတွက် ဝန်တိုသော စေတနာယုတ်ကြောင့် မုန်း၍ရင်း၊ သားမယား လင် သား ဆွေမျိုးတို့အတွက် အငြိုးရှိ၍ရင်း၊ မိမိအထက်မှ အာဏာရှိ သူ၏ စေခိုင်းချက်ကို ကြောင်ရှ့်ပြီး လိုက်လာရ၍ရင်း၊ လာဘ်

တံစိုး ပစ္စည်း ဥစ္စာကို စားသုံးရခြင်းကြောင့်ဇင်း၊ မဟုတ်မမှန် လိမ်လည်လုပ်ကြံ၍ စွပ်စွဲပြောဆိုသည်၊ မတရား သက်သေခံ သည်၊ ထိုကဲ့သို့သော သူယုတ်တို့၏ နှုတ်မှထွက်သော စကားသည် မစင် နံ့နံ့နေသော ပုပ်ဟောင်သည့် စကားများဟူ၍ဇင်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည်၊ သူတော်ကောင်း တရားရှိကြသည်၊ အကျင့် သီလ စင်ကြယ်သည်၊ ကိုယ်ချင်း စာနာ တတ်သော သဘောရှိသည်၊ သံသရာဝန်လေးကြမည့် ကိစ္စများ ကို ကြောက်ရွံ့ တုန်လှုပ် တတ်ကြသည်။ ထိုပုဂ္ဂိုလ်မျိုးသည် ရန်ငြိုးအမျက် ဆိုသော စိတ်မရှိတတ်ကြချေ၊ အာဏာ ရှိသူ၏ မျက်နှာကိုလည်း မထောက်ညှာ၊ ပစ္စည်းဥစ္စာ လာဘ် တံစိုးကို လည်း မခံမငံ မမက်မောဘဲ မှန်သော တရားကိုသာ ငဲ့ညှာ ထောက်ထားသည်၊ ထိုပုဂ္ဂိုလ်မျိုးသည် သူတပါးပျက်စီးသေကြေ ဆင်းရဲဒုက္ခ ရောက်စေမည့် မဟုတ်မမှန် လုပ်ကြံသည့် စကားများ ကိုလည်း မပြောချေ၊ မတရားသဖြင့် သက်သေခံခြင်းကိုလည်း မလုပ်ချေ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး၏ နှုတ်ထွက် စကားသည် စန္ဒကူးနံ့သော၊ ပန်းရနံ့များကဲ့သို့ မွှေးကြိုင်သော စကားများ ဟူ၍ဇင်း။

"ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် လူတဘက်သား နားမချမ်းသာဘွယ်၊ ကြမ်းတမ်း ရုန့်ရင်းသော စကားလုံး များကို ပြောဆိုခြင်းမှဇင်း၊ ကြားရသူတို့ စိတ်ဝမ်း ဆင်းရဲ စေသော စကားများကို သုံးနှုန်း ပြောဆိုခြင်းမှဇင်း၊ ရှောင် ကြဉ်ကြသည်၊ မိမိပြောသော စကားသည် ကြားရသူအဘို့ ရွှင် လန်း အေးမြစေသောစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပူပန် သော က စိတ်ဆင်းရဲခြင်းမှ သက်သာရာ ရစေခြင်း၊ ကြားရသူ၏ စိတ်တွင် နှစ်လိုသာယာ ကြည်နူးစွာ ဖြစ်စေခြင်း စသည့် စကားမျိုးကိုသာ

ပြောသည်၊ ထိုစကားဟူ၍ လောက - သံသရာ နှစ်ပါးလုံးအတွက် အပြစ်ကင်းစင်၍ အကျိုးရှိစေသော စကားမျိုးသာ ဖြစ်သည်၊ ဤကဲ့သို့သော စကားမျိုးကို ပြောသောပုဂ္ဂိုလ်အား ပျားရည်ကဲ့သို့ ချိုသော စကားကို ပြောဆိုသည် ဟူ၍ရင်း”

မြတ်စွာဘုရားသည် ဂူသဘာဏီသုတ်တော်၌ ဟောကြားတော်မူခဲ့လေသည်၊

ယခုခေတ်၌ အချို့သော သူတို့သည် ၊ မိမိတို့ နှုတ်ခံတွင်းမှ ထွက်သော အနံ့ ကောင်းစေရန်ဟူ၍ ဗသရှင်အစရှိသော ကောင်းသော ရနံ့ရှိသည့် ဆေးပြားကလေးများကို ငုံစေကာမူ မိမိတို့ နှုတ်မှထွက်သော စကား၏ရနံ့ကသာလျှင် အရေးကြီးပေသည်၊ ခံတွင်းနံ့ မည်မျှပင် မွှေးကြိုင်အောင် ပြုပြင်ထားစေကာမူ နှုတ်ထွက်စကားက မစင်နံ့ နံသော စကားမျိုး ဖြစ်နေလျှင် မည်သူကမှ ထိုသူ၏အပါးသို့ ချဉ်းကပ်မည်မဟုတ်ချေ၊ မစင်နံ့နံသော စကား သူတို့အနားမရောက်အောင် ဝေးရာသို့သာ ရှောင်ကိမ်းသွားကြမည်ဖြစ်၏၊ မဟုတ်မမှန်သော စကားကို ပြောနေလျှင် ကြားနာရသူက နှာခေါင်းရှုံ့ခြင်း၊ မျက်နှာလွှဲနေခြင်း၊ ဝေးရာသို့ ထွက်သွားခြင်းကပင် စကားလုံးများသည် မစင်နံ့ထွက်နေကြောင်း ထင်ရှားနေပြီဖြစ်သည်။

ဟုတ်မှန်သော စကား၊ ချိုမြသောစကားကို ပြောတတ်သူအတွက် နှုတ်ခံတွင်းကို မည်သို့မျှ အမွှေးနံ့ထွက်အောင် ပြုပြင်ဘို့ မလိုချေ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ပြောသော စကားများကို ကြားနာရသူတို့က နှစ်ခြိုက် လိုလားစွာ နီးနီးကပ်ကပ် ချဉ်းကပ်၍ တည်ငြိမ်စွာ နာယူ မှတ်သား နေခြင်းသည် နှုတ်ထွက်စကားလုံးများက ပန်းရနံ့ကဲ့သို့ မွှေးကြိုင်နေ၍ ပျားရည် အရသာကဲ့သို့ ချိုမြနေခြင်းဖြစ်ကြောင်း ထင်ရှားနေပေသည်။

သို့သော် ယခု မျက်မှောက်ခေတ်တွင်ကား စာရိတ္တ ပျက်သူတွေ များပြားလှသည့်ဖြစ်ရာ စကား၏ အနံ့အရသာကို အလေးအနက် ထားသူ နည်းပါးချေသည်။ မည်သို့ပင် ဖြစ်စေ၊ မစင်နံ့နံသော စကားကား မှုသားစကားတွေဖြစ်ပြီး ကြမ်းတန်းသော စကားက ဖရုဿဝါစာ ဖြစ်နေရာ ဤစကား နှစ်မျိုးကိုသာ နှုတ်က ထွက်နေကြသူတို့ကား အစဉ်အမြဲ အကုသိုလ် ဖြစ်နေကြမည်မှာ အသေအချာ ဖြစ်၏။ ထိုကြောင့် ထိုစကား နှစ်မျိုးကို ရှောင်၍ နှုတ်ခံတွင်း ရနံ့သည်၊ မွှေးကြိုင် ချိုမြစေရန် ကြိုးစားအားထုတ်သင့်လှပေသည်။

× × ×

## (၉-၂-၇၁)

## သံသရာ

လူတဦးတယောက်သည်၊ အကုသိုလ်ကို မကြောက် မရွံဘဲ မပြုအပ်သည့် အပြစ်တွေကို ပြုလုပ် ကျူးလွန်နေခဲ့သည်ရှိသော် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ပြောလေ့ရှိသည့် စကားတခွန်း ရှိ၏။ ထိုစကားကား ဒီလူတော့ သံသရာမှာ စုန်းစုန်းမြုပ်ပေအုံးတော့မယ် ဟူ၍ငင်း၊ သံသရာမှာ နစ်မွန်းတော့မယ် ဟူ၍ငင်း သံသရာမှာ ရေစုန်မျောတော့မယ်ဟူ၍ငင်းပြောလေ့ရှိကြသည်။

ဗုဒ္ဓဘာသာဝင်တိုင်းပင် သံသရာဝဲဩဃထဲမှာ ချာချာလည်နေရမည်။ လွတ်မြောက်ရန် လမ်းစပိတ်နေရမည်ကို ကြောက်ကြသည်ချည်းဖြစ်သည်။ သံသရာမှ လွတ်မြောက်ရန် ဆုတောင်းရန် ဆုတောင်းကြသူချည်း ဖြစ်လည်။ သို့ပါလျက် သံသရာ ဝဲဩဃ ဟူသည်ကို မယုံသည့် အချို့သောသူတို့က ပြက်ရယ်ပြုသောစကားကို ဆိုကြ၏။ ထိုကဲ့သို့သောသူတို့သည် ဆိုတတ်သောစကားကား

သံသရာမှာ ဖြစ်လေရာဘဝ၊ စည်းစိမ်ရှိရှိ နေရလျှင် နိဗ္ဗာန်ကို မလိုချင် ဟူ၍ရင်း၊ သံသရာမှာ ရေစုန်မျောသည်ဟုဆိုရလျှင် သံသရာသည် အကယ် ရေပင်လယ်ကြီးပေလော ဟူ၍ရင်း၊ အပြောင်လိုလို၊ အပြက်လိုလို ပြောတတ်ကြ၏။

သံသရာဆိုသည်မှာ ရေပင်လယ်အစစ်ကြီးမဟုတ်ပေ၊ရုပ်နာမ်-မချုပ်ငြိမ်း သရွေ့ အမျိုးမျိုး ပြောင်းလဲ ဖြစ်တည်ရမည့် ဘဝတွေမှာ တဆယ့်တပါးသော မီးတို့ကြောင့် ဒုက္ခ-သုခကို ပင်ပန်းကြီးစွာ ခံစားနေရခြင်းကို ဆိုလိုသည်ဟု စာရေးသူယူဆမိပါသည်။ စာရေးသူ၏ အယူအဆ သဘောမကျ လက်မခံနိုင်သူတွေ ရှိချင်လည်း ရှိပေမည်။ မည်သို့ပင်ဖြစ်စေ ဤ သံသရာနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် အနုသောတသုတ် ဒေသနာတော်မှာ ဤသို့ ဟောကြားတော်မူခဲ့လေသည်။

"လောက၌ ပုဂ္ဂိုလ် ၄ မျိုးသည် ထင်ရှားရှိကုန်၏။ အဘယ် ၄ မျိုးတို့နည်း ဟူမူကား"

၁။ သံသရာ ရေစုန်ဆင်းသော ပုဂ္ဂိုလ်—ဤပုဂ္ဂိုလ်မျိုးကား မကောင်းမှု အကုသိုလ် ဟူသမျှကို အကြောက်ခရှိ ဧရှက်မရှိ ရဲဝံ့စွာ ပြုမူကြသည်။ တပ်မက်မောခြင်း၊ ရာဂ-တဏှာ-ကိလေသာ အားကြီးခြင်းတို့ကြောင့် ဘဝအသစ်သစ်တို့မှာ အဖန်ဘလဲလဲ ဖြစ်ဘည်ဘာ ဆင်းရဲကို ခံစားနေရသော ပုဂ္ဂိုလ်မျိုးကား သံသရာမှာ ရေစုန်ဆင်းသော ပုဂ္ဂိုလ်မည်၏။

၂။ သံသရာ ရေဆန်တတ်သောပုဂ္ဂိုလ်— ဤပုဂ္ဂိုလ်မျိုးကား တပ်မက်မောခြင်း၊ တဏှာရာဂနည်းပါး၍ ဘော်ဒင်း၊ ကင်းရှင်း၍သော်ရင်း။ စင်ကြယ်ကောင်းမြတ်သော အကျင့်သီလရှိသည်။မိမိအသက်ဘေး သေမည်ကိုသိလျက်နှင့် ထိန်းသိမ်းအပ်သည့် မွန်မြတ်သော အကျင့်သီလကို ပျက်စီးခြင်းမရှိစေရန် ကောင်းစွာလုံခြုံ

အောင် ထိန်းသိမ်းတတ်သည့် ပုဂ္ဂိုလ်မျိုးကား သံသရာ ရေဆန် ဘက်ဘတ်သော ပုဂ္ဂိုလ်မည်၏။

၃။ ရေပ်တည်သောသဘောရှိသောပုဂ္ဂိုလ်–ဤပုဂ္ဂိုလ်မျိုးကား သံယောဇဉ်အနှောင်အဖွဲ့အားလုံး၊ ကိလေသာအားလုံးကို ကင်း ရှင်းစွာ အမြန်ဘကယ် စွန့်ပယ်၍ မွန်မြတ်စင်ကြယ်သော အကျင့် သီလ တည်ကြည်ငြိမ်သက်သော ဈာန် သမာဓိရှိ၏။ ကောင်း သောအာရုံမှစ စိတ်ကို သေ့လာ ထိန်းချုပ်ထားခြင်းဖြင့် မြဲမြံ ခိုင်ခန့်၏။ ဤပုဂ္ဂိုလ်မျိုးကား ရပ်တည်သော သဘောရှိသော ပုဂ္ဂိုလ်မည်၏။

၄။ ကမ်းတဘက်ရောက်သော ပုဂ္ဂိုလ်– ဤပုဂ္ဂိုလ်မျိုးကား မြတ်သောကုသိုလ်၊ ယုတ်သော အကုသိုလ်တရားတို့၌ ကြည်လင် သော ဉာဏ်အမြင်ဖြင့် ဖျက်ဆီးပြီး ဖြစ်၍ ကုသိုလ် အကုသိုလ်ဟူ၍ ခံစားဘွယ်ရာမရှိတော့ဘဲ မင်္ဂဟူသော မြတ်သောအကျင့်ကို ကျင့် သုံးအောင်မြင်ပြီးသူ၊ အာသဝေါတရား ကင်းကွာပြီးသူ ပုဂ္ဂိုလ် မျိုးကား အမှန်စင်စစ် ဘေးမရှိရာ ကမ်းတဘက်သို့ရောက်နေသော ပုဂ္ဂိုလ်မည်။

အထက်ပါ "အနုသောတသုတ်" ဒေသနာတော်ပါ မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့သော တရားကို သေချာစွာ အဓိပ္ပါယ်ပေါက်ခဲ့ပါလျှင် သံသရာဆိုသမျှမှာ မည်သည့်အရာပေ နည်းဟု ရှင်းလင်းစွာ သိနားလည်နိုင်ပေမည်။ စာရေးသူ အပါ အဝင် သတ္တဝါဟူသည် သံသရာဝဲသြဃဘဲမှာ မလွတ်နိုင်သေးဘဲ ချာချာလည်နေကြသည်။ ထိုသို့ ချာချာလည်နေခိုက် သတိကို လက်မလွှတ်စေအောင် ထိန်းချုပ်၍ မြတ်စွာဘုရား ဟောကြား တော်မူခဲ့သော ပုဂ္ဂိုလ်လေးမျိုးအနက်မှ နံပါတ်လေးသို့ မရောက် နိုင်သော်ငြားလည်း နံပါတ်တစ်မှ ကင်းလွတ်၍ နံပတ်နှစ်နှင့်

နံပါတ်သုံးမှာ ဖေါ်ပြပါရှိသော ပုဂ္ဂိုလ်အမျိုးအစားသဲ အကျုံးဝင်နိုင်အောင်ကား အတူးတလည် ခက်ခဲစွာ ကြိုးစားရမည် ဖြစ်ပေသတည်း။

× × ×

(၁၆-၂-၇၁)

## အသက်အရွယ်

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်နိုးဘွယ်ကောင်းသော အမူအကျင့်သည် တခုရှိ၏။ ထိုအမူအကျင့်ကား မိမိထက် အသက်အရွယ်ကြီးသောသူကို အရိုအသေပေးခြင်း၊ နေရာထားခြင်း၊ ရှိခိုးကန်တော့ခြင်း စသည့် အမူအကျင့်ပင်ဖြစ်ပေသည်။

မိဘဆိုးဘွားများကလည်း မိမိတို့၏ သား-သမီး-မြေး-မြစ်များအား ကိုယ့်ထက် တလ၊ တရက်၊ တနံနက်ပင် ကြီးစေကာမူ ရှိသေ ရမည်။ နေရာထားရမည်ဟူသော ဆုံးမစကားကို ပြောဆိုမှာကြား ဆုံးမလေ့ရှိ၏။ ဤသို့ ပြောဆိုဆုံးမခြင်း လိုက်နာကျင့်ကြံခြင်းကား ဘာသာရေးဘက်ကပင် ကြည့်စေ၊ လူမျိုးရေးဘက်ကပင် ကြည့်စေ၊အကျင့်စာရိတ္တဘက်ကပင်ကြည့်စေ၊အလွန်မွန်မြတ်သော ကျင့်ဝတ်ဘခုပင် ဖြစ်ပေသောကြောင့် မည်သူမဆို လက်ခံကြမည်သာ ဖြစ်ပေသည်။သို့သော် မိမိထက် အသက်ကြီးရင့်သော သူတိုင်းကိုပင် အမြဲတစေ ရိုသေဝပ်လျှိုး ရှိခိုးကန်တော့ရန် သင့်တော်မည် မသင့်တော်မည်ကိုကား အထူးသတိပြု ရွေးချယ်ရမည် ဖြစ်ပေသည်။

အချို့သော ပုဂ္ဂိုလ်တို့သည် ဆိုးဝါးယုတ်မာသော အကျင့်စာရိတ္တ ရှိနေသည်။ အရှက်အကြောက် ကင်းမဲ့စွာ မပြုလုပ်သင့်သော အရာများကို ပြုလုပ် ကျူးလွန်နေကြသည်။ မိမိကိုယ်ကို

အထင်ကြီးစွာဖြင့် အပူဇော်ခံယူလိုကြသည်၊ ငါမှလွဲ၍ အခြားသူကို နေရာမပေးရဟူသော တကိုယ်ကောင်းစိတ် ရှိကြသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မိမိထက် အသက်အရွယ်ကြီးရင့်သည် ဆိုခါမျှဖြင့် ရှိခိုး ကန်တော့ထိုက် ရိုသေထိုက်ပါ မည်လားဟူ စဉ်းစားစရာ ဖြစ်ပေမည်။

အသက်အရွယ် ကြီးရင့်စေကာမူ တကယ်အမှန်ပူဇော်ထိုက်သူ ရိုသေထိုက်သူကိုမရွေးချယ်တတ်ဘဲ အသက်အရွယ်ကြီးသူကိုရိုသေရမည့် ထုံးတမ်းစဉ်လာ ရှိပေသည်ဟူ၍ အစဉ်အလာကို စွဲကိုင်ပြီး ပူဇော်နေ၊ရိုသေနေပါကလည်း ပူဇော်ရကျိုး၊ရိုသေရကျိုးမနပ်ဘဲ အကျိုးမဲ့သာ ဖြစ်သွားနိုင်ပေသည်။ မိမိပြုလုပ်ဆောင်ရွက်သော အလုပ်တခုသည် အဓိပ္ပါယ်ကို နားလည်သိရှိစွာဖြင့် ဤအပြုအမူသည် မှန်မြတ်သည်၊ ပြုလုပ်ထိုက်သည်ဟူ၍ လေးနက်မြဲစင်သော စိတ်စေတနာဖြင့် ပြုမူဆောင်ရွက်မှသာ အကျိုးကျေးဇူးဖြစ်ထွန်း နိုင်မည်ဖြစ်ကြောင်း မည်သူမှမငြင်းနိုင်ပေ။ ထိုသို့ တွေးမိစဉ်းစားမိသူအတို့ မိမိအနေဖြင့် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ပူဇော်ထိုက်ပါသနည်း။

အခါတပါး၌ ရဟန္တာ အရှင်မဟာကစ္စည်းသည် မဓုရာပြည် ဂုန္ဒာဝတော(ပိတ်ချင်းနက်တော)၌ သီတင်းသုံး နေတော်မူဆဲဝယ် ကန္ဒာရာယနပုဏ္ဏားသည် အရှင်မဟာကစ္စည်းထံ ချဉ်းကပ်လျှောက် ထားလေ၏။ "ရဟန်း ကစ္စန သင်သည် အသက်အရွယ် အိုမင်းကြီးရင့် ရင့်သော သူများအား ရိုသေခြင်း ရှိခိုးပူဇော်ခြင်း၊ ကြိုဆိုနေရာ ပေးခြင်းမရှိဟု ကျွန်ုပ်ကြားသည်၊ ဤအရာသည် မသင့်လျော်ချေ" ဟု ပုဏ္ဏားကဆို၏။ ထိုအခါ အရှင်မဟာကစ္စည်း မထေရ်က ပြန် လည် မိန့်ကြားတော်မူသည်၊

"ပုဏ္ဏား-အလုံးစုံသောတရားကို အလိုလိုသာလျှင်သိမြင်တော်မူသော သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်သည် ဟောတော်မူအပ်သော ဗုဒ္ဓဘူမိ = လူကြီး အဆင့်အတန်းသည်၎င်း၊ ဒဟရဘူမိ = လူငယ်အဆင့်အတန်းသည်၎င်း ရှိ၏။ အကြင်သူသည် အရွယ်အားဖြင့်အသက်တရာပင် ရှိလင့်ကစား ကာမဂုဏ်အရာ၌ ကဲလွန်စွာဖြင့် ယုတ်မာညစ်ညမ်းသူ ဖြစ်နေပါလျှင် အကုသိုလ်တရားကိုသာ လုံ့လပြုနေသူဖြစ်ပါလျှင် လူမိုက်လူငယ်အဆင့်အတန်းမှာသာရေတွက်သတ်မှတ်ရသည်။အကြင်သူသည် အသက်အရွယ် မည်မျှပင်ပျိုမြစ်နုနယ် နေစေကာမူ ကာမဂုဏ်အရာ၌ ကင်းရှင်းသူသည် ခြိုးခြံသူ သူတော်ကောင်းတရားနှင့် ပြည့်စုံသူဖြစ်ပါလျှင် ပညာရှိလူကြီးအဆင့်အတန်းမှာသာ ရေတွက် သတ်မှတ်ရသည်''ဟု မိန့်ကြားတော်မူသောအခါ ကန္ဒရာယန ပုဏ္ဏားသည် အရှင် မဟာကစ္စည်းမထေရ်ကို တောင်းပန် ရှိခိုးရလေသည်ဟု အင်္ဂုတ္တိုရ် ပါဠိတော်သမစိတ္တဝဂ်၌ ဖော်ပြရှိပါသည်။

ထို့ကြောင့် ရှိခိုးပူဇော်ခြင်း၊ နေရာထား ရိုသေခြင်းကို ခံယူမည့် ပုဂ္ဂိုလ်အား သေချာစွာလေ့လာစုံစမ်း၍ ပူဇော်သင့်မှပူဇော်ရသည်။ မလွှဲမကင်းသာသည့် အမျိုးမျိုးသော အကြောင်းတို့ကြောင့် စိတ်စေတနာမပါဘဲ ပူဇော်ခြင်း၊ အစဉ်အလာဆိုသော အချက်ကြောင့် ရိုသေပူဇော်ရခြင်းတို့ကား လူပင်ပန်း၊ ပစ္စည်းကုန်ပြီး အကျိုးမဲ့ဖြစ်ရခြင်းကို မပြုလုပ်အပ်ပေ။ အမှန်တကယ် ပူဇော်သင့်သူကို ပူဇော်ခြင်း၊ ရိုသေခြင်းပြုမှ လောကသံသရာ နှစ်ဖြာသော ကောင်းကျိုးကို ခံစားရမည် ဖြစ်ပေသတည်း။

× × ×

(၂၃-၂-၇၁)

## ဒုလ္လဘသုံးမျိုး

ယနေ့ ယခုခေတ်ဝယ်အသက်ရှင်နေကြသော လူသားတို့သည် တစုံတခုသော အကြောင်းကြောင့် ထူးခြားသော ထင်ရှားသော သက်ရှိ ပုဂ္ဂိုလ် ဆိုလျှင် တပင်တပန်း စောင့်ဆိုင်းကြည့်ရှုခြင်း၊ ကြိုးစားရှာဖွေသွားရောက်၍ကြည့်ရှုခြင်း၊ ထိုပုဂ္ဂိုလ်မျိုးအား လွမ်းတသသဖြင့် မမေ့နိုင် မပျောက်နိုင်ဘဲ စိတ်ထဲမှာ စွဲပမ်းနေတတ်ခြင်း၊ ထိုပုဂ္ဂိုလ်မျိုးကား တခေတ်မှာသာ ပေါ်ပေါက်သည့် ပုဂ္ဂိုလ်မျိုးဟူ၍ယုံမှတ်ကြည်ညိုခြင်း၊ နှစ်သက်မြတ်နိုးခြင်း၊ ချစ်ခင်ကြင်နာခြင်းဖြင့် ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ အရာဝတ္ထုပစ္စည်းတခုခု၊ ယုတ်စွအဆုံး ထိုပုဂ္ဂိုလ်၏ လက်ရေး၊ လက်မှတ်၊ ဓါတ်ပုံစသည်တို့ကို ရခဲ့ဘိခြင်းဟူသော သဘောဖြင့် အမြတ်တနိုး သိမ်းဆည်း စောင့်ရှောက်ထားတတ်ကြသည်။

ထိုသို့ အချို့သော လူအများက ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်ဟူ၍ ယုံမှတ် မြတ်နိုးခြင်း ခံရသော ပုဂ္ဂိုလ်တိုင်းသည် လောက လူသားအပေါင်းအား ပစ္စုပ္ပန်မှာရင်း၊ သံသရာမှာရင်း အကျိုးကျေးဇူးပြုနိုင်ပါမည်လောဟုစဉ်းစားလျှင် အချို့သော ပုဂ္ဂိုလ်များက အကျိုး ကျေးဇူးပြုနိုင်၍ အချို့သော ပုဂ္ဂိုလ်များကား အကျိုး ကျေးဇူး မပြုနိုင်ကြဘဲ ရှိချေသည်။ အချို့သော ပုဂ္ဂိုလ်များဆိုလျှင် အကျိုး ကျေးဇူး မပြုနိုင်သည်သာ မဟုတ်သေး၊ လောကမှာ အကျိုးယုတ် အရှက်ကွဲဖြစ်စေ၍ သံသရာမှာလည်း နစ်မွန်းစေအောင် သွေးဆောင် ဖြားယောင်း ဖျက်ဆီးတတ်ချေသည်။

ဤသို့လျှင်ပေါ်ပေါက်ခဲ့သောပုဂ္ဂိုလ်ထူးခြားသည့် ပုဂ္ဂိုလ်ဟူ၍ မျက်ကန်းသတ္တဝါ ဆင်ခြင် စဉ်းစားမှုမရှိဘဲ ယုံကြည်

ဆည်းကပ် မြတ်နိုးနှစ်သက်စွာဖြင့် အခရာဝင်၍ အကျိုးမဲ့ ဆုံးရှုံးပျက်စီးရသူတွေ လောကအရာ သံသရာပါ နှစ်ခုလုံး မကောင်းအောင်နစ်မွန်းရသူတွေကား၊ တွေ့ရခဲသော ပုဂ္ဂိုလ်၊ ထင်ရှားပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်၊ ဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ် စသည်တို့ကား မည်ကဲ့သို့သော ပုဂ္ဂိုလ်အမျိုးအစားဟု ခွဲခြားသိမြင်ခြင်းငှါ မစွမ်းသော ဆင်ခြင်ဥာဏ်ကင်းမဲ့သော လူများသာ ဖြစ်ပေသည်။ ဆင်ခြင်ဥာဏ်ရှိသော လူများကား ထင်ရှားပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်၊ ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ်ကို သိနိုင်စွမ်းရှိကြသည်။ ဤပုဂ္ဂိုလ်မျိုးကား မည်ကဲ့သို့သော ပုဂ္ဂိုလ်ပေနည်းဟု မေးငြားအံ့၊ အမေးခံရသူသည် ဆိုခဲ့ပြီးသည့်အတိုင်း လေးနက်သော ဆင်ခြင် စဉ်းစားဥာဏ် ကင်းမဲ့ပါက ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟူ၍ရင်း၊ ပျောက်စေဆရာ ဟူ၍သော်ရင်း၊ အနုပညာရှင် ဟူ၍သော်ရင်း၊ သိပ္ပံပညာရှင် ဟူ၍သော်ရင်း၊ လကမ္ဘာ နက္ခတ်တာရာများသို့ သွားရောက်ဘူးသူများ ဟူ၍ရင်း သူ့စိတ်တွဲလမ်းရာကို ပေါ့ပေါ့ဆဆ အဖြေ ပေးပေလိမ့်မည်။

ထိုသူတွေအဖြေပေးသည့် ဤပုဂ္ဂိုလ်မျိုးကား မှန်သင့်သလောက် မှန်ပါသည်၊ သို့သော်ထိုပုဂ္ဂိုလ်မျိုးသည် လောကလူသားတို့အနေဖြင့် ပေါ်ပေါက်ခဲရခဲသောပုဂ္ဂိုလ်ဖြစ်စေကာမူ ပစ္စုပ္ပန်ရော သံသရာပါ အကျိုး ကျေးဇူး ပြုနိုင်ပါမည်လောဟု စဉ်းစားဘွယ်ဖြစ်ပေသည်။ ပုထုဇဉ်လူသားတို့အလိုဖြင့် ဤပုဂ္ဂိုလ်မျိုးသည် ပေါ်ပေါက်ခဲ ရနိုင်ခဲသူများဟု ထင်မှတ်နေကြသော်လည်း အလုံးစုံသောတရားကို ဆရာမရှိ မိမိအလိုလိုသာလျှင် အမှန်အတိုင်း သိမြင်တော်မူသော သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်မြတ်စွာဘုရား သခင်အား ဖော်ပြခဲ့သော ပုဂ္ဂိုလ်မျိုးကို ပေါ်ပေါက်ခဲ ရခဲသော ပုဂ္ဂိုလ်ဟု သတ်မှတ်တော် မမူချ၊ မြတ်စွာ

ဘုရားသခင် သတ်မှတ်တော်မူသော ပေါ်ပေါက်ခဲ့ ရခဲသည့် ပုဂ္ဂိုလ်ကား သုံးမျိုးသာ ရှိပေသည်၊ ဤသုံးမျိုးကား—

၁။ လောက၌ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်ဘော်တိုင် မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရား ထင်ရှား ဖြစ်ပေါ် လာခြင်းကို ရခဲ၏။

၂။ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော် အပေါင်းကို သတ္တဝါတို့အား ပြန်လည် ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

၃။ လောက၌ မိမိအား သူတပါးက ပြုထားသော ကျေးဇူးကို သိ၍ သိသည့်အလျောက် သူ့ကျေးဇူးကို ထိန်ဝှက် မေ့ပျောက်ခြင်း မရှိဘဲ ထင်ရှားစွာ ပြောကြား ပြသလေ့ ရှိသူ ကျေးဇူးအတုံ့ အလှည့်ပြုလေ့ရှိသူ ကတညုတ ကတဝေဒီပုဂ္ဂိုလ်ကို ရခဲ၏။

ဤ ပုဂ္ဂိုလ် သုံးမျိုးကား ထင်ရှားပေါ်ပေါက်ခဲ၊ တွေ့နိုင်ခဲ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့ ဖြစ်ပေသတည်းဟု ဒုလ္လဘသုတ်ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ယခုမျက်မှောက်ခေတ် လူသားတို့အနေဖြင့် မြတ်စွာဘုရား ထင်ရှား ဖြစ်ပေါ်လာရန်ကိုရင်း၊ မြတ်စွာဘုရား၏ တရားတော်ကို ပြန်လည်ဟောကြားတတ်သော ပုဂ္ဂိုလ်ကိုရနိုင်ရန်ရင်း၊ မကြိုးစားသိုလျှင် ရှိပါစေ၊ ဒုလ္လဘသုံးမျိုးအနက် တမျိုးသော ဒုလ္လဘ ဖြစ်သည့် ကတညုတ ကတဝေဒီ ပုဂ္ဂိုလ်မျိုးကိုကား ပေါ်ပေါက်အောင် ရနိုင်အောင် တပင်တပန်း မရှိဘဲ မိမိတို့ကိုယ်တိုင် ထိုကတညုတ ကတဝေဒီ ပုဂ္ဂိုလ်မျိုး ဖြစ်ရန် ကြိုးစားအားထုတ်နိုင်ပါလျှင် မိမိအတွက် လောကရေး သံသရာပါ အကျိုးရှိမည် ဖြစ်ပေသတည်း။

× × ×

## (၉-၃-၇၁)

## ချမ်းသာလေးမျိုး

လူဟူ၍ ဖြစ်လာလျှင် တဝမ်းတခါး အတွက် ပင်ပန်း ကြီးစွာ ရှာကြံ လုပ်ကိုင် နေကြရသည်ကို လူတိုင်းပင် သိကြသည်၊ လူတယောက်နှင့် တယောက် မတူသလို စိတ်သဘော ထားခြင်းကလည်း တယောက်နှင့် တယောက် မတူကြချေ၊ အချို့သော သူတို့သည် ပစ္စည်းဥစ္စာ ရှာဖွေရာမှာ အလိုလောဘ ကြီးစွာဖြင့် မသုံးအပ် မသုံးသင့်သည့် နည်းမျိုးကိုသာ သုံးကာ ဥစ္စာရမှုကို အဓိက ထားပြီး ရှာဖွေ၏၊ ထိုသို့ ရှာဖွေရရှိသော ပစ္စည်းသည် သူတပါးထက် များပြားပြည့်စုံ၍ လူချမ်းသာဟူသောဘွဲ့ကို ခံယူထားနိုင်လင့်ကစား စိတ်သောကအရှိန်ကြောင့် စိတ်ချမ်းသာမှုကို မရနိုင်ချေ။

အဘယ်ကြောင့် ဆိုသော် ထို ပစ္စည်းသည် သူတပါး ထံမှ နိုင်ထက်စီးနင်းပစ္စည်း၊ လိမ်လည်ကောက်ကျစ်သည့်ပစ္စည်း၊ ချေးငှားယူငင်ထားပြီး ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ အမေ့ခံ သိုဝှက်ထားသော ပစ္စည်းများ ဖြစ်နေလျှင် စားသုံးရာ၌ ရဲဝံ့သောစိတ် တည်ငြိမ်သောစိတ် မဖြစ်နိုင်တော့ချေ၊ မိမိ၏ ကောက်ကျစ်ယုတ်မာမှုကို ခံထားရသည့်သူက လက်စား ချေလေမည်လား၊ အရှက်ကွဲလေမည်လား၊ ဤပစ္စည်းသည် ဤနည်းဖြင့် ရလာသည်ကို သိသူတွေက ရှုတ်ချကဲ့ရဲ့လေမည်လား ပရိသတ်အလယ်တွင်ကြွေးမြီရှင်က မထောက်မညှာ ပြောဆိုဘောင်းလေမည်လား စသည့် စိတ်သောက ပူပန်မှုကိုသာ သတိရနေ တွေးတောနေရသည်ဖြစ်၍ အဘယ်မှာလျှင် စိတ်အေး ချမ်းသာ ရှိပါတော့မည်နည်း။

သူတပါးထံမှ မဘရားသောနည်းဖြင့် ယူစဉ်အခါ၊ ချေးငှားစဉ်အခါက မပင်ပန်းဘဲ ယက်သက် သာသာနှင့် ရယူခဲ့သည်နှင့် အမျှ မတရားသော ပစ္စည်းတွေ လက်ဝယ်ပိုက်ကာ ချမ်းသာနေရသော်လည်း၊ စိတ်သောကကြောင့် ပူပန်ခြင်း ဆင်းရဲခြင်းဖြင့် ဇောချွေးပြန်နေရတတ်ပေသည်၊ ပစ္စည်းဥစ္စာဟူသည် လူသတ္တဝါအားအလွန်အမင်းနှိပ်စက်သော အရာဝတ္ထုဖြစ်၏၊ လောဘဇောတိုက်စေ၍ လူသတ္တဝါကို ပျက်စီးစေ၏၊ ဥစ္စာပစ္စည်းကို ရှာဖွေရာမှာ သမ္မာအာဇီဝနည်းဖြင့် ရှာဖွေမှသာ မိမိအတွက် သောကဆွေ သုံးသရာပေါ် ကောင်းကျိုး ချမ်းသာ ဖြစ်ထွန်းနိုင်မည်ကို အသူ သတိပြု အပ်လှပေသည်။

သက်သာ လွယ်ကူသော နည်းဖြင့် သူတပါးအပေါ် အညွန့်ခူး၍ ဥစ္စာရှာသူသည် ဥစ္စာကို လက်ဝယ် ပိုက်မိသောအခါ စိတ်သောကမျှား၍ စိတ်ဆင်းရဲရသော်လည်း တရားမျှတ ဖြောင့်မှန်သော နည်းဖြင့် ပင်ပန်းဆင်းရဲခံကာ ဥစ္စာ ရှာဖွေသောသူသည် ထို ဥစ္စာကို လက်ဝယ် ပိုက်မိသော အခါ စိတ် ချမ်းသာစွာဖြင့် တည်ငြိမ်စွာ နေရတတ်လေသည်၊ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း နှစ်ပါးတွင် စိတ်၏ချမ်းသာခြင်းက ပိုမို မွန်မြတ်သည်၊ ကိုယ်၏ဆင်းရဲခြင်းသည် လူ၏ဘဝကိုရင်း၊ အကျင့်စာရိတ္တကိုရင်း မထိခိုက်နိုင်ချေ၊ စိတ်၏ဆင်းရဲခြင်းက သာလျှင် ထိခိုက်နိုင်ပေသည်၊ ဤသို့ ဥစ္စာပစ္စည်းနှင့် ပတ်သက်၍ စိတ်ချမ်းသာမှု လေးမျိုးရှိသည်ကို မြတ်စွာဘုရား ဟောကြား တော်မူခဲ့သည်။

မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးကြီးအား ဒါယိကာ ကာမဂုဏ် ခံစားသော လူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ ချမ်းသာ လေးမျိုးကို ရအပ်၏၊ ၎င်းတို့ကား ရှိမှုချမ်းသာ

သုံးဆောင်မှု ချမ်းသာ၊ ကြွေးမြီကင်းမှု ချမ်းသာ၊ အပြစ်မရှိမှု ချမ်းသာတို့တည်း။

ရှိမှုချမ်းသာကား–ငါသည် ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို သုံး၍ ထကြွ လုံ့လ ဝီရိယဖြင့် တရား မျှတသော အပြစ် ကင်းသော နည်းကိုသုံးကာရှာဖွေ၍ ဤဥစ္စာပစ္စည်းတို့ကို ရအပ်လေပြီ၊ ငါ ပိုင်ဆိုင်ရလေပြီဟု ဝမ်းမြောက် ခြင်းဖြင့် စိတ်ချမ်းသာရ၏။

သုံးဆောင်မှု ချမ်းသာကား–တရားသဖြင့် စင်ကြယ်စွာ ငါ ရှာဖွေရရှိသော ဤဥစ္စာကို ငါသည်ရဲရင့်တည်ငြိမ်စွာ သုံးဆောင်၏၊ အပြစ်ကင်းစွာ လှူဒါန်း၍ ကုသိုလ် ကောင်းမှုပြု၏၊ ငါ့မှာ ကဲ့ရဲ့ဘွယ် မရှိချေဟု ဝမ်းမြောက်ခြင်းဖြင့် စိတ်ချမ်းသာ၏။

ကြွေးမြီ ကင်းမှု ချမ်းသာကား– ငါသည် မည်သူ့ ထံ က မှ ချေးငှားယူငင်ထားသော ဥစ္စာမရှိချေ၊ ထို့ကြောင့် မည်သူ့ကိုမှ ပေးဆပ်ရန် အတွက် စိုးရိမ်ကြောင့်ကြမှု မရှိပေ ဟူသော ဝမ်းမြောက်ခြင်းဖြင့် စိတ်ချမ်းသာ၏။

အပြစ်မရှိမှုချမ်းသာကား–ကာယကံ ဝစီကံ မနောကံ တို့ဖြင့် အကုသိုလ် ဒုစရိုက် အလုပ်ကို မပြုလုပ်ခဲ့ပေ၊ ဤ ကံသုံးပါးနှင့် ပတ်သက်၍ သန့်ရှင်းစင်ကြယ်ခြင်းဖြင့် အပြစ်ကင်း၏ ဟူသော ဝမ်းမြောက်ခြင်းဖြင့် စိတ်ချမ်းသာ၏။

ဒါယကာ....ကာမဂုဏ် ခံစားသောသူသည် သင့်လျော်သော အချိန်အခါကိုစွဲ၍ ဤ ချမ်းသာလေးမျိုးကို ရရှိနိုင်ပေသည် ဟု အာနဏျ သုတ် ဒေသနာ တော်မှာ မြတ်စွာဘုရား ဟောကြား တော်မူခဲ့လေသည်။

ထို့ကြောင့် ဥစ္စာပစ္စည်းနှင့် ပတ်သက်၍ ပုထုဇဉ်လူသားပြိုင်မှီ လောဘဇောတိုက်ကာ နည်းမျိုးစုံဖြင့် ရှာဖွေမည်ကြံရွယ်သူဘိုင်း သည် ဥစ္စာလက်ဝယ် ပိုက်ပြီးသည်နောက် မိမိအဘို့ စိတ်ဆင်းရဲ

မှုသာ ဖြစ်စေမည့် အကြောင်းကို ကြိုတင် စဉ်းစား သင့် လှပေသည်။

× × ×

(၁၆-၃-၇၁)

## အလင်းရောင်

အကောင်းအဆိုးကိုရင်း၊ လှသော အရုပ်ဆိုးသော အဆင်းသဏ္ဍာန်ကိုရင်း၊ သွားရေးလာရေး၌ရင်း၊ ပြုမူဆောင်ရွက် လုပ်ကိုင်ရသော ကိစ္စတို့မှာရင်း၊ ကြည်လင်ပြတ်သားစွာ မြင်နိုင်ရန်အတွက် အလွန်လျှင် အရေးကြီးသော အလင်းရောင်သည် လောကသူသားတို့အဘို့ မရှိလျှင် မဖြစ်သော အရာဝတ္ထု ဟူ၍ လူတိုင်းပင် သိကြသည်၊ ဤလောကမှာ ရှိသော အလင်းရောင်တို့အနက် လ၏အရောင်၊ နေ၏အရောင်၊ မီး၏အရောင်တို့ရှိကြသည်၊ ဤအရောင်တို့ကား လူသားတို့၏ မံသစက္ခုဟု ဆိုအပ်သော အသွေးအသားဖြင့် ဖွဲ့စည်းထားအပ်သည့် ရိုးရိုးမျက်စိဖြင့် မြင်နိုင်တွေ့နိုင်ကြသည်၊ထိုအရောင်တို့၏ ထိတွေ့မှုကို အသွေးအသားဖြင့် ဖွဲ့စည်းထားအပ်သော ခန္ဓာကိုယ်က ခံစားနိုင် စွမ်း ရှိ သည်၊ ထို့ကြောင့်သာလျှင် လ၏အရောင်က အေးမြသည် ဟူ၍ရင်း၊ နေ၏အရောင်၊ မီး၏အလောင်က ပူသည်ဟူ၍ရင်း သိကြရခြင်းဖြစ်၏။

ဤ လရောင်၊ နေရောင်၊ မီးရောင်တို့ကား လူသားတို့ကို များစွာ အကူအညီ အထောက်အပံ့ ဖြစ်စေသည်၊ ဤ အရောင်တို့၏ ကြည်သင်ပြတ်သားသော အလင်းစွမ်းအားသည် လူတို့၏အသက်မွေးမှုအတွက် သွားလာလုပ်ကိုင်ရေး၊ ကျန်းမာရေးတို့မှာ များစွာ အသုံးဝင်လေသည်။

နေရောင်တောင်းမဲ့သည့် ညအချိန်၊ လရောင်ကင်းမဲ့သည့်လမိုက်ရက်ညများမှာ မီး၏အရောင်က လူတို့အား မြင်စေနိုင်သည်၊ မီး၏အရောင်က လင်းသည် ဆိုသော်သည်း အသုံးပြုသည့်နေရာမှာသာ အလင်းရောင်ရှိ၍ အသုံးမပြုသည့်နေရာမှာ မှောင်၏၊ နေရောင် လရောင်တို့ကမူ အသုံးပြုသည် ဖြစ်စေ၊ အသုံးမပြုသည် ဖြစ်စေ၊ ညီမျှသော အလင်းရောင်ကို ပေး၏။

သို့သော် ဤနေရောင် လရောင် မီးရောင်တို့က လူကိုယ်ခန္ဓာ၏ အပြင်အပ ပတ်ဝန်းကျင်ကိုသာ အလင်းရောင် ပေးနိုင်စွမ်း ရှိ၏၊ လူသားတို့၏ အဇ္ဈတ္တသန္တာန်ဟု ဆိုအပ်သော အတွင်းစိတ် အသိဉာဏ်ကိုကား ကြည်လင်ပြတ်သားအောင် အကောင်းအဆိုးကို ခွဲခြား သိမြင်နိုင်မည့် အလင်းရောင်ကိုကား ပေးနိုင်စွမ်း မရှိချေ။

နေရောင် လရောင် မီးရောင်တို့ ပေးသည့် အလင်းရောင်ကား အပြင်အပကိုသာ သိနိုင် မြင်နိုင်စွမ်း ရှိသည်။ ထို အရောင်တို့ ကင်းမဲ့နေချိန် ဥပမာကား နေဝင်ပြီးသည့် လမိုက်ရက်ဖြစ်သော ညဝယ်၊ မီးအလင်းရောင်ကလည်း မရှိသည့်အခါ အမိုက်မှောင် အတိ ဖုံးလွှမ်းနေမည် ဖြစ်၏၊ ထိုသို့ မှောင်နေသော်လည်း လူသားတို့အတွ် လောက သံသရာ နစ်မွန်းစေမည့် အကြောင်းဟူ၍ ဖြစ်ပေါ်လာဘွယ် မရှိချေ၊ မှောင်နေသည့်အတွက် အပြင် အပသို့ အလည်အပတ် မသွားရရုံ လုပ်ကိုင်ဆောင်ရွက်ဘွယ်ကို ရပ်ဆိုင်းထားရရုံ၊ စာမဘတ်ရရုံသာ ရှိချေမည်၊ ဤကိစ္စတွေကို နေရောင် လရောင် မီးရောင်တို့ ပြန်ပေါ်လာသည့်အခါ စိတ်အေးချမ်းစွာ ဆောင်ရွက် လုပ်ကိုင်နိုင်ပေမည်။

လူတို့၏ အတွင်းစိတ်သည် အလင်းရောင် ကင်းမဲ့စွာ မှောင်မိုက်နေသည်ကို ကြည်လင် ပြတ်သားစွာ မြင်နိုင်အောင် ပေးနိုင်သည့် အလင်းရောင်ကား နေရောင်၊ လရောင်၊ မီးရောင်တို့ထက်

အဆများစွာ သာလွန်၍ တန်ခိုးစွမ်းအင် ကြီးမားသော ပညာ အလင်းရောင်ပင် ဖြစ်ပေသည်။ နေရောင်၊ လရောင်၊ မီးရောင်ကို မှီ၍ လူတို့ပြုလုပ်ဆောင်ရွက်နေသမျှ အားလုံးသည် စိတ်၏ အလို ဆန္ဒအတိုင်း ပြုမူပြောဆို လုပ်ကိုင်နေရခြင်း ဖြစ်၏၊ ထို့ကြောင့် စိတ်သည် အမှားအမှန် ဝေဖန် ခွဲခြားနိုင်မည့် ပညာဉာဏ် ရှိဘို့ များစွာ အရေးကြီးလေသည်၊ မည်မျှ မှောင်မိုက်သည့် အချိန် အခါ ဖြစ်စေ၊ အတွင်းစိတ် အသိဉာဏ်နှင့် ပြည့်စုံသူသည် အရာ ခပ်သိမ်းကို ပြုသင့် မပြုသင့် ချင့်ချိန် ဝေဖန်နိုင်သော လောကီ လောကုတ္တရာမှာ ကျေးဇူးရှိ ကျေးဇူးမဲ့ အမှုများကို သိနိုင် မြင်နိုင်သော ပညာဉာဏ် ရှိသည် ဖြစ်၍ ထိုသူအဘို့ အစဉ်အမြဲ အလင်းရောင် ရှိနေသည် မည်၏။

အကြင်သူသည် မည်မျှပင် ကြည်လင်ပြတ်သားသော လရောင် နေရောင်၊ မီးရောင်ထဲမှာ နေစေကာမူ ဆင်ခြင်တိုင်းဆနိုင်သော ပညာဉာဏ် ကင်းမဲ့၍ လောကအရေး သံသရာပါ ဆုံးရှုံးပျက်စီး စေသော အမှုများ ပြုလုပ်နေလျှင် ထိုသူအဘို့ အလင်းရောင် ကင်းမဲ့သော မှောင်မိုက်သော နေရာမှာ နေသည် မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် အာဘာသုတ် ဒေသနာ ပဘာသုတ် ဒေသနာ၊ အာလောကသုတ်ဒေသနာ၊ ဩဘာသသုတ် ဒေသနာ၊ ပဇ္ဇောသုတ် ဒေသနာ စသည်များ၌ ထွန်းလင်း တောက်ပသော ရောင်ခြည်ရောင်လျှံလေးမျိုး ရှိ၏၊ ၎င်းတို့ကား နေရောင်လျှံ၊ လရောင်လျှံ၊ မီးရောင်လျှံ၊ ပညာရောင်လျှံတို့ သည် ဤရောင်လျှံလေးမျိုးတွင် အသိဉာဏ် ပညာရောင်လျှံ သည် အလင်းဆုံး အမြတ်ဆုံး ပေတည်းဟု ဟောကြားတော် မူခဲ့ပေသည်။

နေရောင်၊ လရောင်၊ မီးရောင်ထက် သာလွန်၍ ထွန်းလင်း

တောက်ပသော ပညာ အရောင်သည် လူတိုင်းမှာ ရှိပါလျှင် ဤလောက၌ မဖြစ်သင့်သော အမှားများ ကွယ်ပျောက်မည် ဖြစ်ပေသတည်း။

× × ×

(၂၃-၃-၇၁)

## ပတ္တကမ္မဒေသနာ

ကာမဘုံ၌ဖြစ်ကုန်သော ပုထုဇဉ်လူသားဟူသမျှသည် နှစ်သက် မြတ်နိုးဘွယ်သော စည်းစိမ်ဥစ္စာကိုငှင်း၊ ဆွေမျိုး မိတ်သင်္ဂဟနှင့် အခြွေအရံ အသိုင်းအဝိုင်းကိုငှင်း၊ အသက်ရှည်လိုခြင်းသည်ငှင်း၊ ကောင်းသော ထမလွန်ဘဝသို့ လားရန်ကိုသော်ငှင်း လူတိုင်းပင် တောင့်တကြသည်။ မြတ်နိုးကြသည်၊ မည်သူသည် အတီးကျွန် ဘဝဖြင့် ဆင်းရဲမွဲတေကာ အသက်တိုချင်ပါမည်နည်း၊ သေပြီး သည့်နောက် အဂတိဘုံဘဝသို့ မည်သူသွားချင်မည်နည်း၊ ဤသို့ စည်းစိမ်ဥစ္စာသည်ငှင်း၊ အခြွေအရံသည်ငှင်း၊ ရှည်သော အသက် သည်ငှင်း၊ ကောင်းသောသုဂတိဘုံဘဝကိုငှင်း၊ မြတ်နိုးကြ မက် မောကြပါလျှင် ဤအကျိုးတရားတို့ကိုရယူပိုင်ဆိုင်ရန် အကြောင်း တရားတို့သည်ရှိ၏။

ဤအကျိုးတရား၊ အကြောင်းတရားနှင့် ပတ်သက်၍ မြတ်စွာ ဘုရားသခင်သည် ပတ္တကမ္မသုတ်ဒေသနာတော်၌ ဤသို့ဟောကြား တော်မူခဲ့လေသည်။

အခါတပါး မြတ်စွာဘုရားထံသို့ ချဉ်းကပ် ရှိခိုးလာသော အနာထပိဏ် သူဌေးအား မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူသည်။

"ဒါယကာ လောက၌ နှစ်သက်မြတ်နိုးအပ်သည်လည်းဖြစ်၍ ခဲယဉ်းစွာဖြင့် ရအပ်သောတရားတို့သည် လေးမျိုးရှိ၏။

၁။ တရားနှင့်အညီ အပြစ်ကင်းသော စည်းစိမ် ဥစ္စာတို့သည် ငါ့အား ဖြစ်ပေါ် ရောက်ရှိလာစေသတည်း ဟူ၍၎င်း။

၂။ အပြစ်ကင်းသော ထိုစည်းစိမ်ဥစ္စာကိုရ၍ ဆွေမျိုးမိတ်သင်္ဂဟ အခြွေအရံတို့သည် ငါ့အားရောက်လာပါစေသတည်းဟူ၍၎င်း။

၃။ စည်းစိမ်ဥစ္စာ အခြွေအရံနှင့်ပြည့်စုံသော ငါ့အား ရှည်မြင့်သော အသက် ဖြစ်ပါစေသတည်းဟူ၍၎င်း။

၄။ သေလွန်ပြီးသောအခါ၌ ကောင်းသော သုဂတိဘုံဘဝသို့ ရောက်ပါစေသတည်း ဟူ၍၎င်း။

တောင့်တခြင်း၊ မြတ်နိုးနှစ်သက်ခြင်း၊ စိတ်ဆန္ဒဖြင့် ခဲယဉ်းစွာရအပ်သော ဤတရား လေးမျိုးရှိ၏။ ထိုတရားလေးပါးကို ရရှိရန် ပြည့်စုံရန်မှာ စိတ်ဆန္ဒရှိနေရုံမျှ၊တောင့်တနေရုံမျှဖြင့် မဖြစ်နိုင်ချေ။ ပြည့်စုံရန်မှာ ကြိုးစားအားထုတ်ရမည့် အကြောင်းတရားလေးမျိုး ရှိနေချေသည်။ ဤအကြောင်းတရား လေးမျိုးကား—

၁။ သဒ္ဓါနှင့်ပြည့်စုံခြင်း။ ။ဤစကား၏အဓိပ္ပါယ်ကား ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူသော လောကအားလုံးကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးကို သိတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော စသည့် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို အကြွင်းမဲ့ ယုံကြည်၏၊ ဒါယကာသူဌေးကြီး ဤသည်ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

၂။ သီလနှင့်ပြည့်စုံခြင်း။ ။ဒါယကာ ဤသာသနာတော်၌ အရိယာတို့၏ တပည့်ဖြစ်သော လူတော်ကောင်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်၏၊ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူမပေးသောဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်၌ လွဲမှားစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်ကို သီလနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

၃။ စွန့်ကြဲ ခြင်း နှင့် ပြည့် စုံ ခြင်း။ ။ဤသာသနာတော်၌ အရိယာ တပည့်သည် ဝန်တိုပိတ်ပင် တွန့်ဆုတ်ခြင်းမှ ကင်းစွာ ပေးကမ်းစွန့်ကြဲရာ၌ ဖြူစင်သော စိတ်စေတနာဖြင့် ပြည့်စုံ၏၊ ဒါယကာ ဤသည်ကို စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

၄။ ပညာနှင့်ပြည့်စုံခြင်း။ ။ဝန်တိုမိစ္ဆာစိတ်၊ တပ်မက်မောခြင်း အားကြီးသော လောဘစိတ်တို့ ကင်းကွာသည်၊ သူတပါး ပျက်စီး စေလိုသောစိတ်မရှိဘဲ မပြုသင့်သော အမှုကိုပြု၍ ဆုတ်ယုတ် ပျက်စီးစေခြင်းမှလည်း ရှောင်ကြဉ်၏၊ ပြုသင့်သောအမှုကို မပြုမလုပ်၊ ချွတ်ယွင်းခြင်းကြောင့် ဆုတ်ယုတ် ပျက်စီးစေခြင်းမှလည်း ရှောင်ကြဉ်၏။ စိတ်၏ ပြန့်လွင့်ခြင်းမှ ကင်းကွာသည်။ အမှန်ကိုရင်း၊ အမှားကိုရင်း မသိမမြင်နိုင်ဘဲ နှောင်တဖန် ပူပင်စေတတ်သော အမှုမျိုးကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သည်။ ဤသို့ အဘိဇ္ဈာ- ဗျာပါဒ- ဝိစိကိစ္ဆာ-ကုက္ကုစ္စ၊ ဥဒ္ဓစ္စ အစရှိသော စိတ်၏ ညစ်ညမ်းခြင်း အကုသိုလ်များစေခြင်း အကြောင်းတို့ကိုပယ်သည်။ ဒါယကာ ဤသည်ကို ပညာနှင့်ပြည့်စုံခြင်း''ဟု ဆိုအပ်၏။

ဤအကြောင်း လေးမျိုးတို့သည် ဆိုခဲ့ပြီးသော အကျိုးလေးမျိုးတို့ ရရှိအပ်သည့် အရင်းခံများ ပေတည်းဟု မြတ်စွာ ဘုရားဟောကြားတော်မူခဲ့၏။

ဤအကြောင်းလေးမျိုးကို ကြိုးစား အားထုတ်၍ လိုက်နာကြမည် ဆိုပါလျှင် တောင့်တမြတ်နိုးအပ်သည့် ခဲယဉ်းစွာရအပ်သည့် အကျိုးတရားလေးပါး ရမည့်မရမည်ကိုရင်း၊ တမလွန်ဘဝအတွက် လားရာဂတိ ကောင်းမည့်မကောင်းမည်ကိုရင်း၊ သံသရာအနေးမှာ အကျိုးကျေးဇူး များမည့်မများမည်ကိုရင်း ထားဘိဦး၊ ယခုမျက်မှောက်လူ့လောကမှာပင် လူသားအချင်းချင်းတို့တဦးကို တဦး ငဲ့ညှာ ကြင်နာသော မေတ္တာကရုဏာစိတ် ပွား၍ လူ့လောကကြီး သာယာအေးချမ်းမည့် လက်ငင်း အကျိုးကိုကား မလွဲမသွေ ခံစားရမည်ဖြစ်ပေသတည်း။

× × ×

(၃၀-၃-၇၁)

နတ် – ဗြဟ္မာ

လူတို့သည် မိမိတို့စိတ်စွဲလမ်းရာကို များစွာ ယုံကြည်လေ့ရှိကြသည်၊ ထိုသို့ယုံကြည်ရာ၌ အချို့သောသူတို့သည် မိမိတို့ကိုယ်ပိုင် စဉ်းစားဉာဏ်ဖြင့် အမှားအမှန် ဝေဖန်၍ မှန်ကန်သည်ဖြစ်မှ အဟုတ်တကယ် အကျိုးကျေးဇူး ရှိသည်ဖြစ်မှ ယုံကြည်ကြသည်၊ အချို့သူတို့ကား ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အစဉ်အလာ ထုံးတမ်းဓလေ့အဖြစ် လိုက်နာကျင့်သုံးအပ်သည်ဟူသော စွဲလမ်းမှုဖြင့် ယုံကြည်ကြသည်၊ အချို့ သူတို့ကား မိမိတို့ကိုယ်တိုင် အမှားအမှန် မဝေဘန်နိုင်ဘဲ အာဝဇ္ဇန်းရှင်ရှင်ဖြင့် လိမ်လည်လှည့်ဖျား ပြောဆိုနားသွင်းသူတို့ စကားကို ဟုတ်နိုးနိုး ထင်၍ စွဲလမ်း ယုံကြည်ကြသည်၊ ဤသို့ မိမိတို့ စိတ်ဆန္ဒရာကို အယူသည်းစွာ ယုံကြည်နေကြသော အကြောင်းအမျိုးမျိုးတို့တွင်သုံးဆယ့်ခုနစ်မင်းနတ်ဟူသည်ကိုစွဲစွဲလမ်းလမ်းယုံကြည်ကိုးကွယ်သူများ ကမ္ဘာလောကကြီးကို ဖန်ဆင်းသူ ပုဂ္ဂိုလ်များ

ဟူ၍ ဗြဟ္မာကြီးတွေကို စွဲလမ်းယုံကြည် ကိုးကွယ်နေသူများကို ယနေ့ မျက်မှောက် လူ့လောကမှာ အထင်အရှားပင် တွေ့မြင်နိုင်ကြပေသည်။

ဤသို့ သုံးဆယ့်ခုနစ်မင်း နတ်တွေ ဗြဟ္မာတွေကို စွဲလမ်း ယုံကြည်၍ နတ်ကန္နားပေးပွဲတင်တာ ငွေအကုန်ခံ ကိုးကွယ်နေသူများအတို့ မည်ကဲ့သို့သော အကျိုးကျေးဇူးတွေ ခံစားနေရသည်ကိုကား ကာယကံရှင်များ ကိုယ်တိုင်သာ သိရှိနိုင်ကြပေမည်၊ ဗုဒ္ဓရှင်တော်ဘုရားကို အကြွင်းမဲ့ သက်ဝင် ယုံကြည်၍ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို လိုက်နာ ကျင့်သုံးသူ၊ ဗုဒ္ဓဘာသာဝင် စစ်စစ်တို့ ယုံကြည် ကိုးကွယ်ထိုက် သော နတ်ဗြဟ္မာများကား သုံးဆယ့်ခုနစ်မင်း နတ်လည်းမဟုတ် ကမ္ဘာ လောကကြီးကို ဖန်ဆင်းသော ဗြဟ္မာကြီး များလည်း မဟုတ်ချေ၊ ထိုသို့ဖြစ်လျှင် မည်ကဲ့သို့သော ဗြဟ္မာများ ဖြစ်ပါ သနည်း။

ကိုးကွယ်သည်၊ ပူဇော်သည်၊ လှူဒါန်းသည်၊ လုပ်ကျွေး ပြုစု သည် ဆိုရာမှာ ထို ကိုးကွယ်၊ ပူဇော်၊ လှူဒါန်း၊ လုပ်ကျွေး ပြုစု သည့်အတွက် ဥစ္စာပစ္စည်းဟာမူ ကုန်ကျရမည်သာ ဖြစ်ပေသည်၊ ထိုသို့ ကုန်ကျလျှင် ပစ္စုပ္ပန်ရော၊ သံသရာ၂ါ အကျိုး ကျေးဇူး ဖြစ်ထွန်းမည့် ကုန်ကျမှုမျိုးသာလျှင် ကုန်ကျရကျိုး နပ်ပေမည်၊ အကျိုးကျေးဇူး မရှိသည့် ကုန်ကျမှုမျိုးကို ပြုလုပ်နေလျှင် လွဲမှား သောနည်းဖြင့် ဥစ္စာကို ဖြုန်းတီးနေခြင်းသာ ဖြစ်သည်ဟု ယူဆ ရပေသည်။

ပစ္စည်းဥစ္စာ အကုန်ခံရကျိုးနပ်အောင် အငြင်ပန်းခံရကျိုးနပ် အောင် အမှန်ဘကယ် ကိုးကွယ်ပူဇော် လှူဒါန်းထိုက်သော လုပ် ကျွေး ပြုစုခြင်းငှာ ထိုက်သော နတ်အစစ် ဗြဟ္မာအစစ်များကား

အနန္တငါးပါးအပါအဝင် ကျေးဇူးရှင် မိခင် ဘခင်တို့သာ ဖြစ်ပေသည်၊ မိခင် ဘခင်အား နတ်ဟူ၍ရင်း၊ ဗြဟ္မာဟူ၍ရင်းအသိအမှတ်ပြုရမည်ဖြစ်ကြောင်းကို မြတ်စွာဘုရား သခင်သည် ဗြဟ္မာသုတ်ဒေသနာတော်မှာ ဤသို့သော ဟောကြားတော်မူခဲ့ပါသည်။

"မိမိအိမ်၌ အမိ အဘကို ပူဇော်သော သူသည် ဗြဟ္မာကိုပူဇော်သည်မည်၏၊ လက်ဦးဆရာကို ပူဇော်သည်မည်၏၊ အိမ်ဦးနတ်ကို ပူဇော်သည်မည်၏၊ အဘယ်ကြောင့်ဆိုသော် ဗြဟ္မာ၊ လက်ဦးဆရာ၊ အိမ်ဦးနတ် ဆိုသည်မှာ အမိအဘတို့အား ထိုက်သော အမည်သာဖြစ်၏၊ ဝေးကွာသော ခရီးမှ ခက်ခဲပင်ပန်းစွာဆောင်ယူလာသော ရှားပါးသည့် ပစ္စည်းဖြစ်စေကာမူ မိဘတို့အား ပေးလှူ ပူဇော်ထိုက်၏၊ ထို့ကြောင့် အဝေးမှ ဆောင်၍လှူအပ်သော အလှူခံဟူသော အမည်သည်လည်း မိဘတို့၏ အမည်သာဘည်း၊ နတ်အစစ် ဗြဟ္မာအစစ် ဖြစ်ကုန်သော လက်ဦးဆရာမည်သော အဝေးမှဆောင်၍ လှူအပ်သော အလှူခံမည်သောမိဘအား ပူဇော်လုပ်ကျွေး ပြုစုသောသူသည် ယခုဘဝမှာပင်ပညာရှိ သူတော်ကောင်း၏ ချီးမွမ်းခြင်း ခံရသည်၊ ထိုသားသမီးသည်၊ တမလွန် ဘဝ၌လည်း ကောင်းသော သုဂတိသို့ လားရလေသည်။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မိဘတို့၏ ဂုဏ်ကျေးဇူး မည်မျှကြီးမားသည်ကို လူပင်စစ်ဖြစ်သူတိုင်းသိပြီးဖြစ်၍ ရေးသားဖော်ပြရန် မလိုတော့ပေ။

ပူဇော်လှူဒါန်း ပေးကမ်း ပြုစုလုပ်ကျွေးရာ၌ အပူဇော်ခံသူသည် မိမိအား ကျေးဇူးပြုထားဘူးသူ သို့တည်းမဟုတ် မိမိအားမည်သည့် ကျေးဇူးမှ မပြုဘူးစေကာမူ ထိုလူကို ပေးလှူ ပူဇော်ခြင်းဖြင့် လောကရော သံသရာပါ ကောင်းကျိုးချမ်းသာ ဖြစ်စေ

မည့်သူ စသည်ဖြင့် ဉာဏ်နှင့်ယှဉ်၍ စဉ်းစားဆုံးဖြတ်ပြီးမှ ပေးလှူပူဇော်ရသည်၊ ဘွာဖန်တုံ ငါ့ပစ္စည်းနဲ့ငါ ပေးလှူပူဇော်နေခြင်းသာဖြစ်၍ လောကတွေ၊ သံသရာတွေ၊ အကျိုးကျေးဇူးတွေကို စဉ်းစားစရာမလို ငါကြည်ညိုလျှင် ပြီးစတမ်းဟူသော သဘောမျိုးကိုထား၍ ဘေးပတ်ဝန်းကျင်လူအများ အနှောင့်အရှက် ဖြစ်စေမည့် စိတ်ဆင်းရဲစေမည့် ပူဇော်ခြင်းမျိုးကိုလည်း မပြုအပ်ပေ၊ ငွေကုန် လူပန်း ပတ်ဝန်းကျင် စိတ်မချမ်းသာမှုဖြစ်စေ၍ လောကရော သံသရာပါ အကျိုးမဲ့ဖြစ်စေသော ပူဇော်ခြင်းမျိုးကိုပြုလုပ်မည့်အစား မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဗြဟ္မာအစစ် အိမ်ဦးနတ်အစစ်ဖြစ်သော မိဘတို့ကိုသာလျှင် ပူဇော်လုပ်ကျွေးခြင်းဖြင့် နတ်ရွာနိဗ္ဗာန်သို့ရောက်နိုင်ကြပါစေသတည်း။

× × ×

(၆.၄.၇၁)

## မိုးဥပမာ

ဤကမ္ဘာပေါ်၌ တိုင်းပြည် အသီးသီး ရှိသကဲ့သို့ လူမျိုးအသီးသီးရှိကြသည်၊ ထိုလူများသည် မိမိတို့ သက်ဆိုင်ရာ တိုင်းပြည်အတွက်သော်၎င်း၊ မိမိတို့လူမျိုးအတွက်သော်၎င်း၊ သံယောဇဉ်ရှိကြသူများချည်းဖြစ်ကြသည်၊ မိမိတို့တိုင်းပြည်၊ မိမိတို့တိုင်းရင်းသားအတွက် အရေးကြုံလာလျှင် မိမိတို့စွမ်းဆောင်နိုင်သည့်ဘက်က တာဝန်ယူ ထမ်းဆောင်ကြသည်သာ ဖြစ်သည်၊ ထိုသို့ တာဝန်ယူထမ်းဆောင်ရာ၌ စိတ်သဘောထား ပြုမူလုပ်ကိုင်ပုံတို့မှာ တဦးနှင့်တဦး မတူညီကြချေ။

အချို့သောသူတို့သည် အပြောနှင့်အလုပ် မညီသူများ ရှိသကဲ့သို့ အချို့သော သူတို့ကား အပြောနှင့် အလုပ် ညီကြသည်၊

ယခုခေတ် ဝေါဟာရစကားနှင့်ဆိုသော် 'လူပြောမသန် လူသန်မပြော' ဟူ၏။

ဤတွင် လူတွေကို မိုးနှင့်ဥပမာပြု ပြောဆိုလေ့ ရှိကြ၏၊ လေလုံးမိုးလုံး ထွားနေသည်ဟူ၍ငှင်း၊ မရွာဘဲ လေသံမိုးသံပေးနေသည်ဟူ၍ငှင်း ပြောလေ့ ဥပမာပေးလေ့ရှိကြသည်၊လူတွေ၏ ပြောဟောပုံပြုမူဆောင်ရွက်ပုံတွေကို မိုးသံ လေသံဖြင့် ဥပမာနှိုင်းကာ ပြောနေကြသော စကားသည် ယခုခေတ်မှ လူတွေတီထွင်နှိုင်းယှဉ်ပြီး ပြောသော စကားမဟုတ်ပေ၊ လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် အထက်ဝယ် သုံးလူ့ထွဋ်ထား သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ရဟန်း အပေါင်းတို့အား လူကိုမိုးသံလေသံဖြင့် ဥပမာပြုသော ပထမ ဝလာဟကသုတ်ဒေသနာ၊ ဒုတိယ ဝလာဟကသုတ်ဒေသနာတော်ကို ဤသို့ ဟောကြားတော်မူခဲ့လေသည်။

"မိုးသည် လေးမျိုးရှိ၏၊ ချုန်းသာ ချုန်း၍မရွာဘဲ နေသောမိုး၊ ရွာသာရွာ၍ မချုန်းသောမိုး၊ ချုန်းလည်းမချုန်း ရွာလည်းမရွာသောမိုး၊ ချုန်းလည်းချုန်း ရွာလည်းရွာသောမိုး၊ ဤသို့ မိုးသည်လေးမျိုးရှိသကဲ့သို့ လူသည်လည်း လေးမျိုးရှိ၏၊

၁။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်ပြောသာပြော၍ အလုပ်ကိုမလုပ်တတ်ခြင်း၊ တရားဒေသနာကိုကား သင်ကြား၏၊ သို့သော် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုမကျင့်တတ်၊ ဤပုဂ္ဂိုလ်မျိုးကား ချုန်းသာ ချုန်း၍ မိုးမရွာသော ပုဂ္ဂိုလ်မည်၏။

၂။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်အလုပ်ကိုကား ဘတ်ကျွမ်းစွာ ပြုလုပ်တတ်၏၊ စကားကိုကား မပြောတတ်ချေ၊ တရားဒေသနာတော်ကို သင်ကြားခြင်း မရှိသော်လည်း ဆင်းရဲ

ဒုက္ခကို အမှန်အတိုင်းသိ၏၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကို သိ၏၊ ဤပုဂ္ဂိုလ်မျိုးကား မိုးသာရွာသည် မိုးချုန်းသံမပေးသော ပုဂ္ဂိုလ်မည်၏။

၃။ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် ပြောလည်း မပြောတတ်၊ အလုပ်လည်း မလုပ်တတ်၊ တရားဒေသနာကို သင်လည်းမသင်၊ ဆင်းရဲကြောင်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုလည်း မသိမမြင်၊ ဤပုဂ္ဂိုလ်မျိုးကား မိုးလည်းမရွာ မိုးသံချုန်းသံလည်း မပေးသော ပုဂ္ဂိုလ်မည်၏။

၄။ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် ပြောလည်း ပြောတတ်သည်၊ အလုပ်ကိုလည်း လုပ်တတ်သည်၊ တရားဒေသနာတော်ကို သင်လည်းသင်သည်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သိလည်းသိသည်။ ဤပုဂ္ဂိုလ်မျိုးကား မိုးလည်းရွာ မိုးလည်းချုန်းသော ပုဂ္ဂိုလ်မည်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် လူတို့အား မိုးသံ လေသံဖြင့် ဥပမာနှိုင်းယှဉ်ကာ ဟောကြားတော်မူခဲ့သည်။

မိုးရွာတော့မည်ဟု မဲမှောင်သော မိုးတိမ်တောင်တို့ တက်လာပြီးလျှင် ရွာအံ့ဟူသော အထိမ်းအမှတ်ဖြစ် မိုးချုန်းသံပေါ်လာတတ်၏၊ ထိုသို့မိုးချုန်းတတ်သည်မှာ အများအားဖြင့် မိုးဦးလေဦးကျ အချိန် မိုးကုန်လုအချိန်မှာသာ ဖြစ်လေ့ရှိသည်၊ နွေဥတုရာသီ တချိန်လုံး ပူပြင်း ခြောက်သွေ့သည့်ဒဏ်၊ ရေရှားပါးသည့်ဒဏ်ကိုခံခဲ့ကြရသော လူတို့သည် မိုးရွာတော့မည့် ရှေ့ပြေးအထိမ်းအမှတ်ဖြစ်သည့် မိုးချုန်းသံတို့ ကြားသိုက်ရသောအခါ များစွာ ဝမ်းသာလေ့ရှိကြသည်၊ နွေရာသီ ပူပြင်းသည့် ဒဏ်မှ သက်သာရမည်ကိုရင်း၊ ညှိုးနွမ်း ခြောက်သွေ့ နေသော သစ်ပင် ပန်းပင်တို့ လန်းဆန်းလာမည်ကိုရင်း၊ ကောက်ပဲသီးနှံ စိုက်ပျိုး

သဘာဝအတိုင်း တည်ရှိနေသော ခန္ဓာကိုယ်ကို စိတ်တိုင်းမကျ ဖြစ်နေသူ အကြောင် ယောကျ်ား၊ အကြောင် မိန်းမတို့သည်၎င်း၊ မက် မောဖွယ်ကောင်းသော ကြော်ငြာတွေကို အဟုတ်တကဲ ယုံစား ကာ ထိုဆေးဝါးတွေကို ရဲရဲရင့်ရင့် မှီဝဲ သုံးဆောင်၏၊ ထိုသို့ သုံးဆောင်သူများအနက် အဆင်ပြေသူဟူ၍ နည်းပါးလှသည်၊ များစွာသောသူတို့အဖို့ကား ထိုဆေးတွေ သုံးစွဲမိခြင်းဖြင့် သဘာဝအတိုင်းဖြစ် တည်နေသော ခန္ဓာကိုယ်မှ အစိတ်အပိုင်း အချို့ ပျက်စီးသွားခြင်းဖြင့် မိမိတို့အမှားကို ယူကျုံးမရ တသ နွှမြောကာ၊ မျက်ရည်ကျရသူများကို မြင်တွေ့ရဘူးပါသည်။

ဥပမာ သို့သော်နည်းနေကျဲနေသောဆံပင်ကို ကောင်းမွန်လာ စေရန် အချို့သော ဆေးကြော်ငြာတွေကို အားကိုးပြီး သုံးစွဲ လိုက်ပါမှ ဦးခေါင်းတခုလုံး ပြောင်တလင်းဖြစ်အောင် ဆံပင် ကျွတ်သွားသူများ၊ ဇရာဖိစီး အသက်ကြီး၍ တွန့်လိမ်လာသော ပါးရေ နားရေကို မြင်ရသောအခါ မိမိ၏ အသက်အရွယ်ကို ထေ့ရားမကျဘဲ လှပနုပျိုလိုသော ဆန္ဒဖြင့် ကြော်ငြာကောင်းလှ သော ဆေးတွေကို သုံးစွဲခြင်းဖြင့် မျက်နှာမှာ အနာတွေဖြစ်သွ မျက်လုံးကို ဒုက္ခပေးခြင်း ခံရသူတွေသည်း ရှိသည်။

အချို့သော ပုဂ္ဂိုလ်များသည် မည်သည့် ဆေးဝါးကိုမှ မသုံးစွဲသော်ငြားလည်း ကြီးရင့်သော အသက်အရွယ်နှင့် မလိုက် အောင် ကုသိုလ်က အကျိုးပေးအလျောက် အရွယ်တင် နုပျိုလှပ နေသူများ ရှိသည်၊ ထိုကဲ့သို့သော သူများကို မြင်ရသောအခါ ငါ့ထက် အသက်အရွယ်ကြီးပါလျက် နုပျို လှပနေသည်၊ အရွယ် တင်သည်၊ ငါသည် ထိုကဲ့သို့ဖြစ်မှုကောင်းလေစွ၊ ငါ့အဘို့ အဘယ် ကြောင့် ဤသို့ အိုမင်းရင့်ရော်ရသနည်း၊ အရွယ်ကျဆုံးရသနည်း

ဟူသော မခါတင်ကဲ ဘောင့်တချက်ကြီးဖြင့် တရားမမြင်နိုင်ဘဲ စိတ်သင်းရဲနေသူများလည်း ရှိနေတတ်သည်။

ဤတွင် မီးတိုင်ဆွယ်ဘပါးကို ကုန်ငြိမ်းရာ အမြိုက်နိဗ္ဗာန်ကို မရသေးမီ အချိန်ဝယ် ကာမဆယ့်တစ်ဘုံ၌ ကျင်လည်ကြရသည့် သတ္တဝါ ဟူသမျှ ခံစားကြရမည့် ဖြစ်သော တရားလေးမျိုးကို မည်သည့် ပုဂ္ဂိုလ်မှ တားဆီးနိုင်၊ တာဝန်ခံနိုင်သူ ဟူ၍ မရှိချေ၊ ဟူ၍ ဤတရားလေးမျိုးနှင့်ပတ်သက်ပြီး မြတ်စွာဘုရားသည် ပါဠိ တောဂသုတ် ဒေသနာတော်၌ ဤသို့ ဟောကြားတော် မူခဲ့ပါ သည်။

ဤလောက၌ မည်သည့် ပုဂ္ဂိုလ်ဖြစ်စေ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ရှေးဘာက မိမိ ပြုခဲ့သော ကံ၏အကျိုးပေးကိုမဖြစ်ရန် တားမြစ်ခြင်း တည်းဟူသော တရားလေးမျိုးကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် တန်ခိုးရှင်မှ တားမြစ်နိုင်စွမ်းမရှိ မဖြစ်စေရဟု တာဝန်ခံ နိုင်သူ မရှိချေဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် မိမိခန္ဓာကိုယ် ချို့ယွင်းလာလျှင် ဆေးဝါးကို မှီဝဲရာ၌ သင့်မသင့် ဘော်မတော်ကို စဉ်းစားချင့်ချိန် ဝေဘန်၍ သုံးစွဲသင့်သော ဆေးကိုမှ သုံးစွဲရာသည် မြတ်စွာဘုရား၏ တရား တော်ကိုလည်း ဃက်မလွှတ်ဘဲ ဖော်ပြခဲ့သော တရားလေးမျိုး ကို နှလုံးသွင်း ဆင်ခြင်အပ်လှပေသည်။

× × ×

(၂၀-၄-၇၁)

## ကြည်ပစ်ခြင်း

လူ့လောကကျင့်ဝတ်၌ ဆုံးမခြင်း၊ နာခံခြင်း ဟူ၍ရှိ၏၊ လူ တဦး တယောက်သည် မပြုမှုအပ်သည် များကိုရင်း၊ မလုပ်သင့်

မလုပ်ထိုက်သည်များကိုရင်း၊ မပြော မဆိုအပ်သည်များကိုရင်း၊ ပြုမူ လုပ်ကိုင် ပြောဆိုနေပါလျှင် ထိုသူကို အသက်ကြီး သည် ငယ်သည်ဟု မရွေးချယ်ဘဲ၊ စဉ်းစား မြော်မြင် ပညာရှိသူများက ဆုံးမသွန်သင် တားဆီးအပ်ပေသည်၊ ထိုသို့ဆုံးမ သွန်သင်တား ဆီးသည်ကို ခံရသောသူကလည်း မိမိ၏ အပြုအမူ အလုပ်အကိုင် အပြော အဆိုများသည် လွဲမှားသည်၊ တိမ်းပါး ချွတ်ချော်သည် ကိုပြန်လည် စိစစ်ကာနာခံရသည်၊ ပြုပြင်ရသည်၊ ထိုသို့စောဒနာ မေတ္တာထား၍ ဆိုဆုံးမသည်ကို ခက်ထန် ကြမ်းတန်းသော စိတ် ဖြင့်ရင်း၊ ကြီးမားသော မာနစိတ်ဖြင့်ရင်း၊ အချုပ်အနှောင်ကင်း မဲ့သောဒေါသစိတ်ဖြင့်ရင်း နာခံခြင်းမပြုဘဲ ပြန်လှန် ရန်မူသည့် အလုပ်၊ အရှဲ့တိုက်ဇွတ်တိုးသည့် အလုပ်များသည် လုံးဝမပြုလုပ် ထိုက်ချေ။

စဉ်းစားဉာဏ် ရှိသော လိမ္မာ ယဉ်ကျေးသည့် ဝသီစရိုက်ရှိ သောသူတို့ကား ပညာရှိသတို့ဖြစ်ခဲ့ ဟူသည်နှင့်အညီ တခါတရံ လွဲမှားသော အပြုအမူ အလုပ်အကိုင် အပြောအဆို တို့ရှိသည့် အခါ စိတ်စေတနာ ကောင်းဖြင့် ဆုံးမ တားဆီး သူ၏ ပဲ့ပြင် သွန်သင်ဆုံးမ စကားကိုလိုက်နာ၍ မိမိတို့အမှားကို ပြင်ကြသည်၊ စဉ်းစားဉာဏ် တင်းမဲ့သော ယုတ်ကြမ်းသည့် ဝသီစရိုက် ရှိသူ တို့ကား စိတ် စေတနာကောင်းဖြင့် ပဲ့ပြင်ဆုံးမ သွန်သင်သူကို မကောင်းထင်တတ်ကြသည်၊ ရန်မူခြင်း စိတ်ဆိုးခြင်း အရှဲ့တိုက် ခြင်းစသည့် ဆိုးဝါးရိုင်းပြသော အလုပ်ကို လုပ်ကြသည်။

"မိမိ ထက်ကြီး သူဖြစ်စေ၊ မိမိ ထက်ငယ်သူဖြစ်စေ၊ မိမိအပေါ် စေတနာထား၍ ကောင်းရာ ကောင်းကြောင်း ပြောလျှင် နာခံ ရမည်သာဖြစ်၏၊ ထိုသို့နာခံသည့် လူမျိုးကိုသာ စေတနာမေတ္တာ ထားလိုကြသည်၊ ကူညီစောင့်ရှောက် လိုကြသည်၊ ဆုံးမသွန်သင်

လိုကြသည် မနာခံဘဲ ယုတ်ကြမ်းရိုင်းပြမှုကိုသာ တုံ့ပြန်ဘက်သောသူမျိုးကိုကား မည်သူ ဖေတာနာ ထားနိုင်မည်နည်း၊ မိမိဘာ စေတနာဖြင့် ဆုံးမသည့်အတွက် ရန်တုံ့မူခြင်း၊ စိတ်ဆိုးခြင်း ရိုင်းပြစော်ကားခြင်း၊ စိတ်ဆင်းရဲအောင် ပြုမူခြင်း စသည်တို့ကို မည်သူ လိုလားနှစ်သက်နိုင် ပါမည်နည်း''

ထိုကဲ့သို့ဆိုဆုံးမသည်ကိုမနာခံဘဲ မိုက်ရိုင်းယုတ်မာနေသူများအား ဆိုဆုံးမလိုစိတ် မရှိကြတော့ဘဲ ခန်းခြောက်သော မေတ္တာစေတနာဖြင့် မျက်နှာလွဲသူ လွှဲနေကြသည်၊ လျစ်လျူ ရှုသူက ရှုနေကြသည်၊ထိုသူ၏လွဲမှားမှုကို မသိဟန် မမြင်ဟန် မကြားဟန် ဆောင်နေလိုက်ကြသည်၊ တုံ့ပြန် ဘက်ပြိုင် ပြောဆိုခြင်းမပြုဘဲ ရှောင်တိမ်းကြသည်၊ ထိုအခါ ယုတ်ကြမ်းသော ထိုသူသည် သူ့ကိုယ်သူ အထင်ကြီးလာသည်၊ ငါ ပြောဆိုပြုမူလုပ်သမျှကို မည်သူ ဆန့်ကျင်ဘက် ပြုဝံ့မည်နည်း ငါ့ကို မည်သူကားဆီး ပိတ်ပင်ဝံ့မည်နည်း ငါပြောဆို ပြုမူ လုပ်ကိုင်သမျှ မှန်နေ၍သာ နှုတ်ဆိတ် ငြိမ်သက်စွာ နာခံနေကြရခြင်းသာ ဖြစ်သည်ဟူသော လွဲမှားသည့် ယူဆချက်ဖြင့် နိုင်းချိန်စဉ်းစား ဆင်ခြင်မှုမရှိတော့ဘဲစိတ်ထင်တိုင်းသာပြုမူလေတော့သည် ထိုအခါ အထိန်းအကွပ် မဲ့ပြီဖြစ်သော ထိုသူသည် မှားသည်ထက်မှားကာ သူ့ဘဝအတွက် နစ်မွန်းခြင်းကို မလွဲမသွေ ရောက်တော့မည်ဖြစ်ပေသည်။

ဤသို့ ဆိုဆုံးမရန် ခက်ခဲသူ ဆုံးမခြင်းကို မနာခံသူ တို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ကေသိသု တ်ဒေသနာတော် ၁ယ် ကေသီအမည်ရှိသော မြင်းဆရာအား ဤသို့ ဟောကြားတော်မူခဲ့သည်။

"ကေသီ သင်၏မြင်းတို့ကို အနုနည်း အကြမ်းဖြင့်မည်သို့မှ ဆုံးမသွန်သင်၍ မရလျှင် မည်ကဲ့သို့ပြုသနည်း ဟု မေးတော်မူ၏

ထိုအခါ မြင်းဆရာကေသီက ထိုကဲ့သို့သော ဆုံးမ သင်ကြား၍ မရသော မြင်းရိုင်းကို သတ်ပစ်ပါသည် ဟု လျှောက်၍ အရှင်ဘုရားသည်လည်း အနုနည်း အကြမ်းဖြင့် ဆုံးမ သွန်သင်၍ မရသောသူကို အဘယ်သို့ ပြုပါသနည်းဟု မေးလျှောက်၏ မြတ်စွာဘုရားက ထိုသို့ မနာခံသူကို ငါသတ်ပစ်သည် ဟု မိန့်ကြား၏ အရှင်ဘုရားတို့အား သူ့အသက်သတ်ခြင်းသည် အပ်ပါသလော ဟုကေသီက ပြန်လည်မေးလျှောက်သောအခါ မြတ်စွာဘုရားက ဤသို့ပြန်လည်မိန့်ကြား၏ ငါ၏သတ်ခြင်းကား အသက်ကို သေအောင် သတ်ခြင်းမဟုတ် ထိုသူအား ဆုံးမထိုက်သူဟူ၍ အသိအမှတ်မပြုတော့ဘဲ ပဲကြည့်ထားခြင်း ပညာရှိ သိတင်းသုံးဖော်တို့ကလည်း ပြောဆိုဆုံးမ ပေါင်းသင်းထိုက်သူဟူ၍ အသိအမှတ်မပြုတော့ဘဲ ရှောင်ကြဉ်ထားခြင်း ထိုသူကို ယင်းသို့ အသိအမှတ်မပြု လူရာမသွင်းတော့ခြင်း ဖြစ်သည်ပင် မြတ်စွာဘုရား အဆုံးမတော်၌ သတ်ပစ်လိုက်သည် မည်ပေ၏။

ဤသို့လျှင် ဆိုဆုံးမကို မနာခံဘဲ ရိုင်းပြ ယုတ်ကြမ်းသောသူသည်လူအများက မိမိအား တုပြိုင်ခြင်းမပြု ဆိုဆုံးမခြင်းမပြုသည်ကို ဟုတ်လှပြီဟု အထင်ကြီး နေပါလျှင် မြတ်စွာဘုရား အဆုံးအမတော်၌ သတ်ပစ်ခြင်း ခံရသူမျိုးဖြစ်၍ မိမိဘဝအတွက် အကျိုးမဲ့ခြင်းဖြင့် မှားသည်ထက် မှား နစ်သည်ထက် နစ်မည့်အဖြစ်ကိုတွေးဆ ဆင်ခြင်ကာ မိမိ၏လွဲမှားမှုကို စေတနာမေတ္တာထား၍ ဆိုဆုံးမသော သူ၏စကားကို နာယူလက်ခံ အပ်လှပေသည်။

× × ×

( ၂၀ - ၄ - ၇၁ )

## ဆင်ခြင်အပ်ခြင်း

"ဗူးတရာအပေါက်ကို ပိတ်ဆို့၍ ရနိုင်စွမ်း သည်၊ လူတဦး၏ ပါးစပ်ပေါက်ကို ပိတ်ဆို့၍ မနိုင်စွမ်းချေ" ဟူသော စကားသည် လွန်လေပြီးသောရှေးခေတ်ကပင် လူတွေ အစဉ်အဆက်ဥပမာပေး ပြောဆိုသုံးစွဲလာသောစကားဖြစ်သည်။ ဤစကား တားအလွန်ပင် မှန်လှပေသည်။ လူသားတိုင်းသည်နားနှစ်ဘက်မျက်စိနှလုံးပါးစပ် တပေါက်ကို ပိုင်ဆိုင်ကြသည်။ နားနှစ်ဘက်ကကြားသည်များကို၎င်း၊ မျက်စိနှစ်လုံးက မြင်သည်များကို၎င်း၊ ပါးစပ် ဘပေါက် အတွင်းမှစုပြုံထွက်လာတတ်ကြချေသည်။

အချို့သောသူတို့ကား ကြားသမျှ မြင်သမျှကို မပြောပဆိုဘဲ စောင့်စည်းတန်သရွေ့ စောင့်စည်းကြပါသည်။ သို့သော် ဤသို့ စောင့်စည်းကြသူများကား အလွန်ပင် နည်းပါးသည်။ အများအားဖြင့် နှုတ်မလုံဘဲ ပြောကြ ဆိုကြသူတွေက များပြားလှ၏။

ဤသို့ မြင်ရသိရသည်များကို မိမိနှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ဝင်ရောက်စွက်ဖက် ပြောဆိုတတ်သူများး မသိရ မမြင်ရသေးသော သူများကို ဖေါက်သည်ချ ပြောဆို သတင်းလွှင့် တတ်သူများကြောင့် မမြော်လင့်အပ်သော ကြေကွဲဝမ်းနည်းဘွယ် အဖြစ်ဆိုးများ ပေါ်လာတတ်ချေသည်။

ကောင်းမွန်သောအရာ၊ အပြစ်ကင်းသောအရာကိုမြင်တွေ့ခဲ့သူ ဘို့သည် အမှုမဲ့ အမှတ်မဲ့သာ နေတတ်၏။ လျင်မြန်စွာ မေ့ ပျောက်လွယ် သွားကြ၏။ ချီးမွမ်း ပြောဆိုသူ နည်းပါး၏။ မကောင်းသော အရာကို၎င်း၊ အပြစ်မကောင်းသော အရာကို၎င်း၊ မြင်တွေ့ခဲ့ရလျှင် ကြားသိခဲ့လျှင် တကယ် ဟုတ်မှန်သည် ထက်

ဆယ်ဆမက ပို၍ ခဲ့ထွင်ကာ မခမာနိုင် မပန်းနိုင် မရိုးနိုင်အောင် အားရပါးရ ပြောတတ်သည်ကား ပုထုဇဉ်လူသားတို့ဝယ် တချို့လျှင် ကိုးဆယ့်ငါးယောက်မျှ ရှိချေသည်။

ထိုသို့ မိမိ တွေ့မြင်ခဲ့ ကြားသိခဲ့သည်များကို ပြောကြဆိုကြခြင်းတွင်ကား ပြောအပ်သည့် အကြောင်းလည်းရှိသည်။ မပြောအပ်သည့် အကြောင်းလည်း ရှိသည်။ ဥပမာဆိုသော် ဈေးသည်တယောက်သည် ဈေးဝယ်သူအား ရောင်းချရမည့် ကုန်ပစ္စည်းကို မကောင်းသည့် ညံ့ဖျင်းသည့် ပစ္စည်းများကို ရောနှောပေးထားပြီး ပစ္စည်းအကောင်းဈေးကို လိမ်လည်လှည့်ဖျားယူခြင်း၊ အလေးချိန်မပြည့် မမှန်ဘဲ အလေးခိုးထားသည်ကို မြင်တွေ့ ကြားသိရနေရခြင်းမျိုးကိုကား မိမိနှင့်မသက်ဆိုင်လျှင် မည်သည့်နည်းနှင့်မှမပြောအပ်ပေ။ ထိုမြင်တွေ့ ကြားသိရခြင်းမျိုးကို ပြောဆိုပါလျှင် ဈေးဝယ်နှင့် ဈေးရောင်းတို့ ခိုက်ရန်ဖြစ်ပွားမည်။ မိမိအနေဖြင့် ဈေးရောင်းသူက ရန်မူတိုက်ခိုက်လာမည်။ ထိုအခါ ပုထုဇဉ်စိတ်ဖြိုမိမိကလည်း သည်းမခံနိုင်တော့ဘဲ ရန်တုံ့မူရတော့မည်။ ဤအဖြစ်တွေ ဖြစ်လာလျှင် သူတပါးအတွက်လည်း အကျိုးမရှိဘဲ အကုသိုလ်များမည်။ မိမိအတွက်လည်း တစုံတရာမှ မသက်ဆိုင်ဘဲ ပြောမိခြင်းကြောင့် ခိုက်ရန်ဖြစ်ပွား အကုသိုလ်များရမည်။ ဤကား မြင်ရ၊ ကြားရ၊ သိရသမျှကို မပြောအပ်သော အကြောင်းများဖြစ်၏။

နောက် ဥပမာတခုကား လူအများ သွားလာ အသုံးပြုနေသော လမ်းဖြစ်စေ၊ တံတားဖြစ်စေ၊ ပျက်စီးနေသည်ဆိုပါက လူတယောက် သို့မဟုတ် အပေါင်းပါတစုကာ စေတနာကောင်းဖြင့် ပြုပြင်နေသည်ကို မြင်ရတွေ့ရလျှင် မိမိအနေဖြင့် မသိမမြင်သောသူများကို ပြောဆိုအပ်၏။ ထိုအခါ သတင်းကြားသော သူတို့က

စေတနာထက်သန်လာပြီး ထိုတံတားကို အတူတကွ ဝိုင်းကူပြင်ဆင်ကြသည်။ ချီးကျူးစကား ပြောကြသည်။ သာဓုခေါ်ကြသည်။ ထိုအခါ ပထမဦးစွာ ပြင်ဆင်နေသူများအတွက် ဝမ်းမြောက် အားတက်ရ၏။ စေတနာတိုးပွားလာရ၏။ ထိုသဘင်းကို ပြောကြားသော မိမိအနေဖြင့်လည်း စိတ်ချမ်းသာမှု ဖြစ်ရသည်၊ ကောင်းမှုကုသိုလ်ရအောင် နှိုးဆော် ပြောကြားသည့် သဘောမျိုးဖြစ်၍ အလိုလိုနေရင်း ကုသိုလ်ရနေသည်။ ထိုကဲ့သို့သော မြင်တွေ့ခြင်း၊ ကြားသိခြင်းမျိုးကို ပြောကြားအပ်၏။ ဤသို့ ပြောအပ် မပြောအပ်သည့် စကားနှင့် ပတ်သက်၍ မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် မာဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏား၏ မေးလျှောက်ချက် အရ ပသုတ ဒေသနာတော်တွင် ဤသို့ ဟောကြားတော်မူခဲ့လေသည်။

"ပုဏ္ဏားမြင်ခဲ့သမျှ ကြားသမျှ အမှုကိစ္စများသည် ပြောအပ်သည်လည်းရှိ၏။ မပြောအပ်သည်သည်းရှိ၏။ မြင်ခဲ့ ကြားခဲ့သည်များကို ပြောခြင်းဖြင့် ကုသိုလ်တရား ဆုတ်ယုတ်၍ အကုသိုလ်တရား ပွားများမည်ဆိုလျှင် မြင်ခြင်း၊ တွေ့ခြင်း၊ ကြားခြင်းကို မပြောအပ်ပေ"

"မြင်ခဲ့၊တွေ့ခဲ့၊ကြားခဲ့သည်များကို မပြောဆိုဘဲနေလျှင် မိမိအတွက် အကုသိုလ်များပြီး ကုသိုလ်တရားတို့ ဆုတ်ယုတ်မည် ဆိုကလည်းဆိတ်ဆိတ်မနေသင့်ဘူပြောအပ်၏"

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာတော်သည် နှုတ်အငြိမ်မနေ၊ ကိုယ့်ထမင်းကိုစားပြီး အမှုကိစ္စဟူသမျှ၌ မိမိနှင့်အပ်စပ်သည်၊ မအပ်စပ်သည်၊ မပြောသင့်သည်၊ ပြောသင့်သည်၊ မတွေးတောဘဲ စွက်ဖက်တတ်သူ၊ သတင်းလွှင့်

တတ်သူများအတွက် အလေးအနက် သတိထား ဆင်ခြင် လိုက်နာ
အပ်လှပေသည်။

× × ×

(၄-၅-၇၁)
အဂတိ

လူဟူ၍ဖြစ်လာကြလျှင် ဂတ်ကြောင်ဝတ်၍ လူ့တောင်မှာ နေသူများသော်ငင်း၊ ဝတ်ကြောင်ကိုပယ်ခွာ၍ သင်္ကန်းဆိုးသော အဝတ်ကိုဝတ်ရုံကာ အစဉ်အမြဲ ကာမဂုဏ်ကို ပယ်ခွာ၍ တရားကျင့်သော သူများသော်ငင်း၊ တဦးတည်း တကိုယ်တည်း မည်သူမျှနှင့် စကားပြောဟော ဆက်သွယ်မှု မရှိဘဲနေရန်မှာ တလွန်ခဲယဉ်းသောအလုပ်ဖြစ်ပေသည်။ လူသူမနီးသည့် တောကြီးမြိုင်ကြီးထဲမှာ သွားလာရန်မှာလည်းတောအန္တတောင်အန္တလူဆိုးသူခိုး၊သောင်းကျန်းတွေ ရှိနေချေသည်၊ရှေးခေတ်ကမူ သူတော်ကောင်းများသော တောခိုပြီး ဒုက္ခအေးငြိမ်းရာ နိဗ္ဗာန် ရောက်ကြောင်း တရားကို ကြိုးစား အားထုတ်ကြသည်၊ ယခုခေတ်တွင်မူ သူယုတ်မာမှန်သမျှ တောခို၍ မိမိတို့ကိုယ်တိုင် အပါယ်ရောက်အောင် အကုသိုလ် အလုပ်တွေကို ကြိုးစား အားထုတ်နေကြသည်၊ မည်သို့ပင်ဖြစ်စေ လူဟူ၍ဖြစ်လာလျှင် ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်း၊ မိတ်ဆွေသင်္ဂဟ၊ ဆွေမျိုးဉာတိ၊ လုပ်ဖော်ကိုင်ဘက် ဟူသော လူများနှင့်ကား ဆက်သွယ် ဟောပြော ဆောင်ရွက် လုပ်ကိုင်ရမည်သာ ဖြစ်ပေသည်။

ထိုသို့အများနှင့် ဆက်ဆံရာ၌ မည်သူ၏မျက်နှာကိုမျှ မကြည့်ဘဲ ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်လုပ်ကိုင် ပြောဆိုရန်မှာ အလွန်ပင် အရေးကြီးပေသည်၊ မိမိ လိုလားသူကို သာ၍ချ၍၊

မလိုလားသူကို နာစေသော သဘောကို ဘက်လိုက်သည်ဟူ၍၎င်း၊ မျက်နှာကြီးရာ ဟင်းဖတ်ပါသည် ဟူ၍၎င်း၊ လက်သင့်ရာ စားတော် ခေါ်သည်ဟူ၍၎င်း ပြောဆိုလေ့ရှိကြ၏၊ ဤအပြုအမူမျိုးတား အဂတိ လိုက်စားခြင်းပင်ဖြစ်ပေသည်၊ အဂတိလိုက်စားခြင်းနှင့် ပတ်သက်၍ အပြောအဆို အခံရဆုံးကား တရား စီရင်ရေးပင်ဖြစ်ပေသည်။

ဤတွင် အဂတိလိုက်စားရာ၌ အကြောင်း လေးမျိုး ရှိ၏၊ အချို့သော သူတို့ကား မိမိတို့ ချစ်ခင်နှစ်သက်သူ မကောင်းရာမကောင်းကြောင်း ဖြစ်သူတို့၏ မျက်နှာကို ကြည့်၍ မတရားသဖြင့်စီရင်ဆုံးဖြတ်သည်၊ အချို့သော သူတို့ကား မိမိ စီရင်ခြင်း ခံရမည့်သူကို မေတ္တာ ကင်းမဲ့၍ မုန်းတီးရွံရှာ၍ အမှုမှန်သည် မှားသည်ကို မစဉ်းစားဘဲ မတရားသဖြင့် စီရင်ဆုံးဖြတ်သည် အချို့သော သူတို့ကား အမှုအခင်းဖြစ်နေသူတို့ကို သိကျွမ်းခြင်းမရှိထောက်ထားရမည့် အကြောင်းလည်း မရှိ၊ သို့သော် ဖြစ်ပေါ်လာသောအမှု၏ အမှားအမှန်ကို မသိမမြင် မဆင်ခြင် မတိုင်းဆတတ်ချေ၊ မျက်ကန်းသဘွယ် မိမိ စိတ်ထင်သလို စီရင်ဆုံးဖြတ်သည်၊ အချို့သောသူတို့ကား တရားသဖြင့် စီရင် ဆုံးဖြတ်ပါလျှင် မိမိအား ရန်ရှာမည့်အရေး၊ ပျက်စီးအောင် ပြုလုပ်မည့်အရေး၊ မိမိထက် တန်ခိုး အာဏာကြီးသူတ ငြိုငြင် ဖိနှိပ်မည့်အရေးတွေကို ကြောက်ရွံ့ခြင်းဖြင့် အမှုမှန်သည်ကို သိလျက်တဘက်သတ် စီရင် ဆုံးဖြတ်သည်။

ဤအကြောင်းလေးပါးကား အဂတိ လိုက်စားခြင်း လေးပါး ဖြစ်၏။

ဖြောင့်မှန်စွာ တရားစီရင်တတ် သူတို့သား ချစ်ခြင်းကြောင့်လည်း အဂတိမလိုက်စား၊ မုန်းခြင်းကြောင့်လည်း အဂတိ မလိုက်

စား။ မသိခြင်းကြောင့်လည်း အဂတိ မလိုက်စား၊ ကြောက်ရွံ့ခြင်းကြောင့်လည်း အဂတိ မလိုက်စား၊ သူ ဘော် ကောင်းစိတ်ထားကာ တရားကို ဖြောင့်မှန်စွာ စီရင်တတ်ချေသည်၊ အလျှမလို့ ပုဂ္ဂိုလ်မလေးဦးတွင် တရားသူကြီးသည် တပါး အပါအဝင်ဖြစ်ရာ အဂတိလိုက်စား၍ လွဲမှားစွာ တရားစီရင်ပါက ဤမျက်မှောက် လောကမှာ နာမည်ပျက် ခံရမည်၊ အထင်သေး ခံရမည်၊ အကြည်ညို ကင်းမဲ့ခြင်း ခံရမည်၊ လွဲမှားသော တရား စီရင်ခြင်း၏ အကုသိုလ်ကြောင့် လောကုတ္တရာ အရေးမှာသည်း မကောင်းချေ၊ ဖြောင့်မှန်စွာ တရားစီရင်တတ်သူတို့မှာကား လူသေသော်လည်း နာမည် မသေပေ၊ ဤမည်သော တရားသူကြီးသည် အဂတိ မလိုက်စား၊ ဖြောင့်မတ်တည်ကြည်ပေသည်။ အမှန်တရားကို သိစေသည်၊ စိတ်ဘား ဖြူစင်ပေ သည် ဟူသော နာမည်သည် သားစဉ်မြေးဆက် ပြောစမှတ် ဖြစ်ရပေမည်။

အဂတိလိုက်စားမှု၊ ဖြောင့်မှန်မှုနှင့်ပတ်သက်၍ မြတ်စွာဘုရားသခင်သည် အဂတိ ဂမနသုတ်ဒေသနာတော်များ၌ ဤသို့ဟောကြားတော်မူခဲ့လေသည်။

"အကြင် ပုဂ္ဂိုလ်သည် ချစ်ခြင်း၊ မုန်းခြင်း၊ မသိခြင်း၊ ကြောက်ရွံ့ခြင်းတို့ကြောင့် တရားမှန်ကို ကျော်လွန်၍ ကျင့်၏၊ အဂတိ လိုက်စား၍ စီရင်ဆုံးဖြတ်၏၊ ထို ပုဂ္ဂိုလ်မျိုးကား သူ၏ အခြံအရံ အကျော်အစောသည် လဆုတ်ပက္ခကဲ့သို့ တဖြေးဖြေး ဆုတ်ယုတ်လေသည်၊ အကြင်ပုဂ္ဂိုလ်သည် ချစ်ခြင်း၊ မုန်းခြင်း၊ မသိခြင်း၊ ကြောက်ရွံ့ခြင်းတို့ကို လျစ်လျူရှု၍ တရားအတိုင်း ကျင့်ကြံ၏၊ အဂတိ မလိုက်စားဘဲ ဖြောင့်မှန်စွာ စီရင်ဆုံးဖြတ်၏၊

ထိုပုဂ္ဂိုလ်မျိုးကား သူ၏ အခြံအရံ အကျော်အစောသည် လဆန်း ပက္ခကဲ့သို့ တိုးတက် ပြည့်ဝလေသည်။

× × ×

(၁၁-၅-၇၁)

## စင်ကြယ်ခြင်း

လူဘိုင်းသည် သန့်ရှင်းစင်ကြယ်မှုကို ကြိုက်နှစ်သက်ကြသည်၊ ထို့ကြောင့် မိမိ၏ကိုယ်ခန္ဓာကို နေ့စဉ် ရေကြည်ရေသန့်ဖြင့် ဆေးကြောသုတ်သင်သည်၊ ညစ်နွမ်းပေရေ နံစော်သော အဝတ်ကို ဝေတ်ဘဲ အဝတ်ညစ်ကို ဖွပ်လျှော်၍ သန့်ရှင်း စင်ကြယ်သော အဝတ်ကို ဝတ်သည်၊ ကိုယ်ခန္ဓာမှ ထွက်ပေါ်လာမည့် အနံ့ သည် ဆိုးဝါးသောအနံ့ မဖြစ်စေဘဲ မွှေးပျံ့သောအနံ့ ဖြစ်စေရန်ရင်း၊ မည်သည့်အနံ့ မှ မထွက်စေရန်ရင်း၊ ချွေးနံ့ ညှီနံ့ ကို ဖုံးစေမည့် အမွှေးနံ့ သာများကို အသုံးပြုကြသည်၊ မိမိ၏ကိုယ်ခန္ဓာကိုယ်သာ သန့်ရှင်းစင်ကြယ်စေသည်မဟုတ်၊ မိမိနေထိုင်ရာ၊ မိမိကိုင်တွယ် အသုံးပြုရာ၊ မိမိစားသောက်ရာစသည့် နေရာထိုင်ခင်း၊ အရာဝတ္ထု စားသောက်ဘွယ်ရာများကိုလည်း သန့်ရှင်းစင်ကြယ်စေရန် ပြုပြင် ကြသည်၊ သုတ်သင်ကြသည်၊ဤအမူအကျင့်ကား ကောင်းသော အမူအကျင့်ပင် ဖြစ်ပေသည်၊ ဤသို့သန့်ရှင်းခြင်းဖြင့် အနာရော ဂါ ကင်းသည်၊အသက်ရှည်သည်၊ ကျန်းမာရေးနှင့်ညီညွတ်သည်၊ မြင်ရသူတို့၏ မျက်စိပသာဒတွင် ချမ်းမြေ့ကြည်နူးမှု ဖြစ်ရသည်။

ဤသို့ ခန္ဓာကိုယ်နှင့် ပတ်ဝန်းကျင်ကို စင်ကြယ် သန့်ရှင်းစေ ခြင်းကား ကျန်းမာရေးနှင့်ညီညွတ်ရုံသာမဟုတ် အကျင့်စာရိတ္တ ကိုသော်ရင်း၊လောကီရေး လောကုတ္တရာအရေးအတွက်သော်ရင်း၊ ခန္ဓာကိုယ် သန့်ရှင်းမှုနှင့်အသုံးအဆောင် ဝတ္ထုပစ္စည်း နေရာထိုင် ခင်း သန့်ရှင်းမှုက အထောက်အကူပြုလေသည်။

အဘယ်သို့ အထောက်အကူပြုသနည်းဟူမူ မိမိကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင်က သန့်ရှင်းစင်ကြယ်နေသောအခါ မြင်တွေ့ရသည့် လူများက ကဲ့ရဲ့ခြင်း၊ စက်ဆုပ်ရွံရှာခြင်းတင်း၍ နှစ်လိုခင်မင်စွာ ဆက်ဆံသည်၊ အဘယ်၍ ညစ်ပတ်နံစော်နေသည်ရှိသော် မြင်တွေ့ သူများက ကဲ့ရဲ့မည် စက်ဆုပ်ရွံရှာမည်၊ ထိုအခါ မိမိအဘို့ မခံ ချင်သောစိတ်ကြောင့် ဒေါသအမျက် ထွက်ရတော့မည်၊ ဒေါသ ထွက်ရသည်ဆိုလျှင် အကုသိုလ်က အလိုလိုဖြစ်နေပြီတည်း။

တဖန် အနေအထိုင် ညစ်ပတ်နံစော်နေလျှင် မိမိကိုယ်ခန္ဓာမှာ ဆံပင်သန်း၊အဝတ်သန်းတို့ တွယ်ကပ်မည်၊ အိပ်ရာ နေရာ အသုံး အဆောင် စားသောက်ဘွယ်ရာတို့မှာ ခြင်၊ ကြမ်းပိုး၊ ပိုးဟပ်၊ ပရွက်ဆိတ်၊ အိမ်မြှောင်၊ ကြွက် စသည်တို့က သောင်းကျန်းကြ တော့မည်ဖြစ်၏။ ထိုအခါ ထိုသတ္တဝါတို့အား သည်းမခံနိုင်သော ဒေါသစိတ်ဖြင့်သတ်ချဖြတ်ရပေမည်၊ ထိုသို့သတ်ရလျှင် ပါဏာတိ ပါတကံကို အစဉ်အမြဲကျူးလွန်နေရတော့မည်ဖြစ်၏၊ထိုကြောင့် မိမိကိုယ်ခန္ဓာနှင့်တကွ နေရာထိုင်ခင်း အသုံးအဆောင်၊ အစား အသောက်ကို သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် မိမိအဘို့ ကျန်းမာ ခြင်းနှင့်လည်း ပြည့်စုံသည်၊ အကုသိုလ်သည်း နည်းပေမည်။

သို့သော် ကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင် နေရာထိုင်ခင်း အသုံး အဆောင် အစားအသောက်တို့သည် အကုသိုလ်နည်းရုံမျှ သန့် ရှင်း စင်ကြယ်ရုံဖြင့် အမှန်တကယ်စင်ကြယ်သည် မမည်သေးချေ၊ သံသရာမှ ထွက်မြောက်အောင် အထောက်အကူပြုမည့် စင်ကြယ် ခြင်း အစစ်အမှန်ဟု မဆိုနိုင်သေးချေ။

စင်ကြယ်သန့်ရှင်းခြင်း အစစ်အမှန်ကား သုံးမျိုးသာ ရှိပေ သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ ၎င်းသုံးမျိုးတို့

တား ကာယ ဒွါရ၌ စင်ကြယ်ခြင်း၊ ဝစီဒွါရ၌ စင်ကြယ်ခြင်း၊ မနောဒွါရ၌ စင်ကြယ်ခြင်းတို့ပေတည်း။

ကာယဒွါရ၏ စင်ကြယ်ခြင်းကား—သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ ကာမဂုဏ်အရာ၌ မှားယွင်းစွာ ကျင့်ကြံခြင်း စသည်တို့မှ လွတ်ကင်းစင်ကြယ်ခြင်းကို ဆိုသည်၊ ဝစီဒွါရစင်ကြယ်ခြင်းကား—မဟုတ်မမှန် ပြောဆိုခြင်း၊ သူတပါးနှင့်တပါး မေတ္တာ ပျက်အောင် ကုန်းစကားကို ပြောဆိုခြင်း၊ ကြမ်းတမ်း ရှန်ရင်းသော စကား၊ ပေါ့ပျက်သိမ်ဖျင်းသောစကားတို့ကို ပြော ဆိုခြင်း စသည်တို့မှ လွတ်ကင်းစင်ကြယ်ခြင်းကို ဆိုသည်၊ မနော ဒွါရ စင်ကြယ်ခြင်းကား—ဘက်မက်မောခြင်း၊ မနာလိုဝန်တိုခြင်း သူများ ပျက်စီးစေလိုခြင်း စသည်တို့ ကင်းလွတ် စင်ကြယ်၍ ကောင်းမြတ်သော မေတ္တာစိတ် ထားခြင်းကိုဆိုသည်။ ဤသုံးပါး သော စင်ကြယ်ခြင်းကို မညစ်မပေအောင် အစဉ်သန့်ရှင်းအောင် ထိန်းသိမ်းခြင်းသည်သာ သန့်ရှင်းစင်ကြယ်ခြင်းအစစ် ဖြစ်ပေ သည်ဟူ၍ မြတ်စွာဘုရားသည် သောစေယျသုတ်ဒေသနာတော် မှာ ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် မိမိကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်အောင်ကြိုးကြိုင်နေစေ ကာမူ နေရာထိုင်ခင်း အသုံးအဆောင် သန့်ရှင်းနေစေကာမူ ကာယကံ၊ဝစီကံ၊မနောကံ မသန့်ရှင်းလျှင် စင်ကြယ် သန့်ရှင်း သည်ဟု မဆိုနိုင်ပေ၊ ခန္ဓာကိုယ်နှင့်နေရာထိုင်ခင်းစင်ကြယ်သကဲ့သို့ ကာယ၊ဝစီ၊မနော သုံးပါးလုံးကို စင်ကြယ်နိုင်ကြပါက လူသား တို့အတွက် ကျန်းမာရေး၊လောကီရေး၊ လောကုတ္တရာရေး အားလုံး ကောင်းမွန်ချမ်းမြေ့မည် ဖြစ်ပေသတည်း။

(၁၉-၅-၇၁)

## ဇနီးမောင်နှံ

လူဟူ၍ဖြစ်လာလျှင် အချိန်အရွယ်ရောက်လာပါက မိမိတို့နှင့် သင့်လျော်ရာကို အိမ်ထောင်ဘက်အဖြစ် လက်ထပ် ထိမ်းမြား၍ အတူတကွ ကောင်းတူဆိုးဘက် နေထိုင်ကြသည်၊ အိမ်ထောင်ပြုကြသူတို့တွင်အချို့ကား လူကြီးမိဘတို့ စီမံသည်ကို နာခံ လိုက်လျော၍ လက်ထပ်ယူကြသည်၊ အချို့ကမူ မိမိတို့ လူငယ်ချင်း မြတ်နိုးစုံမက်၍ လက်ထပ်ယူကြသည်၊ ဤသို့ ကောင်းတူဆိုးဘက် စီးပွားဘက်၊ တိုင်ပင်ဖေါ် တိုင်ပင်ဘက် ကုသိုလ်ပြုဘက် ဟူ၍ အတူ ပေါင်းသင်းနေထိုင်ကြသော အိမ်ထောင်တိုင်းသည် တဦး မကျန် စိတ်ချမ်းသာ နေကြ သည်လည်း မဟုတ်၊ အားလုံးပင် စိတ်ဆင်းရဲ နေကြသည်လည်းမဟုတ်၊ အချို့သော အိမ်ထောင် တို့မှာ သာယာချမ်းမြေ့၍ အချို့သော အိမ်ထောင်တို့မှာ စိတ်ဆင်းရဲမှုကို ကြုံနေကြရသည်။

သာယာ ချမ်းမြေ့သော အိမ်ထောင်ရှင် အဖြစ်ကို မည်သူမဆို လိုလားတောင့်တ ကြမည်သာဖြစ်သည်၊ လင်ယောကျ်ား၏ အမူအကျင့် စိတ်နေသဘောထားနှင့် ဇနီးမယား၏ အမူအကျင့် စိတ်နေ သဘောထားသည် မတူမျှကြဘဲ ဆန့်ကျင်ဘက် ဖြစ်လျှင်လည်း အိမ်ထောင်ရေးသည် အလွန့်အလွန် စိတ်ဆင်းရဲဘွယ် ဖြစ်ပေမည် ရှေးစာဆိုတော် ပညာရှိများ၏ တက္ကသိုလ် ဆရာတင်း မှာဘူးသည့်နှုတ်ရည် ဟူသော ကဗျာဆေးဆပ်ကို အထူး သတိပြုရသည်၊ တဖန်တုံလင်ရောမယားပါ စိတ်နေသဘောထား အမူအကျင့် ချင်းကား တူပါ၏၊ သို့သော် ထို အမူအကျင့်သည် ကောင်းမြတ် စင်ကြယ်သော အမူအကျင့် မဟုတ်ဘဲ ယုတ်မာ ဆိုးဝါးသော အမူအကျင့်တွေ ဖြစ်နေလျှင်လည်း ထို ဇနီးမောင်နှံ

အဘို့ လောကချေ သံသရာပါ အကျိုးမဲ့ ဆုံးရှုံး နစ်နာရပေလိမ့်မည်၊ စင်ကြယ် ကောင်းမွန်သော အကျင့်သီလချင်း တူညီမှသာလျှင် အိမ်ထောင်ရေးလည်း သာယာချမ်းမြေ့မည်၊ လောကနေ့ ချေ သံသရာပါ အကျိုးရှိပေမည်။

အိမ်ထောင်ရေးသာယာနေသူတို့အား ယခုဘဝမှာလည်းအိုအောင်မင်းအောင် ပေါင်းရပါစေသား နောင်ဘဝတွေမှာလည်း ပြန်လည် တွေ့ဆုံကာ ပေါင်းဖော်ရ ပါစေသား ဟု ဆုတောင်းလေ့ရှိကြသည်၊ အိမ်ထောင်ရေးမသာယာသူများကမူ ဒီလင် ဒီမယားနဲ့ ပေါင်းသင်းရတဲ့ဝဋ်က အမြန်ဆုံး ကျွတ်လွတ်ကဲ့ကွာရပါစေသား၊ ဘဝဆက်တိုင်း မည်သည့် အခါမှ မဆုံဆည်းဘဲဝေးကွာရပါစေသားဟူသော ဆုမျိုးကိုတောင်းကြသည်၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ လူပညာရှိတို့ကသာ ဆိုဆုံးမပြောကြသည်မဟုတ်၊ လောကီလူသားများ၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ်ဒေသနာတော်များရှိပေသည်။

အခါတပါး မြတ်စွာဘုရားသည် မဓုရမြို့နှင့် ဝေရဉ္စာပြည်အကြားဝယ် ခရီးရှည်ကြွသွားခိုက် လမ်းခရီးမှာ တွေ့ရသောခရီးသည် သူကြွယ် ဇနီးမောင်နှံတို့အား အိမ်ထောင်ရေး နှင့်ပတ်သက်၍ အတူနေအိမ်ထောင်သည် အမျိုးအစား လေးမျိုးရှိကြောင်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—

၁။ လင်မယားနှစ်ဦးလုံး ယုတ်မာသော စိတ်သဘော အမူအကျင့် တူညီစွာ ရှိနေကြလျှင် သူသေအချင်း အတူတူနေခြင်း ဟူ၍၎င်း။

၂။ လင်က စိတ်သဘောထားဆိုးသွမ်းယုတ်မာ၍ မယားက စင်ကြယ် မွန်မြတ်သော သူတော်ကောင်းစိတ်ရှိနေလျှင် နတ်သမီး

မယားသည် သူ့သေလင်နှင့်အတူ ပေါင်းသင်း ခနခြင်း ဟူ၍ ရှင်း။

၃။ လင်သည် မြင့်မြတ်စင်ကြယ်သော စိတ်ထားအမူအကျင့် ရှိသည့် သူတော်ကောင်းဖြစ်နေပြီး မယားက အကျင့် စာရိတ္တ သေဘောထား အမူအယာ ယုတ်မာနေလျှင်နတ်သား လင်သည်၊ သူ့သေ မယားနှင့်အတူ ပေါင်းသင်းနေခြင်း ဟူ၍ရှင်း၊

၄၊ လင်မယားနှစ်ဦးလုံး သူတော်ကောင်းတွေ ဖြစ်နေလျှင် အကျိုးစီးပွားများပြားကုန်၏၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေ ရ၏၊ ထိုသူတို့အား မနာလိုဝန်တိုသူများအဘို့ စိတ်ဆင်းရဲခြင်း ဖြစ်စေ၏။

ဟူ၍ ပထမ သံဝါသသုတ်၊ ဒုတိယ သံဝါသသုတ် ဒေသနာ တော်မှာ ဟောတော်မူခဲ့သည်။

ထို့ပြင်တဖန် လင်မယားနှစ်ဦးလုံး သဒ္ဓါ တရားနှင့် ပြည့်စုံ သော သူတော်ကောင်း စိတ် တူမျှစွာ ရှိနေကြလျှင် ကုသိုလ် ကောင်းမှု ပြုရာ၌ ကြည်လင်သော စိတ်စေတနာ တူညီစွာ ရှိနေ ကြလျှင် တဦးကိုတဦး စိတ်ဆင်းရဲစေသော အပြုအမူ အပြော အဆိုကို ရှောင်ကြဉ်၍ကိုယ် နှုတ် နှလုံး ကိုစောင့်စည်းကာ တူမျှ သောအကျင့်သီလ ရှိနေကြပါလျှင် ထိုဇနီးမောင်နှံသည် ခုဘဝ မှာလည်း အသက်ထက်ဆုံး တယောက်ကိုတယောက် မခွဲမခွါ ရှုမြင်နိုင်၍ နောင်ဘဝမှာလည်း အချင်းချင်းဆုံဆည်းပေါင်းဖေါ် ရှုမြင်ကြရ ကုန်လတ္တံ့ ဟူ၍ ဘဂ္ဂတိုင်း သံသုမာရဂိရိ မြို့ဝယ် နကုလပိတာ နကုလမာတာ ဟူသော သူကြွယ် ဇနီးမောင်နှံကို အကြောင်းပြု၍ သမဇီဝိသုတ် ဒေသနာတော်မှာ ဟောကြား တော်မူခဲ့ပေသည်။

ထို့ကြောင့် အိမ်ထောင်ရှင်တို့သည်မြတ်စွာဘုရားဟောကြား

တော်မူခဲ့သော ဤ သုတ် ဒေသနာ တော်များကို ဖတ်ရခြင်းအားဖြင့် အိမ်ထောင်သာယာချမ်းမြေ့မှု ဖြစ်ကြပါစေသတည်း။

× × ×

(၂၅-၅-၇၁)

## စောင့်စည်းမှု

စည်းကမ်းစနစ်ရှိမှု၊ စောင့်စည်းထိန်းသိမ်းမှု ဟူသည်မှာ လူတိုင်း လိုက်နာ ကျင့်သုံးအပ်သောအချက်ဖြစ်ပေသည်၊ ဤအချက်သည် လူသားတို့၏ ကိုယ်ကျင့်တရားကိုလည်း စင်ကြယ် မွန်မြတ်စေသည်၊ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းနှင့်လည်း ညီညွတ်သည်၊ လူ့ယဉ်ကျေးမှုကို ရှိသေရာလည်း ရောက်သည်၊ တနည်းအားဖြင့်ဆိုသော် သစ္စာရှိခြင်း တမျိုးပင် ဖြစ်၏။

ဤစည်းကမ်းစနစ်ရှိမှု၊ စောင့်စည်း ထိန်းသိမ်းမှုသည် ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာနှင့် ပတ်သက်၍လည်း အကျိုးကျေးဇူးပြု၏၊ မိမိပိုင်ဆိုင်ပြီးသော စည်းစိမ်ဥစ္စာကို စည်းကမ်းစနစ်ကျနစွာ ထိန်းသိမ်း စောင့်ရှောက်တတ်ပါလျှင် ထိုဥစ္စာစည်းစိမ်သည် မပျက်မစီး တည်တံ့ ရှည်ကြာစွာ ပိုင်ဆိုင်နိုင်၏၊ အလုပ်တာဝန်ရာထူးနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်ရှိမှု စောင့်စည်း ထိန်းသိမ်းမှုသည် အကျိုး ကျေးဇူးပြုသေး၏၊ မိမိ ရရှိနေသော ရာထူးတာဝန်မှာ စည်းကမ်းတကျဖြစ်အောင် ကျေပြွန်စွာ ဆောင်ရွက်၍အမှားအယွင်း မရှိရအောင် စောင့်စည်း ထိန်းသိမ်းတတ်လျှင် ထိုရာထူးသည် မိမိလက်မှာ မြဲမည့်အပြင် တိုးတက်မှုကိုပါ ရရှိနိုင်ပေမည်။

မည်သည့်အလုပ်အကိုင် စည်းစိမ်ဥစ္စာဖြစ်စေ၊ ထိုအရာတွေထိုလုပ်ငန်းအပေါ်၌ မိမိက စည်းကမ်းကျစွာ စောင့်ထိန်းနိုင်မှုသစ္စာရှိရှိ မြဲမြဲအောင် ဆောင်ရွက်နိုင်မှုသာလျှင် သက်ရှိသက်မဲ့

အနေဝတ္ထုသော်၎င်း၊ စည်းစိမ်ဥစ္စာသော်၎င်း၊ ရာထူးသော်၎င်း တည်မြဲမည်ဖြစ်၏၊ မိမိကို ပြန်လည် စောင့်ရှောက်မည်ဖြစ်၏။

အလုပ်တခုကို လုပ်သည်ဆိုလျှင် ထိုအလုပ်အပေါ်မှာ သစ္စာရှိရန် အချက်သည် အလွန်အရေးကြီးသော အချက်ဖြစ်၏၊ မိမိပိုင်ဆိုင်ထားပြီးသော ပစ္စည်းဥစ္စာအပေါ်မှာ စည်းကမ်းစနစ်မရှိ၍ မထိန်းသိမ်း၍၊ သစ္စာမရှိ၍၊ ဥစ္စာကုန်ခန်း ညှိုးနွမ်း သင်းရဲသွားသူများ၊ မိမိရရှိသွားပြီးသော ရာထူးအပေါ်မှာ စည်းကမ်း စနစ်မရှိ၍၊ မထိန်းသိမ်း၍၊ သစ္စာမစောင့်၍ အမျိုးမျိုးသော အမှုအခင်းတွေ ပေါ်ပေါက်ကာ ရာထူးပြုတ်သူများ၊ ထောင်ကျသူများ ဒဏ်ရိုက် ခံသွားရ စသည်တို့သည် ယနေ့ မျက်မှောက်ခေတ်ဝယ် မမြင်လို့ မကြားလို့အောင် ပင် ပေါများ နေပေတော့သည်။

တိုင်းပြည်နှင့်လူမျိုး အကျိုးရှိအောင် လုပ်ဆောင်နေပါသည်ဟု နာမည်ခံနေသူများသည် မိမိတို့ လုပ်ဆောင်နေသည့် အလုပ်အပေါ်မှာ စည်းကမ်း စနစ်မရှိမှု ထိန်းသိမ်း စောင့်စည်းခြင်းမရှိမှု၊ သစ္စာမရှိမှုများကြောင့် ယနေ့တခြား ပြိုကွဲ ပျက်စီး ခံနေကြသည်ကိုလည်း အများအသိပင် ဖြစ်သည်။

ကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ ဆိုးသောအလုပ်ကို လုပ်သည်ဖြစ်စေ ဆိုခဲ့ပြီးသော စည်းကမ်းစနစ် ထိန်းသိမ်းစောင့်စည်းခြင်း၊ သစ္စာရှိမှု၊ ဤသုံးချက်ကို စွဲမြဲစွာ လိုက်နာ ကျင့်သုံးပါက မိမိ၏လုပ်ငန်းသည် မတိုးသာက မကြီးပွားသည်တိုင်အောင် ဆုတ်ယုတ်ပျက်စီးမှုကား ဖြစ်မည် မဟုတ်ချေ။

ဤအချက်သုံးချက်နှင့် ပတ်သက်၍ မြတ်စွာဘုရားသခင်သည် "စောရသုတ် ဒေသနာ" တော်ဝယ် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။

"ခိုးသူအလုပ်ကိုပင် အသက်မွေးဝမ်းကျောင်း ပြုနေစေကာမူ စောင့်စည်းထိန်းသိမ်း သစ္စာရှိရမည့် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံပါက ထိုခိုးသူသည် လျှင်လျှင်မြန်မြန် ပျက်စီးခြင်းမရှိ ကြာရှည်စွာ တည်တံ့နိုင်၏၊ ထိုအင်္ဂါရှစ်မျိုးကား—

၁။ မရိုက်နှက် မညှဉ်းဆဲသင့်သူကို ရိုက်နှက်ညှဉ်းဆဲခြင်းမပြု။

၂။ ပစ္စည်းဥစ္စာ မရှိအောင် ယူငင်ခြင်းကို မပြု။

၃။ မိန်းမကို သတ်ဖြတ်ခြင်း မပြု။

၄။ သမီးမျိုးကို အဓမ္မကျင့်ကြံ ဖျက်ဆီးခြင်း မပြု။

၅။ ရဟန်းသံဃာကို လုယက်ခြင်း မပြု။

၆။ မင်း၏ဘဏ္ဍာတိုက်ကို ဖေါက်ထွင်းလုယက်ခိုးယူခြင်းမပြု။

၇။ မိမိ နေထိုင်ရာနှင့် အလွန်နီးကပ်သော ပစ္စည်းအား ခိုးယူခြင်း မပြုရ။

၈။ သိုမှီး သိမ်းဆည်းမှု၌ လိမ္မာ၏၊

ဤအင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ခိုးသူသာ ကြာရှည်တည်တံ့သည်၊ ဤအင်္ဂါရှစ်မျိုးကို မစောင့်စည်းသော ခိုးသူသား လျင်မြန်စွာ ပျက်စီး၏။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အင်္ဂါရှစ်မျိုးကို ယခုခေတ် ခိုးသူတို့တယောက်မှ မစောင့်စည်းချေ၊ ထို့ကြောင့်သာလျှင် ရာဇဝတ်မှုတခု ကျူးလွန်ပြီဆိုလျှင် အနေနှင့် အမြန် ပေါ်ပေါက်ဖမ်းဆီးခြင်း ခံနေကြရ၏၊ ဖေါ်ပြခဲ့သော အင်္ဂါရှစ်မျိုးတွင် နံပါတ် ၆ - မင်း၏ဘဏ္ဍာတိုက်ဟူသည်မှာ ယခုခေတ် ပြည်သူပိုင်ပစ္စည်းများပင်ဖြစ်၏၊ ပြည်သူ့ ... ခိုးသူများ၊ မည်သူ အေးချမ်း သာယာစွာ ချမ်းသာသွားပါသနည်း၊ ခိုး၍ ရသော ပစ္စည်းလည်းကုန်၊ လူလည်း အမှုအခင်းဖြစ်၊ ဥထူးပြုတ်၊

ဆောင်ကျနေကြသည်ကို လူတိုင်းကိုယ်တွေ့ မျက်မြင် ဖြစ်နေကြသည် မဟုတ်ပါလော။

× × ×

## (၂-၆-၇၁)

## လပ်းလျှောက်ခြင်း

ယခုခေတ်လူတို့သည် မိမိကိုယ်ခန္ဓာ ကျန်းမာခိုင်ခန့်၍ အသက်ရှည်စွာ နေလိုကြသည်။ ထိုသို့ ကျန်းမာရေး အသက်ရှည်ရေးအတွက် နေ့စဉ် မှန်မှန် လေ့ကျင့်ရမည့် အချက်တခုရှိ၏။ ထိုအချက်ကား ကိုယ်ခန္ဓာအတွင်းရှိ သွေးလေမှန်ကန်စွာ လှည့်ပတ်သွားနိုင်ရန်၊ အကြောတက်ခြင်း တင်းခြင်းမှ ကင်းလွတ်ရန် အညောင်းအညာ ပြေစေရန် အရေးပါ အရာရောက်သော လေ့ကျင့်ခန်းတခုကို စွဲစွဲမြဲမြဲ လိုက်နာကျင့်ကြံရမည်ဖြစ်၏။ ထိုသို့လိုက်နာရာမှာ မည်ကဲ့သို့သော လေ့ကျင့်ခန်းများကား သင့်လျော်ပါသနည်း။ အချို့သူတို့ကား အားကစားဘက် လိုက်စားကြသည်။ ထိုသို့ အားကစားဘက် လိုက်စားသည်မှာ အားခွန်ဗလနှင့် ပြည့်စုံသော ငယ်ရွယ်နုပျိုသူများ အဘို့ နိုင်နင်းစွာ လေ့ကျင့် ပြုလုပ်နိုင်သော်လည်း အသက်အရွယ် အိုမင်း ရင့်ရော်သူ ခွန်အားဗလနည်းပါးသူ အမောမခံနိုင်သူတို့ အဘို့ကား ခုန်ပျံပြေးလွှားသည့် အားကစားနည်းမျိုးကို မလေ့ကျင့်နိုင်မည် မဟုတ်ပေ။

ထိုသို့သောသူများအတွက် သက်သက်သာသာဖြင့် အညောင်းအညာ ပြေစေသော ကစားနည်းမျိုးကို တီထွင်ကြ၏။ ထိုကစားနည်းကား ဘီလိယက်ထိုးခြင်းနှင့် ဂေါက်သီးရိုက်ခြင်း နှစ်မျိုးဖြစ်ပေသည်။

ဘီလိယက်ထိုးသူသည် အားစိုက်ခွန်စိုက် အမောခံ ပြုလုပ်ဆောင်ရွက်ရန်မလို မျှူတံကိုင်တာ တချက်တချက်မှသာ ဘောလုံးကိုထိုးရ၏။ သို့သော် ဘီလိယက်ခုံကို ပတ်ချာလှည့်ပြီးလျှောက်နေရခြင်းတပင် အညောင်းအညာပြေနေပြီ ဖြစ်၏။

ထိုအတူပင် ဂေါက်သီး ရိုက်သူသည် မိမိရိုက်လိုက်သောဂေါက်သီးကလေး လွင့်ပျံထွက်သွားရာနောက်သို့ အာရုံစိုက်ပြီးခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေရသည်ဖြစ်ရာ ဂေါက်သီးကို ကျင်းဆယ်ကျင်းလောက် ရိုက်သည်ဆိုလျှင်ပင် အတော်ပင် အကြောလျှော့ အညောင်းပြေပြီဖြစ်၏။

ဘီလိယက်ထိုးခြင်း၊ ဂေါက်သီးရိုက်ခြင်းတို့မှာ မိမိ ကျန်းမာရေးကိုသာ အဓိကထား၍ အပျင်းပြေ အညောင်းပြေ သဘောထားကာ အပျော်ကစားနေလျှင်တော့ အပြစ်မရှိပေ။ သို့သော်အချို့သောသူတို့သည် ကျန်းမာရေး အညောင်းပြေရေးကို အဓိကထားရာမှ နိုင်သူ ရှုံးသူဘို့ သဘာဝ ဘီယာတိုက်ကြေး၊ လဘက်ရည်တိုက်ကြေး၊ စီးကရက်တိုက်ကြေးစသည်ဖြင့်အပျော်သက်သက်အလောင်းအစားကလေးကို ပေါ့ပေါ့ဆဆ အမှတ်မထင် လုပ်လာကြသည်။ ထိုသို့လုပ်ရာမှ အနေးအနှက်ဖြစ်တာ လူသူအသိမခံသော တိတ်တခိုး လောင်းကစား၍ ငွေရေးကြေးရေးအထိ ဖြစ်လာတတ်သည်။ ဤသို့ ပြုမူခြင်းသည် လုံးဝ မသင့်လျော်ချေ။ ကျန်းမာစေရန်၊ အညောင်းပြေစေရန်ကိုသာ ရည်စူးသူတို့အဘို့ဘီလိယက်ထိုးနိုင်မှ ဂေါက်သီးရိုက်နိုင်မှ ဟူသော အစွဲအလမ်းကြီးမထားဘဲ ရိုးရိုးသားသား ငွေကြေးတပြားမှ မကုန်သော အချိန်အခါမှတ်၍ လမ်းလျှောက်ခြင်း သက်သက်ဖြင့်လည်း ကျန်းမာစေနိုင်ပါသည်။ အကြောလျှော့စေနိုင်ပါသည်။ အညောင်း ပြေစေနိုင်ပါသည်။

ငွေကြေးတပြားမှလည်းမကုန်၊ အသောင်းအစားသည်းမပေါ်၊ သင့်လျော်သော အချိန်အခါကိုမှတ်၍ လမ်းလျှောက်ခြင်းသည် မည်မျှ အကျိုးကျေးဇူးများကြောင်းကို မြတ်စွာဘုရားသခင်သည် "စင်္ကမသုတ်"၊ ဒေသနာတော်ဝယ် လမ်းလျှောက်ခြင်း အကျိုး ငါးမျိုးကို ဟောကြားတော်မူခဲ့လေသည်။

"ရဟန်းတို့ စင်္ကြံလျှောက်ခြင်း၊ လမ်းလျှောက်ခြင်း၌ အာနိသင် ငါးပါးရှိ၏။ ၎င်းတို့ကား-

၁။ ခရီးရှည်သွားနိုင်၏။

၂။ ကြိုးစားအားထုတ်နိုင်၏။

၃။ အနာရောဂါနည်း၏။

၄။ စားသောက်အားသော အစာသည် အစိုင်အခဲ ဖြစ်နေ စေကာမူ ကောင်းစွာကြေညက်နိုင်၏။

၅။ လမ်းလျှောက်ခြင်းဖြင့် ရအပ်သော တည်ကြည်မှု တည်း ဟူသော သမာဓိသည် ကြာမြင့်စွာ တည်နိုင်၏"

ဤသို့ မြတ်စွာဘုရားသည် လူတို့၏ကျန်းမာရေး အသက်ရှည် ရေးအတွက် လမ်းလျှောက်သင့်ကြောင်း ဟောကြားတော်မူခဲ့ သော တရားတော်သည် ယခု မျက်မှောက်ခေတ် ဆရာဝန်တို့၏ ကျန်းမာရေးအတွက် လမ်းလျှောက်ခိုင်းသော ညွှန်ကြားချက်ထက် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် စောခဲ့လေသည်။

ထို့ကြောင့် ဘီလီယံကိုး အကုန်မခံနိုင်သူ ဂေါက်သီးရိုက်အ တွက် အခက်အခဲ ဖြစ်နေသူတို့သည် ကျန်းမာရေး အသက်ရှည် ရေးကိုသာ အဓိကထားကြမည်ဆိုပါက ငွေကြေးတပြားမှ အကုန် ခံရန် မလိုသော မြတ်စွာဘုရား၏ စင်္ကမသုတ် ဒေသနာတော် အ တိုင်းသာ လိုက်နာကျင့်ကြံ၍ လမ်းလျှောက်နိုင်ကြပါစေသတည်း။

× × ×

(၈-၆-၇၁)

မလသုတ် ဒေသနာ

ကျန်းမာရေးနှင့်ပြည့်စုံခြင်းသည် ကြီးစွာသော လာဘ်ကြီး တခုပင်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ သည်ကို ဗုဒ္ဓဘာသာဝင်များအားလုံး သိပြီးပင်ဖြစ်ပေသည်၊ထိုသို့ ကျန်းမာခြင်းနှင့် ပြည့်စုံစေနိုင်မည့် အရေးကြီးသည့် အဓိက အချက်ကား မိမိနေထိုင်ရာ မိမိကိုယ်ခန္ဓာ စသည်ကို သန့်ရှင်း စင်ကြယ်စေရမည့် အချက်ပင်ဖြစ်၏၊ မိမိနေထိုင်ရာနှင့် မိမိကိုယ် ခန္ဓာသည် စင်ကြယ်သန့်ရှင်းမှုကင်း၍ အညစ်အကြေးဖြင့် စွန်း ထင်ပေကျံနေပါလျှင် ကျန်းမာရေး ချို့တဲ့လာမည်၊ ဤသို့ စင်ကြယ်မှုကင်းသည့် အညစ်အကြေးကား မိမိကို ပြန်လည် ဖျက်ဆီးမည်ဖြစ်၏။

အညစ်အကြေးဖြင့် ဖုံးလွှမ်း၍ ဖျက်ဆီးရမည်ကိုင်း၊ ပျက်စီး စေမည်ကိုင်း ထမြောက်အောင်မြင်ရန် လွယ်ကူပါသော်လည်း အညစ်အကြေးကင်းစင်၍ စင်ကြယ်သန့်ရှင်းစေရန်ကား မလွယ် ကူပေ၊ အထူးဘလည်း အပင်ပန်းခံ၍ ကြိုးစားအားထုတ်လုပ်ကိုင် ရမည်ဖြစ်၏၊ ထိန်းသိမ်း ချုပ်တီးရမည်ဖြစ်၏၊ အပင်ပန်းခံ၍ အလေ့အကျင့် ပြုရမည်ဖြစ်၏၊ ထိုသို့ အပင်ပန်းခံမှသာလျှင် သန့်ရှင်းစင်ကြယ်စေနိုင်မည်၊ အညစ်အကြေး ကင်းစင်စေနိုင်မည် ဖြစ်၏၊ မည်သည့်အရာမဆို ဆင်းရဲခံ၍ ကြိုးစား အားထုတ်မှ သာလျှင် ချမ်းသာကို ခံစားရမည်ဖြစ်ပေသည်။

သို့သော် ပြဆိုခဲ့သော သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် ခံစား ရမည့် အညစ်အကြေးကင်း၍ ကျန်းမာခြင်းကား မိမိနှင့် မိမိ ပတ်ဝန်းကျင်အတွက်သာ ဖြစ်သည်၊ ယခုမျက်မှောက်လောက အတွက်

သာ ဖြစ်သည်၊ တမျိုးတည်းသော အညစ်အကြေးသာ ဖြစ်သည်၊ ဗုဒ္ဓဘာသာဝင်တို့ ဦးထိပ်တင်သည့် အစိန္တေယျ ဂုဏ်တော်ရှင် မြတ်စွာဘုရားသခင်က မူ အညစ်အကြေးဟူသည် ရှစ်မျိုးရှိ၏ဟူ၍ မလသုတ်ဒေသနာတော်မှာ ဤသို့ ဟောကြားတော်မူခဲ့၏။

၁၊ မိမိတို့တတ်မြောက်ထားရာ အတတ်ပညာ၊ ဂါထာမန္တာန် တရားဓမ္မတို့ကို အစဉ်မပြတ် သော့ကျင့်ခြင်း၊ သရဇ္ဈာယ်ခြင်း မပြုလျှင် ထိုအတတ်ပညာ၏ ပျက်စီးရာ အညစ်အကြေးမည်၏။ ၂၊ မိမိနေအိမ်ကို ပြုပြင်သုတ်သင်လိုသော လုံ့လဝီရိယ မရှိခြင်း သည် အိမ်ပျက်စီးရာ အညစ်အကြေးမည်၏။ ၃၊ မိမိခန္ဓာကိုယ် ကို သန့်ရှင်းစင်ကြယ်ရေး၌ ပျင်းရိခြင်းသည် ကိုယ်အဆင်းရူပကာ ၏ အညစ်အကြေးမည်၏။ ၄၊ မေ့လျော့လစ်ဟင်းခြင်းသည် မိမိ ကိုယ်ပိုင် ပစ္စည်းဥစ္စာကိုသော်၎င်း၊ တာဝန်ယူ စောင့်ရှောက်ရ သော ဥစ္စာပစ္စည်းကိုသော်၎င်း၊ ပျက်စီးစေခြင်း အညစ်အကြေး မည်၏။ ၅၊ မကောင်းသော၊ ယုတ်ညံ့သော အကျင့်သဘော သည် မိန်းမတို့၏ အညစ်အကြေးမည်၏။ ၆၊ ဝန်တိုစိတ်ဖြင့်မလွှဲ မကင်းသာ၍ ပေးလှူရသော ဝန်တိုစိတ်သည် ပေးလှူရသူ၏အညစ် အကြေးမည်၏။ ၇၊ ယုတ်ညံ့ကုန်သော အကုသိုလ်သာလျှင် ပွားများစေသော အကြောင်းတရားတို့သည်ဤလောကအဘို့၎င်း သံသရာအဘို့၎င်း၊ အညစ်အကြေးမည်၏။ ၈၊ သူတော်ကောင်း တရားကို လုံးဝမသိသော အဝိဇ္ဇာသည် ဆိုခဲ့ပြီးသော အညစ် အကြေးတို့ထက် လွန်ကဲ ယုတ်ညံ့သော အညစ် အကြေး မည်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ရှစ်မျိုးသောအညစ်အကြေး ကို ဟောကြားတော် မူခဲ့လေသည်။ ဤရှစ်မျိုးသော အညစ် အကြေးတို့ကား လောကုတ္တရာ သံသရာအတွက်သာလျှင်ဆင်ခြင်

ရန် မဟုတ်ဘဲ ယခု ပစ္စုပ္ပါန် လောကအဘူကပါ များစွာ နှလုံး သွင်းအပ်သော တရားများ ဖြစ်ပေသည်။

အမှတ် ၄ - အညစ်အကြေးနှင့်ပတ်သက်၍ အိမ်ကို စောင့် ရှောက်မှု ပေါ့ခလျှော့၍ သူခိုး ခိုးခံရခြင်း၊ ခရီး သွားလာရာမှာ ဥစ္စာပစ္စည်းများ မေ့လျော့ခဲ့ခြင်း၊ ကျပျောက်ခြင်း၊ အစိုးရပိုင် ပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးပျောက်ပျက်သည့်အတွက် ဥပဒေ အရ အရေးယူခံရခြင်း စသည်တို့မှာ ယခုခေတ် ကာလ အချိန် တွင် အထင်အရှား ဖြစ်နေသည်ကို လူအများပင် သိကြသည်၊ ဤနံပါတ် ၄ အညစ်အကြေးသာလျှင် မဟုတ်၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အညစ်အကြေးများအနက် နံပါတ် ၁-၂-၃-၅ စသည့် အညစ်အကြေးများသည် ယခုမျက်မှောက် ခေတ်မှာ ထင်ထင်ရှားရှားပင် ဖြစ်နေကြသည်။

ယခု ခေတ်တွင် ဖြစ်တည်-ပေါ်ပေါက်-ပျက်စီး စသော အကြောင်းအရာများသည် ရှေး လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင်ငါးရာကျော် အထက်က ဗုဒ္ဓမြတ်စွာဘုရား ဟော ကြားတော်မူခဲ့သော တရား ဒေသနာများနှင့် တသွေမတိမ်း ကိုက်ညီနေသည်ကို တွေ့ရခြင်းဖြင့် ဗုဒ္ဓဘာသာဝင်တို့ ဦးထိပ် ထား၍ ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ရာ အနန္တကျေးဇူးတော် ရှင် မြတ်စွာဘုရားသခင်သည် အလုံးစုံသော မှန်သောတရားကို ဆရာမရှိ မိမိအလိုလိုသာလျှင်သိမြင်တော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ မည်တော်မူ၏ဟူသော ဂုဏ်ပုဒ်ကို ခံယူတော်မူထိုက်ပါပေ သည်တကားဟု ပီတိစိမ့်၍ နှစ်သိမ့်ကြည်ညိုစွာဖြင့် ဤဆောင်း ပါးတိုကလေးကို နိဂုံးချုပ်လိုက်ရပေသတည်း။

× × ×

## (၁၅-၆-၇၁)

## ဝမ်းတလုံးကောင်း ခေါင်းမခဲ

လူ့ခန္ဓာကိုယ်၏ ကျန်းမာရေးနှင့် ပတ်သက်၍ လူတိုင်းပြောလေ့ရှိသော စကားတခွန်း ရှိ၏၊ ထိုစကားသည် ဝမ်းတလုံးကောင်းပါကဦးခေါင်းပင် ကိုက်ခဲခြင်းမရှိနိုင်ဟူ၏၊ထိုစကားသည် အလွန်ပင်မှန်ပါသည်၊ လူတို့၏ ခံတွင်း အပေါက်ငယ် တခုသည် အမျိုး စုံလှစွာသော မြောက်များလှ စွာသော အစာကြမ်း အစာနု အရေ အဖတ် အစိုင်အခဲများကို မျက်စိနှစ်လုံးပိတ်၍ အိပ်စက်သည့်အချိန်မှလွဲလျှင် အနည်းနှင့်အများ နေ့စဉ် သွတ်သွင်း နေကြရသည်ကို မိမိတို့ ကိုယ်ဘိုင် အသိဆုံးပင် ဖြစ်သည်၊ ထိုသွတ်သွင်းသမျှအစာတို့သည် တထွာမျှ အတိုင်းအရှည်ရှိသော ဝမ်းဗိုက်ထဲသို့ အားလုံး ရောက်ကြရ၏။

နေ့စဉ် သွတ်သွင်းနေရသည့် မြောက်များလှစွာသော အစာများကို လက်ခံနေရသည့် တထွာမျှသော ဝမ်းဗိုက်သည် ဝင်လာသမျှအစာတွေကိုနိုင်နင်းစွာ စီမံအုပ်ချုပ်နေရသည်၊ ဝင်လာသမျှအားလုံးကို လက်ခံထား၍ မဖြစ်သည့်အတွက် ထုတ်ပစ်သင့်သောအစာတွေကို ထုတ်ပစ်ရသည်၊ တခါတရံ ဝင်လာသည့် အစာတွေက ကြမ်းတမ်းခက်ထရော်၍ သော်၎င်း၊ ဝမ်းဗိုက်က နိုင်နင်းအောင် အလုပ်မလုပ်နိုင်၍သော်၎င်း၊ ထွက်သွားသင့် ထုတ်ပစ်သင့်သောအစာသည် မထုတ်နိုင် မထွက်နိုင် ဖြစ်သောအခါ ထိုအစာသည် ဝမ်းဗိုက်ထဲမှာ ခိုအောင်း၍ ပုပ်သိုးပြီး အဆိပ်အတောက်ဖြစ်လာ၏၊ ထိုအဆိပ်အတောက်သည် ကိုယ်ခန္ဓာကိုညှဉ်းဆဲသောအခါ အမျိုးအမည်များလှသော ရောဂါဝေဒနာမျိုးစုံသည် ခန္ဓာကိုယ် အစိတ်အပိုင်းအနှံ့ ပေါ်ပေါက်ကာ ဝေဒနာခံစားရခြင်း

တည်းဟူသော ဗျာဓိ ဒုက္ခကို ခံစားရလေသည်၊ ထိုအခါ ခိုအောင်း ပုပ်သိုးနေသည့် အဆိပ် အတောက်တွေ ထွက်စေရန် ဝမ်းမှုန့်ပြီး ကိုယ်ခန္ဓာ ကျန်းမာစေရန် ဝမ်းနှုတ်ဆေးကို သုံးစွဲရလေသည်၊ ဝမ်းနှုတ်ဆေး အာနိသင်ကြောင့် ပုပ်သိုးသည့်အစာတွေ ထွက်သွားမှ ဝေဒနာသက်သာနိုင် ပျောက်ကင်းနိုင်သည်၊ ထို့ကြောင့် ဝမ်းအချုပ် ခံခြင်းသည် ခန္ဓာကိုယ်ကို အလွန် ဒုက္ခရောက် စေသောကြောင့် ဝမ်းတလုံးကောင်းလျှင် ဦးခေါင်းပင် မခံနိုင် ဟူသော စကား ဖြစ်ပေါ်လာရလေသည်။

ဤကား ခန္ဓာကိုယ်မှာ ဖြစ်ပေါ်စေသည့် ရောဂါ ဝေဒနာ ကင်းစေရန် ပုပ်သိုးသည့် အဆိပ် အတောက်တွေ ထွက်စေရန် သစ်ရွက် သစ်ပွင့် သစ်သီး စသည်တို့ဖြင့် ဆေးဆရာများက ဖော်စပ်ထားသော ဝမ်းနှုတ်ဆေးဖြစ်လေသည်၊ သို့သော် ထိုဝမ်းနှုတ်ဆေးဖြင့် ဝေဒနာ ပျောက်ကင်းစင်ကြယ် သွားသူလည်း ရှိသည်၊ မပျောက်သူလည်းရှိသည်၊ ထိုဝမ်းနှုတ်ဆေးကား ယခု လောကီလယ်၌ ဖြစ်နေသူတို့ အဘို့ ခန္ဓာကိုယ် ဝမ်းဗိုက်တွင်းမှ အစာဟောင်း အစာပုပ်ကိုသာ ပယ်နှုတ် နိုင်ချေသည် လောကုတ္တရာ အဘို့ ယုတ်ညံ့သော အပါယ်လေးဘုံ သို့ လားစေမည့် သံသရာ ရှည်လျားစေမည့် အကုသိုလ် တည်းဟူသော အဆိပ်အတောက် အပုပ်အစပ် များကိုကား စင်ကြယ်အောင် ပယ်နှုတ်နိုင်စွမ်း မရှိချေ၊ သို့သော် ထိုအကုသိုလ် အပုပ်အစပ်များကို ပယ်နှုတ်နိုင်စွမ်း ရှိသည့် မြတ်သောတရားဟူသော ဝမ်းနှုတ်ဆေးကိုကား မြတ်စွာဘုရားသည် တိကိစ္ဆကသုတ် ဒေသနာ တော်ဝယ် ဤသို့ ဟောကြားတော် မူခဲ့လေသည်။

ရဟန်းတို့ ငါ ဟောကြားသည့် မြတ်သောတရား ဟူသော ဝမ်းနှုတ်ဆေးကို ကြားနာလော့၊ လောကီ လူသားတို့ ဖော်စပ်

သည့် ဝမ်းနုတ်ဆေးတား ဝေဒနာ ပျောက်သည့်လည်း ရှိ၏၊ မပျောက်သည်လည်းရှိ၏၊ ငါဟောကြားသည့် မြတ်သောတရား ဟူသော ဝမ်းနုတ်ဆေးကား ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း သေခြင်း၊ စိတ်နှလုံး မသာမယာ ပြင်းစွာသော ဆင်းရဲပင်ပန်းခြင်းဖြင့် စိုးရိမ်ပူဆွေးငိုကြွေးရခြင်း တည်းဟူသောအစာဟောင်း အစာပုပ် အဆိပ်အတောက် တို့ကို အကြွင်းမဲ့ စင်ကြယ်အောင် ပယ်နုတ် နိုင်ချေသည်၊ မှားယွင်းသော အကြံ၊ မှားယွင်းသော စကား၊ မှားယွင်းသောအလုပ်၊ မှားယွင်းသောအသက်မွေးမှုများ မှားယွင်းသော သတိ၊ မှားယွင်းသော သမာဓိ၊ မှားယွင်းသော ဉာဏ်၊ မှားယွင်းသော လွတ်မြောက်မှု စသည့် အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော များစွာသော ယုတ်ညံ့လှသည့် အကုသိုလ်တရားတို့သည် ဝမ်းဗိုက်တွင် ခိုအောင်းနေသော အဆိပ်အတောက်နှင့် တူ၏၊ ထိုအရာ အားလုံးကို မြတ်သော တရား တည်းဟူသော ဝမ်းနုတ်ဆေးဖြင့် အကြွင်းမဲ့ ပယ်နုတ်ပြီးသော သူအား မှန်ကန်သောအမြင် ဖြစ်လာ၏၊ ထိုမှန်ကန်သော အမြင်ကြောင့် များစွာသော ကုသိုလ်တရားတို့ ပွားများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် သံသရာမှ လွတ်မြောက်ရာ ဝဋ်ဆင်းရဲ ကင်းရာ မြတ်သောတရား တည်းဟူသော ဝမ်းနုတ်ဆေးကို ဟောကြားတော်မူခဲ့၏၊ ဆေးဆရာ သမားတော်တို့ ပေးသည့် ဝမ်းနုတ်ဆေးကား အပြင်ဖြစ်သော ခန္ဓာကိုယ်၏ ဝေဒနာကိုသာ ကုစားနိုင်သည်၊ သံသရာမှ လွတ်မြောက်ရာကို မကုစားနိုင်ချေ၊ မြတ်စွာဘုရား ဟောကြားတော်မူသည့် မြတ်သောတရား တည်းဟူသော ဝမ်းနုတ်ဆေးကား အတွင်းစိတ်မှ ဖြစ်ပေါ်၍ သံသရာဝဋ်ဆင်းရဲခံစားရမည့် အကုသိုလ်ဝေဒနာကို

နိုင်နင်းစွာ ကုစားနိုင်သည်၊ ထို့ကြောင့် လူတို့သည် ဝမ်းဗိုက် တလုံးကောင်းလျှင် ဦးခေါင်းပင် မခဲရအောင် ဝမ်းနုတ်ဆေး စားသကဲ့သို့ သံသရာဝဋ်ဆင်းရဲကို မခံစားရအောင် မြတ်စွာဘုရား၏ မြတ်သောတရား တည်းဟူသော ဝမ်းနုတ်ဆေး ကိုလည်း မမေ့ မလျော့ မှီဝဲသုံးဆောင် အပ်ပေသတည်း။

× × ×

(၂၂-၆-၇၁)

## အခြေအရံ

ဂုဏ် ပဏ္ဍာသနကို ခက်မောသော ပုထုဇဉ် လူသား မှန်သမျှသည် မိမိတို့ထံပါး၌ ခစားဝန်းရံပြီး သင်းပင်း အပေါင်းအသင်း မိတ်သင်္ဂဟကို များနိုင်သရွေ့ များစေရန် အလိုဆန္ဒ ရှိကြသူတော့ ချည်းဖြစ်သည်၊ အခြေအရံ မိတ်ဆွေ အပေါင်းအသင်း ပရိသတ်ကား လူတိုင်းမှာရှိအပ်၏။ လူဟူ၍ဖြစ်လာလျှင် သူဘော်ကောင်း တရားနှင့် တပါးထီးထီးနှင့် နိဗ္ဗာန် ရောက်ကြောင်းကို ကျင့်သုံးတာမှု တဆောင်သော ပုဂ္ဂိုလ်က လွဲလျှင် တယောက် ထီး ထီး နေရန်ကား မည်သည့်နည်းနှင့်မှ အဆင်ပြေနိုင်ဘွယ်ရာ မရှိချေ၊ နေ့ ည မဟူ အချိန်မရွေး ပေါ်ပေါက် လာမည့် သာမှုနာမှု အကြောင်းကိစ္စများကို တယောက်ထည်း ဆောင်ရွက်ရန် မည်သူမှ စွမ်းဆောင်နိုင်မည် မဟုတ်ပေ၊ ထိုအခါ နှုတ်၏ ကူညီစောင်မခြင်း၊ အားစိုက်ကူညီစောင်မခြင်းကို ပြုပေးမည့် ဆွေမျိုး အခြေအရံ အပေါင်းအသင်း မိတ်သင်္ဂဟ ဟူ၍ ရှိရတော့မည်သာ ဖြစ်ပေ၏။

ထိုသို့ ကူညီ စောင်မမှုကို ပြုပေမည့် အခြေအရံ အပေါင်းအသင်းတို့ ပြည့်စုံရန် မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။

အချို့သော ပုဂ္ဂိုလ်တို့ကား မိမိတို့မှာရှိသည့် တန်ခိုးအာဏာကို သုံးကာ အခြွေအရံ အပေါင်းအသင်း ဖြစ်စေသည်၊ အချို့သူတို့ကား မိမိတို့နိုင်ထားသည့် အချက်ကို ကိုင်ကာ အခြွေအရံ အပေါင်း အသင်း ဖြစ်စေသည်၊ ဤ နည်းမျိုးဖြင့် အခြွေအရံ အပေါင်း အသင်း ထားခြင်းကား လုံးဝ မသင့်လျော်ချေ၊ မိမိ တန်ခိုးအာဏာ မိမိနိုင်ထားသည့် အချက်တို့ကြောင့်သာ မလွန်ဆန်ဝံ့၍ ဝိုင်းရံကြရသော အခြွေအရံ အပေါင်းအသင်းတို့၏ စိတ်ဝယ် လုံးဝ စေတနာရှိမည်မဟုတ် မလွဲမကင်းသာ၍ မတ္တာမဲ့လျက် ခြွေရံ ပေါင်းသင်း ရသောကြောင့် အကြောင်းကိစ္စ ရှိလျှင် လေးနက်သောကူညီမှု ရှိမည်မဟုတ်ပေ၊ စင်ကြယ်သန့်ရှင်းသော ခြွေရံ ပေါင်းသင်းခြင်း မဟုတ်၍လည်း မိမိ အနေဖြင့် ကြာရှည်စွာစုစည်းထားနိုင်မည် မထားနိုင်မည်ကို အလေးအနက် သတိပြုအပ်သည်။

အခြွေအရံ ဟူသော စကား ကား အဓိပ္ပါယ်ရှိ၏၊ မည်သူမဆို မိမိကခြွေမှ ဝန်းရံလိုကြမည်ဖြစ်၏၊ မိမိက မခြွေဘဲလျက် မည်သူသည် အကြောင်းမဲ့ သက်သက် ဝန်းရံပါမည်နည်း၊ ခြွေချသည်ဆိုရာမှာ မိမိ ရှေ့မှောက်၌ လာရောက် တောင်းရမ်းနေသော သူဖုန်းစားကို ပေးကမ်းစွန့်ကြဲနေသကဲ့သို့ ပစ္စည်းဥစ္စာကို သာလျှင် အစဉ်မပြတ် ပေးကမ်းနေရမည် ဟု မဆိုလိုပေ၊ လူ၏ စိတ်ဆန္ဒသည် တဦးနှင့်တဦး တူညီခြင်းမရှိ၊ အချို့က စေတနာကောင်းဖြင့် ပေးကမ်းသည်ကိုပင် တမျိုးဘမည် အထင်လွဲကာ စိတ်မြင်တတ်ကြသည်၊ အချို့ကမူ ပစ္စည်းဥစ္စာ ပေးကမ်းခြင်းကို နှစ်ခြိုက် လက်ခံသည်၊ ထိုကြောင့် တန်ခိုးအာဏာကို မသုံးဘဲ၊ နိုင်ချက်ကို မကိုင်ဘဲ၊ ခြွေရံ သင်းပင်း အပေါင်းအသင်း များအောင် ဆောင်ရွက်ရာမှာ လူတို့၏ အလိုဆန္ဒ သဘောထားကို

နားလည် အကဲခတ် နိုင်ရန် အခဲရး ကြီးပေသည်၊ ဤ ခြေရ သင်းပင်း အပေါင်းအသင်း များစေမှု ကြောင်းနှင့် ပတ်သက်၍ ဒုတိယ ဟတ္ထကာသိတ် ဒေသနာ တော်ဝယ် မြတ်စွာဘုရားသည် သင်္ဂဟဝတ္ထု လေးမျိုးကို ဟောကြားတော်မူခဲ့၏။

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝ စေတီ၌ သီတင်း သုံး နေတော်မူစဉ်ဝယ် ဟတ္ထက အာဠဝက ဥပါသကာ သည် အပေါင်းအသင်း ဥပါသကာငါးရာခြံရံလျက် မြတ်စွာဘုရားထံ လာရောက် ပူဇော်၏၊ ထိုအခါ မြတ်စွာဘုရားက ဤမျှလောက် အခြွေအရံ များအောင် မည်ကဲ့သို့ ပေါင်းသင်း ချီးမြှောက် သနည်း ဟု ဟတ္ထက အာဠဝက ဥပါသကာကို မေးတော်မူ၏၊ ထိုအခါ ဟတ္ထက ဥပါသကာက ဤ သို့ ပြန်လည်လျှောက်ကြား သည်။

အရှင်ဘုရား ဟောကြားတော် မူသော သင်္ဂဟဝတ္ထု လေး မျိုးဖြင့် ချီးမြှောက် ပေါင်းသင်းပါသည်၊ ပစ္စည်းဥစ္စာ ပေးကမ်း စွန့်ကြဲခြင်းကို နှစ်သက်သူအား ပစ္စည်း ပေးကမ်းခြင်း ဖြင့်၎င်း၊ ချစ်ဖွယ် နှစ်လိုဘွယ် စကားဆိုခြင်းကို နှစ်သက်သူအား ချစ်ဖွယ် နှစ်လိုဘွယ် စကားဖြင့်၎င်း၊ အကျိုးစီးပွား ဆောင်ရွက်ပေးခြင်း ကို နှစ်သက်သူအား အကျိုးစီးပွား ဆောင်ရွက် ပေးခြင်းဖြင့်၎င်း မိမိနှင့် အဆင့်အတန်းတူ ထားပြီး ဆက်ဆံခြင်းကို နှစ်သက်သူ အား မိမိနှင့်တန်းတူထား ဆက်ဆံခြင်းဖြင့်၎င်း၊ ဤသင်္ဂဟဝတ္ထု လေးမျိုးဖြင့် ချီးမြှင့် ပေါင်းသင်းပါသည် ဘုရား။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သင်္ဂဟဝတ္ထု လေး မျိုးသည် ခြေရံ သင်းပင်း အပေါင်းအသင်းများအောင် ဆောင် ရွက်ရာမှာ တန်ခိုးအာဏာ သုံးရန်လည်းမလို၊ နိုင်ချက်ကို ကိုင်ရန် လည်းမလို၊ စင်ကြယ်သန့်ရှင်းသော စိတ် စေတနာ မေတ္တာဖြင့်

မိမိကို စွဲစွဲမြဲမြဲ ခြံရံ ပေါင်းသင်းတာ တဦးနှင့်တဦး တုံ့ပြန်သော ကူညီမှုမျိုးဖြင့် မြဲမြံသော မိတ်ဆွေအပေါင်းအဘော်ဖြစ်စေနိုင်သော တရားဒေသနာတော် ဖြစ်ပေသည်၊ ထို့ကြောင့် ခြံရံသည်ဆိုရာမှာ ပစ္စည်းဥစ္စာကိုချည်း ပေးကမ်းစွန့်ကြဲနေရန်မလိုဘဲ လေးမျိုးသောသင်္ဂဟဝတ္ထုထဲမှ မိမိတို့နှစ်သက်သဘောကျရာနည်းဖြင့် ခြံရံသင်းပင်း၊ အပေါင်းအသင်း မိတ်ဆွေများအောင် ဆောင်ရွက်နိုင်ပေသတည်း။

× × ×

( ၆-၇-၇၁ )

## သတိသမ္ပဇဉ်

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှိခိုးတိုင်း အမြိုက်နိဗ္ဗာန်ကို ရလိုပါ၏ဟု မည်သူမဆို ဆုတောင်းကြသည်၊ ထိုသို့ နိဗ္ဗာန်ကို အလျင် ခံမင်တောင့်တ လိုချင်ကြသော်လည်း နှုတ်ကသာ ဆုတောင်းနေကြသည်၊ လက်ကသာ ကုသိုလ်ကောင်းမှု ပြုနေကြသည်၊ ဤဆောင်ရွက်မှုနှစ်ခုဖြင့် ဆုတောင်းပြည့်မည်ဟု ထင်မှတ်ယုံကြည်သူအချို့ ရှိနေကြသည်၊ စင်စစ်ကား နှုတ်က ဆုတောင်းရုံဖြင့်လည်း မပြည့်စုံနိုင်သေး၊ လက်က ပေးလှူစွန့်ကြဲခြင်းတည်းဟူသော ကုသိုလ်ကောင်းမှု ပြုရုံဖြင့် မပြည့်နိုင်သေးပေ။ နှုတ်၊ လက်တို့ ဆောင်ရွက်ခြင်းထက် အလွန် အရေးကြီးစွာ ပြုလုပ်ဆောင်ရွက်ရမည့်အချက်ကိုကား အလေးအနက် သတိမူ နှလုံးသွင်းမိကြ နည်းပါးလေသည်။

အချို့ ပုဂ္ဂိုလ်တို့သည် နှုတ်က ဘုရားရှိခိုး အမျိုးမျိုးတွေ ရွတ်ဆိုနေသော်လည်း စိတ်က အာရုံစိုက်ခြင်း၊ တည်ကြည်ခြင်းမရှိဘဲ လွင့်ပါးသွားနေသူများ ရှိတတ်သည်၊ ဤအဖြစ်မျိုးကား ပုထုဇဉ်

လူထားတိုင်းလိုလိုပင် ဖြစ်တတ်ပါသည်၊ စာရေးသူ ကိုယ်တိုင်ပင် ဂရုရှိခိုး၊ ပရိတ်ရွတ်နေချိန်များမှာ အထူးသတိထားပြီး စိတ်ကို ထိန်းရပါသည်။ အမျိုးမျိုးသောအကြောင်းတို့ကြောင့်စိတ်လွှတ် သည့်အခါ လွှတ်သွားတတ်သည်ကို ဖွင့်ဟဝန်ခံပါသည်။

လောကီမျက်မှောက်ဘဝ၌စိတ်နောက်ကိုယ်ပါ မပြုနိုင်အောင် စိတ်တည်းဟူသော သတိသည် အမြဲ ရှိအပ်ပေသည်၊ သတိ လွတ် သည်နှင့်တပြိုင်နက် မဖြစ်သင့်သော အမှားတွေ ဖြစ်လာမည်ကို လူတိုင်းပင် စဉ်းစားမိမည်ဖြစ်၏။ ဤ"သတိ"သည် မျက်မှောက် လောကအတွက်သာ အရေးကြီးသည်မဟုတ်၊ လောကုတ္တရာအတွက် လည်း အလွန်ပင် အရေးကြီးလှ၏၊ သံသရာ ဝဋ်ဆင်းရဲမှ လွတ် မြောက်ရန် မီးတဆယ့်တပါးတို့ ကုန်ခန်းချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ရန် ကျင့်ကြံအားထုတ်ရာ၌ သတိမရှိလျှင် သတိကို နိုင် အောင် မထိန်းလျှင် မည်ကဲ့သို့မှ အားထုတ်ကျင့်ကြံရန် မဖြစ်နိုင် ပေ၊ သတိကို မထိန်းဘဲ ကျင့်ကြံအားထုတ်နေ၍လည်း မဂ်ဖိုလ် နိဗ္ဗာန်ကို မည်သည့်နည်းနှင့်မှ မရောက်နိုင်ချေ။

သတိသည် မည်မျှအရေးကြီးပါသနည်း ဆိုသော် မြတ်စွာ ဘုရားသခင်သည် "သမ္မာဉာဏသုတ် ဒေသနာ"တော်မှာ သတိကို အရင်းခံထား၍ ဤသို့ဟောကြားတော်မူခဲ့ပါသည်။

ချစ်သား "ရဟန်းတို့ အောက်မေ့မှု သတိနှင့် ဆင်ခြင်ဉာဏ် ထမ္ပဇဉ်မရှိလျှင် အရှက်အကြောက် တည်းဟူသော ဟိရိဩတ္တပ္ပ တရား ကင်းမဲ့၏၊ ဟိရိဩတ္တပ္ပ တည်းဟူသော အရှက်အကြောက် မရှိလျှင် ဣန္ဒြေစောင့်စည်းမှု တည်းဟူသော ဣန္ဒြိယသံဝရ ကင်းမဲ့ ၏၊ ဣန္ဒြေစောင့်စည်းမှု မရှိလျှင် အကျင့်သီလကင်းမဲ့၏၊အကျင့် သီလ မရှိသူအား မှန်ကန် တည်ကြည်သော သမ္မာသမာဓိသည် ကင်းမဲ့၏၊ သမ္မာသမာဓိ မရှိသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှု

တည်းဟူသော ယထာဘူတဉာဏဒဿန ကင်းမဲ့၏၊ ယထာဘူတ ဉာဏဒဿန မရှိသူအား ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်နှင့် တပ်မက်ခြင်း ကင်းမှု ဝိရာဂ-ဉာဏ်ကင်းမဲ့၏၊ ထိုနိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ် ကင်းမဲ့သူအား ကိလေသာမှ လွတ်မြောက်မှုနှင့် လွတ်မြောက်မှု ကိုသိသော ပစ္စဝေက္ခဏာ ဉာဏ်အမြင်-ဝိမုတ္တိဉာဏဒဿန ကင်း မဲ့ချေမည်”

ဤတွင် သတိကို မထိန်းနိုင်သည့် အချက်တချက်သည် နိဗ္ဗာန် ရောက်ကြောင်းကျင့်ကြံရမည့် အဆင့်ဆင့်သော တရားများအတွက် မည်မျှ ထိခိုက် ဖျက်ဆီးနိုင်၊ အနှောင့်အယှက် ပြုနိုင်သည်ကို သိရသည်။

နောက်တဖန် သတိနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် သစ် ပင် ဥပမာ ပေးတော်မူသေးသည်။

“ချစ်သားရဟန်းတို့ သစ်ပင်သည်အခက် အရွက် ပျက်စီးခဲ့မူ ထိုသစ်ပင်၏အပွေးသည်လည်း၊ အခေါက်သည်လည်း၊ အကာသည်လည်း အနှစ်သည်လည်း ချို့တဲ့ပျက်စီး၏၊ထို့အတူ လူသည် သတိသမ္ပဇဉ် မရှိလတ်သော် ဆိုခဲ့ပြီးသော အဆင့်ဆင့်သောတရားတို့သည်လည်း ချို့တဲ့ပျက်စီး၏”

ထို့ကြောင့် သတိဟူသည်လည်း၊ ဆင်ခြင်ဉာဏ်သည်လည်း၊လူတို့ အတွက် အလွန်အလေးအနက်ပြုအပ်သော တရားဖြစ်ချေသည်၊ ယခု ခေတ်လူတွေအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆိုရမူ သတိ တည်းဟူ သော အောက်မေ့မှု သမ္ပဇဉ် ဟူသော ဆင်ခြင်မှု ကင်းမဲ့ပါက မည်သည့်အရာကိုမဆို မိုက်မိုက်မှားမှား ပြုလုပ်ကြတော့မည် ဖြစ် ရာ နိဗ္ဗာန်ရောက်ကြောင်းတရား အဆင့်ဆင့် ပျက်စီးသည်ကို ထားဘိဦး၊ ယခုမျက်မှောက်လောကမှာပင် မိမိအိမ်ထောင်ရေး၊ တိုင်းပြည်နှင့် လူမျိုးအရေးတို့မှာ ကြေကွဲသော အမှားတွေကို

ပြုလုပ်ကျူးလွန်ကာ သေကြေပျက်စီးနေကြသည်ကို သတိထားမိသူတိုင်း တွေ့မြင် သိရှိနေကြပေသည်။

သတိဟူသည် ပိုသည်မရှိ၊ သမ္မာဉာဏ်ဟူသည် ပိုသည်မရှိ၊ သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်ပြိုင်၍ မည်သည့်အမှုကိစ္စမဆို ဆင်ခြင်တိုင်းဆနိုင်ကြပါစေသတည်း။

× × ×

(၂၉-၆-၇၁)

## အိမ်ထောင် သာယာရေး

အိမ်ယာ ထောင်သည့် လူ့ဘောင်၌ နေသူ ယောကျ်ားဘို့သည် မိမိတို့၏ ဇနီး သားသမီးတို့ ပလင်တင့်တယ်စွာ နေထိုင်စားသောက်ရေး အတွက် အသက်မွေး ဝမ်းကျောင်း ငွေကြေးဥစ္စာစည်းစိမ်ရရှိနိုင်ကြောင်း အတွက် အလုပ်အကိုင်လုပ်ကြရသည်၊ ထိုသို့ ရှာဖွေလုပ်ကိုင်ရရှိသော စည်းဥစ္စာနှင့်ပတ်သက်၍ အချို့သော ယောကျ်ားတို့သည် ဆင်ခြင်တိုင်းဆမှုမရှိဘဲ မိုက်မဲတွေဝေသောစိတ်ဖြင့် အကျိုးမဲ့ ကုန်ခန်းပျက်စီးအောင် ဖြုန်းတီးကြသည်၊ အချို့ယောကျ်ားတို့သည်ကား မြော်မြင်တိုင်းဆသောစိတ်ဖြင့် ထိန်းသိမ်းစုဆောင်း တတ်ကြသည်၊ ပစ္စည်းဥစ္စာရှာဖွေရသော အိမ်ထောင်ရှင် ယောကျ်ားတို့ကို အကြောင်းပြု၍ "ဒီဃဇာဏုသုတ် ဒေသနာ" တော်ဝယ် မြတ်စွာဘုရားသည် ဤသို့ဟောကြားတော် မူခဲ့လေသည်။

"ကောလိယမြို့ ကက္ကရပတ္တ မည်သော ကောလိယ မင်းတို့၏ နိဂုံး၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် ဒီဃဇာဏုမည်သော ကောလိယမင်းသားသည် အိမ်ယာထောင်သည့်လူ့ဘောင်၌နေသူ

ယောကျ်ားတို့အဘို့ မျက်မှောက်ဘဝ၌ အကျိုးစီးပွား များ၍ ချမ်းသာကြောင်း ဖြစ်စေမည့် တရားကို ဟောပြပါရန် မြတ်စွာ ဘုရားအား လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက မျက် မှောက်ဘဝ ဖြစ်သော ဤလောက၌ အကျိုးစီးပွားများစေမည့် တရားလေးမျိုးကို ဟောကြားတော်မူသည်။

၁။ ထကြွလုံ့လနှင့်ပြည့်စုံမှု- မည်သည့် အလုပ်ကိုပင် ဖြစ်စေ မိမိ တတ်ကျွမ်းသော ပညာဖြင့် အသက်မွေးမှု ပြုမည်ဆိုလျှင် မိမိ လုပ်ကိုင်သောအလုပ်၌ ကျွမ်းကျင်မှုရှိရမည်၊ ပျင်းရိမှုကင်းမဲ့ ရမည်၊ စူးစမ်းမှုနှင့်ပြည့်စုံရမည်၊ နိုင်နင်းစွာ လုပ်နိုင်စွမ်းရှိရမည်၊ စီမံအုပ်ချုပ်နိုင်စွမ်းရှိရမည်၊ ဤသည်ကို ထကြွလုံ့လနှင့် ပြည့်စုံမှု ဥဋ္ဌာန သမ္ပဒါ ဟူ၍ ဆိုအပ်၏။

၂။ စောင့်ရှောက်ခြင်းနှင့်ပြည့်စုံမှု-ထကြွလုံ့လပြည့်စုံစွာဖြင့် အပင်ပန်းခံ ရှာဖွေလုပ်ကိုင် စုဆောင်းထားသော ဥစ္စာပစ္စည်းကို ရန်သူမျိုးငါးပါးတို့ဘေးမှ ကင်းအောင် လုံခြုံစွာ စောင့်ရှောက် နိုင်စွမ်း ရှိရမည်၊ ဤသည်ကို စောင့်ရှောက် ခြင်းနှင့် ပြည့်စုံမှု အာရက္ခသမ္ပဒါ ဟူ၍ ဆိုအပ်၏။

၃။ မိတ်ဆွေကောင်းရှိမှု—မိမိ နေထိုင်ရာ အရပ်၌ မိတ်ဆွေ သင်္ဂဟရှိရာသည်၊ ထိုမိတ်ဆွေကား မိမိနှင့် သက်တူရွယ်တူဖြစ်သည် မဖြစ်သည်ကို အမှိုကထား၍ မရွေးချယ်ရာ၊ ထိုသူ၏ အကျင့်သီလ ကိုသာ အမှိုတထား ရွေးချယ်ရာသည်၊ မိမိထက် ကြီးသူဖြစ်စေ၊ ငယ်သူ ဖြစ်စေ၊ စင်ကြယ် မြင့်မြတ်သော ကိုယ်ကျင့်တရား ရှိသူ ဖြစ်လျှင်၊ သူတော်ကောင်း တရားနှင့် ပြည့်စုံသူဖြစ်လျှင်၊ အပြစ် တင်းသော အတတ်ပညာနှင့် ပြည့်စုံသူ ဖြစ်လျှင်၊ သီလသမာဓိ မြဲမြံသူ ဖြစ်လျှင်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အဆွေခင်ပွန်းဖွဲ့

ပေါင်းသင်းရသည်၊ ထိုပုဂ္ဂိုလ်၏အမှုအကျင့်ကို အတုယူကျင့်ကြံရသည်၊ ဤသည်ကို မိတ်ဆွေကောင်းရှိမှု ကလျာဏ မိတ္တ ဟူ၍ဆိုအပ်၏။

၄။ မျှတစွာ အသက်မွေးမှု— မိမိ ရှာဖွေလုပ်ကိုင် ရရှိသော ပစ္စည်းဥစ္စာ၏ အင်အားကို ချင့်ချိန်ရသည်၊ ဝင်ငွေနှင့်ထွက်ငွေကို ချိန်ဆရသည်၊ ဝင်ငွေထက် လျော့နည်းစွာသုံးစွဲသော် ငါ့အား မည်ကဲ့သို့ တိုးပွားမှုဖြစ်မည်၊ ဝင်ငွေထက် ပိုမိုများပြားစွာ သုံးစွဲသော် ငါ့အားမည်ကဲ့သို့ဆုတ်ယုတ်မှုဖြစ်မည်စသည်ကို စဉ်းစား မြော်မြင်ဉာဏ်ဖြင့် ချင့်ချိန် ဝေဖန်၍ အပေါ်အပါး လိုက်စားခြင်း၊ အကျိုးမဲ့ ဖြုန်းတီးခြင်းမျိုးကို ရှောင်ကြဉ်ကာ စည်းစနစ်ကျစွာ သုံးစွဲရသည်၊ ဤသည်ကို မျှတစွာ အသက်မွေးမှု သမဇီဝိတာ ဟူ၍ ဆိုအပ်၏။

တဖန်တု ရရှိထားသော ဥစ္စာပစ္စည်းတို့၏ ပျက်စီးကြောင်းတရား လေးမျိုးကား၊ မိန်းမလိုက်စားမှု၊ သေသောက်ကြူးမှု၊ ယုတ်မာသော အဆွေခင်ပွန်းနှင့် ချစ်ကျွမ်းဝင်မှု၊ လောင်းကစားကြူးမှု၊ တည်းဟူသော လေးမျိုးတို့ဘည်း။

အကျိုးစီးပွားများစေမည့် တရားလေးမျိုးကို စွဲမြဲစွာ ကျင့်သုံးကာ၊ ဥစ္စာပစ္စည်း ပျက်စီးကြောင်း တရားလေးမျိုးကို ကင်းရှင်းစွာ စွန့်ပယ်ပါက အိမ်ယာထောင်သော လူ့ဘောင်၌ နေသူယောကျ်ားအဘို့ ဤ မျက်မှောက်ဘဝ၊ ဤလောကမှာ အကျိုးစီးပွားများ၍ ချမ်းသာကြောင်းတရား ဖြစ်ပေသတည်း။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်၊ ဤ ဒီဃဇာဏုသုတ်ဒေသနာဘော်သည် ယခု မျက်မှောက်ခေတ်လူတို့အဘို့ နေထိုင်စားသောက်ရေး၊ ပေါင်းသင်း ဆက်ဆံရေး၊

ကိုယ်ကျင့်တရား ထိန်းသိမ်းရေးတို့ကိုပါ အလေးအနက် လိုက်နာကျင့်သုံးဘွယ် ထိုက်လှသော ဒေသနာတော် ဖြစ်ပေသည်၊ ဤဒေသနာတော် အတိုင်း လိုက်နာ ကျင့်သုံးမည် ဆိုပါက မိမိတို့ကြည်ညို ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို ရိုသေ နာခံရာရောက်သဖြင့် တမလွန် အဘို့ အကျိုးရှိစေမည့် အပြင် ယခုမျက်မှောက် ဘဝမှာပင် ကြေးမြို ကင်းရှင်းစွာဖြင့် အိမ်ထောင်သာယာရေးကို ဖြစ်နိုင်ပေမည်။

စီးတဲ့ရေ ဆယ်တဲ့နှံသင်း ဟူသော စကားသည်အိမ်ထောင်ရှင်မိန်းမအဘို့ ဖြစ်တဲ့နည်းတူ ရေ၏ ဝင်ပေါက် ထွက်ပေါက်ကိုအိမ်ထောင်ရှင် ယောကျ်ားအနေဖြင့် သတိပြု ဆင်ခြင်ရန်သခင်ကျင်းစာ ပေးသည့် ဒေသနာတော် ဖြစ်ပေသတည်း။

× × ×

## (၁၃-၇-၇၁)

## သံယောဇဉ်

"သံယောဇဉ်" ဟူသော စကားကို ယခုလူတွေ ပေါ့ပေါ့ဆဆပြောဆိုသုံးစွဲနေကြသည်၊ သံယောဇဉ် ဆိုသည်မှာ မည်သည်ကိုဆိုပါသနည်းဟုမေးငြားအံ့၊ ထိုသူတို့အဖြေကား မိဘ ဆွေမျိုး၊လင်မယား၊ သားသမီး၊ မိတ်ဆွေ၊ တပည့်ယောသား၊ ဆရာသမား၊အလုပ်အကိုင်၊ပစ္စည်းဥစ္စာ စသည်တို့ကိုစွဲလမ်းခုံမင်၍ ပူပင်သောကဖြစ်ရသည်ကို အလွန်သံယောဇဉ်ကြီးလှပါသည်ဟု ဖြေဆိုကြပေလိမ့်မည်၊ ထိုသူများ၏ အဖြေသည်လည်း မှန်ပါသည်၊ ထိုသူများပြောသည့် သံယောဇဉ်ကား အပေါ်ယံ အဓိပ္ပါယ်မျှလောက်သာဖြစ်၏၊ ဤသံယောဇဉ်စကားကို တွယ်ရှိသာဘွယ်လျှင် အပါယ်လေး

ဘုံကို သွားနိုင်လောက်သည့်အပြစ်မျိုး၊ အကုသိုလ်မျိုးမဖြစ်ပေါ်နိုင်သေးဟု စာရေးသူ ယူဆမိပါသည်၊ ဤသံယောဇဉ်မျိုးဘယ်ရှိသော မဟုတ်ဘဲ ဤသံယောဇဉ်ကို အကြောင်းပြု၍ မလုပ်သင့်သော ဒုစရိုက်တွေကိုလုပ်နေမှသာလျှင် အပါယ်လေးဘုံကို မလွှဲမသွေ သွားရပေမည်။

ဖော်ပြခဲ့သော သံယောဇဉ်ကား- ယခုလူတွေ ပေါ့ပေါ့သဘောထားပြောနေသော သံယောဇဉ်များသာဖြစ်သည်၊ လူတွေ ပေါ့ပေါ့ပြောသလို ဤသံယောဇဉ်ကလည်း ခပ်ပေါ့ပေါ့ တွယ်သော သံယောဇဉ်များသာဖြစ်၏၊ ဤသို့ဆိုလျှင် လေးလေးတွယ်သော သံယောဇဉ်ရှိနေမည်လားဟု စာဖတ်သူများ တွေးကြပေလိမ့်မည်၊ ရှိပါသည်၊ လေးလေးတွယ်သော သံယောဇဉ်ကား ငါးမျိုးရှိ၏၊ ထိုသံယောဇဉ်ငါးမျိုးကို အောက်ပိုင်းသံယောဇဉ်ဟု ဆိုသည်၊ ဤသံယောဇဉ်အကြောင်းကို မြတ်စွာဘုရားသည် "သြရမ္ဘာဂိယသုတ် ဒေသနာ"တော်မှာ ဟောကြားတော်မူခဲ့လေသည်။

"အောက်ပိုင်းသံယောဇဉ်ကား ငါးမျိုးရှိ၏ ၁-မိမိကိုယ်၌ အယူမှားမှု သက္ကာယဒိဋ္ဌိ။ ၂-ပြတ်သားမှန်ကန်စွာ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာ။ ၃-အကျင့်သီလမှားလွဲမှားစွာ ခံယူသုံးသပ်မှု သီလဗ္ဗတပရာမာသ။ ၄-ကာမကို လိုချင်မှု ကာမစ္ဆန္ဒ။ ၅-သူတပါး ပျက်စီးအောင် အကျိုးမဲ့အောင် ကြံစည်မှု ဗျာပါဒ"

ဤအောက်ပိုင်း သံယောဇဉ် ငါးမျိုးကို ဟောတော်မူသည့်အပြင် မြတ်စွာဘုရားသည် သဥပါဒိသေသသုတ် ဒေသနာတော်ဝယ် ဤသို့ ဟောကြားတော်မူခဲ့ပါသေးသည်၊

"ချစ်သား သာရိပုတ္တရာ- ငါဘုရား သာသနာတော်၌ သီလသမာဓိ ပြည့်စုံလျက် ပညာနည်းသူ၊ ပညာမပြည့်စုံသူ ဖြစ်စေ

ကာမူ၊ ထိုပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ၊ ပရာမာသ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ တည်းဟူသော အောက်ပိုင်း သံယောဇဉ် ငါးမျိုးကုန်ပါက ကင်းပြတ်စင်ကြယ်ပါက ဒုဂ္ဂတိဟု ဆိုအပ်သော အပါယ်လေးဘုံမှ လွတ်မြောက်သည့် ပုဂ္ဂိုလ်ဖြစ်၏။

ဤသို့ အောက်ပိုင်း သံယောဇဉ် ငါးမျိုးကို မြတ်စွာဘုရားက အလေးအနက်ထား၍ ဟောကြားတော်မူသည်။

ပုထုဇဉ်လူသားမှန်လျှင် မိဘဆွေမျိုး၊ လင်မယား၊ သားသမီး၊ မိတ်ဆွေ၊ ဆရာဘပည့် စသည့်သံယောဇဉ်များကား လူတိုင်းပင်ရှိလေသည်။ ထိုသံယောဇဉ်ကြောင့်ပင် ဘုရားသွား၊ ကျောင်းသွား မဖြစ်နိုင်အောင် ဖြစ်ကြရသည်၊ စားမဖြောင့် စက်မပျော်ဖြစ်ကြရသည်၊ စိုးရိမ်ပူဆွေး ငိုကြွေးကြရသည်၊ ဒေါသဖြစ်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်ကြရသည်။ ဤသို့ ဖြစ်ပျက် တွေ့ကြုံရသည်ကို မည်သူမှ မကင်းနိုင်ကြချေ။ သို့သော် ဤသံယောဇဉ်ကိုအကြောင်းပြုပြီး အပါယ်လေးဘုံကို ဆွဲသွားမည့် အောက်ပိုင်းသံယောဇဉ်ငါးမျိုး ပါဝင်ရောက်ဖက်မှုမဖြစ်အောင် မိမိစိတ်ကိုယ်ရင်း၊ ကိုယ်ကိုယ်ရင်း၊ ကောင်းစွာ ထိန်းချုပ် နိုင်စွမ်း ရှိသင့်ပေသည်။ အောက်ပိုင်း သံယောဇဉ် ငါးမျိုးအနက်မှ ဗုဒ္ဓဘာသာဝင်များအတွက် နံပါတ် ၁- ဖြစ်သော သက္ကာယဒိဋ္ဌိကို ရှောင်နိုင်ကြသူ ရာနှုန်းပြည့် ရှိနိုင်သော်လည်း နံပါတ် ၂-၃-၄-၅ ကိုကား ရှောင်နိုင်သူ နည်းပေလိမ့်မည်။ လေးမျိုးလုံး ကျူးလွန်သူလည်း ရှိပေလိမ့်မည်။ တမျိုး နှစ်မျိုးမျှကို ကျူးလွန်သူလည်း ရှိပေလိမ့်မည်။

ယခုခေတ် မျက်မှောက်လောကတွင်အောက်ပိုင်း သံယောဇဉ် ငါးမျိုး အနက်မှ ပြတ်သား မှန်ကန်စွာ မဆုံးဖြတ်နိုင်မှု၊ ဝိစိကိစ္ဆာနှင့် သူတပါး ပျက်စီးအောင် အကျိုးမဲ့အောင် ကြံစည်မှု

ဗျာပါဒ တည်းဟူသော အောက်ပိုင်း သံယောဇဉ် နှစ်မျိုးကို လူတော်တော်များများ ကျူးလွန်နေကြသည်။

ထို့ကြောင့် မည်မျှပင် သားမယား၊ ဆွေမျိုး၊ ပစ္စည်းဥစ္စာ သံယောဇဉ်ကို ဖြတ်နိုင်ပါသည်ဟု ဆိုစေကာမူ အောက်ပိုင်း သံယောဇဉ်ငါးမျိုးအနက်မှ တချက်မျှငြိတွယ်ရုံမျှဖြင့် ကောင်းရာ သုဂတိသို့ မရောက်နိုင်တော့ဘဲ အပါယ်လေးဘုံ ကိုသာလျှင် သွားကြရမည် ဖြစ်ပေကြောင်းကို ကောင်းစွာ သတိချပ်သင့် ပေသည်။

× × ×

(၂၀-၄-၄၁)

## ပေးလှူခြင်းငါးမျိုး

အလှူဒါနကိုပြုလုပ်ပေးလှူရာ၌ အစ အလယ် အဆုံးဟူသော စေတနာသုံးတန်ကို နိုင်နင်းစွာ ထိန်းချုပ်လှူဒါန်းသော စေတနာ အကျိုး၊ လိုက်လှဲသော သဒ္ဓါတရားဖြင့် ရိုသေစွာပေးလှူရသော စေတနာ အကျိုးတို့သည် မျက်မှောက်ရော တမလွန်ပါ များစွာ ကောင်းကျိုးချမ်းသာ ဖြစ်စေသည်ကို ဗုဒ္ဓဘာသာဝင် တိုင်းပင် သိကြပြီဖြစ်၍ အကျယ်ချဲ့ရေးသားရန် မလိုတော့ပေ၊ ပေးလှူသူ သည် မိမိကိုယ်ပိုင်ပစ္စည်းကို မိမိသဘောအတိုင်း မိမိကြည်ညိုရာ ပုဂ္ဂိုလ်ကိုပေးလှူရသောအခါ ဆိုခဲ့ပြီးစိတ်စေတနာမျိုး ပေါ်သော သည်မှာ အမှန်ပင်ဖြစ်သည်၊ မျက်မှောက်ရော တမလွန်ပါ ကောင်းကျိုး ချမ်းသာ ဖြစ်စေသည်မှာ အမှန်ပင် ဖြစ်သည်၊ သို့သော် ပေးလှူသူသည် မိမိတဦးတည်း၏ စိတ်ဆန္ဒအလျောက်

မိမိ ကြည်ညိုသောပုဂ္ဂိုလ်ကို ပေးလှူခြင်းမပြုရဘဲ အကြောင်းအမျိုးမျိုးကြောင့် စိတ်စေတနာ ပျက်ရသောအခါ သူတော် မဟုတ်သူယုတ်တို့ ပေးလှူခြင်းမျိုး သဘောသက်ရောက်ပြီး ဥစ္စာကုန်ခါ အကုသိုလ် ဖြစ်ရ လေတော့သည်၊ ထို သူတော် မဟုတ်သူတို့၏ ပေးလှူခြင်းမျိုးကား အဘယ်နည်းဆိုသော်၊ မြတ်စွာဘုရားသခင်သည် "အသပ္ပုရိသဒါန" သုတ် ဒေသနာတော်မှာ သူတော် မဟုတ်သူတို့၏ ပေးလှူပုံ ငါးမျိုးကို ဤသို့ ဟောကြားတော်မူခဲ့၏၊

၁· မရိုမသေ ပေးလှူ၏၊ ၂·မလေးမစား ပေးလှူ၏၊ ၃·မိမိလက်ဖြင့် မိမိကိုယ်တိုင် မပေးလှူဘဲ မလိုလား မကြည်ဖြူသည့်အလျောက် တဆင့် လက်ကမ်းခြင်းဖြင့် ပေးလှူ၏၊ ၄·စွန့်ပစ်လွှင့်ပစ်သကဲ့သို့ ပေးလှူ၏၊ ၅·အကျိုးကျေးဇူး ခံစားရလိမ့်မည် ကုသိုလ်ရလိမ့်မည်ဟု အယူမရှိဘဲ ပေးလှူ၏။

ဤ ငါးမျိုးသော ပေးလှူနည်းကား ဗုဒ္ဓဘာသာ ဝင်များအတို့ လုံးဝမသင့်လျော်ကြောင်း မပြုအပ်ကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်းလိုပင် သိကြပါသည်၊ သို့ပါလျက် အချို့သော သူတို့သည် ဤပေးလှူနည်းမျိုး ပေးလှူနေကြ၏ ထိုသို့ ပေးလှူနေကြသည်မှာလည်း ဘာသာတရားကို ပယ်လိုသော စိတ်စေတနာမျိုးလုံးဝ ကင်းရှင်းလျက် ဗုဒ္ဓမြတ်စွာကို ကြည်ညို ရှိသေပါလျက် အကြောင်းကြောင်း တွေကြောင့် ဤပေးလှူနည်းမျိုးဖြင့် ပေးလှူနေကြသည်ဟု စာရေးသူတွေ့ကြုံကြားသိနေရပါသည်၊မြင်နေရပါသည်၊ အဘယ်ကြောင့် ဤ ပေးလှူနည်းမျိုး ပြုမူ နေမိကြကြောင်း စာရေးသူ တွေ့မြင်ခဲ့သည်ကို တင်ပြပါမည်။

အလှူဒါန ပြုလုပ်ခြင်းသည် မွန်မြတ်၍ ပြုအပ်သော အရာဖြစ်၏၊ ထိုအလှူဒါနကို ပစ္စည်းရှင်ကိုယ်တိုင်က စိတ်ဆောကိုယ်ပါ

ယက်သန်သောစေတနာဖြင့် လှူမှသာလျှင်အကျိုးသက်ရောက်၏၊ အလှူဒါန ပြုရန်မှာ ငွေစည်းဥစ္စာကလည်း အဆင်ပြေမှ ဖြစ်နိုင်ပေမည်၊ ယနေ့ခေတ်တွင် ရိုးရိုးသားသား ဖြောင့်မှန်စွာ လုပ်ကိုင်စားသောက်သူတို့အဘို့ စားဝတ်နေရေးမှာ မပြေလည်နိုင်ဘဲ ကျပ်တည်းဆင်းရဲ ခက်ခဲခြင်းဖြင့် အပူသောက အမျိုးမျိုး ရှိနေကြသည်၊ သူတပါး၏အဆင်မပြေမှု ကျပ်တည်းဆင်းရဲမှု ငွေကြေးခက်ခဲမှုကို လုံးဝ မစဉ်းစား မချင့်ချိန်သော အချို့လူတို့သည် မည်သည့်ကိစ္စမှာ အလှူဒါန မည်သို့ပါဝင်ရမည်၊ လူမြင်ကောင်းအောင် တင့်တယ်အောင် အလှူအခမ်းအနားကို မည်သို့ဘန်ဆာဆင်မည် စသည်ဖြင့် အစီအစဉ်တွေလုပ်ကာ သူတို့ကိုလွန်ဆန်ရန် မဝံ့သူများအား အလှူငွေ မည်ရွေ့မည်မျှထည့်ဟု ခွဲဝေသတ်မှတ်လိုက်၏။

ထိုအခါ သတ်မှတ်ခြင်း ခံရသူသည်၊ လွန်ဆန်ရန်လည်းမဝံ့ မိမိ အိမ်ထောင်ရေး မိသားစု၏ ကျပ်တည်း ဆင်းရဲမှု ချွေတာ ခြိုးခြံနေရသည့် ငွေထဲမှ သူတို့သတ်မှတ်သည့်အတိုင်း အလှူထည့်ဝင်လိုက်ရပါလျှင် စားရေးဝတ်ရေး ဆေးဘိုးဝါးခ ကလေးတွေ ကျောင်းစရိတ် စသည်တို့မှာ ထိခိုက်တော့မည့်အလျောက် စိတ်စေတနာ သဒ္ဓါတရားကို ကြည်လင်စွာမထားနိုင်တော့ဘဲ မပေး မဖြစ်၍ မလွှဲသာ၍ မလွန်ဆန်ဝံ့၍ စသည့် အကြောင်းများကြောင့် အထက်၌ပြဆိုခဲ့သော အသပ္ပုရိသ ဒါနမျိုးဖြင့် လှူမိရှာကြတော့သည်။

စီစဉ်ခန့်ခွဲသူတို့ အနေဖြင့်ကား ပေးလှူသူတို့၏ အသပ္ပုရိသဒါန အဖြစ်ကို စဉ်းစားမိကြမည် မဟုတ်ချေ၊ သူတို့အနေဖြင့် နာမည် သော်၎င်း၊ အခွင့်အရေး သော်၎င်း၊ တနည်းနည်းဖြင့် အကျိုးကျေးဇူးရှိ၍ ပြုလုပ်သူဖြစ်ခြင်းလည်း ဖြစ်မည်၊ စုဆုံးချိုး

အုံးအုံး ကျက်ကျက်ဖြင့် အပျော်အပါးကို လိုလား၍ စိုစဉ်သူ ဖြစ်ခြင်းလည်းဖြစ်မည်။

မည်သို့ဆိုစေ မိမိပိုင်ပစ္စည်းကို မိမိကြည်ညိုရာပုဂ္ဂိုလ်အား မိမိ သဘောအလျောက်သာ လှူသင့်သည်၊ တပါးသူအခြေအနေ ကို မစုံစမ်းဘဲ အဘင်းမဲ့ အလှူငွေကောက်ခံ ခွဲဝေခြင်းအလုပ် ကား မလုပ်ထိုက်ပေ၊ သူ့အလိုအလျောက် စေတနာပေါ်၍ လာ ရောက် ထည့်ဝင်လျှင်ကား လက်ခံသင့်၏၊ ထိုသို့မဟုတ်ဘဲ တပါး သူအား အသပ္ပါယ်ဒါနမျိုးဖြစ်အောင် စီစဉ်လျှင်ကား ထိုစီစဉ် သူသည် သူတပါးကို ပစ္စည်းကုန်စေ၍ အကုသိုလ် များစေဘ အပါယ်လေးပါးသို့ မဘရားသဖြင့်တွန်းပို့နေသည့် သဘောမျိုး ဖြစ်နေပေသတည်း။

× × ×

## (၂၇-၇-၇၁)

## မျက်ဖြေတရား

ရွှေ ငွေ ရတနာ ကျောက်မျက်များကို အကဲခတ်ရ လွယ်သော် သည်း လူကို အကဲခတ်ရသည်မှာ လွယ်ကူမှုမရှိကြောင်းကို လူတိုင်း ပင် သိကြလေသည်။ တဦးနှင့်တဦး ပေါင်းသင်းကြရာ၌ မိတ်ဆွေ အဖြစ် ပေါင်းသင်းခြင်းပင်ဖြစ်စေ၊ဆွေမျိုးသားချင်း အဖြစ်ပေါင်း သင်းခြင်းပင်ဖြစ်စေ၊ ဆရာတပည့်အဖြစ် ပေါင်းသင်းခြင်းပင်ဖြစ် စေ၊ဇနီးမောင်နှံ အဖြစ် ပေါင်းသင်းခြင်းပင်ဖြစ်စေ၊ တယောက်၏ ကိုယ်နှုတ်အမူအရာ အတွင်းစိတ်သဘော အကျင့်စာရိတ္တကိုကား များစွာ ဂရုပြုရမည်ဖြစ်၏။

ထိုသို့သော အကြောင်းအမျိုးမျိုးဖြင့် ပေါင်းသင်းဆက်ဆံရာမှာ တဦးအပေါ်တဦး အစဉ်အမြဲအစွန်းအကွက်အဖုအထစ် မရှိဘဲ ဖြောင့်ဖြူးချောမောစွာ ဆက်ဆံသွားနိုင်မှုမျိုးလည်းရှိမည်။ တဦးအပေါ်တဦး အထင်လွဲမှု မှားယွင်း ပြုမူ ပြောဆိုမှု၊ ကြားလူ ဂုံးချောခြင်းဖြင့် ယုံစားမှန်းတီးသွားမှုတို့ကြောင့်ဆက်ဆံရေးမှာစိတ်ဆင်းရဲစရာအဖြစ်မျိုး ကြုံသွားနိုင်မှုလည်းရှိမည်။ ထိုအခါ ဝိုသောလက် မခြောက်စေရ၊ ဖြစ်ပြီးသောမိတ်ဆွေ မပျက်စေရဟူ၍ ပြောဆို ဆုံးမလေ့ရှိ၏။ ထိုဆုံးမစကားသည် နှစ်ဦးနှစ်ဘက်ကို ပြေပြစ်စေလို၍ သုံးနှုန်းသောစကား ဖြစ်သဖြင့် များစွာအဘိုးတန်လှပါသည်။ သို့သော် ကိုယ်တိုင်ခံစားရသူအဘို့ကား မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဝေဘန်၍ ဆုံးဖြတ်နိုင်လျှင် ပိုမိုသင့်လျော်ပေမည်။

ပညာဉာဏ်အရာ၌ တေဇဂ်ရသော မြတ်စွာဘုရား၏ လက်ျာတော်ရံ အရှင်သာရိပုတြာ မထေရ်မြတ်သည် ရန်ငြိုးဖွဲ့ခြင်း ပယ်ဖျောက်ရာသော တရားငါးမျိုးကို ဒုတိယ အာဃာတ ပဋိဝိနယသုတ်ဒေသနာတော်မှာ ဤသို့ ဟောကြားတော်မူခဲ့သည်။

၁။ ကိုယ်အကျင့် မစင်ကြယ်သော်လည်း နှုတ်အကျင့် စင်ကြယ်လျှင် ထိုပုဂ္ဂိုလ်မျိုး၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

၂။ နှုတ်အကျင့် မစင်ကြယ်သော်လည်း ကိုယ်အကျင့် စင်ကြယ်လျှင် ထိုပုဂ္ဂိုလ်မျိုး၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

၃။ ကိုယ်အကျင့် နှုတ်အကျင့်မစင်ကြယ်သော်လည်း ရံဖန်ရံခါ စိတ်၏ကြည်လင်မှုဖြစ်လျှင် ထိုပုဂ္ဂိုလ်မျိုး၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

၄။ ကိုယ်အကျင့် နှုတ်အကျင့်လည်းမစင်ကြယ် တခါတရံမှလည်း စိတ်၏ကြည်လင်မှု မဖြစ်သော်လည်း ထိုပုဂ္ဂိုလ်မျိုးကို ရန်ငြိုးဖွဲ့ခြင်းမှ ပယ်ဖျောက်ရမည်။

၅။ ကိုယ်အကျင့် နှုတ်အကျင့်လည်း စင်ကြယ်၏။ အခါခပ်သိမ်း စိတ်၏ကြည်လင်မှုလည်းရှိ၏။ ထိုပုဂ္ဂိုလ်မျိုး၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

ဤတရားငါးမျိုး အဓိပ္ပါယ်ကား–

၁။ အချို့လူတို့သည် ကာယကံမြောက် မှားသော အပြုအမူတွေ ပြုလုပ်နေစေကာမူ နှုတ်ထွက်စကားမှာ မည်သူ့ကိုမှ ထိခိုက်နာကျင်စေခြင်း မရှိဘဲ နှုန်းနှုန်းခဲ့ခဲ့ ဆိုနိုင်စေမည့် စကားမျိုး အကျိုးယုတ် အချက်ကွဲစေမည့်စကားမျိုး၊ တဦးနှင့်တဦး မေတ္တာပျက်ပြား အမုန်းပွားစေမည့် စကားမျိုး၊ မဟုတ်မမှန်သည့်စကားမျိုး ရှောင်ကြဉ်စောင့်စည်းပါလျှင် ထိုသူမျိုးကို ခွင့်လွှတ်ရမည်ဖြစ်၏။

၂။ အချို့ကား နှုတ်ထွက်စကားသည် တဘက်သား နားမချမ်းသာ၊ စိတ်မချမ်းသာအောင် ထိခိုက်နစ်နာစေပါသော်လည်း နှုတ်ကပြောသလို ကာယကံမြောက်မပြုဘဲ မည်သူ့ကိုမှ ရိုက်ပုတ်သတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ခြင်းမပြုဘဲ ရှောင်ကြဉ်သူ လူဘမျိုးကို ခွင့်လွှတ်ရမည်။

၃။ အချို့လူတို့သည် နှုတ်ထွက်လည်း တဘက်သား ထိခိုက်နစ်နာစေသည်။ ကိုယ်အမူအယာ အကျင့်ကလည်း တဘက်သားကို ထိခိုက်နစ်နာစေသည်။ သို့သော် တခါတရံ သူတော်ကောင်းစိတ်ကလေး ဝင်လာတတ်သည်။ ထိုကဲ့သို့သောလူမျိုးက ခွင့်လွှတ်ရမည်။

၄၊ အချို့လူတို့သည် နှုတ်ထွက်လည်း တဘက်သားကို ထိခိုက် နစ်နာစေသည်။ ကိုယ်အမူအကျင့်ကလည်း တဘက်သားကို ထိခိုက်နစ်နာစေသည်။ သူတော်ကောင်းစိတ် ဟူ၍လည်း တခါတရံမှ မဝင်ဘဲ တသမတ်ထည်း ဆိုးယုတ်နေသည်။ ဤလူမျိုးကိုလည်း သနားခြင်းနှင့်ယှဉ်၍ ခွင့်လွှတ်ရမည်။

၅။ နှုတ်ထွက်ကလည်း တဘက်သားကို အကျိုးရှိ၍ စိတ်ချမ်းသာစေသည်၊ ကိုယ်အမူအကျင့်ကလည်း တဘက်သားကို ထိခိုက်နစ်နာ စိတ်မချမ်းသာအောင် ဘာမှမလုပ်ဘဲ၊ တသမတ်တည်း သူတော်ကောင်းစိတ် ရှိနေသည်။ ထိုလူမျိုးကိုလည်း ကြည်ညိုခြင်းဖြင့် ခွင့်လွှတ်ရမည်။

ဤသို့ ရန်ငြိုးမဖွဲ့ဘဲ ခွင့်လွှတ်ရမည့် တရား ငါးမျိုးကို အရှင်သာရိပုတြာ ဟောကြားတော်မူခဲ့သည်။

လောဘ-ဒေါသ-မောဟ-တရား အားကြီး လွှမ်းမိုးနေသောယခုမျက်မှောက်ခေတ်မှာ ရှိနေသမျှ လူသား ပုထုဇဉ်တွေအနက် အများစုသည့် စိတ်သဘော နုနယ်ကြသူများသာ ဖြစ်ကြောင်း အထူးဖော်ပြရန် မလိုပေ။ ဤရန်ငြိုးဖြေသည့် တရားငါးပါးကို ရေးနေစဉ်မှာပင် စာရေးသူသည် ပုထုဇဉ်ပြိပြိ မိုက်မဲသောစိတ်ဝင်သည့်အခိုက် အငြိုးထားမိခဲ့ပါလျှင် အငြိုးကို ဖြေဖျောက်ခွင့်လွှတ်နိုင်အောင် စိတ်ကို ကြိုးစားဆုံးမမည်ဟူ၍၎င်း၊ စာရေးသူအပေါ်မှာ အငြိုးထားသူများရှိလျှင်လည်း ဖြေဖျောက် ခွင့်လွှတ်နိုင်ကြပါစေဟူ၍၎င်း၊ လိုက်လှဲသောစိတ်စေတနာဖြင့် လေးလေးနက်နက် စိတ်ဆန္ဒပြုမိပါသတည်း။

× × ×

(၃-၈-၇၁)

## သဒ္ဓါတရား

ဤပုဂ္ဂိုလ်ကား သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်ပေသည် ဟူ၍ အသိအမှတ်ပြုခြင်း ခံရသူအတွက် မည်သူသည် မကြည်နူး မနှစ်သက်ဘဲ ရှိပါမည်နည်း၊ လူတဦးတယောက်ကို ဆိုးယုတ်

သောသူအဖြစ် အသိအမှတ်ပြုခြင်း ခံရန် လွယ်သည်နှင့် အမျှ ကောင်းမြတ်သူ ဟူ၍ အသိအမှတ်ပြု ခံရရန်ကား မလွယ်ချေ၊ ထိုကြောင့် သူတော်ကောင်းဟူသော သဘောသက်ဝင်သည့် သဒ္ဓါတရားနှင့် ပြည့်စုံသူဟူသော နာမည်ကိုလူတိုင်းပင် ခံမင်မြတ်နိုးကြမည်ဖြစ်ပေသည်။

ထိုနာမည်ကိုရရန် အချိန်ရှိနေသရွေ့ မိမိ ရှာဖွေ လုပ်ကိုင် စုဆောင်း ထားရှိသည့်ပစ္စည်းကို စည်းမဲ့ကမ်းမဲ့ ပေးကမ်း ကျွေးမွေးပစ်ရန်လည်း မလိုအပ်ပေ၊ ကမ္ဘာမြေပြင်ပေါ်မှာ လူအမျိုးမျိုး ရှိနေသလို ယုံကြည်ကိုးကွယ်ရာ ဘာသာသည်လည်း အမျိုးမျိုး ရှိ၏၊ မိမိတို့ ဘာသာ အလျောက် ပေးကမ်း စွန့်ကြဲရသည့် ကုသိုလ်ကောင်းမှုသည် မည်မျှ အကျိုး ကြီးမားသည်ကိုလည်း ဘာသာတိုင်းကပင် ဟောကြားထားသည်။ ပေးကမ်းစွန့်ကြဲခြင်း ဟူသည် သဒ္ဓါတရားပင် ဖြစ်၏၊ သို့သော် စည်းကမ်းမဲ့စွာ ပေးကမ်းတိုင်း သဒ္ဓါတရားနှင့် ပြည့်စုံသူ ပုဂ္ဂိုလ်ဟု ဆိုနိုင်ပါမည်လော။

ပေးကမ်းစွန့်ကြဲသူတို့မှာ အတွင်းစိတ် သဘောထားသည် တဦးနှင့်တဦး မတူကြချေ။

အချို့က သဒ္ဓါတရားနှင့် ပြည့်စုံသူဟူသော နာမည်ကို ခံယူလို၍ လေးနက်သော စိတ်စေတနာ မရှိဘဲ ပဏာသန ဖက်ခြင်းဖြင့် ကြွားဝါပေးကမ်းစွန့်ကြဲ၏၊ အချို့ကမူ အစဉ်အလာဖျက်ရန် မှသင့်လွန်းသောကြောင့် စေတနာမရှိဘဲ ပေးကမ်းစွန့်ကြဲနေရ၏၊ အချို့ကမူ မလွဲမကင်းသာသောအကြောင်းကြောင်းတွေကြောင့် ၎င်း၊ တန်ခိုးအာဏာရှိသူ၏ အမိန့်ဩဇာကို မလွန်ဆန်ဝံ့၍၎င်း၊ မိမိတို့ ခံစားရမည့် အခွင့်အရေးကို မြှော်ကိုး၍၎င်း၊ စိတ်စေတနာ မပါဘဲ ပေးကမ်းစွန့်ကြဲနေရသည်၊ သို့သော် သူတို့အတွင်းစိတ်ကို

မည်သူ့ကမှ မမြင်နိုင်သည့်အလျောက် အခေါ်ယံ အားဖြင့်ကား သဒ္ဓါတရားနှင့် ပြည့်စုံသူဟူသော ချီးမွမ်းပြောဆိုသံကိုကား ခံယူကြရမည် ဖြစ်ပေသည်။

ဤသို့သော ပေးကမ်းစွန့်ကြဲရုံမျှဖြင့်ရှင်း၊ အကယ် ခင်စစ်ပင် စိတ်စေတနာကောင်းဖြင့် ပေးကမ်းစွန့်ကြဲရုံမျှဖြင့်ရှင်း၊ ထိုပုဂ္ဂိုလ်ကို သဒ္ဓါတရားဖြင့် ပြည့်စုံသူ ဟူ၍ အကြွင်းမဲ့ မမှတ်ယူထိုက်သေးပေ။

လက်က ပေးကမ်းစွန့်ကြဲပြီး စိတ်က မစင်ကြယ်တဲ့ ဖြစ်နေပါလျှင်လည်း ပစ္စည်းသာကုန်ပြီး အရာမထင် အကျိုးမရှိဖြစ်ရပေမည်၊ ရုပ်ခန္ဓာ၏ပြုမူလှုပ်ရှားခြင်းထက် အတွင်းစိတ် သဘောက အလွန်အရေးကြီးပေသည်။

ထို့ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသူပုဂ္ဂိုလ်အစစ်အမှန်သည်၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို မြတ်စွာဘုရားသည် တိဋ္ဌာနသုတ် ဒေသနာတော်ဝယ် ဤသို့ ဟောကြားတော်မူခဲ့ပေသည်။

သုံးမျိုးသော အကြောင်းဖြင့် ပြည့်စုံသူကို သဒ္ဓါတရားဖြင့် ပြည့်စုံသူဟူ၍ မှတ်ယူအပ်၏။

ထိုသုံးမျိုးကား အကျင့်သီလနှင့် ပြည့်စုံသူကို ဖူးမျှော်ခြင်းငှာ လိုသောသူ။

သူတော်ကောင်း တရားကို နာကြားလိုသောသူ။

ဖြူစင်သော စိတ်စေတနာဖြင့် ပေးလှူ၍ သူတပါးကို မနာလိုဝန်တိုမှု ကင်းသောသူ။

ဤအကြောင်းတရားသုံးမျိုးနှင့် ပြည့်စုံသူသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသူပုဂ္ဂိုလ် အစစ်အမှန် ဖြစ်ပေသည်။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသော အကြောင်းသုံးမျိုးကား အလွန်ပင် လေးနက်ပေသည်၊ ယခုခေတ်တွင်

အကျင့်သီလ ရှိသည်၊ မရှိသည်ကို စူးစမ်းမှုမပြုဘဲ ဘာပုဂ္ဂိုလ်ကြီး ဘာဆရာကြီး စသည်ဖြင့် အရမ်းမဲ့ ယုံကြည်ကာ မဆင်မခြင် လှူကြပေးကြ၍ အလိမ်မိခါ အကျိုးမဲ့ ကုန်ခန်း ဆုံးရှုံးခြင်း ဖြစ်နေရသောသူများအကြောင်း သတင်းစာတွေထဲမှာ မကြာခဏ ပါလာနေသည်ကို ပြည်သူလူထုအသိပင်ဖြစ်သည်၊ ဤကဲ့သို့သော သူတွေကို လှူခြင်းဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံသူဟု ဆိုနိုင်ပါမည် လော၊ အမှန်တကယ် နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်ဘဲ ရောဂါဝေဒနာတွေ ပျောက်ကင်းစေကြောင်း မည်ကဲ့သို့သော လောကီအကျိုးပွားများ၍ သိဒ္ဓိ မြောက်စေကြောင်းကို ဟော ပြောနေသည့် စကားတွေကို ယုံကြည်စွာ နာကြားနေခြင်းဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံသူဟု ဆိုနိုင်ပါမည်လော၊ လက်ဖြင့် မည်မျှ ပင် ပေးနေစေကာမူ စိတ်က တွန့်တိုခြင်း၊ မနာလို ဝန်တိုခြင်း၊ မည်သူက ငါ့ထက် သာလွန်မည်နည်းဟူသော ပူပန်မှု ရှိနေလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသူဟု ဆိုနိုင်ပါမည်လော။

ပစ္စည်းတွေ စည်းကမ်းမဲ့စွာ အကုန်ခံ ပေးကမ်း စွန့်ကြဲခြင်း ထက် လှူသင့် ပေးသင့်သော ပုဂ္ဂိုလ်ကိုသာ စင်ကြယ်သော စိတ် စေတနာဖြင့် ပေးလှူကာ မြတ်စွာဘုရား ဟောကြားတော်မူသော တိဏ္ဍာနသုတ် ဒေသနာတော်အတိုင်း လိုက်နာ ကျင့်ကြံပါလျှင် တရားတော်နှင့်အညီ သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူသော ဘွဲ့ကို အလိုလို ခံယူရရှိမည်သာ ဖြစ်ပါသည်။

× × ×

(၁၀-၈-၇၁)

## ပျင်းရိခြင်း

အအိပ်ကြီးသူ၊ အိပ်ရာမှ စောစီးစွာ ဖျတ်လတ် သွက်လက်စွာ ထရမည်ကို ဝန်လေးသူ၊ အအိပ်စုံမက်သူများကို ထိနမိဒ္ဓ သိပ်အားကြီးတဲ့လူဘဲ ဟူသောစကားကို လူတိုင်းလိုလိုပင် ပေါ့ပေါ့ဆဆ ပြောတတ်ကြသည်။ ထိနမိဒ္ဓဟူသော အဓိပ္ပါယ်ကို အအိပ်ကြီးသူ ဟူသော အဓိပ္ပါယ်တမျိုးတည်း ယူဆနေကြသည်။ အမှန်စင်စစ်ကား စကားနှစ်လုံးအဓိပ္ပါယ်နှစ်လုံးတွဲပြီး သုံးထားခြင်းဖြစ်သည်။ ထိန ဟူသော စကားကတလုံး၊ မိဒ္ဓ ဟူသောစကားတလုံးဖြစ်၏။ ထိန-စိတ်ကြည်လင်ခိုင်မာခြင်းမရှိဘဲ လေးလံ နောက်ကျုထိုင်းမှိုင်းခြင်း၊ မိဒ္ဓ- ကိုယ်ခန္ဓာသည် ပေါ့ပါးခိုင်မာ သွက်လက်ဖျတ်လတ်စွာမရှိဘဲ လေးလံထိုင်းမှိုင်းခြင်း၊ ကျွန်းမာရေး ချို့တဲ့ခြင်း။

ဤသို့ အဓိပ္ပါယ် တမျိုးစီ ရှိသော စကားနှလုံးကို ပေါင်းပြီး ထိနမိဒ္ဓဟူ၍ လူအများတို့ အဓိပ္ပါယ်တမျိုးတည်း ယူဆသုံးစွဲပြောဆိုနေကြခြင်းဖြစ်သည်။

ဤသို့ ထိနမိဒ္ဓဖြစ်ပေါ်စေသော အကြောင်းကား ပျင်းရိဘတ်ခြင်းက အခြေခံဖြစ်ပေါ်လာသည်၊ ဤပျင်းရိခြင်း၊ ကောသဇ္ဇတရားသည် မည်သူ့ကမှ ဖန်တီးပြုလုပ်ပေးခြင်း မဟုတ်ဘဲ မိမိ၏အဘှင်းသန္တာန်က ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ ပညာသင်ဆဲပုဂ္ဂိုလ်များအဘို့ ပျင်းရိခြင်းကြောင့် စာမကျက်၍ ပညာရေးလစ်ဟင်း ဆုံးရှုံးရသည်။ စီးပွားရေး ဆောင်ရွက်သော ပုဂ္ဂိုလ်းများအဘို့ ပျင်းရိ ဖင့်နွဲ့နေမှုကြောင့် စီးပွားရေး လစ်ဟင်း ဆုံး

ရှုံးရသည်။ တာဝန်ထမ်းဆောင်ရသူတို့အဘို့ ပျင်းရိခြင်းကြောင့် တာဝန်လစ်ဟင်းကာ အလုပ်ပြုတ်ခြင်း၊ အချုပ်ခံရခြင်းတို့ ဖြစ်ရသည်။ ထိုမျှသာမဟုတ်သေး မိမိကိုယ်ခန္ဓာကို အာသက်ရှည်စေရန် ကျန်းမာစေရန် အရင်းခံအချက်ကြီးဖြစ်သော "အညောင်းအညာပြေ၊ အကြောအခြင်လျော့ကာ သွေးလေ ညီညွတ်စေအောင် လမ်းလျှောက်ခြင်း၊ ကိုယ်လက် လှုပ်ရှားပေးရခြင်း စသည်တို့ကို ပြုလုပ်ရန် ပျင်းရိခြင်းကြောင့်ရှင်း၊ ပျင်းရိမှုကြောင့်ပင် စားပြီးသော အစာကို ကြေညက်စေရန် လှုပ်ရှားခြင်းမရှိဘဲ၊ ထမင်းဆီရစ်သည်ဟု ဆိုကာ မလှုပ်မယှက် အိပ်စက်ခြင်းစသည်တို့မှာ ကိုယ်ခန္ဓာ၏ ကျန်းမာရေးကို များစွာ ထိခိုက်စေသည်၊ ပျင်းရိမှုကို အရင်းခံ၍ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ချို့ယွင်းလာသူတို့အဘို့ အဘယ်မှာလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါမည်နည်း။

**ကိုယ်ရော စိတ်ရော ချမ်းသာခြင်း၊ ကျန်းမာခြင်း ကင်းမဲ့သူသည်** သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြောင်း သူတော်ကောင်းတရားကို အဘယ်မှာလျှင် အောက်မေ့နှလုံးသွင်းနိုင်ပါမည်နည်း။

ဗမာလူမျိုးတို့ ပြောလေ့ရှိသော စကားတခွန်း ရှိသေး၏။ ထိုစကားသည် "ပျင်းတယ်ဆိုဘာ နာမည်သာ ဆိုးတာဟဲ့ လူအလွန်သက်သာတယ်" ဟူသောစကားပင် ဖြစ်သည်။ ဤစကားကို ပေါ့ပေါ့တန်တန်တွေးသူတို့က ဟုတ်နိုးထင်ကြ၏။ ဥပမာဆိုသော် မိသားစုတစုမှာ ပျင်းရိသူနှင့် ပျင်းရိစိတ်ကင်းသူ နှစ်ယောက်ရှိနေသည်။ အိမ်ထောင်ဦးစီး အကြီးအကဲက အလုပ်တခုကို ဆောင်ရွက်စေသည်။ ထိုအခါ ဟိုအကောင်က အလကား လူပျင်းဘဲ

ခိုင်းလို့လဲ လေးလေးနက်နက် လုပ်မှာမဟုတ်ဘူး၊ မင်းကတော့ မပျင်းတတ်ဘူး၊ ဒီအလုပ် အောင်မြင်အောင် မင်းဘဲ ဆောင်ရွက်စမ်းပါ ဟူ၍ ခိုင်းစေသည်။ မျက်မြင်တွင်ကား ပျင်းတတ်သူသည် ဘာမှ မလုပ်ရ၊ ပင်ပန်းမခံရဘဲ ယက်သက် သာသာလေးသာ နေရ၏။ မပျင်းတတ်သူကား အမောခံ အပင်ပန်းခံ ဆောင်ရွက်ရ၍ ပင်ပန်းသည်။သက်သာမှုကင်းသည်။

သို့သော် လေးလေးနက်နက် အရှည်ကို မျှော်တွေးမည်ဆိုလျှင် ပျင်း၊ရိစိတ်ကင်း၍ အပင်ပန်းခံပြီး အလုပ်လုပ်သူမှာ ကိုယ်လက်လှုပ်ရှား သွားလာမှုကြောင့် အညောင်းပြေသည်။ သွေးလေညီညွတ်သည်။ အစာကြေသည်၊ အကြားအမြင် အတွေ့အကြုံ ဗဟုသုတရှိလာသည်။ ပေါင်းသင်းဆက်ဆံတတ်လာသည်။ အလုပ်များနားလည်ကျွမ်းကျင်လာသည်။ဖျတ်လတ်ပေါ့ပါးမှုရ၍စိတ်ကြည်လင်သည်၊လောကကြီး အကြောင်းကို နားလည်လာသည်။ ပျင်းရိသူများကား ကိုယ်ခန္ဓာ မပင်ပန်းဘဲ သက်သာပါသော်သည်း ဤအကျိုးကျေးဇူးအားလုံးနှင့်ဆုံးရှုံးရသည်မဟုတ်ပါလော။ပျင်းရိသည့်စိတ် အရင်းခံမှုသည် ထိနမိဒ္ဓ တည်းဟူသော စိတ်၏ကျန်းမာခြင်း ကိုယ်၏ကျန်းမာခြင်းကို ချေမှုန်း ဖျက်ဆီးတတ်သည်။ ထိုသို့ စိတ်ရောကိုယ်ပါ ချို့ယွင်းလာလျှင် လောကမှာလည်း အကျိုးပျက်စီး၏။ သံသရာ အတွက်လည်း တရားဘက်ကို နှလုံးသွင်းနိုင်၍ ဆုံးရှုံး၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ပျင်းရိခြင်းကို အကြောင်းပြု၍ နီဝရဏပ္ပဟာနဝဂ် ဒုတိယသုတ်တော်၌ ပျင်းရိသူအဘို့ ထိနမိဒ္ဓ တရား အဖန်ဖန်လဲလဲ ပြန့်ပွားအားကြီးလာခြင်းမှ လွဲ၍ မည်သည့် အကျိုးကျေးဇူးကိုမျှမဖြစ်စေနိုင်ဟူ၍ရင်း၊ဒုတိယမာဒါဒိဝဂ် ဒုတိ

ယသုတ်တော်၌ မိမိ၏အတွင်းသန္တာန်၌ဖြစ်ပေါ်လာသော ပျင်းရိခြင်း၊ ကောသဇ္ဇဘေးကို အကြောင်းပြု၍ များစွာသော အကျိုးမဲ့ခြင်းကို ဖြစ်စေသည်ဟူ၍ရှင်း ဟောကြားတော်မူခဲ့လေသည်။

ထို့ကြောင့် ထိနမိဒ္ဓဟူသောစကား ပျင်းတတ်သူ သက်သာသည် ဟူသော စကားကို ပေါ့ပေါ့သုံး ပေါ့ပေါ့နှလုံးသွင်းနေသူတို့သည် ထိုစကားနှစ်မျိုး၏ အဓိပ္ပါယ်ကို လေးနက်စွာ ဆင်ခြင်၍ လောက သံသရာနှစ်ဖြာကောင်းကျိုး ခံစားနိုင်အောင် ပျင်းရိခြင်းကို ပယ်ဖျောက်အပ်လှပေသည်။

× × ×

(၁၇.၈.၇၁)

## ရွှေဥပမာ

ရွှေဆိုသော ရတနာသည် လူသားတိုင်း မက်မောခုံမင်ကြသော ရတနာဖြစ်၏၊ ကမ္ဘာတဝှန်းလုံးရှိ လူသားများ အားလုံးအဘို့ အရေးကြီးဆုံး သတ်မှတ်ထားခြင်း ခံရသော ပစ္စည်းရတနာဖြစ်၏၊ ရွှေကိုကိုင်ထားနိုင်လျှင် အမှုကိစ္စ အရာခပ်သိမ်းကို ဖလှယ်နိုင်စွမ်း ဆောင်ရွက်နိုင်စွမ်း ရှိသည်၊ ထိုမျှအရာရောက်သော ရွှေတွင် ရွှေကောင်း၊ ရွှေညံ့ဟူ၍ ကွဲပြား၏၊ ရွှေညံ့ကား အရောင်အဆင်းလည်း ဝင်းပကြည်လင်ခြင်း မရှိ၊ လက်ဝတဲရတနာ အဆင်တန်ဆာ ပြုလုပ်ရာမှာလည်းကိုင်တွယ်၍ မကောင်းချေ၊ နူးညံ့ခြင်းမရှိဘဲ ကြွပ်ဆတ်သည်၊ မာသည်၊ ဤသို့ ညံ့သော ရွှေ ဖြစ်ရခြင်းကား ရွှေ၏ အညစ်အကြေးများ ရောပြွမ်းနေခြင်းကြောင့် ရွှေသည် စင်ကြယ် သန့်ရှင်းခြင်း မရှိသောကြောင့် ဖြစ်၏။

ရွှေ၏ အညစ်အကြေးကား ငါးမျိုး ရှိသည်၊ ၎င်းတို့ကား သံ၊ ကြေး၊ ခဲမဖြူ၊ ခဲပုပ်၊ ငွေ တည်းဟူသော အညစ်အကြေး ငါးမျိုးဖြစ်၏၊ ထိုငါးမျိုး ရောနှောနေသောရွှေသည် မကောင်း ညံ့၏၊ ဤ အညစ်အကြေး ငါးမျိုး ကင်းစင်သော ရွှေကား အရောင်အဆင်းကြည်လင်ဝင်းပသည်၊ နူးညံ့သည်၊ ပျော့ပျောင်း သည်၊ လက်ဝတ်ရတနာ အဆင့် တန်ဆာ ပြုလုပ်ရာ၌ ကိုင်တွယ်၍ ကောင်းသောကြောင့် မိမိတို့လိုရာ စိတ်တိုင်းကျပုံစံကို သပ်ရပ် ကောင်းမွန်စွာ ပြုလုပ် စီမံနိုင်သည်။

ရွှေကို တန်ဘိုးထားမက်မောသော လူတိုင်းကလည်း အညစ် အကြေး ရောပြွမ်းနေသော ရွှေညံ့ကို မည်သူမှ မနှစ်သက် မလို ချင်ကြဘဲ အပြစ်ငါးမျိုး ကင်းစင်သော ရွှေကောင်း ရွှေသန့်ကို သာလျှင် ခုံမင် မက်မောကြလေသည်။

ထိုကြောင့်ပင် ဗုဒ္ဓမြတ်စွာဘုရားသခင်သည် လူတို့၏စိတ်ကို ရွှေနှင့်ဥပမာနှိုင်းကာ ဥပက္ကိလေသသုတ်ဒေသနာတော်မှာ ဟော ကြားတော်မူခဲ့၏။

“ချစ်သားရဟန်းတို့ ရွှေအညစ်အကြေး ၅ မျိုးရှိသည့်နည်းတူ စိတ်၏အညစ်အကြေးသည်လည်း ၅ မျိုးပင် ရှိ၏၊ ထိုစိတ်အညစ် အကြေး ၅ မျိုးကား—

၁။ ကာမဂုဏ်ကို လိုလားမှု၊ ကာမစ္ဆန္ဒ။

၂။ သူတပါးကို ပျက်စီးစေလိုမှု၊ ဗျာပါဒ။

၃။ ကိုယ်စိတ် လေးလံထိုင်းမှိုင်းမှု၊ ထိနမိဒ္ဓ။

၄။ စိတ်မတည် ငြိမ် ပျံ့လွင့်မှုနှင့် နောင်တ ပူပန်မှု၊ ဥဒ္ဓစ္စကုက္ကုစ္စ။

၅။ မဒဝခွဲနိုင်မှု၊ ဝိစိကိစ္ဆာ—တို့ တည်းဟူသော ဤငါးမျိုး တည်း၊ ဤ အညစ်အကြေး ငါးမျိုး ဖုံးလွှမ်း စိုးမိုးထားသော

လူ၏စိတ်သည် သူတော်ကောင်းတရားကို ထင်မြင်နိုင်အောင် နူးညံ့ခြင်းမရှိ၊ သမာဓိတရားရအောင် တည်ကြည် ခိုင်ခန့်ခြင်း မရှိချေ။

မြတ်စွာဘုရား ဥပမာပေး ဟောကြားတော်မူခဲ့သော တရားသည် များစွာ လေးနက် မှန်ကန်ပေသည်၊ အညစ်အကြေး ငါးမျိုး ရောနှောနေသော ရွှေသည်၊ ကိုင်တွယ်၍ မကောင်း ကြွပ်ဆတ်သည့်နည်းတူ အညစ်အကြေး ငါးမျိုး ဖုံးလွှမ်းသော စိတ်ရှိသူ ပုဂ္ဂိုလ်သည် တရားသဘောကို မထင်မြင်ဘဲ၊ ခက်ထန် ကြမ်းတန်းသည်၊ အညစ်အကြေး ဖုံးလွှမ်းသော ရွှေ၏ အရောင်သည် မကြည်လင်ဘဲ မှေးမှိန် ညစ်နွမ်းသည့်နည်းတူ အညစ်အကြေး ငါးမျိုး ဖုံးလွှမ်းနေသော စိတ်ရှိသူ၏ ရုပ်ဆင်း ရူပကာ မျက်နှာသွင်ပြင်သည် ကြည်လင်ခြင်း မရှိဘဲ ကြက်သရေ ကင်းမဲ့သည့် အရိပ်အရောင်သာ ပေါ်နေတတ်သည်။

ရွှေအညံ့ထည် တန်ဘိုးမရှိသည့်အလျောက် မည်သူကမှလည်း ဝယ်ယူလိုခြင်း လက်ဝတ်ဘန်ဆာအဖြစ် ပြုလုပ် ဆင်ခြင်လိုခြင်း မရှိသကဲ့သို့ အညစ်အကြေး ဖုံးလွှမ်းသော စိတ်ရှိသူကို မည်သူကမှ လေးစားကြည်ညိုခြင်း၊ ခင်မင် ပေါင်းသင်း ဆက်ဆံခြင်း မပြုလိုဘဲ၊ ရှောင်ကြဉ်ကြမည်မှာ မလွဲပေ၊ ရွှေညံ့သည်၊ အကိုင်အတွယ် မခံဘဲ ကြွပ်ဆတ် ကျိုးပဲ့ လွယ်သည့် နည်းတူ အညစ်အကြေး ဖုံးလွှမ်းသောစိတ်ရှိသူသည် အထိအခိုက်မခံ သည်းခံလိုစိတ် မထားဘဲ မည်ကဲ့သို့သော ပုဂ္ဂိုလ်ကို ဖြစ်စေ၊ ရင်တုံ့မူမည်သာ ဖြစ်၏၊ ထိုအခါ အညစ်အကြေးရောသော ရွှေညံ့ကို လူမသုံးသလို အညစ်အကြေး ဖုံးသော စိတ်ရှိသူကိုလည်း မည်သူကမှ လူမှုသွင်းလိုစိတ် ရှိတော့မည် မဟုတ်ပေ။

ရွှေကို လူတိုင်း ခုံမင် နှစ်သက် မြတ်နိုးကြသည်၊ စုံမက်စွာ

ဂယ်ယူဝတ်ဆင်ကြသည်၊ ထိုသို့ ဝတ်ဆင်မည့် ရွှေကိုလည်း အညစ်အကြေး ကင်းသည့် ရွှေစင် ရွှေကောင်းကိုသာ ရွေးချယ်ဝတ်ဆင်သူတို့သည် မိမိတို့ မြတ်နိုးနှစ်သက်သည့် ရွှေစင် ရွှေကောင်းနှင့် ထပ်တူထပ်မျှ မိမိတို့စိတ်ကိုလည်း အညစ်အကြေး ကင်းစင်အောင် အထူး ကြိုးစားရသည်၊ သို့မှသာလျှင် အညစ်အကြေး စင်သော ရွှေ၏ ကြည်လင်ဝင်းပသော ရွှေရောင်နှင့် အညစ်အကြေး ကင်းစင်သောစိတ်ရှိသူ၏ ကြက်သရေရှိသော အဆင်းရူပကာ အရောင်တို့ ဟပ်မိကာ များစွာ ပဏာရပြီး လှပ တင့်တယ်ကြမည် ဖြစ်ပေသတည်း။

× × ×

## ( ၂၄ - ၇ - ၇၁ )
## ကျေးဇူးတုံ့ပြန်နည်း

အနန္တောအနန္တငါးပါး အပါအဝင် မိဘများ၏ဂုဏ်ကျေးဇူးသည် မည်မျှကြီးမားသည်ကို လူစိတ်ရှိသောလူတိုင်းပင် သိကြပြီးဖြစ်သည်၊ မိဘဂုဏ်ကျေးဇူးကို အထူးသိမြင်ရှိသော်၍ စိတ်စေတနာ ကောင်းကောင်းဖြင့် မငြိုမငြင် လုပ်ကျွေးပြုစုသူ သား သမီး သူတော်ကောင်းရှိသည့်နည်းတူ မိဘဂုဏ်ကျေးဇူးကို မထောက်ဘဲ မကျွေး မမွေး မထောက် မပံ့ဘဲ ရက်စက်စွာ စွန့်ပစ်ထားခြင်း၊ ကျွေးပါသော်လည်း စူဆောင့်ငြိုငြင်စွာ မလွှဲသာပေ၊ မသဒ္ဓါ ကျွေး ပြုမူနေသော သားသမီး သူယုတ်မာ များလည်း ရှိကြပေသည်၊ ဤနေရာ၌ မိဘက စင်းလုံးချောဖြစ်၍ သားသမီးက

ယုတ်မာစွာ ကျေးဇူးကန်းခြင်းမျိုး၊ သားသမီးက ကျေးဇူးသိစွာ ပြုစုကျွေးမွေးပါလျက် မိဘက စေတနာပျက်စေမည့် အကြည်ညို မဲ့စေမည့် စိတ်ဆင်းရဲစေမည့် အပြုအမူမျိုးရှိသည့် မိဘမျိုး ဟူ၍ ချွင်းချက်ထားရပေလိမ့်မည်။

မိဘဆိုသည်မှာ ဘာဖြစ်နေနေ ဘာလုပ်နေနေ မွေးကျေးဇူး ရှိတယ် "ကျွေးသာကျွေး ပေးသာပေး၊ စိတ်ကောင်းကောင်း ထား" ဟူ၍ တရားပြုသူများလည်းရှိကြပေသည်၊ ဤသို့ ပေးရုံ ကျွေးရုံဖြင့် မွေးကျေးဇူးမကျေပေ။

ယခု မျက်မှောက်ခေတ်တွင် မိမိတို့ လူငယ်ချင်း နှစ်သက် သဘောကျ၍ လက်ထပ်ကြသော အိမ်ထောင်ရှင်များ၊ လူကြီး မိဘချင်း သဘောတူ၍ လက်ထပ်ကြသော အိမ်ထောင်ရှင်များ ဟူ၍ အသီးသီးရှိပေကြသည်၊ ဤအိမ်ထောင်ရှင်များ အနက် အချို့သော အိမ်ထောင်ရှင်များတွင် နှစ်ဘက်သော မိဘများ ကြောင့်ဖြစ်စေ၊ တဘက်မိဘများကြောင့်ဖြစ်စေ၊ စိတ်ဆင်းရဲမှု အဆင်မပြေမှုတွေဖြစ်ရာမှ ကွာကြရှင်းကြသည်အထိ အခြေအနေ ဆိုးသူများ ဆိုးသွားကြလေသည်၊ ဤ အခြေအနေ ဆိုးမျိုးကို အချို့မိဘများသည်၊ မည်သည့်နည်းဖြင့် ဖန်တီးကြပါသနည်း။

ငါ့သားသမီးမှ ငါ့သားသမီး၊ သမက်နှင့်ချွေးမ ဟူသည် ငါ့ ခြေဖဝါးအောက် ပြားပြားဝပ်နေပေရမည် ဟူ၍နိုင်ဆက်စီးနင်း သဘောထားပြီး ချိုးနှိမ်ထားသည်၊ မစားဝံ့၊ မဝတ်ဝံ့၊ လေသံ ကျယ်ကျယ် စကားမပြောဝံ့အောင်ပင် နှိမ်ထားသည်၊ ချွေးဘက် သမက်ဘက်မှ ရောက်လာသော မိဘဆွေမျိုးကို မတူမတန်သလို ဆက်ဆံသည်၊ ချွေးမဖြစ်သူ သမက်ဖြစ်သူက မကျွေးဝံ့မခေါ် ပြောဝံ့ဖြစ်အောင် နိုင်နင်းချုပ်ချယ်ထားသည်၊ ငါ့သားလုပ်စာ

ငါသာပိုင်သည်ဟု လာခ အားလုံးသိမ်းသွားကသိမ်းကြသည်၊ ဒါ့ကြောင့် အတွက် မည်မျှ မည်မျှ ထောက်မှ ကျေနပ်မည်ဟူသော ရာဇသံများပေးသည်၊ ဂုဏ်ရှိန် မြင့်မားသော၊ ပစ္စည်း ချမ်းသာသော သားသမီး၊ သမက်၊ ချွေးမကိုမှ အရေးယူ မျက်နှာချို ပြုစုဆက်ဆံသည် ညှိုးမှိန်သော သားသမီး၊ သမက်၊ ချွေးမကိုမူ လူရာမသွင်းချေ၊ မြေးချင်းအတူတူ မျက်နှာရှိသော မြေးကိုမှ ချီတတ် ထိန်းတတ်သည်၊ ဤအပြုအမူများ ကို ပြုမူသည့်မိဘတို့ကြောင့် ခံစားရသော အိမ်ထောင်ရှင် ဇနီးမောင်နှံ တို့မှာ ရှင့် မိဘ မင်း မိဘ ဟူသော မကျေနပ်သံ ထွက်ပေါ်လာရာမှ အကျိတ်အခဲ ကြီးပြီး အိမ်ထောင် ပြိုကွဲသည်အထိဖြစ်သူများ ဖြစ်သွားသည်၊ အချို့ မိဘတွေကား ဤကဲ့သို့သော အပြု အမူမျိုးကို မလုပ်သော်လည်း ဘခင်ဖြစ်သူက သားသမီး သမက် ချွေးမကို ထောက်ထားခြင်း မရှိဘဲ မိန်းမငယ်တွေနှင့် ရှုပ်ထွေးစွာ သိက္ခာပျက်အောင်နေခြင်း အရက်ကို မဆင်မခြင် သောက်စား မူ့ယစ်ပြီး ပြောချင်ရာပြော လုပ်ချင်ရာ လုပ်နေခြင်း၊ ငွေကြေးကို ပေးမလောက်အောင် သုံးဖြုန်းပစ်ခြင်း၊ အချို့ မိခင်တို့ကမူ သားသမီး သမက် ချွေးမတွေ အပေါ်မှာ ကြင်နာမှု သံယောဇဉ်မရှိဘဲ နာဖျားမကျန်း ရှိလျှင် သူစိမ်းပြင်ပြင်လို လျစ်လျူရှုနေတတ်သည်၊ သား ချွေးမ ပစ္စည်း ကိုရသမျှလျှို့ဝှက်ပြီး သမီးသမက်ကိုဖိုဘတ်သည်၊ မိမိမှာရှိနေသည့် ဥစ္စာပစ္စည်းကို သားနှင့် ချွေးမကို မပေးလို၍ လျှို့ဝှက်ထားကာ သမီးနှင့်သမက်ကိုသာ တိတ်တဆိတ် ပေးသည်၊ ဤအပြုအမူတွေကား လူကြီးမိဘ ပြုသသော အပြုအမူ၊ သူတော်ကောင်းမဟုတ်သူယုတ်တို့၏အပြုအမူ၊ တရားမျှတစိတ် ကင်းမဲ့သည့် အပြုအမူ၊ အရှက်အကြောက် ကင်းမဲ့သည့် အပြုအမူ၊ မိဘနှင့်တူအောင် အရိုအသေခံထိုက်အောင် မနေသော အပြုအမူမျိုးဖြစ်သည်၊ အချို့

မိဘများကမူ သားသမီး ချွေးမ သမက်တို့အား မည်သို့မှ စိတ်ဆင်းရဲအောင်မပြုမူသော်လည်း မိမိတို့ဘာသာမပြုသင့်သည့် အကုသိုလ်အလုပ်တွေကို ပြုလုပ်နေတတ်သည်၊ ဤကဲ့သို့သော မိဘမျိုးကို စိတ်ကောင်းကောင်း ထားပြီး ကျွေးမွေး ပြုစုခြင်းဖြင့်လည်း မွေးကျေးဇူး ကျေသည်မမည်သေး၊ မိဘများကို ပုခုံးပေါ် ထမ်းပြီး အညစ်အကြေးကို သုတ်သင်ပြုစု ခြင်းဖြစ်လည်း မိဘကျေးဇူး ကျေသည်မမည်သေးဟု မြတ်စွာဘုရားသည် သမစိတ္တဝဂ် ၌ ဤသို့ ဟောကြားတော်မူခဲ့သည်။

“တရားမျှတစိတ် ကင်းမဲ့၍ သူတော်ကောင်းတရားကို ပစ်ပယ်ပြီး အကုသိုလ်ဖြစ်စေမည့် စိတ်ဓာတ်ကိုထားခြင်း၊ အကုသိုလ်ဖြစ်မည့် အလုပ်တွေကို လုပ်နေခြင်း၊ မနာလိုဝန်တိုသည့် သဘောကိုထားခြင်း၊ ပေးကမ်းလှူဒါန်းခြင်းနှင့် သီလဆောက်တည်ခြင်း စသည့် အမှုတွေကို ပစ်ပယ်ထားခြင်း စသည့် သူတော်မဟုတ်၊ သူယုတ်တို့ စိတ်သဘော ထားရှိသော မိဘတို့အား ကောင်းစွာ ကျွေးမွေးပြုစုရုံဖြင့် ကျေးဇူးမကျေနိုင်၊ လွဲမှားသော စိတ်သဘောထား အမူအကျင့်ကို ဖြောင့်မတ် မှန်ကန်လာအောင် မညစ်သော စိတ်ဓာတ်ကို ဖြူစင် မှန်မြတ်လာအောင် တရားဟောပြော၍ တရားကိုမြင်လာအောင်၊ သတိသံဝေဂရအောင်၊ သူတော်ကောင်းဖြစ်အောင် ပြုပြင်နိုင်သော သား သမီးတို့ သာလျှင် မိဘကို ကျေးဇူးတုံ့ ပြန်သည် မည်ပေ၏”

× × ×

## ( ၃၁-၈-၇၁ )
## ပုဂ္ဂိုလ်နှစ်မျိုး

တယောက်ကောင်းက တသောင်းဗိုလ်ခြေ ညက်ညက်ကြေသည်ဟူသော စကား၊ သစ်တပင်ကောင်းက ငှက်တသောင်းခိုလှုံနိုင်သည်ဟူသော စကား၊ သူယုတ်အတွက် မြုံ့ချိပျက်သည် ဟူသော စကားများ ပြောလေ့ ရှိကြသည်ကို ဗမာလူမျိုးတိုင်း ကြားဘူးပြောဘူးကြပေလိမ့်မည်။

ဤလောကမှာ လူဟူ၍ ဖြစ်လာသော ပုဂ္ဂိုလ်များသည် ရုပ်ဆင်းသဏ္ဍာန် ခြားနားသကဲ့သို့ပင် စိတ်သဘောထား အမူအကျင့်ကလည်း ခြားနားကြပေသည်၊ တချို့သော ပုဂ္ဂိုလ်တို့ကား မိမိတို့ကိုယ်ကျိုး စီးပွားကို လုံးဝ မေ့ြော်မြင်ဘဲ မိမိလူမျိုးအတွက်ငှင်း၊ မိမိတိုင်းပြည်အတွက်ငှင်း၊ အကျိုးကျေးဇူး ကြီးမားဖွံ့ဖြိုးအောင် အနစ်နာခံ၊ အပင်ပန်းခံသောင်ရွက်ကြသည်၊ အများကောင်းကျိုး ချမ်းသာအတွက် ဆိုလျှင် မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ ရက်ရက်ရောရော စွန့်နိုင်သူ အာဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် မိမိကိုယ်ကိုလည်း မဖေါက်မပြန် မှန်ကန်စွာမြင်သည်၊ မိမိမှတပါးသောလူအများကိုလည်း မဖေါက်မပြန် မှန်ကန်စွာ မြင်သည်၊ ထိုသို့ မဖေါက်မပြန် မှန်ကန်စွာမြင်သော သမ္မာ ဒိဋ္ဌိ စိတ်ရှိသူ ပုဂ္ဂိုလ်အဘို့ ဤလောကတွင် မိမိအတွက်သော်ငှင်း၊ လူအများအတွက် သော်ငှင်း၊ အကျိုး ကျေးဇူး ဖြစ်ထွန်း ခံစားနိုင်မည့်ကိစ္စ၊ အေးချမ်း သာယာစွာ နေနိုင်ကြစေမည့်ကိစ္စကိုသာ ဆောင်ရွက်သည်၊ ထိုသို့

အမြင်မှန်ဖြင့် အေးချမ်းသာယာစွာ နေကြရသော အခါ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းကြောင့် ဖြူစင်မှန်မြတ်သော စိတ် စေတနာကို လူတိုင်း ထားနိုင် လာကြမည် ဖြစ်သည်၊ စိတ်ကြည်လင် အေးချမ်းသော အခါ လောကုတ္တရာဘက်သို့ စိတ်စေတနာရောက်၍ တမလွန် ကောင်းကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်၏၊ ၎င်းပြင် မဖေါက်မပြန် မှန်ကန်စွာ မြင်ဘတ်သော ပုဂ္ဂိုလ်၏ ရှေ့ဆောင်မှုမှာ လိုက်နာကျင့်သုံးကြသူတို့သည် မည်သည့် ရန်သူ ကိုမှ ကြောက်ရွံ့ရန် မလိုချေ၊ အကယ်၍ မည်သည့် ကြီးမားသော ရန်သူကို တွေ့စေကာမူ မဖေါက်မပြန် မှန်ကန်သော ပုဂ္ဂိုလ်၏ ရှေ့ဆောင်မှုကြောင့် အောင်မြင် နိုင်နင်းရမည်မှာ မလွဲပေ၊ ထိုကြောင့် ဘားယာက်ကောင်းက တသောင်းပိုလ်ခြ ညာက်ညက်ကြေဟူ၍၎င်း၊ ယစ်တပင်ကောင်းက ငှက်တသောင်း ခိုနိုင်သည် ဟူ၍၎င်း စကားပုံ ပြောဆိုသုံးနှုန်းကြခြင်း ဖြစ်ပေသည်။

မိမိကိုယ်ကိုလည်း အမှန်အတိုင်း မမြင်၊ မိမိမှ တပါးသော လူအများကိုလည်း အမှန်အတိုင်းမမြင်ဘဲ ဖေါက်ပြန် မှားယွင်းစွာ မြင်တတ်သော ဖေါက်ပြန် မှားယွင်းသော အယူဝါဒရှိသော ပုဂ္ဂိုလ်မျိုးကား၊ သူတပါးကို အသိုးမြင်ပြီး မိမိကိုယ်ကိုသာ အကောင်း မြင်ဘတ်သည်၊ ထိုအခါ ကြံစည်ပြုမူလုပ်ကိုင် ဆောင်ရွက် သမျှသော အမှုကိစ္စတွေမှာ လွဲမှားဖေါက်ပြန်သည့် အဖြစ် မျိုး တွေ့ ရည်းသာ ဖြစ်ပေလိမ့်မည်၊ ထိုကဲ့သို့သော လွဲမှားဖေါက်ပြန်သည့် ပုဂ္ဂိုလ်များသည် မိမိကိုယ်ကိုလည်း ကောင်းကျိုး ချမ်းသာ မပြုနိုင်၊ မိမိမှ တပါးသော လူများအတွက်လည်း ကောင်းကျိုးချမ်းသာ မပြုနိုင်ချေ၊ ထိုကဲ့သို့သော လွဲမှားဖေါက်ပြန်သည့် ပုဂ္ဂိုလ်မျိုး၏ ဦးဆောင်မှုကို လိုက်

နှစ်ကျင့်သုံးသူအတွက်လည်း တဦးကိုတဦး လွဲမှားဖေါက်ပြန်စွာဖြင့် ပင် မြင်နေကြမည်ဖြစ်၍ စိတ်အေးချမ်းသာ ရှိကြမည်မဟုတ်ပေ၊ တဦးကိုယ်တဦး သေကြအောင်၊ ပျက်စီးအောင်၊ ဆင်းရဲ ဒုက္ခ ရောက်အောင်သာ ကြိုးစားနေကြရမည်ဖြစ်၍ အဘယ်မှာလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါတော့မည်နည်း၊ ကိုယ်ရော စိတ်ပါ မချမ်းသာဘဲ သူများကို ပျက်စီးသေကြစေလိုသော စိတ်၊ မိမိကိုယ်ကို သူများမသတ်ရအောင် အမြဲပူပန်စွာ ကာ ကွယ်နေရသော စိတ်တို့ကြောင့် လောက အကျိုးလည်း မဆောင် ရွက်နိုင်၊ လောကုတ္တရာ အကျိုးလည်း မဆောင်ရွက်နိုင်ဘဲ၊ လူဖြစ် ပါလျက် ဆုံးရှုံးသည့် ဘဝမှာ ဖြစ်ရလေသည်၊ ထိုကဲ့သို့ ဖေါက် ပြန် လွဲမှားသော အမြင် အယူဝါဒရှိသူ ပုဂ္ဂိုလ်၏ ဦးဆောင်မှု အောက်မှာ အချင်းချင်းလည်း ပျက်စီးအောင် ဆောင်ရွက်ကြ သည်၊ အခြား တပါးသော ရန်သူကိုလည်း ခုခံ ကာကွယ်ရန် ညီညွတ်စိတ် ကင်းမဲ့သည်ကြောင့် မပျက်စီးသင့်ဘဲပျက်စီးရသည်၊ ထို့ကြောင့် ဖေါက်ပြန် လွဲမှားစွာ ဦးဆောင်သော ပုဂ္ဂိုလ်မျိုးကို ရည်၍ သူယုတ်အတွက် မြေ့ချိပျက်သည် ဟူသော စကားပုံကို ပြောဆိုသုံးနှုန်းကြခြင်း ဖြစ်၏။

ဤသို့သော ပုဂ္ဂိုလ်မျိုးကို ရည်၍ မြတ်စွာဘုရားသည် ဓာ မ္မပါဠိ တတိယဝဂ်၌ ဤသို့ ဟောကြားတော်မူခဲ့လေသည်။

ဖေါက်ပြန် လွဲမှားသော အမြင် အယူဝါဒရှိသူ ပုဂ္ဂိုလ်တို့ လောက၌ ဖြစ်ပေါ်လာသော် လူအများတို့ အကျိုး စီးပွား မဲ့စေသည်၊ ဆင်းရဲ ဒုက္ခ ရောက်စေသည်၊ သူတော်ကောင်းတရာ ထင်းကွာ၍ လောက သံသရာပါ ဆုံးရှုံးစေ၏။

မှန်ကန်သော အမြင် အယူဝါဒရှိသူ ပုဂ္ဂိုလ်တို့ လောက၌ ဖြစ်ပေါ်လာသော် လူအများတို့ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးစေ၏၊ သုခချမ်းသာဖြင့် ပြည့်စုံစေ၏၊ သူတော်ကောင်းတရား မြဲမြံ၍ လောကရေး သံသရာပါ အကျိုးကျေးဇူး ရှိစေ၏။

ထို့ကြောင့် လူအများတို့သည် မဖေါက်မပြန် မှန်ကန်သော အမြင် အယူဝါဒရှိသူ ပုဂ္ဂိုလ်မျိုး၏ ဦးဆောင်မှုအောက်၌ မိမိတို့ ကိုယ်တိုင် မဖေါက်မပြန် မှန်ကန်သော အမြင် အယူဝါဒဖြင့် လောက သံသရာ နှစ်ဖြာသော ကောင်းကျိုးကို သည်ပိုး ရွက်ဆောင်နိုင်ပါသတည်း။

× × ×

မဝင်းမြင့်။

ဗုဒ္ဓတရားတော်နှင့် လူမှုရေးအကျုံးဝင်မှုများ၊ ဗုဒ္ဓသာသနာတော်အား အကြောင်းပြု၍ ရဟန်းသံဃာတော်များကို အလှူခံခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရား ကျမ်းဂန်များမှ ပညတ်ခဲ့သည့် သိက္ခာပုဒ်များ၊ ရှိခိုးခြင်း ပူဇော်ခြင်းနှင့်ပတ်သက်၍ ကျင့်ဝတ်ပဋိပတ်များအား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်တို့ကို ထုတ်နုတ်တင်ပြ၍ ရှုဒေါင့်အဖုံဖုံမှ လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်နှင့် ဘာသာရေးလိုက်စားသူများ၊ စာပေလိုက်စားသူများအတွက်။

စင်ကြယ်မြင့်မြတ်သော သီလ၏အကျိုးစသည်တို့ကို အလွယ်ကူဆုံးနားလည်စေရန် စာရေးဆရာမ မဝင်းမြင့်က ဆောင်းပါးကောင်းများစွာဖြင့် ရေးသားတင်ပြထားလေသည်။

လူမျိုး၏ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အကျင့်စာရိတ္တတို့ကို နှိုင်းယှဉ်ပြသထားလေရာ၊ ယနေ့ ခေတ်လူငယ်များအနေဖြင့် များစွာဖတ်ရှုသင့်သော စာအုပ်ကောင်းတအုပ်ဖြစ်ပေသည်။

မနာလိုဝန်တိုတတ်သည့် ဣဿာမစ္ဆရိယစိတ်မျိုးကို ချိုးနှိမ်ရန်နှင့်၊ ရန်ငြိုးထားမှုမုန်းတီးမှုတို့အား ဗုဒ္ဓတရားတော်နှင့်အညီ ရှင်းလင်းပြသထားလေရာ မှတ်သားဘွယ်အလွန်ကောင်းသော စာအုပ်ကောင်းတအုပ်ဖြစ်လေသည်။

ဗုဒ္ဓတရားတော်နှင့် လူကျင့်ဝတ်စာအုပ်ကား ဆောင်းပါးပေါင်းများစွာမှ အကြောင်းအရာပေါင်း များစွာတို့ကို လွယ်ကူ ရှင်းလင်းစွာ တင်ပြထားလေရာ သုတေသီများ၊ လူရွယ်လူငယ်များ၊ ဘာသာရေး သာသနာရေး လိုက်စားသူပုဂ္ဂိုလ်များအတွက် စာအုပ်စင်တွင် ခံ့ညားစွာတင်ထားနိုင်သည့် စာအုပ်။

အိမ်ထောင်စုတိုင်းတွင် ရှိသင့်သောစာအုပ်၊ စာကြည့်တိုက်နှင့် လူမှုရေးဆက်ဆံမှုအပိုင်းများတွင် လက်ကိုင်ထားသင့်သောစာအုပ်။

## မဝင်းမြင့်

# ဗုဒ္ဓတရားတော်နှင့်လူကျင့်ဝတ်